အပိုင်း(၆၁):အဘိုးဝူ

သစ်သားတံခါးပေါ်က သေးပြီးနက်နက်ရှိုင်းရှိုင်းကျန်ရစ်နေခဲ့တဲ့ ခြေရာကို သက်လတ်ပိုင်းအရွယ်အမျိုးသား လှမ်းကြည့်လိုက်ပြီး အဓိကခန်းမဆီ ပြန်လှည့်ကြည့်လိုက်လေတယ်: "စီနီယာ၊ မင်းက ဘယ်လိုကျွမ်းကျင်သူမျိုးလဲဆိုတာ ကျွန်တော်သိလို့ရနိုင်မလား?  ကျွန်တော့တောင်ဖြုဂိုဏ်းကို မင်းဘာအတွက်ကြောင့်များလာခဲ့တာပါလဲ?"

သူ့လက်ထဲက လက်ဖက်ရည်ခွက်ကို မနှစ်မြို့မှုအနည်းငယ်နဲ့ အဘိုးဝူချလိုက်ကာ၊ သက်လတ်ပိုင်းအရွယ်အမျိုးသားကို ကြည့်ကြည့်လိုက်လေသည်။ ဟမ်... ဒီလူကြည့်ရတာ ရင်းနှီးနေသလိုပဲ၊ ဒါပေမဲ့ သူဘယ်သူလဲဆိုတာ ငါမမှတ်မိဘူးဟ။

သက်လတ်ပိုင်းအမျိုးသားရဲ့မျက်လုံးတွေက အဘိုးဝူခေါင်းမော့လာချိန် ပြူးကျယ်လာလေတော့သည်။ သူ့လက်တွေနဲ့ခြေထောက်တွေက သူအော်ဟစ်နေချိန် တုန်ရီနေလေတယ်၊ "မင်းက အကြီးအကဲဝူလား?"

"မင်းငါ့ကိုသိတယ်?"  အဘိုးဝူ တအံ့တသြမျက်ခုံးပင့်လိုက်လေသည်။

"ဒါပေါ့၊ ကျွန်တော်သိတာပေါ့ဗျ။ လွန်ခဲ့တဲ့၂၃နှစ်တုန်းက၊ ကျွန်တော့ဆရာနောက်လိုက်ပြီး မင်းကိုတစ်ကြိမ်ဖူးမျှော်ခွင့်ရခဲ့ဖူးတယ်။" သက်လတ်ပိုင်းအမျိုးသား စိတ်အားထက်သန်စွာ ပြန်ဖြေလာလိုက်လေသည်။

"မင်းငါ့ကိုသိတယ်ဆိုရင် ကောင်းတာပေါ့။ ကုလုဖုန်းဘယ်မှာလဲ?" အဘိုးဝူမေးလိုက်လေတယ်။

"ဆရာက အိမ်နောက်ဖေးမှာပါ။ ကျွန်တော် တစ်ယောက်ယောက်လွှတ်ပြီး ဒီကိုလာခိုင်းလိုက်ပါ့မယ်။" သက်လတ်ပိုင်းအရွယ်အမျိုးသား ပြန်ဖြေလိုက်လေသည်။ သူလှည့်ပြီး ကုလုဖုန်းကို ဖိတ်ခေါ်ရန် တစ်ယောက်ယောက်လွှတ်လိုက်လေပြီး၊ အခြားတပည့်တစ်ဦးကို လက်ဖက်ရည်ကောင်းဆက်သဖို့ ခိုင်းလိုက်ပြီး အဘိုးဝူသုံးဆောင်ရန်အတွက် မုန့်သရေစာတွေပြင်ဆင်ပေးလိုက်လေသည်။

တအောင့်နေတော့၊ အဖြူရောင်ဆံပင်တွေနဲ့ ခရမ်းရောင်ဝတ်ရုံကိုဝတ်ဆင်ထားတဲ့ အဘိုးအိုတစ်ဦးလျှောက်ဝင်လာလေသည်။ အဘိုးဝူကိုမြင်လိုက်ချိန် သူ့မျက်လုံးတွေ ပြူးကျယ်သွားလေတော့တယ်: "အစ်ကိုဝူ၊ ငါအစ်ကို့ဝူကိုမတွေ့တာ နှစ်၂၀ဆယ်ကြာခဲ့ပြီပဲ။ ငါတို့နောက်ဆုံးတွေ့ချိန်ကတည်းက မင်းကောင်းကောင်းရှိနေမယ်လို့ ငါယုံကြည်နေပြီးသား၊ ဟာဟားဟားဟား..."

လက်ဖက်ရည်တစ်ခွက် အဘိုးဝူကိုင်ထားရင်း ကုလုဖုန်းကို ဥပေက္ခာပြုပြီး တစေ့တစောင့်ကြည့်နေလိုက်လေတာက၊ သူ့ဟားဟားဟားရယ်သံကနေ ခြောက်ကပ်ကပ်သံအဖြစ်ပြောင်းလဲသွားစေလေတယ်။ သူ့ဘာသာသူအရှက်ရသလိုခံစားလိုက်ရလေသည်။

"အဟွတ်..." အဘိုးဝူဆီက ဘာတုံ့ပြန်လာတာမှ ကုလုဖုန်းမကြားလိုက်တော့၊ သူ့ဘာသာသူ ရှက်ကိုးရှက်ကန်းဖြစ်နေတာကို ဖြေရှင်းလိုက်ရလေတယ်။ "ကျွန်တော့ကိုရှာဖို့ အစ်ကိုဝူ ဘယ်လိုလုပ် ရုတ်တရက်ကြီးတွေးလိုက်မိရတာလဲ?"

"ငါ့ကိုဖိတ်ခေါ်လိုက်တဲ့တစ်ယောက်က မင်းမဟုတ်ဘူးလား?" အဘိုးဝူ မဖော်ရွေစွာပြန်ပြောလိုက်လေသည်။

"ဘာကိုဆိုလိုချင်တာလဲ အဲ့တာက?" ကုလုဖုန်း အံ့သြသွားလေသည်။

"အလုပ်မလုပ်လိုက်ခင်၊ ငါမင်းကိုတစ်ခုလောက်မေးကြည့်ဦးမယ်။" သူ့လက်ဖက်ရည်ခွက်ကို အဘိုးဝူချထားလိုက်ပြီး မေးလိုက်လေတယ်၊ "မင်းတို့တောင်ဖြူဂိုဏ်းမှာ ချီချောင်မင်လို့ခေါ်တဲ့ တပည့်တစ်ဦးရှိလား?"

"ချောင်မင်?" ကုလုဖုန်းခေါင်းညိတ်ပြီး ပြောလိုက်လေတယ်၊ "ချောင်မင်က ကျွန်တော့နောက်ဆုံးတပည့်ပဲ။ သူကငယ်ပေမဲ့၊ ကျွန်တော့တောင်ဖြူဂိုဏ်းရဲ့အကောင်းဆုံးသော လက်ဆင့်ကမ်းနည်းပညာတွေကို သူသင်ယူခဲ့ပြီးပြီ။ ကျွန်တော့တပည့်နဲ့ အစ်ကိုဝူတွေ့ပြီးသွားပြီလား?"

"ငါသူ့ကိုမတွေ့ရသေးဘူး၊ ဒါပေမဲ့ ငါတပည့်ကတော့တွေးပြီးသွားပြီ။" အဘိုးဝူပြန်ဖြေလိုက်လေသည်။

"အို~~ အစ်ကိုဝူ မင်းလည်းတပည့်တစ်ယောက်ရှိနေပြီပဲ။" ကုလုဖုန်းအံ့သြသွားလေသည်။

"ငါ့တပည့်က မင်းတပည့်နဲ့ တိုက်ခိုက်ခဲ့ပြီးသွားပြီ။" အဘိုးဝူပြောလိုက်လေတယ်၊ "ဒါပေမဲ့၊ မင်းတပည့်ရဲ့ကျင့်ကြံရေးက ကောင်းနေတာပဲ၊ ပြီးတော့ သရဲဘုရင်ကိုလည်း သူမွေးထားသေးတယ်။ ငါ့တပည့်က များသောအားဖြင့် အပျင်းကြီးပြီး သင်ယူရတာကိုမုန်းတယ်လေ၊ ပြီးတော့ နောက်ဆုံးတော့ တိုက်ပွဲမှာ ရှုံးခဲ့တာပေါ့။"

"အရှုံးနဲ့အနိုင်က တိုက်ပွဲတွေရဲ့ထုံးစံပါပဲ။ ကျွန်တော့တပည့်က ကံကောင်းပြီးနိုင်သွားတာပါ၊ ကံကောင်းရုံတင်ပါ။" ကုလုဖုန်းရဲ့မျက်ဝန်းတွေက မကြွားဝါနေလေဘူး ဒါပေမဲ့ အတွင်းထဲက ဘဝင်ခိုက်နေတာကိုတော့ မဖုံးကွယ်ထားနိုင်လေဘူး။

"ဟဟား..." ကုလုဖုန်းမျက်ဝန်းတွေထဲက ဘဝင်ခိုက်နေမှုကို အဘိုးဝူဖတ်ရှုမြင်နေရပြီး ရုတ်တရက်လှောင်လိုက်လေတယ်၊ "မင်းလည်းသိပါတယ်၊ ငါ့မှာဘာချို့ယွင်းချက်မှမရှိနေဘူးဆိုတာ။ ငါက ငါ့လူတွေရဲ့ချို့ယွင်းချက်ကို အတော်ကလေးအကာအကွယ်ပေးတတ်တယ်။"

"ဟာ..." ကုလုဖုန်းရဲ့အမူအရာ အပြင်းအထန်ပြောင်းလဲသွားလေတယ်။ အကာအကွယ်ပေးတာ???

"ငါသာမင်းတပည့်ကို ရိုက်နှက်လိုက်မယ်ဆိုရင်၊ လူအိုက လူငယ်ကိုအနိုင်ကျင့်တယ်လို့ပြောလာမှာကို ငါစိတ်ပူမိတယ်၊ ဒီတော့ ငါမင်းကိုရှာဖို့လာခဲ့လိုက်ရတာပေါ့။" အဘိုးဝူကြည့်ရတာ စိတ်အေးလက်အေးရှိနေလေတယ်၊ ဒီနေ့ ရာသီဥတုအရမ်းကောင်းတယ်ဆိုတဲ့အကြောင်း သူပြောနေတဲ့အတိုင်းပဲ။

"..."  ကုလုဖုန်း သူ့ထိုင်ခုံပေါ်ကနေ ဂလောက်ဂလောက်ဆိုတဲ့အသံနှင့်အတူ ရပ်လိုက်ကာ၊ စိတ်လှုပ်တရှားပြောလာလေတယ်၊ "အဲ့တာ-အဲ့တာ... အစ်ကိုဝူ၊ ငါတို့နှစ်ယောက်ကြား နားလည်မှုလွဲနေတာများ ရှိနေမလား?"

"နားလည်မှုလွဲနေမယ်ဆိုရင်တောင်၊ ဘာဖြစ်လဲကွာ?  မင်းမြင်တဲ့အတိုင်းပဲ၊ မင်းကိုပြဿနာရှာဖို့ ငါလေယဉ်နဲ့ တစ်လမ်းလုံးလာခဲ့ရတာကွ။ ငါအလွယ်တကူအလျှော့ပေးလိုက်မယ်လို့မင်းထင်နေတာလား?" အဘိုးဝူပေါ့ပေါ့ပါးပါးရယ်မောလိုက်ကာ၊ "ငါကမင်းမျက်လုံးတွေထဲ အဲဒီလိုယုတ္တိတန်တဲ့သူဖြစ်နေတာလား?"

ငါ့ဖင်ကိုသာ ယုတ္တိတန်နေလိုက်။ မင်းက သောက်ရမ်းဒုက္ခပေးတဲ့အကောင်ပဲ!

လူအိုကြီး သူ့သစ်သားမက်မွန်ဓားကို ပြန်သိမ်းလိုက်ကာ၊ လှည့်ပြီး သူ့ကျောပိုးအိတ်ကောက်ကာ ထွက်သွားရန်ပြင်လိုက်လေသည်။ သူတံခါးကိုရောက်သွားတော့၊ ရုတ်တရက်ခေါင်းထပ်လှည့်လိုက်တာက၊ ကုလုဖုန်းကို ကြောက်လန့်တကြား လဲကျလုနီးပါးဖြစ်သွားစေလေသည်။

"မင်းငြိမ်းချမ်းရေးအဆောင်တွေရောင်းနေတယ်လို့ ငါကြားလိုက်မိသလားလို့။" အဘိုးဝူရုတ်တရက်ပြောလိုက်လေသည်။

"…"  အဘိုးဝူဘာကြောင့်မေးလာလဲဆိုတာ ကုလုဖုန်းမသိလေဘူး။ ငြိမ်းချမ်းရေးအဆောင်တွေရောင်းတာကိုလည်း တားမြစ်မလို့လား?

"ငါ့ကိုနှစ်ခုပေးလိုက်။" အဘိုးဝူ ပွင့်ပွင့်လင်းလင်းပြောလာလေသည်။ အဲဒီရင်းနှီးတဲ့လေသံက နှစ်တော်တော်ကြာ မိတ်ဆွေဖြစ်လာခဲ့တာကို ညွှန်ပြနေလေသည်။ သူအခုလေးတင် သရဲဘုရင်နှစ်ခုကိုသတ်ပစ်လိုက်တဲ့အချက်က အသေအချာမတည်ရှိနေခဲ့သလိုမျိုးပေါ့။

ငြိမ်းချမ်းရေးအဆောင်နှစ်ခုယူပြီးနောက် အဘိုးဝူထွက်လာလိုက်တယ်၊ ကုလုဖုန်း တံခါး၌ ကျိန်ဆဲချင်နေလေတယ်: ဒီလိုမျက်နှာပြောင်တိုက်တဲ့လူမျိုး ငါတစ်ခါမှမမြင်ဖူးဘူး။

မြို့တော်တက္ကသိုလ်၊ မိန်းကလေးအဆောင်ရဲ့ဝင်ပေါက်၌။

ဆောင်းရာသီပိတ်ရက် ဒီနေ့စတင်လေတယ်၊ ဒီတော့ သူမသူငယ်ချင်းတွေနဲ့ ညစာအတူစားပြီးနောက်၊ အိမ်ပြန်ရန် သူမပစ္စည်းတွေကို ချန်းယုသိမ်းလိုက်လေသည်။ သူမအဆောင်ဝင်ပေါက်ကနေ ထွက်လျှောက်လာချိန်၊ အဲဒီမှာစောင့်နေတဲ့၊ လူချောလေးနှစ်ဦးကိုမြင်တွေ့လိုက်ရလေသည်။

"ချင်ရီ၊ ချောင်ဟွေ?"  ချင်ရီနဲ့ချောင်ဟွေက ဒုတိယနှစ်တွေဆိုပေမဲ့၊ အချိန်တော်တော်များများ ကျောင်းဝင်းအပြင်ဘက်မှာသာ သူတို့အချိန်ကုန်ဆုံးသွားတတ်လေတယ်၊ ကျောင်း၌ အတန်းတကမချိန်ကလွဲပြပေါ့။ တစ်ယောက်ယောက်နဲ့လက်တွဲပြီး သူတို့နှစ်ဦးပေါင်းပြီး ကုမ္ပဏီတစ်ခုဖွင့်လိုက်တယ်လို့ သူမကြားမိလေတယ်၊ ဒီတော့ ကျောင်း၌ သူတို့နှစ်ဦးကို သူမတွေ့ချိန်နည်းပါးလေသည်။ ထို့ကြောင့်၊ ဒီတကြိမ် သူတို့နှစ်ဦး မိန်းကလေးအဆောင်ဝင်ပေါက်မှာ ရပ်နေတာကို ရုတ်တရက်မြင်လိုက်တော့၊   သူမကိုအံ့သြသွားစေလေသည်။ သူမမေးလိုက်လေတယ်၊ "ဘာလို့ဒီမှာရှိနေတာလဲ?"

"ငါတို့မင်းကိုစောင့်နေတာ။" ချင်းရီ၊ စကားအနည်းငယ်သာ အမြဲပြောဆိုတတ်သူ၊ အရင်ပြောလာပြီး ဖြေလာလေသည်။

"ငါ့ကိုအိမ်ပြန်လိုက်ပို့ပေးဖို့ ငါ့အစ်ကိုတောင်းဆိုလာခဲ့လို့လား?"  ချန်းယုခန့်မှန်းလိုက်လေသည်။

"ရှိရှိ၊ ကားထဲရောက်မှပြောကြရအောင်။" ချောင်ဟွေ သူ့ခါတိုင်းပြုံးနေကျ စိတ်အေးလက်အေးအပြုံးမရှိနေလေဘူး။

ချန်းယု အနည်းငယ်ဇဝေဇဝါဖြစ်နေလေတယ်။ သူမမျက်တောင်ခပ်ပြီး သူမအိတ်ကိုသယ်ကာ ကားထဲဝင်ထိုင်လိုက်လေသည်။ ချင်းရီ အရှေ့မှာ တိတ်တိတ်လေးမောင်းနှင်လေတယ်၊ ဒါပေမဲ့ သူတို့သွားနေတဲ့တည်နေရာက စစ်တပ်ခြံဝန်းဘက်မဟုတ်နေလေဘူး။

ချန်းယု သတိထားမိလေတယ်၊ ဒါပေမဲ့ မမေးလိုက်လေဘူး။ အချိန်ကြာတိတ်ဆိတ်နေပြီးနောက်၊ ချောင်ဟွေ၊ ချန်းယုနဲ့အတူ နောက်မှာထိုင်နေတဲ့သူ ရုတ်တရက်ပြောပြီးမေးလာလေတယ်၊ "ရှီရှီ၊ မင်းကကောင်းကင်ဘုံဆရာလား?"

"?!" ချန်းယုမျက်လုံးတွေ တအံ့တသြပြူးကျယ်လာလေတော့သည်။

"မင်းသရဲတွေမြင်နိုင်တယ်လို့ ကျန်ဝမ်ဝမ်နဲ့ချုရှောင်းပြောလာတာ။"

စာရေးသူမှာပြောစရာရှိတယ်:

နောက်နေ့ internet cafeဆီ အဘိုးဝူပြန်လာလိုက်လေသည်။

ဆိုင်မန်နေဂျာ:အဘိုး၊ မင်းဒီနှစ်ရက်အတွင်းဘယ်တွေသွားနေတာလဲ?

အဘိုးဝူ:ခရီးထွက်တာ။

ဆိုင်မန်နေဂျာ:ဘယ်ကိုခရီးသွားတာလဲ?

အဘိုးဝူ:တောင်ဖြူ။

ဆိုင်မန်နေဂျာ:အဲဒီကမန္တန်းတွေက တော်တော်အကျိုးသက်ရောက်မှုရှိတယ်လို့ ငါကြားဖူးတယ်။

အဘိုးဝူ သူ့ကျောပိုးအိတ်ထဲ လက်ထဲကာ၊ အဆောင်တစ်ပြုံလိုက်ကြီး ဆွဲထုတ်လိုက်ပြီး: "ယူလိုက်။"

အပိုင်း(၆၂):ကအိကအောက်ဖြစ်စရာကောင်းသောရွေးချယ်မှု

"ရှီရှီ၊ မင်းတကယ်ပဲသရဲတွေမြင်နိုင်တာလား?"  ချန်းယုကို ရှောက်ဟွေ့ စိတ်အားတက်သန်စွာကြည့်လာလိုက်လေသည်။

"ဟုတ်တယ်။" ချန်းယုခေါင်းညိတ်ပြလိုက်လေသည်။ ကျန်ဝမ်ဝမ်နဲ့ချူရှောင်းပြောလာမှတော့၊ ဒီကိစ္စကို ဖုံးကွယ်နေရန်ထပ်မလိုအပ်လေတော့ဘူး။ ဒါ့အပြင်၊ တကယ့်အမှန်က သူမဖုံးကွယ်ရမှာကို အရမ်းပျင်းနေပြီး တမင်သက်သက်မဖုံးကွယ်ထားလိုက်လေဘူး။

ချန်းယုလက်ကို ရှောက်ဟွေ့စိတ်လှုပ်တရှားဆုပ်ကိုင်လိုက်လေတယ်: "သာမန်ကောင်းကင်ဘုံဆရာတွေထက် မင်းကပိုအားကောင်းတယ်လို့ ကျန်ဝမ်ဝမ်ပြောဖူးသေးတယ်။"

ကျန်ဝမ်ဝမ် သူမကိုတောင် ကြော်ငြာပေးသေးတာလား? ချန်းယုအနည်းငယ်အံ့သြသွားလေသည်။

ချန်းယု နှိမ်နှိမ်ချချပြန်ဖြေလိုက်လေတယ်၊    "ထိပ်ဆုံးဆရာတွေနဲ့ ယှဉ်ရင် ငါအဲ့လောက်မကောင်းသေးပါဘူး၊ ဒါပေမဲ့ အဲဒီ  အောက်ခြေကလူတွေထက်တော့ ပိုကောင်းပါတယ်။"

"ဘာပဲဖြစ်ဖြစ်၊ အရင်ဆုံး ငါတို့နဲ့အတူ တစ်ခုခုကြည့်ပေးဖို့လိုက်လာခဲ့လိုက်ပေါ့။" ရှောက်ဟွေ့ပြောပြီးနောက်၊ သူ့ခေါင်းကို ကားမောင်းနှင်နေတဲ့ ချင်ယီဘက်လှည့်လိုက်ပြီး စိတ်အားထက်သန်စွာပြောလိုက်လေတယ်၊    "ချင်ယီ၊ မြန်မြန်မောင်းလိုက်။"

"ငါတို့မကြာခင်အဲဒီကိုရောက်လိမ့်မယ်။" ချင်ယီပြန်ဖြေလိုက်လေသည်။

ချန်းယု စူးစမ်းချင်စိတ်နဲ့ ပြတင်းပေါက်ကနေ လှမ်းကြည့်ကြည့်လိုက်လေသည်။ ကားက လမ်းဆုံမှာရပ်သွယ်းကာ၊ လှည့်လိုက်ပြီး ဆေးရုံတစ်ခုထဲဝင်လာလိုက်လေသည်။

ထို့နောက်၊ ရှောက်ဟွေ့ဖုန်း ရုတ်တရက်မြည်လာလေသည်။ ရှောက်ဟွေ့အဲ့တာကိုပြန်ဖြေလိုက်တော့၊ ကျန်ဝမ်ဝမ်ရဲ့ စီခနဲအော်ဟစ်သံကိုသာကြားလိုက်ရလေတယ်၊ "အစ်ကိုရှောက်ဟွေ့၊ မြန်မြန်လာခဲ့။ အစ်ကိုသေတော့မယ်။"

"ငါတို့အောက်ထပ်ရောက်နေပြီ။" ရှောက်ဟွေ့မျက်နှာ ချက်ချင်းကြည်ရဆိုးလာလေသည်။

ချင်ယီ၊ ကားရပ်ရန်နေရာလွတ်ရှာနေတဲ့သူ၊ လက်ကိုင်ဘီးကိုတိုက်ရိုက်လှည့်လိုက်ပြီး အတွင်းလူနာဆောင်ဌာနအောက် မောင်းနှင်လာလိုက်လေတယ်: "အပေါ်ကို ရှီရှီအရင်ခေါ်သွားပေးလိုက်။"

"အိုကေ။" ရှောက်ဟွေပြောလိုက်ကာ၊ သူ့ဘက်ကနေ ချန်းယုကို တိုက်ရိုက်ဆွဲခေါ်လာလိုက်လေသည်။

ချန်းယု၊ ကားပေါ်ကနေ အတင်းအဓမ္မဆွဲခေါ်လာခံရသူ၊ တကယ်တော့ 'နင်ငါ့ကိုလွှတ်ပြီး တစ်ဖက်ကနေဆင်းခွင့်ပေးလိုက်တာက ပိုမမြန်သွားနိုင်ဘူးလား?' လို့သူမပြောချင်နေခဲ့တာဖြစ်လေတယ်၊ အခုလက်ရှိ ရှောက်ဟွေမှာ အထိတ်တလန့်ဖြစ်နေတာ အရမ်းသိသာထင်ရှားနေလေသည်။

ကြောင်နေတဲ့ချန်းယုကို အတွင်းလူနာဆောင်ဆီ တစ်လမ်းလုံးဆွဲခေါ်လာပြီး၊ ဌာန၏၁၆ထပ်မြောက်ကို ဓာတ်လှေကားဆီပြီး၊ ဓာတ်လှေကားထဲကထွက်လာပြီးနောက်၊ တစ်လျှောက်လုံးချန်းယုကို ဆွဲခေါ်လာလေတယ်၊ သွေးရူးသွေးတန်းပြေးလာတာက VIPလူနာဆောင်ရဲ့တံခါးရှေ့၌ နောက်ဆုံးမှာရပ်လိုက်လေတော့သည်။

"ချန်းယု!" ချန်းယုကို ကျန်ဝမ်ဝမ်မြင်လိုက်ချိန်၊ တစ်ချိန်ထဲမှာပဲ အံ့သြသင့်ပြီး ကြောက်လန့်တကြားဖြစ်သွားလေသည်။

လူနာဆောင်ထဲ စုစုပေါင်း လူ၄ဦးရှိနေလေသည်။ ကျန်ဝမ်ဝမ်ကို ချန်းယုပထမဆုံးကြည့်လိုက်ကာ၊ ထို့နောက် ဆေးရုံခုတင်ရှေ့တာအိုဝတ်ရုံရှည်ဝတ်ထားတဲ့ သက်လတ်ပိုင်းအရွယ်တာအိုဘုန်းတော်ကြီးကို သူမကြည့်လိုက်လေသည်။ စွမ်းအင်အလုံအလောက်ရှိတဲ့ ကျောက်စိမ်းဆွဲသီးကို သက်လတ်ပိုင်အရွယ်တာအိုဘုန်းတော်ကြီး တင်းတင်းဆုပ်ကိုင်ထားကာ၊ ခုတင်ပေါ်က လူရွယ်ထဲ ကျောက်စိမ်းဆွဲသီးကနေ စိတ်စွမ်းအင်သွယ်ပို့ပေးနေလေသည်။

"ဇီယန်၊ ဇီယန်ဘယ်လိုနေလဲ?" လူအုပ်ကိုဖြတ်ပြီး ရှောက်ဟွေတိုးဝင်လာကာ ဆေးရုံခုတင်ရှေ့ပြေးလာလိုက်လေသည်။

"ချန်းယု၊ ငါ့အစ်ကိုကိုကယ်တင်ပေးပါ။" ချန်းယု တံခါးနား မလှုပ်ဘဲရပ်နေတာကို ကျန်ဝမ်ဝမ်မြင်လိုက်တော့၊ သူမမြန်မြန်ပေးလာကာ အသနားခံလိုက်လေသည်။

သူမငိုပြီးတောင်းဆိုနေတာကိုမြင်ဖူးတာ ချန်းယုအတွက် ဒါပထမဆုံးအကြိမ်ဖြစ်လေသည်။ သူမလက်ကိုပြန်ဆွဲလိုက်လေတယ်၊ ဒါပေမဲ့ သူမကိုဖယ်ပစ်ချင်တယ်လို့ ကျန်ဝမ်ဝမ်ထင်သွားကာ၊ အတင်းအကြပ်ဆုပ်ကိုင်ထားလေတော့သည်။

ဒီအချိန်၌ ရှောက်ဟွေလည်း တုံ့ပြန်လာလေတော့သည်။ ချန်းယုဘက် သူ့ခေါင်းလှည့်ပြီး ခေါ်လိုက်လေတယ်၊ "ရှီရှီ၊ မင်းမြန်မြန်လာပြီးစစ်ကြည့်ပေးလို့ရမလား?"

"လွှတ်ပေး!" သူမလက်ထဲ တွဲလောင်းခိုနေတဲ့ ကျန်ဝမ်ဝမ်ကို ချန်းယု အနက်ရောင်မျဉ်းတွေပြည့်နေတဲ့ခေါင်းနဲ့အော်ဟစ်လိုက်လေသည်။

"ချန်းယု၊ အရင်တုန်းက ငါ့အမှားတွေပါ။ ငါနင့်အကြောင်း မကောင်းကြောင်းမပြောခဲ့သင့်ဘူး။ ငါတောင်းပန်ပါတယ်။ ငါ့အစ်ကိုကိုကယ်တင်ပေးပါ။" ကျန်ဝမ်ဝမ်မျက်လုံးတွေ ငိုကြွေးထားတာကြောင့် ရောင်ကိုင်းလာလေတယ်။ သူမအစ်ကိုနဲ့ပတ်သတ်ပြီး သူမစိတ်ပူနေတယ်ဆိုတာ အရမ်းသိသာနေလေသည်။

"နင်ကငါ့ကိုချုပ်ထားတာလေ။ ငါသူ့အနီးဘယ်လိုလုပ်သွားလို့ရတော့မှာလဲ?" ချန်းယုအာစေးမိလုနီးပါးဖြစ်နေလေသည်။

"ဟာ..." ကျန်ဝမ်ဝမ်တောင့်သွားကာ၊ သူမဓာတ်လိုက်လို့ရှော့ရသွားသလိုမျိုး၊ သူမလက်ကိုမြန်မြန်လွှတ်ပေးလိုက်လေသည်။

ထို့နောက်မှာတော့ ဆေးရုံခုတင်ဆီ ချန်းယုလျှောက်လာလိုက်လေသည်။ အမေကျန်၊ ချူရှောင်းနဲ့ ရှောက်ဟွေက ခုတင်ကိုဝိုင်းရံထားကြလေတယ်၊ ဒါပေမဲ့ တစ်ချိန်တည်း သူတို့နောက်ဆုတ်လိုက်ပြီး မျှော်လင့်နေတဲ့အမူအရာနဲ့ ချန်းယုကိုကြည့်လာကြလေသည်။

ခုတင်ပေါ်က လူရွယ်ကိုချန်းယုကြည့်လိုက်လေသည်။ ကျန်ဝမ်ဝမ်နဲ့ရုပ်ချင်းတူလေတယ်၊ ဒါပေမဲ့ သူ့အသားရေက ဖြူဖျော့ပြီး ဖောက်ထွင်းမြင်နိုင်လုနီးပါးဖြစ်နေလေတယ်။ သူအိပ်ရာပေါ် ရှိနေတာ အချိန်ကြာနေပြီဖြစ်တာကြောင့် ဖြစ်နိုင်လေတယ်၊ ဒီတော့ သူ့ပါးတွေ တော်တော်ပိန်နေလေတယ်။ သူငြိမ်ငြိမ်လေးအိပ်စက်နေလေတယ်၊ ဒါပေမဲ့ သူ့ကိုယ်ထဲက တက်ကြွမှုက နည်းနည်းချင်းစီပျောက်ကွယ်နေလေသည်။

သက်လတ်ပိုင်းအရွယ်တာအိုဘုန်းတော်ကြီးထည့်ပေးလာတဲ့ စိတ်စွမ်းအင်နဲ့ သူ့တက်ကြွမှုရောနှောနေပြီး စားပွဲတင်တင်းနစ်ဘောလုံးအရွယ်ရှိတဲ့ တွင်းနက်ထဲ လူရွယ်ရဲ့မျက်ခုံးကနေ စီးဝင်သွားလေသည်။ သက်လတ်ပိုင်းအရွယ်တာအိုဘုန်းတော်ကြီးသာ သူ့စိတ်စွမ်းအင် ဆက်တိုက်မထည့်သွင်းပေးနေဘူးဆိုရင်၊ အချိန်အကြာကြီးကတည်းက လူရွယ်ရဲ့တက်ကြွမှု ဖြတ်တောက်ခံလိုက်ရနိုင်လေသည်။

"အင်း!" သက်လတ်ပိုင်းအရွယ်တာအိုဘုန်းတော်ကြီး ရုတ်တရက်နှုတ်မှုတ်လိုက်လေသည်။ သူ့ချွေးထွက်နေတဲ့နဖူးနဲ့ လက်တွေက အချိန်အများကြီး မဆွဲနိုင်တော့ကြောင်း ပြသနေလေသည်။

"တာအိုဘုန်းတော်ကြီးကျောင်!" အမေကျန် သူ့ကိုစိတ်လှုပ်တရှားကြည့်နေလေသည်။

"မဒမ်ကျန် ... ဒီဘုန်းတော်ကြီး...စိုးရိမ်မိတယ်...အချိန်အကြာကြီးမဆွဲထားနိုင်မှာကို။" တာအိုဘုန်းတော်ကြီးကျောင် ခက်ခက်ခဲခဲပြောလာလိုက်လေသည်။

"အချိန်ခဏတောင့်ထားပေးဦး!" ချန်းယု ရုတ်တရက်ပြောလိုက်လေသည်။

တံခါးကနေ ချန်းယုဝင်လာလိုက်ချိန်၊ မဒမ်ကျန်ရဲ့သမီး မလိမ်နေဘူးဆိုတာ တာအိုကျောင်သိလိုက်လေသည်။ သူမပြောလာတဲ့မိန်းကလေးက တကယ်ပဲ ကောင်းကင်ဘုံဆရာဖြစ်နေလေတယ်၊ သူမနားတစ်ဝိုက် စိတ်စွမ်းအင်ကလည်း သူ့ထက်ပိုသန်မာအားကောင်းနေလေသည်။ အခန်းထဲဝင်လာပြီးနောက် ချန်းယုမလှုပ်လာတာသာဖြစ်နေလေတယ်။ တာအိုကျောင်ကလည်း ကျန်ဇီယန်ရဲ့တက်ကြွမှု ဆက်လက်တည်ရှိနေရန် အာရုံစိုက်ထားလေတော့၊ ချန်းယုကိုမေးကြည့်ဖို့ သူ့မှာအချိန်မရနေလေဘူး။

အခုတော့ ချန်းယုအရင်ပြောလာခဲ့တာဖြစ်လေတယ်၊ တာအိုဆရာကျောင် သက်ပြင်းချလိုက်ပြီး ပြောလိုက်လေတယ်၊ "သုံး...သုံးမိနစ်။"

"ဒါဆိုရတယ်။" သူမကျောပိုးအိတ်ကနေ သံလိုက်အိမ်မြှောင်ထုတ်လိုက်လေသည်။

လော့မင်ကိုယ်ထဲက အိပ်စက်နေတဲ့မကောင်းမှုဝိညာဉ်ကို နိုးထလာစေရန်အတွက် မကောင်းမှုစွမ်းအင်တော်တော်များများသူမစုပ်ယူထားခဲ့လေတယ်၊ ဒါပေမဲ့ ဒီရက်တွေအတွင်း သူမပြန်သက်သာလာပြီဖြစ်ပေမဲ့၊ 'ဆိုးဆိုးဝါးဝါးဖြစ်လာမဲ့ကိစ္စတွေကိုကာကွယ်ဖို့' ရည်ရွယ်ချက်နဲ့ သံလိုက်အိမ်မြှောင်ထဲသိမ်းထားတဲ့စွမ်းအင်ကို ငှားယူသုံးလိုက်လေသည်။.

"ဝီဝီ!!!"

ချန်းယုလက်ထဲ သံလိုက်အိမ်မြှောင်မပျော်မရွှင်တုန်ခါလိုက်တာက၊ ငါ့စိတ်စွမ်းအင်စုပ်ယူပြီးတိုင်း၊ နင်ငါ့ကိုအားကုန်အောင်လုပ်နေတာပဲလို့ ပြောဆိုနေတယ့်အတိုင်းပဲ။

"လိမ်မာပါ၊ ညကျရင် အဲဒီမှာ ငါနင့်ကိုအိပ်ခိုင်းမယ်ဟာ။" ချန်းယု ချော့ချော့မော့မော့ပြောလိုက်လေသည်။

သံလိုက်အိမ်မြှောင်ငြိမ်သွားလေသည်။ ချန်းယု သူမလက်ကိုမြှောက်ပြီး အဲ့တာကို ညင်ညင်သာသာပစ်လိုက်လေသည်။ သံလိုက်အိမ်မြှောင်လေထဲလည်နေပြီး ကျန်ဇီယန်ရဲ့ခေါင်းပေါ်ရပ်သွားလေသည်။ စိတ်စွမ်းအင်ဖျော့ဖျော့လေး ဖျန်းချလာကာ လူရွယ်ရဲ့တစ်ခေါင်းလုံးကို ကာဆီးလိုက်လေသည်။

လူနာဆောင်ထဲက အခြားသူတွေ စိတ်စွမ်းအင်အလင်းရောင်ကို မမြင်နိုင်ပေမဲ့၊ အနက်ရောင်သံလိုက်အိမ်မြှောင်က လေထဲသူ့ဘာသာလွင့်မျှောနေတာကို မျက်မြင်တွေ့နေရတာက၊ ထိတ်လန့်ဖို့လုံလောက်နေလေပြီ။ ရှောက်ဟွေနဲ့ ချင်ယီ၊ တံခါးကဖြတ်ပြီးဝင်လာတဲ့သူ၊ မှင်သက်သွားလေတော့သည်။ စိတ်စွမ်းအင်အလင်းအောက်၊ ကျန်ဇီယန်ထဲက တွင်းနက် တက်ကြွမှုစုပ်ယူနေတာ ရုတ်တရက်ရပ်သွားပြီး သံလိုက်အိမ်မြှောင်က စိတ်စွမ်းအင်ကိုစုပ်ယူလာလေတော့သည်။

ဒီအခွင့်အရေးကို ချန်းယုအမိဖမ်းလိုက်လေသည်။ သူမလက်တချောင်းဆန့်ထုတ်လိုက်ပြီး၊ သံလိုက်အိမ်မြှောင်ရဲ့စိတ်စွမ်းအင်ကိုသုံးကာ၊ ကျန်ဇီယန်ရဲ့နှဖူးကြား အဆောင်တစ်ခု သူမရေးဆွဲလိုက်ပြီး၊ သူ့ကိုထဲက လူရွယ်၏တက်ကြွမှုအားလုံးကို ချိပ်ပိတ်လိုက်လေတော့သည်။

နောက်ဆုံးစုတ်ချက်မှာ၊ အဆောင်ချိပ်ရိုက်သွားပြီး၊ တွင်းနက်၊ နဂိုက စားပွဲတင်တင်းနစ်ဘောလုံးတစ်လုံးအရွယ်ရှိတဲ့ တွင်းနက်က၊ ရုတ်တရက်ရှုံ့လာပြီး အဆောင်ချိပ်နဲ့ သူ့နှဖူးအောက် ဖိနှိပ်ထားတာကြောင့် အနက်ရောင်အစက်ကလေးအရွယ်အဖြစ် တဖြည်းဖြည်းသေးငယ်လာလေတော့သည်။ သူမလက်ကိုမြှောက်ပြီး သံလိုက်အိမ်မြှောင်အား ချန်းယုပြန်သိမ်းလိုက်လေသည်။ ဒီအချိန်ကာလကို တာအိုကျောင်အခွင့်ယူပြီး စိတ်စွမ်းအင်သွင်းပေးနေတာ ရပ်လိုက်လေသည်။ သူယိမ်းယိုင်ပြီး သူ့နောက်ကထိုင်ခုံပေါ်လဲကျသွားလေတော့သည်။

"ဘယ်လိုနေလဲ?" နှစ်ယောက်သား လှုပ်ရှားနေတာရပ်လိုက်တာကို အမေချန်းမြင်လိုက်လေတော့၊ သူမချက်ချင်း စိုးရိမ်တကြီးမေးကြည့်လိုက်လေသည်။

တာအိုကျောင် ချန်းယုကို အရင်ဆုံးလှမ်းကြည့်လိုက်လေတယ်၊ ဒါပေမဲ့ ချန်းယုက အောက်ကိုငုံ့ကြည့်ကာ၊ တစ်ခုခုကိုတွေးနေလေတယ်၊ ဒီတော့ သူ့ကိုယ်တိုင်သာရှင်းပြလိုက်ရလေတယ်၊ "သခင်လေးကျန်ရဲ့အခြေအနေက လက်ရှိအချိန်မှာ ထိန်းချုပ်မှာအောက်မှာရှိနေတယ်၊ ဒါပေမဲ့ သူ့တက်ကြွမှုတော်တော်များများ အရင်ကစုပ်ယူခံလိုက်ရတယ်၊ စိုးရိမ်မိတာက..."

"ဘာကိုစိုးရိမ်ရတာလဲ?" အမေချန်း စိုးရိမ်တကြီး တိုက်တွန်းလိုက်လေသည်။

"သူမနိုးလာနိုင်မှာကို ငါစိုးရိမ်မိတယ်။" တာအိုကျောင်းသက်ပြင်းချလိုက်လေသည်။

"သူမနိုးလာနိုင်ဘူးဆိုတာ ဘာကိုဆိုလိုတာလဲ? ငါ့သားကို ကယ်လိုက်နိုင်တာလား မကယ်နိုင်လိုက်ဘူးလား?" အမေချန်း သံကုန်ဟစ်ကာမေးလိုက်လေသည်။

သူမသား ရောဂါအသည်းအသန်ဖြစ်နေတာလို့ အစတုန်းက သူမထင်ထားခဲ့တာဖြစ်လေသည်ယ ဆရာဝန်တွေမှာလည်း အကြံကုန်နေလေပြီ၊ ဒါပေမဲ့ သူမသမီးခေါ်လာခဲ့တဲ့ တာအိုဘုန်းတော်ကြီးတစ်ပါးက တစ်ယောက်ယောက်က မှော်ကိုသုံးပြီး သူမသားကိုအမိဖမ်းထားတယ်လို့ ပြောလာလေသည်။ အခု သူမသားအခြေအနေတည်ငြိမ်အောင် သူတို့စီစဉ်လိုက်နိုင်လေပြီ၊ တာအိုဘုန်းတော်ကြီးက သူမသားမနိုးလာနိုင်လောက်ဘူးလို့ ထပ်ပြောလာလေပြန်တယ်။ အမေကျန် ပြိုလဲလုနီးပါးဖြစ်နေပြီး သူမခံစားချက်တွေကို မထိန်းချုပ်နိုင်လေတော့ဘူး။

"အမေ၊ အမေ၊ စိတ်ထိန်းပါဦး။" သူမအမေကို ကျန်ဝမ်ဝမ် ချော့မော့တဲ့အနေဖြင့် ဖက်လာလိုက်လေသည်။

တစ်ဘက်က ချင်ယီ ရုတ်တရက်အသံထွက်ပြီးမေးလာလိုက်တယ်၊ "သူ့ကိုကယ်ဖို့နည်းလမ်းတစ်ခုခုရှိလား?"

"စုပ်ယူခံလိုက်ရတဲ့ သူ့တက်ကြွမှုကို ပြန်ရယူနိုင်သရွေ့" ချန်းယုကို တာအိုကျောင်းလှမ်းကြည့်လိုက်ပြီး ဆက်ပြောလိုက်လေတယ်၊ "ဒါပေမဲ့ ဒီတာအိုဘုန်းတော်ကြီးရဲ့ကျင့်ကြံရေးအဆင့်က သခင်လေးကျန်ရဲ့တက်ကြွမှုကို အတိအကျဘယ်သူစုပ်ယူသွားလဲဆိုတာ ထောက်လှမ်းကြည့်ဖို့ အဆင့်မမှီနေလေဘူး။"

တာအိုကျောင်းရဲ့အကြည့်နောက် ချင်ယီလိုက်ကြည့်ပြီး ချန်းယုကိုကြည့်နေလိုက်တယ်၊ ချန်းယု တချိန်လုံးတိတ်ဆိတ်နေလေတော့၊ သူရုတ်တရက်မေးကြည့်လိုက်လေတယ်၊ "ရှီရှီ၊ မင်းမှာနည်းလမ်းရှိလား?"

"ဟမ်?" ချန်းယုလှည့်ကြည့်လာလိုက်လေတယ်၊ သူမမျက်နှာက မှင်သက်နေပြီး ချင်ယီပြောလိုက်တာကို သူမရှင်းရှင်းလင်းလင်းမကြားမိလိုက်လေဘူး။

"သူအပြည့်အဝပြန်မသက်သာလာခင် ဧယန်ရဲ့စုပ်ယူခံလိုက်ရတဲ့ တက်ကြွမှုကို ပြန်ရယူဖို့လိုတယ်လို့ တာအိုကျောင်းပြောလာတာ။ သူ့တက်ကြွမှုပြန်ရယူဖို့ မင်းမှာနည်းလမ်းရှိလား?" ချင်ယီပြန်ပြောလိုက်လေသည်။

"မရဘူး!"

ချန်းယု ရုတ်တရက်ခေါင်းလှည့်လိုက်ပြီး ဆေးရုံခုတင်ကနေ ရုတ်တရက်ထထိုင်လိုက်တဲ့ ကျန်ဇီယန်ရဲ့ဝိညာဉ်ကို ကြည့်လိုက်လေသည်။ လူရွယ်ရဲ့မျက်ဝန်းတွေက အသနားခံနေပြီး ချန်းယုအား ခေါင်းခါယမ်းပြနေလေသည်။

ဟုတ်နေတာပဲ၊ ဒါကလိုလိုလျားလျားရှိနေခဲ့တာပဲ!

လူတစ်ယောက်ရဲ့တက်ကြွမှုကိုထုတ်ယူတဲ့ နည်းလမ်းက ကောင်းကင်ဘုံကိုဆန့်ကျင်တဲ့ မကောင်းမှုနည်းလမ်းဖြစ်လေတယ်၊ ဒီတော့ သူ့ကိုအောက်အောင်မြင်မြင်အသုံးချနိုင်ခဲ့မယ်ဆိုရင်တောင်၊ အခုလိုမျိုး ချောချောမွေ့မွေ့စုပ်ယူနိုင်ဖို့ဆိုတာ မဖြစ်နိုင်လေဘူး၊ ဘာအနှောက်အယှက်တစ်ခုမှမရှိဘဲပေါ့။

ထို့ကြောင့်၊ အဲဒီအချိန်တုန်းက ချန်းယု နားမလည်နိုင်ဖြစ်နေခဲ့တာဖြစ်လေတယ်၊ ဒါပေမဲ့ အခုတော့၊ သူ့တက်ကြွမှုစုပ်ယူခံရဖို့ သူကိုယ်တိုင်ဆန္ဒရှိနေခဲ့တာဖြစ်ပြီး၊ တစ်ဖက်လူဆီ သူ့မွေးရက်နဲ့ သူ့သွေးအဆီပေးခဲ့တဲ့သူကလည်း သူကိုယ်တိုင်ပဲဖြစ်နေလေသည်။

ချန်းယုမျက်မှောင်ကြုပ်လိုက်ပြီး ဘာလုပ်ရမလဲဆိုတာ ရုတ်တရက်မသိလေတော့ဘူး။ တစ်ဖက်မှာတော့၊ သေဖို့အတွက် သူကိုယ်တိုင်ဆန္ဒရှိနေခဲ့တာဖြစ်ပြီး တစ်ဖက်မှာတော့၊ သူ့ဆွေမျိုးတွေက သူ့ကိုတားရန် အသည်းအသန်ဖြစ်နေလေသည်။ အခြားသောသူရဲ့အိမ်မှုကိစ္စမှာ ပါဝင်နေတာအတွက် အောက်ဖြစ်တဲ့ခံစားချက်ကလေးပေါ်ထွက်လာလေတော့သည်။

"ရှီရှီ?" ချင်ယီအသံပေးလိုက်လေသည်။

ကျန်ဇီယန်: "အသက်လဲလှယ်တဲ့နည်းကို မရပ်ပစ်လိုက်နဲ့!"

ကျန်ဝမ်ဝမ်: "ညီမချန်းယု။"

ကျန်ဇီယန်: "သူမကိုထိခိုက်အောင်မလုပ်နဲ့!"

"ပါးစပ်ပိတ်!" ဆူညံသံတွေက ချန်းယုကိုခေါင်းကိုက်လာစေလေသည်။ သူမကျောပိုးအိတ်ကိုလွယ်ကာ၊ လူတိုင်းကိုတွန်းထုတ်လိုက်ပြီး၊ လူနာဆောင်ကနေ တိုက်ရိုက်ထွက်လာလိုက်လေသည်။

အရင်က သူမတွေ့ကြုံခဲ့တဲ့ မလိုမုန်းထားသရဲတွေအားလုံးကိုသတ်လိုက်တာဖြစ်ဖြစ် သူတို့အတွက်ငြိမ်းချမ်းရေးရှာပေးတာဖြစ်ဖြစ် သူမလုပ်ကူနိုင်လေသည်။ ကိစ္စတွေက အရမ်းရှုပ်ထွေးလာရင်၊ ဘယ်လိုဖြေရှင်းရမလဲဆိုတာ ငြိမ်ငြိမ်လေးစဉ်းစားရန် သူမလိုအပ်လေသည်။

လူနာဆောင်ထဲကလူတိုင်း တောင့်သွားလေပြီး၊ အမေကျန် မြေပြင်ပေါ်
တိုက်ရိုက်လဲကျသွားလေတော့သည်။ ကျန်ဝမ်ဝမ်နှုတ်ခမ်းကိုက်လိုက်ပြီး၊ တံခါးကိုတွန်းကာ
ချန်းယုနောက်ပြေးလိုက်သွားလိုက်လေသည်။

"ချန်းယု၊ ညီမချန်းယု။" ဓာတ်လှေကားဝင်ပေါက်နား ထွက်သွားတော့မလိုလုပ်နေတဲ့ ချန်းယုကို ကျန်ဝမ်ဝမ်တားလိုက်လေသည်။ "ညီမချန်းယု၊ ငါ့အစ်ကိုကိုကယ်ပေးပါ။ အရင်ကဖြစ်ခဲ့သမျှအားလုံးက ငါ့အမှားတွေပါ။ ငါနင့်ကိုတောင်းပန်ပါတယ်၊ ငါ..."

"အရင်ကဖြစ်ခဲ့တာတွေကို ငါမေ့တောင်မေ့သွားခဲ့ပြီ။ အဲ့တာကို ဘယ်တော့မှထပ်မပြောလာနဲ့တော့။" အရင်က ရေနစ်သေခဲ့တဲ့ ကလေးသရဲကို ကျန်ဝမ်ဝမ် ရည်ရွယ်ပြောဆိုနေတယ်ဆိုတာကို ချန်းယုသိနေလေသည်။

"နင်တကယ်ပဲငါ့ကိုခွင့်လွှတ်ပေးတယ်ဆိုရင်၊ ငါ့အစ်ကိုကိုကယ်ပေးပါ၊ ဟုတ်ပြီလား?" ကျန်ဝမ်ဝမ် တောင်းဆိုလိုက်ပြီး ဒူးထောက်လုနီးပါးလုပ်နေလေသည်။

"ဝမ်ဝမ်!" ချူရှောင်ပြေးလိုက်လာတော့ ကျန်ဝမ်ဝမ်ဒူးထောက်မလိုလုပ်နေတာကို မြင်တွေ့လိုက်ရလေသည်။ ကျန်ဝမ်ဝမ်ကိုကူညီဖို့ သူမမြန်မြန်ပြေးလာလိုက်လေသည်။

ကျန်ဝမ်ဝမ်ကို ချူရှောင်တားလိုက်တာမြင်လိုက်တော့၊ ချန်းယု၊ သူမကိုတားမလို့လုပ်နေတဲ့သူ၊ သူမလက်တွေကို တိတ်တိတ်လေးပြန်ဆုတ်လိုက်လေသည်။

"ညီမချန်းယု၊ အရင်ဖြစ်ရပ်မှာ ဝမ်ဝမ် သူ့အမှားကိုဝန်ခံပြီးပြီဆိုပေမဲ့၊ သူမတစ်ဦးထဲကိုပဲ အပြစ်ပြောနေလို့မရဘူး။ သူမပေါ် သရဲတွယ်ကယ်နေတယ်ဆိုတာကို နင်သာသတိမပေးခဲ့ဘူးဆိုရင်၊ သူမကြောက်လန့်တကြား ကောင်းကင်ဘုံဆရာကိုလိုက်ရှာနေခဲ့မှာမဟုတ်ဘူး။" ချူရှောင်မနေနိုင်ဘဲပြောလိုက်လေသည်။

"..." ချန်းယု ခဏလောက်တိတ်ဆိတ်သွားလေသည်။ တကယ်တော့၊ ချူရှောင်ပြောလာတာမှန်တယ်ဆိုတာ သူမသိလေသည်။ သူမသာ ကျန်ဝမ်ဝမ်ကို တမင်သက်သက်မခြောက်လှန့်ခဲ့ဘူးဆိုရင်၊ အဲဒီသရဲကလေး ပြန်လည်မွေးဖွားနေလောက်ပြီဖြစ်လေပြီး၊ အကျိုးဆက်ဖြစ်ရပ်တွေ ဖြစ်ပေါ်လာမှာမဟုတ်လေဘူး။

ကျန်ဝမ်ဝမ်ကိုမြင်ချိန် သူမအရမ်းဒေါသထွက်သွားရတာရဲ့အကြောင်းရင်းက ကျန်ဝမ်ဝမ်ပါးစပ်ကို သူ့လက်နဲ့ သရဲကလေးကာလာတာကြောင့်ဖြစ်လေသည်။

အခုလေးတင်သေသွားတဲ့တစ်စုံတစ်ယောက်ရဲ့ဝိညာဉ်က အလွန်အမင်းအားနည်းလှလေတယ်။ ကြောက်လန့်လွန်းအားကြီးတာဖြစ်ဖြစ် ရန်ငြိုးထားလွန်းတာဖြစ်ဖြစ် မရှိနေခဲ့ဘူးဆိုရင်၊ ကျန်ဝမ်ဝမ်ကိုထိန်းချုပ်ဖို့ သရဲကလေးမှာ စွမ်းအင်မရှိနေနိုင်လေဘူး။ ဒီတော့၊ သရဲကလေး ငြိမ်းချမ်းရေးရှာဖို့ ကူညီရန်အတွက် ကျန်ဝမ်ဝမ် သေချာပေါက် တစ်ယောက်ယောက်ကို ရှာချင်ခဲ့နိုင်လေတယ်၊ ဒါပေမဲ့ အဆုံးမှာတော့ သူမစိတ်ပြောင်းသွားပြီး သရဲကလေးကိုစုစည်းဖို့ တစ်ယောက်ယောက်ကိုရှာခဲ့တာဖြစ်နိုင်လေသည်။ အန္တရာယ်ကို သရဲကလေးသတိထားမိလိုက်တော့၊ ပင်ကိုအသိစိတ်အရ ကျန်ဝမ်ဝမ်ရဲ့ပါးစပ်ကိုကာလိုက်လေတယ် ဒီတော့မှ သူမစကားမပြောနိုင်တော့မှာဖြစ်လေသည်။

ဒီကိစ္စကို သူမတို့တကယ်ပဲရှင်းလင်းလိုက်သင့်လေသည်။ သူမကော ကျန်ဝမ်ဝမ်နှစ်ဦးလုံးရဲ့အမှားဖြစ်လေသည်။ ထို့ကြောင့်၊ တောင်းပန်တဲ့အနေနဲ့ သရဲကလေးအတွက် ထာဝရငြိမ်းချမ်းရေးရှာပေးလိုက်ပြီး ကျန်ဝမ်ဝမ်အား သရဲကလေးနာမည်နဲ့ တောင်ပေါ်ကကလေးတွေကိုလှူဒါန်းခိုင်းခဲ့တာဖြစ်လေသည်။ ဒါက ကံဆုလဒ်တွေကိုစုပုံလာစေလေတယ် ဒီတော့ အဲဒီကလေး နောင်အနာဂတ်မှာ ကောင်းမွန်တဲ့ကလေးအဖြစ် ပြန်လည်ဝင်စားနိုင်မှာဖြစ်လေသည်။

ဒါပေမဲ့ အဆုံးမှာတော့၊ ကျန်ဝမ်ဝမ်အမှားက သူမနဲ့ပတ်သတ်နေလေတယ်။ ကျန်ဝမ်ဝမ်ကို ချန်းယုကြည့်လိုက်ပြီး ပြောလိုက်လေတယ်၊ "အဲဒီကိုငါနဲ့သွားမယ်။"

ကျန်ဝမ်ဝမ်တောင့်သွားလေတယ်၊ ထို့နောက် ထောင့်တထောင့်ဆီ ချန်းယုနောက်ကလိုက်လာလိုက်လေသည်။

သူမတို့နောက်ပြေးလိုက်လာတဲ့၊ ရှောက်ဟွေနဲ့ ချင်ယီကို ချန်းယုလှမ်းကြည့်လိုက်ပြီးနောက် အနီးနားရပ်နေတဲ့ချုရှောင်ကိုလည်း သူမကြည့်လိုက်ပြီး၊ သူမဘေးနားက ကျန်ဝမ်ဝမ်ကို တိုးတိုးပြောလိုက်လေတယ်၊ "နင့်အစ်ကိုသေချင်နေတယ်ဆိုရင်၊ နင်သူ့ကိုကယ်ပေးဦးမှာပဲလား?"

"ဘာ??" မယုံသက်ဖြစ်လျက် သူမခေါင်းကို ကျန်ဝမ်ဝမ်မော့လာလိုက်လေသည်။

"ဒီလိုမျိုး နင့်အစ်ကိုဖြစ်နေရတာရဲ့အကြောင်းရင်းက နင့်အစ်ကိုရဲ့မွေးရက်နဲ့သွေးအဆီကို ယူပြီး အသက်လဲလှယ်ခြင်းနည်းကို တစ်ယောက်ယောက်အသုံးပြုခဲ့တာကြောင့်ပဲ၊ ဆိုလိုချင်တာက နင့်အစ်ကိုရဲ့သက်တမ်းကာလကို သေတော့မဲ့လူတစ်ဦးနဲ့လဲလှယ်နေတာ။" ချန်းယုပြောလိုက်ပြီး၊ "ဒီလိုနည်းပညာကို ချိုးဖျက်ပစ်ဖို့က မခက်ခဲနေဘူး။ အမှန်တကယ်ကွာခြားနေတာက နင့်အစ်ကိုကိုက တကယ်တမ်းဆန္ဒရှိနေခဲ့တာပဲ။"

"ဘ-ဘာကိုဆိုလိုချင်တာလဲ? ငါ့အစ်ကိုကဘာလို့ဆန္ဒရှိနေရတာလဲ?" ကျန်ဝမ်ဝမ်မျက်နှာက နားမလည်မှုတွေနဲ့ပြည့်နှက်နေလေသည်။

"ကျွတ်!" ချန်းယုမျက်မှောင်ကြုပ်လိုက်လေတယ်၊ ဒီကိစ္စကို သူမသယ်ပိုလို့မရဘူးလို့ သူမခံစားမိလိုက်လေသည်။ ဒီလိုစိတ်နဲ့ သူမလက်ညှိုးနဲ့လက်ခလယ်ကိုအတူစုလိုက်ပြီး ကျန်ဝမ်ဝမ်မျက်လုံးရှေ့ဖြည်းဖြည်းချင်းကြက်ခြေခတ်ခတ်လိုက်လေသည်။

ကျန်ဝမ်ဝမ် မရည်ရွယ်ဘဲ မျက်တောင်ခပ်လိုက်လေသည်။

"အခု လူနာဆောင်ကိုပြန်ရင် နင့်အစ်ကိုကို နင်တွေ့လို့ရပြီ။" ချန်းယုပြောလိုက်လေသည်။

"ဟာ?" ကျန်ဝမ်ဝမ် ပိုတောင်ကြောင်သွားလေတော့သည်။

"ယင်ယန်မျက်လုံးတွေက မိနစ်သုံးဆယ်ပဲခံတယ်၊ ဒီတော့ နင်မြန်မြန်လုပ်သင့်တယ်။" ချန်းယုတိုက်တွန်းနှိုးဆော်လိုက်လေသည်။

ဒီတော့မှသာ ကျန်ဝမ်ဝမ်တုံ့ပြန်လာလေသည်။ သူမလှည့်ပြီး လူနာဆောင်ဆီပြေးသွားလိုက်လေသည်။

အပိုင်း(၆၃):ကအိကအောက်ဖြစ်စေသောရွေးချယ်မှု

"ဝမ်ဝမ်?"  ကျန်ဝမ်ဝမ် ရုတ်တရက်ပြေးထွက်သွားတာကို ချူရှောင်မြင်လိုက်တော့၊ နေရာမှာတင်ရပ်နေတဲ့ ချန်းယုကို ဇဝေဇဝါဖြစ်နေတဲ့အကြည့်ဖြင့်ကြည့်လာလိုက်ကာ၊ လှည့်ပြီး နောက်ကလိုက်သွားလေတော့သည်။

ချင်ယီနဲ့ ရှောက်ဟွေ အနီးနားလာလိုက်လေသည်။ ချန်းယုကို ရှောက်ဟွေကြည့်ပြီးမေးလိုက်လေတယ်၊ "ရှီရှီ၊ အစောက ကျန်ဝမ်ဝမ်ကို မင်းဘာပြောလိုက်တာလဲ?"

"ဒါကသူတို့မိသားစုကိစ္စလေ၊ ဒီတော့ ငါနင့်ကိုဖြေပေးလို့မရဘူး၊ ဒါမှမဟုတ် ကျန်ဝမ်ဝမ်ဆီ နင်ကိုယ်တိုင်မေးကြည့်လိုက်လို့ရတယ်။" ချန်းယုပြန်ဖြေလိုက်လေသည်။

ချင်ယီနဲ့ရှောက်ဟွေ အချင်းချင်းကြည့်လိုက်ကြပြီး၊ ချန်းယုကို ရှောက်ဟွေဆက်မေးလိုက်လေတယ်၊ "ဒါဆို…ဇီယန်ရဲ့အခြေအနေ၊ အကူအညီတစ်ခုခုဖြစ်နိုင်လား?"

"သူ့ကိုကယ်တင်နိုင်လားဆိုတဲ့ မေးခွန်းမဟုတ်ဘူး။ မေးခွန်းက သူ့ကိုကယ်တင်ရမလား မကယ်တင်ရဘူးလားဆိုတာပဲ။" ချန်းယုမျက်မှောင်ကြုပ်ပြီး ပြန်ဖြေလိုက်လေသည်။

"မင်းဘာပြောချင်တာလဲ?  ဒါပေါ့၊ သူ့ကိုကယ်တင်လို့ရရင် ကယ်တင်ရမှာပေါ့။ သူ့ကိုကယ်ရမလား မကယ်ရဘူးလားဆိုတာ ဘာကိုဆိုလိုချင်တာလဲ?"  ချင်ယီ နားမလည်ဖြစ်နေတာကို မေးလာလိုက်လေသည်။

အဲဒီအချိန်၌၊ လူနာဆောင်၏အခြားတစ်ဖက်ကနေ ဆူညံသံထွက်ပေါ်လာလေတယ်။ အထဲမှာ တစ်ခုခုဖြစ်ပျက်နေမှာကို ချင်ယီနဲ့ကျောက်ဟွေ စိုးရိမ်မိလေတယ်၊ ဒီတော့ သူတို့မြန်မြန်ပြန်ပြေးသွားလိုက်လေသည်။

သူတို့ပြေးထွက်သွားပြီးနောက်၊ ချန်းယု ခဏလောက်တွေးကြည့်လိုက်ကာ ရှောက်ဟွေထံ စာတစ်စောင်ပို့ပေးလိုက်လေတယ်: (ငါ့ချိပ်က ခုနစ်ရက်ပဲကြာရှည်ခံမယ်ဆိုတာ ကျန်ဝမ်ဝမ်ကိုပြောပြလိုက်ဦး။ ဒီခုနစ်ရက်မှာ သူ့အစ်ကိုဆုံးဖြတ်ချက်ချလိုက်ပြီးသွားရင်၊ ငါ့ကိုထပ်လာတွေ့လိုက်။)

စာပို့ပြီးနောက်ဖ ချန်းယု ဓာတ်လှေကားကိုဝင်ကာ အထဲကထွက်လာလိုက်လေသည်။ ခရီးစဉ်တစ်ခုလုံး ချန်းယု စိတ်ကောင်းမဝင်နေလေဘူး၊ ညရောက်တဲ့အထိ သူမစိတ်ဓာတ်ကျနေလေသည်။ လှော့မင်တောင် ဒါကိုသတိထားမိလာလေသည်။

"ဆောင်းရာသီပိတ်ရက်လေ။ မင်းဘာလို့မပျော်မရွှင်ဖြစ်နေရတာလဲ?" လော့မင် ထူးထူးဆန်းဆန်းမေးလာလိုက်လေသည်။

"ညီမဘယ်လိုဖြေရှင်းရမလဲမသိတဲ့ ကိစ္စတစ်ခုနဲ့ ကြုံတွေ့လာခဲ့ရလို့။" ချန်းယု မျက်မှောင်ကြုပ်ကာပြန်ဖြေလာလေသည်။

"ငါနားထောင်ကြည့်ရအောင်။ မင်းကိုကူပြီး ပိုင်းခြားစိစစ်ပေးမယ်။" တစ်ခုခုကြောင့် သူမစိတ်လေးလံနေတာကို မြင်တွေ့ရတာ လော့မင်အတွက် ရှားပါးလှလေတယ်၊ ဒီတော့ သူမတတ်နိုင်ဘဲ အနည်းငယ်သိချင်မိလာလေသည်။

"ညီမ ထူးဆန်းတဲ့ဖြစ်ရပ်တစ်ခု ဒီနေ့ကြုံလာခဲ့ရတာ။" ကျန်ဝမ်ဝမ်နာမည်ကို ချန်းယုမပြောပြလိုက်လေဘူး၊ ဒါပေမဲ့ ဇာတ်ကောင်တစ်ခုဖန်တီးလိုက်ပြီး၊ လော့မင်ထံ ဖြစ်ပျက်ခဲ့တာတွေကို ပြန်လည်ပြောပြလိုက်လေတယ်၊ "ဒီတော့၊ တတိယအစ်ကို၊ ဒီလူကိုညီမကယ်သင့်တယ်လို့ထင်လား မကယ်သင့်ဘူးလို့ထင်လား?"

"အသက်လဲလှယ်ခြင်းနည်းလမ်းက ပင်ကိုအားဖြင့် လုပ်ရိုးလုပ်စဉ်နဲ့ ဆန့်ကျင်တယ်လို့ မင်းပြောထားတယ်လေ၊ ဒီတော့ သာမမ်ဖြစ်ရပ်မှာဆို ဒီလူကိုမင်းကယ်လိုက်သင့်တယ်။" လော့မင်ပြောလိုက်လေသည်။

"ဒါပေမဲ့ ဒီလူက သူ့အသက်ကို အခြားသူအတွက် လဲလှယ်ဖို့ ဆန္ဒရှိနေတယ်။" ချန်းယုပြောလိုက်လေတယ်၊ "ပြောရရင်ဖ သူကယ်တင်လိုက်တဲ့တစ်ယောက်မှာ ဆက်လက်အသက်ရှင်နေနိုင်တယ်။ ညီမသာ အသက်လဲလှယ်ခြင်းနည်းကို ရပ်လိုက်မယ်ဆိုရင်၊ ဒါဆို တစ်ဖက်လူကို သတ်လိုက်တာနဲ့ အတူတူဖြစ်နေမှာ။"

လော့မင် အနည်းငယ်မှင်သက်သွားလေတယ်: "ဒါပေမဲ့ အဲဒီလူက သေတော့မှာမဟုတ်ဘူးလား?"

"မတူဘူး။ အခြားသူသာ အတင်းအဓမ္မ ဖမ်းကိုင်တာဖြစ်ဖြစ် ဖျက်လိုဖျက်ဆီးထောင်ဖမ်းတာဖြစ်ဖြစ်၊ ဒါဆို အဲ့ဖွယ်နိယာမကို လိုက်နာပြီး ဘာမှသိက္ခာစောင့်ထိန်းမနေဘဲ ညီမရပ်ပစ်လိုက်မှာ။ ဒါပေမဲ့ ပြဿနာက၊ သူကဆန္ဒရှိနေတာပဲ။" ချန်းယုပြောလိုက်လေတယ်၊ "ဒါက အချိုကြားမတော်တဆဖြစ်တာနဲ့တူတယ်။ လမ်းပေါ်ကကလေးက အတိုက်ခံရမယ့်သူ၊ ဒါပေမဲ့ လမ်းတစ်ဖက်ကအမေက သူ့ကိုအလိုအလျောက်ကယ်တင်ပေးလိုက်တယ်။ ဒီမတော်တဆမှုကို ညီမမှာရပ်ဖို့နည်းလမ်းရှိမယ်ဆိုရင်၊ သူမကိုယ်ပိုင်ကလေးကို ကယ်မှာကနေ အမေကိုရပ်လိုက်သင့်တယ်လို့ အစ်ကိုထင်လား?"

"…"  ဒီမေးခွန်းက လော့မင်ကို အခက်အခဲဖြစ်သွားစေလေသည်။ ဒါက အဖြစ်ဆိုးတာပဲ၊ အဆုံးသတ်နှစ်ခုလုံးက မကောင်းနေလေဘူး။

"အစ်ကိုသိပါတယ်၊ ညီမမမြင်လိုက်ဘူးဆိုရင် ဒါမှမဟုတ် ညီမမှာအရည်အချင်းမရှိနေဘဲ ဘာမှမလုပ်ပေးနိုင်လို့ဆိုရင် အဆင်ပြေနေဦးမယ်။ ဒါပေမဲ့ ညီမမြင်လိုက်ရတယ်၊ ပြီးတော့ အဲ့တာကိုတားလိုက်ဖို့ ညီမမှာအရည်အချင်းလည်းရှိနေသေးတယ်။ ဘယ်သူသေသေ ဒီလူနှစ်ယောက်ကိစ္စထဲ ညီမပါဝင်ပတ်သတ်နေတယ်လို့ ဘာလို့ခံစားနေရပါလိမ့်၊ အာ? အရမ်းစိတ်အနှောက်အယှက်ဖြစ်တာပဲ၊ အာာာ!" ခေါင်းအုံးကိုဖက်ရင်း ဆိုဖာပေါ် ချန်းယုလှိမ့်ချလိုက်ကာ၊ စိတ်ဓာတ်ကျနေလေတယ်။ "တကယ်တော့၊ သူ့အပြုအမူကို ညီမနားမလည်နိုင်ဖြစ်နေတာ။ ဒီလိုလုပ်တာက သူ့မိဘတွေကို အရမ်းဝမ်းမနည်းသွားစေနိုင်ဘူးလား?"

"မင်းဘာလို့စိတ်အနှောက်အယှက်ဖြစ်နေရတာလဲ?" လော့မင်ရုတ်တရက်အသံထွက်ပြောလာလေတယ်၊ "ဒီဖြ◌်ရပ်ကို မင်းတစ်ခါမှမကြုံတွေ့ဖူးသလိုမျိုး မင်းဟန်ဆောင်နေလို့ရတာပဲ။ သူ့မိသားစု မင်းကိုအကူအညီတောင်းလာရင်၊ မင်းဝင်မပတ်သတ်ဖို့ ရွေးချယ်လိုက်လို့ရတာပဲ။"

"ဒါပေမဲ့ ညီမမြင်ခဲ့တယ်လေ၊ အာ။ အဲ့တာကို မမြင်ခဲ့ဘူးလို့ ဟန်ဆောင်နေလို့ရမယ့် နာ်းမရှိနေဘူး၊ အာာာ" ချန်းယုပြန်ဖြေလိုက်ပြီး ဝမ်းနည်းလာလေတော့သည်။

လော့မင်မနေနိုင်ဘဲ ပြုံးလိုက်မိတယ်။ သူလက်ဆန့်ထုတ်ကာ သူမကိုယ်သူမ ခေါင်းအုံးန◌ဲ့ကာထားတဲ့ ချန်ယုကိုဆွဲထုတ်လိုက်ကာ၊ "ထလိုက်၊ မင်းကိုယ်မင်းမွန်းမသွားစေနဲ့ဦး။"

ချန်းယု သူမကိုယ်သူမကာထားပြီး မလှုပ်ဘဲနေနေလိုက်တယ်။ .

"မင်းဘာလို့စိတ်အနှောက်အယှက်ဖြစ်နေရလဲဆိုတာ မင်းသိလား?" လော့မင်မေးလိုက်လေသည်။

"ညီမမသိဘူး။" ချန်းယု စူပုပ်ပုပ်နဲ့ ပြန်ဖြေလာလိုက်လေသည်။

"ဘာလို့ဆို မင်းကကြင်နာတတ်တာကြောင့်ပဲ။" လော့မင် ရုတ်တရက်အရှုန်းဖောက်လိုက်လေသည်။

သူမမျက်နှာကနေ ခေါင်းအုံးကို ဖယ်လိုက်ပြီး၊ လော့မင်ကိုကြည့်ကာ ချင်နွေးယုပြောလိုက်လေတယ်၊ "ညီမမကြင်နာတတ်ပါဘူး။ ညီမသရဲဖမ်းတုန်းက၊ အဲဒီသရဲ ဘယ်လောက်ပဲ သနားစရာကောင်းနေပါစေ၊ သူ့ကိုခေါ်ထုတ်လာခဲ့တာပဲ။"

"ဒါက သူတို့ကို ပြန်လည်မွေးဖွားဖို့ ပို့ပေးလိုက်တာက အကောင်းဆုံးပဲဆိုတာ မင်းသိနေတာကြောင့်လေ။" လော့မင်ပြောလိုက်လေတယ်၊ "ဒါပေမဲ့ ဒီကိစ္စက မတူနေဘူး။ မင်းပြောနေတဲ့ ဒီလူက အခြားသူကိုညအသည်းအသန်ကယ်တင်ပေးချင်နေတာ၊ ပြီးတော့ မင်းစိတ်ထဲမှာလည်း သူ့ကိုမသေစေချင်ဘူး၊ ဟုတ်တယ်မလား?"

"…" ချန်းယုတောင့်သွားကာ ခေါင်းအုံးကိုဖက်ပြီး ထထိုင်လိုက်လေတယ်၊ "ညီမမသိဘူး။"

"နှစ်ဦးလုံးအတွက် အကောင်းဆုံးနည်းလမ်းရှိနေမယ်ဆိုရင်၊ မင်းအဲ့တာကိုလုပ်ပေးလိုက်မှာမလား?" လော့မင်မေးလိုက်လေသည်။

"ဒါပေမဲ့ အကောင်းဆုံးနည်းလမ်းမရှိနေဘူး။" ချန်းယုပြောလိုက်လေတယ်၊ "အသက်လဲလှယ်တာက သေတော့မယ့်လူတွေအပေါ်မှာပဲ အသုံးပြုနိုင်တာ၊ ဒီတော့ တစ်ယောက်ယောက်ကတော့သေသွားမှာပဲ။"

"ဒီကိစ္စကို မင်းမလွှတ်ပေးနိုင်မှတော့၊ မင်းဘာလို့သွားပြီး ပိုနားလည်လာအောင် ဘာလို့မကြိုးစားကြည့်တာလဲ?" လော့မင်ပြောလိုက်လေတယ်၊ "မင်းပိုသိလာရင်၊ နောက်ဘာဆက်လုပ်ဖို့လိုမလဲဆိုတာ မင်းသိလာနိုင်တာပဲ။"

"ဘာလုပ်ရမလဲဆိုတာ ညီမမသိနေသေးဘူးဆိုရင်ကော?" ချန်းယုမေးလိုက်လေသည်။

လော့မင် တွေးကြည့်လိုက်ပြီး ပြောလိုက်လေတယ်၊ "ဒါမှမဟုတ် ငါ့အတွက်လုပ်ပေးသလိုမျိုး မင်းတွေးကြည့်လိုက်ပေါ့။ ငါသိချင်မိတယ်။ တစ်ဖက်လူရဲ့အသက်အတွက် အဲဒီလူက လဲလှယ်လာအောင် ဘယ်လိုဆက်ဆံရေးမျိုးရှိနေတာကြောင့်လဲဆိုတာ။"

"ဟမ်…" ချန်းယုခဏလောက်တုံ့ဆိုင်းသွားလေတယ်: "ဒါပေမဲ့ ညီမဆရာရဲ့စည်းကမ်းက တာဝန်တစ်ခုညီမယူလိုက်မယ်ဆိုရင် ပိုက်ဆံကောက်ရမယ်တဲ့။"

လော့မင် ကျိတ်ရယ်ကာ ပြောလိုက်လေတယ်၊ "ဒါဆို ဒီကိစ္စ စုံစမ်းစစ်ဆေးဖို့အတွက် တစ်ဒေါ်လာနဲ့ ငါမင်းကိုငှားလိုက်မယ်လေ၊ အိုကေ?"

"တစ်ဒေါ်လာ? အရမ်းဈေးပေါတာပဲ၊ အာ။ ထားလိုက်ပါတော့။ ညီမတို့ကြားကသိကျွမ်းမှုအတွက်၊ ညီမ အစ်ကို့ကို လျှော့ဈေးပေးပါ့မယ်။" ချန်းယု ခေါင်းအုံးကိုပစ်ကာ၊ စားပွဲပေါ်က ပန်းသီးကိုယူပြီး တစ်ကိုက်ပြီးတစ်ကိုက်စားလိုက်လေသည်။

ချန်းယု စိတ်ပြန်ကြည်လာတာကို လော့မင်မြင်လိုက်တော့ သူမနေနိုင်ဘဲ ပြုံးလိုက်မိလေသည်။

ပိုက်ဆံမက်တဲ့သူအတွက် လျှော့ဈေးပေးပြီး တစ်ဒေါ်လာကိုလက်ခံပေးလာတာက၊ ချန်းယု သူ့ကို အစွမ်းကုန်အရေးထားကြောင်း တွေးကြည့်လို့ရလေသည်။

စာရေးသူ၏မှတ်စု:

လက်ထောက်များ chat group၌

"မိန်းကလေးချန်းယု၊ မီလီယံချီတွေကိုသာ ချိန်ရွယ်တဲ့သူ၊ တတိယသခင်လေးကိုကူညီဖို့ တစ်ဒေါ်လာကို လက်ခံခဲ့တာ။"

"မိန်းကလေးချန်းယု တတိယသခင်လေးကို သဘောကျတယ်ဆိုတာ မှန်နေတာပဲ။"

"ဒါပေမဲ့ တတိယသခင်လေးက တော်တော်ချမ်းသာတာလေ။"

"ဒါကကျီစယ်တာကွ!"

"ကျီစယ်တာအားလုံးကို မင်းသိနေတာပဲ၊ ငါတို့စစ်စခန်းက အတူတူမဟုတ်ဘူးလား? ဘာလို့တအားကွာခြားနေရတာလဲ?"

အပိုင်း(၆၄):ငါ့ကိုမနာလိုတာ

ကျန်ဇီယန်မှာ ဘာဖြစ်ပျက်ခဲ့လဲဆိုတာ ချန်းယုအဖြေရှာချင်ပေမဲ့၊ ကျန်ဝမ်ဝမ်နဲ့ အခြားသူတွေ သူမကိုထပ်မံလာရှာမယ့် အခြေအနေအပေါ်မူတည်လေသည်။

ဒါပေမဲ့ ဘာတွေဖြစ်နေလဲဆိုတာ ချန်းယုမသိလေဘူး။ ဆေးရုံကနေ သူမထွက်လာပြီးလို့ နှစ်ရက်ကြာကတည်းက၊ ကျန်ဝမ်ဝမ် သူမကိုထပ်လာမရှာလေဘူး၊ ချင်ယီကော ရှောက်ဟွေ့ပါအပါအဝင်ဖြစ်လေသည်။ ဒါကထူးဆန်းတယ်လို့ အစက သူမခံစားမိလိုက်လေတယ်၊ ဒါပေမဲ့ အဲဒီအကြောင်းဆက်မတွေးနေလေတော့ဘူး၊ အစကတည်းက သူမက အပြစ်ကင်းကင်းပါဝင်ပတ်သတ်နေခဲ့တာဖြစ်လေသည်။ သူမ နဂိုကတွေးနေတာက သူမမြင်ပြီးသွားမှတော့ ဒီအတိုင်းတဝက်တပြတ်မထားခဲ့နိုင်လေဘူး၊ ဖြေရှင်းရန်နည်းလမ်းကောင်းများရှိနေမလား သူမကြိုးစားရှာကြည့်ပေးမှာဖြစ်လေသည်။

သို့သော်၊ တစ်ဖက်လူထံမှ ဘာလှုပ်ရှားမှုမှမရှိဘဲ နှစ်ရက်တာကုန်ဆုံးသွားခဲ့လေပြီ။ ချန်းယုမှာ ဘုရင်မရှိချိန် သေလုနီးပါးပူပန်နေတဲ့၊ ကုန်းကုန်းလို စရိုက်မျိုးမရှိနေလေဘူး၊ ဒီတော့ အဲ့တာကြောင့် သူမစိတ်အနှောက်အယှက်မဖြစ်နေလေတော့ဘူး။ သူတို့ ပိုအားကောင်းတဲ့ ကောင်းကင်ဘုံဆရာတစ်ဦး ရှာတွေ့သွားခဲ့တာဖြစ်နိုင်တယ်လို့ သူမတွေးလိုက်မိလေတယ်၊ ဒါပေမဲ့ သိပ်ပြီးမသေချာနေလေဘူး။

ထို့ကြောင့်၊ ချန်းယုရဲ့ အရင်အစီအစဉ်အရ၊ တတ်နိုင်သမျှ မြင့်တင်နိုင်ဖို့ ရုပ်လွန်ပညာ websiteကနေ တာဝန်များလက်ခံတဲ့ ခရီးစဉ်ကို ပျော်ပျော်ရွှင်ရွှင်ပြေးသွားလိုက်လေသည်။

အဲဒီနေ့ နေ့လယ်စာစားပြီးနောက်၊ ကြေးဓားနဲ့ ဆရာမော် လော့မိသားစုခြံဝန်းအသေးလေးဆီ ထပ်မံရောက်လာလေသည်။ ကြေးဓားကို ဆရာမော်ကိုယ်တိုင် လာပို့ပေးတာကြောင့် လော့မင်အံ့သြသွားရလေတယ်: "ဆရာမော်၊ ဘာလို့ကိုယ်တိုင်ကိုယ်ကျလာခဲ့ရတာလဲ?"

"မင်းဘယ်လိုနေလဲ ငါလာကြည့်ရင်း အထက်က မင်းဆီ ကြေးဓားပို့ခိုင်းတာနဲ့ အချိန်ကိုက်ဖြစ်သွားခဲ့တာ၊ ဒီတော့ ငါနဲ့အတူ ယူလာခဲ့လိုက်တော့တာ။" ကြေးဓားထည့်ထားတဲ့ သစ်သားသေတ္တာကို စားပွဲပေါ်တင်လိုက်ပြီး ဆရာမော်သတိပေးလိုက်လေတယ်။ "အထက်ကနေ မင်းတစ်ခုခုတောင်းဆိုဖို့ဆိုတာ တော်တော်ရှားတယ်၊ ဒီတော့ ဒီတကြိမ် မင်းကြေးဓားတောင်းဆိုလာတော့၊ အထက်ကကြီးကြပ်သူတွေ ဘာမှစဉ်းစားမနေဘဲ သဘောတူလိုက်တာ။ ဒါပေမဲ့ ဒီဓားကို မင်းနားမှာထားတာက အရမ်းအန္တရာယ်များတယ်ဆိုတာ ငါသတိပေးရဦးမှာပဲ။"

"ကျွန်တော်သိပါတယ်။" အရင်တကြိမ် မကောင်းမှုဝိညာဉ်
ရုတ်တရက်ပြင်းပြင်းထန်ထန်လွတ်ထွက်သွားချိန်၊ ဆရာမော်အပါအဝင် လက်ထောက်အဖွဲ့က
အရာအားလုံးကို ဖုံးကွယ်ထားခဲ့လေသည်။ ဒီဓားက မကောင်းမှုဝိညာဉ်ကို
အစပျိုးပေးနိုင်တယ်ဆိုတာ အထက်ကသာသိသွားမယ်ဆိုရင်၊ ဒီဓားကို သေချာပေါက်
တင်းတင်းကြပ်ကြပ်ထိန်းသိမ်းထားမှာဖြစ်လေသည်။

"ဒီတကြိမ် တစ်ခုခုဖြစ်လာမယ်ဆိုရင်၊ ဖုံးကွယ်ပေးဖို့ ထပ်ကူညီပေးလာမှာမဟုတ်ဘူး။"
ဆရာမော်ပြောလိုက်လေသည်။

"နားလည်ပါပြီ။" လော့မင်ပြုံးလိုက်ကာ၊ "ရှီရှီမှာ မှော်လက်နက်တစ်ခုရှိတယ်၊ ဒီတော့
သရဲတွေဖမ်းချိန် သူမပိုဘေးကင်းသွားနိုင်တယ်။ ဒါ့အပြင်၊ သရဲဘုရင်အဆင့်ရှိတဲ့
မလိုမုန်းထားသရဲပေါ်လာဖို့ဆိုတာ ကြုံတောင့်ကြုံခဲလို့ဆရာပြောထားတာပဲ။"

"ဒါအမှန်ပဲ၊  လျို့ရှန်ဂိုဏ်းရဲ့ ပယောဂနှင်တဲ့နည်းလမ်းတွေက ရုပ်လွန်ပညာလောကမှာ
ထိပ်ဆုံးသုံးနေရာမြောက်မှာရှိနေတာ။ သူငယ်ချင်းလေးချန်းက ငယ်တယ်ဆိုပေမဲ့၊
သူမကျင့်ကြံရေးအဆင့်က မြင့်နေပြီ။ ကြေးဓားကာကွယ်ပေးတာနဲ့ဆိုရင်၊ သူမဘာအန္တရာယ်မှ
မရင်ဆိုင်ရတော့ဘူးလို့ ငါထင်တယ်။" ချန်းယုဆီ ကြေးဓားပေးလာဖို့
သဘောတူရတာရဲ့အကြောင်းရင်းက ဒါကြောင့်ဖြစ်ဆလသည်။ ချန်းယုဘေးကင်းလုံခြုံနေမှသာ
လော့မင်မဆင်မခြင်လုပ်လာတော့မှာမဟုတ်လေဘူး။

"စကားမဆက်..." သရဲဘုရင်အကြောင်းပြောရင်း၊ ချီချောင်မင်ကို
လော့မင်ရုတ်တရက်သတိရသွားလေသည်။ "သရဲဘုရင်ကိုမွေးထားတဲ့ကောင်းကင်ဘုံဆရာကို
ဖမ်းမိပြီလား?"

"အင်း" ဒီအကြောင်းပြောလာတော့ ဆရာမော်မနေနိုင်ဘဲ ပြုံးလာမိလေတယ်၊
"အဲဒီချီချောင်မင်က ထွက်ပြေးတဲ့နေရာမှာ တော်တော်အားကောင်းတယ်။ အဖွဲ့ခြောက်က
သူ့ကိုငါးရက်လောက် လိုက်ဖမ်းနေခဲ့တာ၊ ဒါပေမဲ့ တောင်ဖြူဆီ
သူလွတ်မြောက်သွားနိုင်ခဲ့သေးတယ်။"

အဖွဲ့ခြောက်ဆိုတာက ရုပ်လွန်ပညာအဖွဲ့အစည်းက ရုပ်လွန်ပညာနည်းလမ်းတွေကိုအသုံးပြုပြီး
လူတွေကိုဘေးအန္တရာယ်ပေးတဲ့ မကောင်းတဲ့ကောင်းကင်ဘုံဆရာတွေကိုဖမ်းဖို့ ဖွဲ့စည်းထားတဲ့
ဖမ်းဆီးရေးအဖွဲ့တစ်ဖွဲ့ဖြစ်လေသည်။ ရုပ်လွန်ပညာအသိုင်းအဝိုင်းမှာ သူတို့တွေက ရဲသားတွေနဲ့
ဆင်တူနေလေသည်။

လော့မင်အံ့သြသွားလေတယ်: "သူတောင်ဖြူဆီထွက်ပြေးသွားတာ?"

"တောင်ဖြူမှာ တောင်ဖြူဂိုဏ်းရှိတယ်။ ချီချောင်မင်က အဲဒီကလေ။ တောင်ဖြူဂိုဏ်းက ရုပ်လွန်ပညာလောကထဲ အတော်ကလေးခြွင်းချက်ဖြစ်တဲ့ဂိုဏ်းတစ်ခုလေ။" ဆရာမော်မိတ်ဆက်လာလေတယ်၊ "သူတို့တည်ထောင်တဲ့ဘိုးဘေးဘီဘင်က တစ်ယူသန်ကောင်းကင်ဘုံဆရာ။ စစ်ကာလအတောအတွင်း၊ လူတွေရဲ့မပျော်ရွှင်မှုနဲ့ လောကရဲ့နက်ရှိုင်းတဲ့နာကြည်းချက်ကိုအမြတ်ထုတ်ပြီး မလိုမုန်းထားသရဲတော်တော်များများသန့်စင်ခဲ့တာ၊ အဲ့တာတွေက နောက်ပိုင်းအချိန်ကြာလာတော့ သရဲဘုရင်တွေအဖြစ်ပြောင်းလဲသွားတာ။"

"သရဲဘုရင်တွေက အရမ်းအားကောင်းပြီး၊ သာမန်ကောင်းကင်ဘုံဆရာတွေ သူတို့တွေကို အလွယ်တကူမယှဉ်နိုင်ဘူး၊ ဒီတော့ တောင်ဖြူဂိုဏ်းက ဖြည်းဖြည်းချင်းကြီးပွားတိုးတက်လာတာ။ နောက်တော့၊ စစ်ပွဲရပ်သွားခဲ့ပြီ။ လောကရဲ့နာကြည်းချက်က အရမ်းမနက်ရှိုင်းနေတော့ဘူး၊ မကောင်းမှုဝိညာဉ်တော်တော်များများ ငရဲဆီပြန်သွားကြတယ်။ သရဲဘုရင်တွေကို သန့်စင်ဖို့ကလည်း ပို၍ပို၍ခက်ခဲလာတယ်၊ ဒီတော့ တောင်ဖြူဂိုဏ်း တဖြည်းဖြည်းချင်း ကျဆင်းလာတယ်။" ဆရာမော်ရှင်းပြလိုက်လေတယ်၊ "အဲဒီချီချောင်မင်က လက်ရှိတောင်ဖြူဂိုဏ်းခေါင်းဆောင်ရဲ့ နောက်ဆုံးတပည့်ပဲ။ သူ့ထူးချွန်တဲ့ပါရမီကြောင့်၊ သူ့ဆရာက သူ့ကိုတအားနှစ်သက်သဘောကျတယ်၊ သူ့ဆရာက သူ့ဆီသရဲဘုရင်တစ်ကောင်လက်ဆင့်ကမ်းပေးလာခဲ့တာ။"

"သူ့ဆီလက်ဆင့်ကမ်းတာ? အဲဒီသရဲဘုရင်ထက် တောင်ဖြူဂိုဏ်းမှာ တော်တော်များများရှိနေမှာပဲ။ ဒီတော့ သူတောင်ဖြူဂိုဏ်းဆီပြန်ပြေးသွားပြီး သူ့ဆရာက သူ့ကိုအကာအကွယ်ပေးလာတယ်ပေါ့?" လော့မင် နားမလည်နိုင်ဖြစ်နေလေသည်။ "ဒါဆို အဖွဲ့ခြောက်က နောက်ပိုင်းသူ့ကိုဘယ်လိုလုပ်ဖမ်းမိသွားခဲ့ရတာလဲ?"

"သူတို့တောင်ဖြူဂိုဏ်းဆီစရောက်သွားတော့၊ အဖွဲ့ခြောက်ရဲ့ခေါင်းဆောင်က ဒီပြဿနာကိုထည့်စဉ်းစားခဲ့တယ်။ တောင်ဖြူဂိုဏ်းကကျဆင်းလာပေမဲ့၊ သူတို့မှာသရဲဘုရင်တစ်ဦးပဲရှိနေဖို့ဆိုတာမဖြစ်နိုင်ဘူး။ တောင်ကိုသွားပြီး သူ့ကိုဖမ်းသင့်မဖမ်းသင့်သူတို့တုံ့ဆိုင်းနေတုန်း၊ ဂိုဏ်းအုပ်ဘုန်းတော်ကြီး၊ ကုလုဖုန်းက၊ ကိုယ်တိုင် သူ့ကိုဖမ်းချည်ပြီး ပို့ပေးလာခဲ့တာ။" ဆရာမော် အပြုံးနဲ့ ဖြစ်ကြောင်းကုန်စင်ပြောပြလာလိုက်တယ်။

အပိုင်း(၆၅):ငါ့ကိုမနာလိုနေတာ

"ဂိုဏ်းအုပ်ဘုန်းတော်ကြီးကုက တော်တော်သမာဓိရှိတဲ့သူဖြစ်နေမယ်လို့ ကျွန်တော်မထင်ထားမိလိုက်ဘူး။" လော့မင် အံ့သြသွားသဖြင့် ပြောလာလိုက်သည်။ တောင်ဖြူဂိုဏ်းက ချီချောင်မင်လို တပည့်တစ်ဦးမွေးထုတ်ပေးလာခဲ့တာဖြစ်လေတယ်၊ ဒီတော့ ဆိုးယုတ်တဲ့မျှစ်တွေထဲက တမူထူးခြားသောမျှစ်တစ်ခုအဖြစ် သူ့ကိုတွေးကြည့်လို့ရနိုင်လေသည်။

"အဲဒီလိုမဟုတ်ဘူး။" ဆရာမော်ခေါင်ခါပြလိုက်လေသည်။ "ချီချောင်မင်ပြန်မလာခင်နှစ်ရက်တုန်းက ကောလဟာလတွေရှိတယ်၊ တစ်ယောက်ယောက် တံခါးကိုလာပြီး တောင်ဖြူဂိုဏ်းရဲ့သရဲတော်တော်များများကို ချေမှုန်းပစ်ခဲ့တာ။ ဂိုဏ်းက အမြစ်ပြတ်သုတ်သင်ခံရနိုင်တဲ့ ဘေးဒုက္ခမျိုး ဖြစ်လာမှာကို စိုးရိမ်နေတယ်၊ ဒီတော့ ချီချောင်မင်ကို သူတို့အကာအကွယ်မပေးရဲကြဘူး။"

"ဘယ်သူက အဲဒီလောက်တောင်အားကောင်းနေရတာလဲ?"  လော့မင်မှင်သက်သွားမိလေတယ်။

"သူ့တပည်အတွက် လက်စားချေချင်လို့ ကျွမ်းကျင်သူတစ်ဦးရောက်လာခဲ့တာလို့ ငါသတင်းကြားထားတာပဲ။" ဆရာမော် ပြန်တွေးကြည့်လိုက်လေသည်။

"ရှီရှီအဘိုး?"  လော့မင်ချက်ချင်းတုံ့ပြန်လာလေသည်။

"ငါတွေးကြည့်လို့ရသလောက်၊ ချီချောင်မင်တစ်ဦးတည်းကသာ တောင်ဖြူဂိုဏ်း အပြင်ဘက် လေ့ကျင့်နေတဲ့သူပဲ၊ ပြီးတော့ ရုပ်လွှန်ပညာမှာ သူ့အနှောက်အယှက်ပြုမိတဲ့ တစ်ဦးတည်းသောသူဆိုလို့ သူငယ်ချင်းလေးချန်းတစ်ဦးပဲရှိတယ်။" ဆရာမော်ရဲ့စကားတွေက လော့မင်ရဲ့ထင်မြင်ချက်ကို အတည်ပြုလုနီးပါးဖြစ်နေလေသည်။

"ရှီရှီအဘိုးက အရမ်းအားကောင်းလိမ့်မယ်လို့ ကျွန်တော်တစ်ခါမှမထင်ထားခဲ့မိဘူး။" လော့မင် တအံ့တသြပြောလိုက်လေသည်။

"ဒါကြောင့်... သူငယ်ချင်းလေးချန်းရဲ့အဘိုးကို တတ်နိုင်သမျှမြန်မြန်တွေ့မှဖြစ်မယ်။" ဆရာမော်ပြောလိုက်လေတယ်၊ "သူ့မှာ တကယ်ပဲကုသနည်းတစ်ခုခုရှိနေနိုင်တယ်။"

"အမ်။" လော့မင်ခေါင်းညိတ်လိုက်လေသည်။

လော့မင်ခေါင်းညိတ်တာကိုမြင်တော့ ဆရာမော်စိတ်အေးသွားလေတယ်၊ ထို့နောက် အကြွေစေ့အရွယ်ကျောက်စိမ်းဆွဲသီးပါတဲ့၊အနီရောင်ကြိုးသုံးကြိုးနဲ့လုပ်ထားတဲ့ ဆွဲကြိုးကို

သူ့တာအိုဝတ်ရုံထဲကနေထုတ်လိုက်ပြီး ပြောလိုက်လေတယ်၊ "ဒီအဆောင်က သူငယ်ချင်းလေးချန်း ငါ့ကိုသန့်စင်ပေးဖို့ တောင်းဆိုလာခဲ့တဲ့ဟာပဲ။ သူမဆီ ပေးပေးပါဦး။"

"ဒါကိုမြင်ရင် ရှီရှီအရမ်းပျော်သွားလိမ့်မယ်။" လော့မင်ပြုံးလိုက်လေတယ်၊ "ဒုက္ခခံပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်။"

ဆရာမော် စကားလမ်းကြောင်းလွှဲကာမေးလိုက်တယ်၊ "နောက်ပိုင်း မင်းဘယ်လိုနေလဲ? ငါတို့ ယင်ယန်မျက်လုံးချိပ်ဖွင့်ပြီးနောက် မင်းသက်တောင့်သက်သာမရှိတာမျိုး ခံစားမိသေးလား?"

"အားလုံးတော်တော်ပုံမှန်ပါပဲ၊ လွန်ခဲ့တဲ့နှစ်ရက်တုန်းက ကျွန်တော် နိုင်ငံတော်သိပ္ပံအကယ်ဒမီဆီသွားတဲ့တစ်ခေါက်ကလွဲပြီးပေါ့၊ လမ်းပေါ်မှာ ကျွန်တော်သရဲအနည်းငယ်မြင်တွေ့ခဲ့တာ။" လော့မင်ရယ်လိုက်လေသည်။ "ဒီတော့မှ မြို့တော်ရဲ့ညဘက်တွေက ဘယ်လောက်လူစည်နေလဲဆိုတာ ကျွန်တော်ရှာတွေ့တော့တယ်။"

ဆရာမော်ရယ်လိုက်လေသည်။ လော့မင်နဲ့ စကားအနည်းငယ်ပြောဆိုပြီးနောက်၊ အဆောက်အဦးအသေးလေးကနေ သူထွက်လာလိုက်လေသည်။

ဆရာမော်ထွက်သွာပြီးနောက်၊ အဆောင်ကို စားပွဲပေါ်တင်ထားဖို့ လော့မင်စီစဉ်လိုက်လေတယ်၊ ဒါပေမဲ့ သူလက်မြှောက်နေတုန်းမှာပဲထ သူရုတ်တရက်လက်ပြန်ဆုတ်လိုက်ပြီး ထိုအစားထျန်းဖေကိုဆင့်ခေါ်လိုက်လေသည်။

အဆောင်ထားဖို့ ထျန်းဖေ သေတ္တာတစ်ခုယူလာကာ၊ ပြောလာလိုက်တယ်၊ "တတိယသခင်လေး၊ စစ်စက်ရုံက အခုလေးတင် နောက်တစ်ခေါက်ထပ်ခေါ်လာတာ။"

"ဘာလို့လဲ? မျှော်မှန်းထားတဲ့သက်ရောက်မှု အောက်မြင်ဖို့ မူရင်းပုံစံက မအောင်မြင်နေသေးဘူးလား?" ဒီနှစ်မေလထဲ၊ စစ်စက်ရုံဆီ လော့မင်အသစ်ရေးဆွဲထားတဲ့ခေတ်မီလက်နက်တွေကို အစုလိုက်ထုတ်လုပ်ပေးရန် ပို့ထားခဲ့တာဖြစ်လေသည်။ ဒီလက်နက်အစုလိုက်ကို ထုတ်လုပ်နိုင်ရန်အတွက်၊ နိုင်ငံတော်က ပိုက်ဆံတော်တော်များများ ရင်းနှီးထားခဲ့တာဖြစ်လေသည်။ မျှော်လင့်ချက်တွေနဲ့ဆန့်ကျင်နေတာက၊ မူရင်းပုံစံပထမတစ်သုတ်ထွက်လာချိန်၊ လက်နက်တွေမှာ ၁၀%သောအလိုအလျောက်ပေါက်ကွဲနိုင်စွမ်းရှိနေတာကို ရှာတွေ့လိုက်ရလေသည်။

ဒီလိုဖုံးကွယ်နေတဲ့အန္တရာယ်ကြီးကို၊ စစ်တပ်ဆီ နိုင်ငံတော်မဖြန့်ဝေရဲလေဘူး။ တုံ့ပြန်မှုပြန်လည်ရရှိလာပြီးနောက်၊ လော့မင် အဝေးကနေ

ညွှန်ကြားချက်တော်တော်များများပေးလာလိုက်လေတယ်၊ ဒါပေမဲ့ သက်ရောက်မှုက သိသာပေါ်လွင်မှုမရှိနေသေးလေဘူး။

"ဟုတ်ကဲ့၊ ဌာနအကြီးအကဲဝမ်က မင်းအတွက် နောက်ဆုံးလက်နက်ထုတ်ကုန်တစ်သိုက်ရဲ့ ထုတ်လုပ်မှုလုပ်ငန်းစဉ်ကို ရိုက်ကူးပေးထားပါတယ်တဲ့၊ အဲ့တာကြည့်ပြီးသွားရင် မှတ်ချက်တချို့ပေးဖို့ မင်းကိုတောင်းဆိုလာတယ်။" ထျန်းဖေဆက်ပြောလိုက်လေတယ်၊ "စာကြည့်ခန်းထဲက ကွန်ပျူတာထဲ ဗီဒီယိုဖိုင်ထည့်ပေးထားပါပြီ။"

"အိုကေ၊ ငါအခုသွားကြည့်လိုက်မယ်။" စစ်စက်ရုံဆီ လက်နက်ဒီဇိုင်း လက်ဆင့်မကမ်းလိုက်ခင်၊ လော့မင်ကိုယ်တိုင်ကိုက မူရင်းပုံစံတစ်ခု ထုတ်လုပ်ထားပြီးလေပြီ၊ လက်နက်၏အချက်အလက်အားလုံးက တည်ငြိမ်နေတယ်။ စစ်စက်ရုံ၌ အဲ့တာရောက်သွားပြီးနောက် ဘာကြောင့်ပြဿနာတွေခဏခဏပေါ်လာရလဲဆိုတာကို သူနားမလည်နိုင်ဖြစ်နေလေသည်။

သိပ္ပံပညာရှင်တွေအတွက်၊ စားချိန်မေ့ပြီး အိပ်ချိန်မရှိတာက သာမန်ဖြစ်လေပြီး လော့မင်လည်း ခြွင်းချက်မဟုတ်လေဘူး။ ညနက်တဲ့အထိ သူလေ့လာနေလိုက်တယ်။ ပြတင်းပေါက်ကနေ ထပ်မပြေးလိုက်ခင် မိသားစုဝင်တွေအားလုံး အိပ်ပျော်သွားချိန်အထိ ချန်းယုစောင့်နေလိုက်လေတယ်။

"တတိယအစ်ကိုဘယ်မှာလဲ?" သူမဒီနေ့ဆွဲထားတဲ့ ပယောဂနှင်အဆောင်ကို ထျန်းဖေထံပေးလိုက်ရင်း ချန်းယုမေးကြည့်လိုက်လေသည်။

"သခင်လေးက စာကြည့်ခန်းထဲ အလုပ်လုပ်နေပါတယ်။" ကော်ဖီစားပွဲအောက်က သေတ္တာကိုယူရင်း ထျန်းဖေပြန်ဖြေလိုက်ပြီး ချန်းယုထံ သေတ္တာကမ်းပေးလိုက်လေတယ်။ "မင်းဆီဒါကိုပေးလိုက်ဖို့ သခင်လေးမှာထားတာပါ။"

ချန်းယု စပ်စပ်စုစုဖွင့်ကြည့်လိုက်တော့ စိတ်စွမ်းအင်ပြည့်နှက်နေတဲ့ ကာကွယ်ရေးအဆောင်သုံးခုရှိနေတာကို သူမရှာတွေ့လိုက်ပြီး၊ အဲ့တာပေါ်က အရှိန်အဝါက တာအိုစွမ်းအင်အစစ်အမှန်ဖြစ်နေလေတယ်။ ဒါက သူမဆွဲတဲ့ ငြိမ်းချမ်းရေးအဆောင်တွေထက်တောင် ပိုအားကောင်းနေလေသည်။ ချန်းယုမျက်နှာပေါ် ပျော်ရွှင်နေတဲ့အပြုံးတစ်ခုပေါ်ထွက်လာကာ: "ဒါ ဆရာမော်လုပ်ထားတဲ့ အဆောင်တွေပဲ။ ဆရာမော်က တကယ်ကိုအားကောင်းတာပဲ။"

ထျန်းဖေပြုံးပြီး၊ လှည့်ပြီး တတိယသခင်လေးစားချင်စားရအောင် ညစာထပ်နွေးရန်ပြင်လိုက်လေသည်။ သူလှည့်လိုက်နေတုန်းမှာပဲ၊ သူမျက်ဝန်းတွေထဲ

အကြိတစ်ခုဖြတ်ခနဲပေါ်လာလိုက်တယ်။ ချန်းယုဘက်သူလှည့်လိုက်ပြီး ယဉ်ယဉ်ကျေးကျေးပြောလိုက်လေတယ်၊ "မိန်းကလေးချန်းယု၊ တတိယသခင်လေး အခုထိ ညစာမစားရသေးဘူး။ ကျွန်တော်သွားပြီး ပြန်နွေးလိုက်ဦးမယ်။ မင်းအပေါ်ထပ်သွားပြီး သခင်လေးကို အောက်ကိုလာပြီး ညစာစားဖို့ ကူခေါ်ပေးလို့ရမလား?"

"တတိယအစ်ကို အခုထိညစာမစားရသေးဘူး? သူ့ကိုဘာလို့စောစောကတည်းကမခေါ်ရတာလဲ?" ချန်းယုပြောပြီးရပ်လိုက်လေတယ်၊ "မြန်မြန်နွေးထားလိုက်။ ကျွန်မသွားပြီး တတိယအစ်ကိုကိုခေါ်ပေးမယ်။"

ပြောပြီးတာနဲ့ ချန်းယု အပေါ်ထပ်ကို ဒုန်းဒုန်းဒိုင်းဒိုင်းပြေးတက်သွားလေတော့သည်။

ထျန်းဖေ အောင်ပွဲခံတဲ့အပြုံးပြုံးလိုက်ပြီး မီးဖိုချောင်ဆီ မြန်မြန်ပြေးသွားလိုက်လေသည်။

သူ့ကိုင်နေတဲ့မျက်လုံးတွေကို လော့မင်ပွတ်နေချိန် ဒုတိယထပ်ကနေ ချန်းယုဆွဲခေါ်လာတာခံလိုက်ရလေတယ်၊ ထမင်းစားစားပွဲပေါ် နွေးထားတဲ့ဟင်းပွဲတွေ ထျန်းဖေချထားပေးပြီလေပြီ။

"တတိယအစ်ကို၊ အစ်ကိုအလုပ်ရှုပ်နေတယ်ဆိုရင်တောင်၊ ထမင်းမစားပဲနေနေလို့မရဘူး။ ညီမဗိုက်မပြည့်ချိန်တုန်းက၊ တစ်နဲ့တစ်ပေါင်းရင် ဘယ်လောက်လဲဆိုတာကိုတောင် ညီမတွက်ချက်လို့မရတော့ဘူး၊ ဒီတော့ ဗိုက်အဟောင်းသားနဲ့ သိပ္ပံသုတေသနတွေကို အစ်ကိုဘယ်လိုလုပ်လုပ်နိုင်တော့မှာလဲ?" ချန်းယုချဲ့ကားပြောလိုက်လေသည်။

"ဒါကပုံကြီးချဲ့နေတာပဲ။" လော့မင်မတတ်နိုင်ဘဲ ရယ်မောလိုက်လေတယ်။ "တစ်နဲ့တစ်ကိုတောင် မင်းမပေါင်းနိုင်တော့ဘူးလား?"

"အာ ... ညီမ မူလတန်းကျောင်းတက်တုန်းက၊ မနက်စာတစ်ချိန်တောင်စားလို့မရဘူး၊ ပြီးတော့ သင်္ချာဆရာက တစ်နဲ့တစ်ပေါင်းဘယ်လောက်လဲလို့ မေးလာတာ။ အဖြေရဖို့ ညီမအချိန်တော်တော်ယူခဲ့ရတာ။" ချန်းယုပြောလိုက်လေသည်။

"မင်းဘာလို့မနက်စာမစားရတာလဲ?" လော့မင် သိချင်စိတ်နဲ့မေးကြည့်လိုက်လေသည်။

"ညီမငယ်သေးတယ်လေ၊ ပြီးတော့ ပထမတန်းစရုံပဲရှိသေးတာ။ ကျောင်းကိုသွားတဲ့ တောင်လမ်းက အရမ်းကြမ်းတာ။ လမ်းလျှောက်လာတုန်း၊ ညီမမတော်တဆ ကျွမ်းထိုးသွားပြီး အဘိုးမနက်စာဝယ်ဖို့ပေးထားတာ ကျပျောက်သွားခဲ့တာ။"

ချန်းယုပြန်ရေတွက်ကြည့်လိုက်လေတယ်၊ “ဒီတော့ ပေါင်မုန့်တွေဝယ်ဖို့ ညီမမှာပိုက်ဆံမကျန်တော့ဘူး။”

ချန်ယု သူမငယ်ဘဝအတွေ့အကြုံအကြောင်းပြောလာတာ လော့မင်ပထမဆုံးကြားဖူးတာဖြစ်လေသည်။ ချန်းယုသရုပ်ဖော်ချက်အရ၊ သူမပိုက်ဆံပျောက်သွားတာကြောင့် လမ်းပေါ် ဝမ်းနည်းတကြီးငိုကြွေးနေတဲ့ မိန်းကလေးရဲ့ပုံရိပ်ကို သူမြင်ယောင်လာမိလိုက်တယ်။ ဒီတော့မှသာ မိန်းကလေး ဘာကြောင့် ပိုက်ဆံအရမ်းချစ်ရလဲဆိုတာ သူရုတ်တရက်နားလည်လာလေတော့သည်။

"တတိယအစ်ကို၊ စားလေ၊ အာ။” လော့မင်ငေးနေတာကိုမြင်တော့၊ ချန်းယု မနေနိုင်ဘဲ သတိပေးလိုက်လေသည်။

"အိုကေ။" သူ့ပန်းကန်ကိုကိုင်ပြီး လော့မင်ဖြည်းဖြည်းချင်းစားလိုက်လေတယ်၊ တစ်ဖက်မှာထိုင်နေတဲ့ချန်းယုကတော့ သူမအခုလေးတင်လက်ခံရရှိထားတဲ့ အဆောင်ကို ကြည့်ပြီး ကျေနပ်အားရနေလေတော့သည်။

"ဆရာမော်က တကယ်ကိုအားကောင်းတာပဲ။ ဒီအဆောင်က အထူးသဖြင့်အားကောင်းပြီး လှလှပပလည်း ထွင်းထုထားသေးတယ်။” ချန်းယု အံ့သြနေလေတော့တယ်။ “ကျောက်စိမ်းဆွဲသီးအကြီးကြီးကို ကိုယ်ပေါ် ဘယ်လိုအဆင်ပြေပြေသယ်သွားရမလဲဆိုပြီး ညီမစိတ်ပူနေခဲ့တာ။”

ရှေးခေတ်တုန်းက ကျောက်စိမ်းအဆင်တန်ဆာတွေကို သူတို့လက်ကောက်ဝတ်တွေမှာ ဝတ်ဆင်ရတာကို နှစ်သက်သဘောကျကျလေတယ်၊ ဒီတော့ တောင်ဘက်ကဝယ်လာတဲ့ ကျောက်စိမ်းဆွဲသီးတွေက အရမ်းကြီးနေလေသည်။ သို့သော်၊ အခုခေတ်လူတွေက ဒီဖက်ရှင်ကိုအကြိုက်မတွေ့လေဘူး။ ကျောက်စိမ်းဆွဲသီးအကြီးကြီး မင်းလည်ပင်းနား ချိတ်ဆွဲထားတာကို ကြည့်ရတာ တော်တော်ကြည့်ရဆိုးလှလေတယ်။ ထို့ကြောင့်၊ သူမရွေးချယ်တုန်းက ကျောက်စိမ်းဆွဲသီးအသေးလေးတော်တော်များများ ချန်းယုဂရုတစိုက်ရွေးချယ်ထားလေတယ်၊ သူမမိသားစု သူတို့နဲ့အတူသယ်ယူသွားရင် အဆင်ပြေစေရန်ဖြစ်လေသည်။ သို့သော်၊ သူမကို အဆောင်တွေကူသန့်စင်ပေးချိန် စတိုင်အတွက်ပါ ဆရာမော်စဉ်းစားပေးထားမယ်လို့ ချန်းယုမထင်ထားခဲ့လေဘူး။

ကျောက်စိမ်းဆွဲသီးတစ်ခုကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ချိုးလိုက်တာက ကျောက်စိမ်းကုန်ကြမ်းအများအပြားစုမိနိုင်ပြီး အဆောင်များများပိုလုပ်လို့ရနိုင်တာလား? တကယ်တော့၊ အဆောင်ရဲ့စွမ်းအင်က ကျောက်စိမ်းဆွဲသီးရဲ့ အရွယ်အစားနဲ့မဆိုင်နေဘူး။

ချန်းယုပိုတွေးမိလေ၊ သူမခန့်မှန်းချေကဖြစ်နိုင်ချေရှိနေတယ်လို့ သူမခံစားမိနေလေတယ်။ ဆရာမော်ကလည်း ဒီလိုမျိုး စီးပွားရေးသမားဖြစ်နေတာကို။

လော့မင် ယဲ့ယဲ့လေးပြုံးလိုက်ပြီး ကျောက်စိမ်းဆွဲသီးကို အရောင်တင်ဖို့ စရန်ကြိုချထားတယ်ဆိုတဲ့အကြောင်း လော့မင်ထုတ်မပြောလာလိုက်လေဘူး။

"ဝီဝီ-ဝီဝီ-ဝီဝီ!" ချန်းယုထိုင်နေချိန်၊ သူမပေါ်ကသံလိုက်အိမ်မြှောင် ရုတ်တရက်ပြင်းပြင်းထန်ထန်တုန်ခါလာလေတော့သည်။

တစ်ချိန်ထဲ၌၊ ချန်းယု ရန်လိုတဲ့ဆန္ဒကို အာရုံခံမိလိုက်လေသည်။ သူမခေါင်းကိုလှည့်ပြီးကြည့်လိုက်တော့၊ သစ်သားသေတ္တာသယ်ကာ လျှောက်လာနေတဲ့ ထျန်းဖေကိုသာ မြင်တွေ့နေရလေသည်။

"လက်ထောက်ထျန်း၊ ရှင့်လက်ထဲကိုင်ထားတာဘာလဲ?" ရန်လိုသောဆန္ဒက အဲဒီသစ်သားသေတ္တာကနေ ထွက်ပေါ်လာတာဖြစ်လေသည်။

"ကြေးစား..." ထျန်းဖေစကားမဆုံးခင် သေတ္တာထဲကကြေးစား ထိန်းမနိုင်သိမ်းမရတုန်ခါလာလေတော့တယ်၊ ထျန်းဖေကိုပြန်လည်ဖြေဆိုနေသလိုမျိုးပေါ့။ ထျန်းဖေ လက်လွှတ်မိတော့မလိုဖြစ်သွားလေတယ်၊ ဒါပေမဲ့ အလန့်တကြားခုန်လာပြီးနောက်၊ သူ့လက်မောင်းတွေထဲ သေတ္တာကို တင်းတင်းဆုပ်ကိုင်ထားလိုက်လေသည်။

"အနားမလာခဲ့နဲ့။ နောက်ပြန်ဆုတ်လိုက်။" ချန်းယုအမိန့်ပေးလိုက်လေသည်။ သူမကိုယ်တိုင်တောင် နှစ်မီတာအဝေးဆုတ်ထားလေတယ်။

"ဘာဖြစ်လို့လဲ?" ထျန်းဖေ အလန့်တကြား နောက်ဆုတ်သွားလိုက်လေသည်။

"ဒီကြေးစားက အရမ်းအငြိုးကြီးတာပဲ။ အရင်ကထက်တောင် ဘာလို့ပိုရက်စက်လာရတာလဲ?" ချန်းယု မကျေမနပ်ရေရွတ်လိုက်လေသည်။

"ဘာတွေဖြစ်နေတာလဲ?" ကြေးစားရဲ့ဒေါသကိုအာရုံခံမိလိုက်တော့၊ လော့မင် တအံ့တဩမေးကြည့်လိုက်တယ်။

"သူနဲ့ သုတေသနခန်းထဲ အရင်တစ်ခေါက် တိုက်ခိုက်ဖူးလို့၊ သူညီမကို အငြိုးထားပြီး ညီမနဲ့တွေ့တိုင်း တိုက်ခိုက်ချင်နေတာ။" ချန်းယုဆက်ပြောလိုက်လေတယ်၊ "အရင်တကြိမ်တုန်းက၊ ဝိညာဉ်သံကြိုးဖြတ်ဖို့ ညီမငှားတုန်းက၊ အဲ့တာက ညီမလက်ချောင်းကို ခြစ်ချလိုက်တာ။ ဒီတကြိမ်၊ ပိုတောင်ပုံကြီးချဲ့လာတာပဲ။ မီတာတော်တော် ဝေးနေသေးတာကို၊ သတ်ဖြတ်ချင်နေတုန်းပဲ။"

"ကြေးဓားက မင်းကိုတိုက်ခိုက်လာမှာလား?" လော့မင် တအံ့တသြမေးခွန်းထုတ်လိုက်လေသည်။

"ဟုတ်တယ်၊ အဲ့တာက သဘောထားသေးတဲ့ဓားပဲ။" ချန်းယုပြောရင်း၊ လော့မင်ဆီ လျှောက်လာလိုက်လေသည်။ လော့မင်နား ချန်းယုရောက်သွားခါနီးမှာပဲ၊ ကြေးဓား၊ အကွာအဝေးကြောင့် ငြိမ်သက်သွားတဲ့ဓားက၊ ရုတ်တရက် ပြင်းပြင်းထန်ထန် ထပ်မံတုန်ခါလာလေတော့သည်။

ထျန်းဖေ သူ့လက်မောင်းတွေထဲ သစ်သားသေတ္တာကို တင်းတင်းဆုပ်ကိုင်ထားလိုက်တယ်၊ ဒါပေမဲ့ ကြေးဓားက ပြင်းပြင်းထန်ထန်တုန်ခါနေတုန်းပဲ။ သူ့ကိုဟန့်တားထားဖို့ ထျန်းဖေမှာ အခက်တွေ့နေလေသည်။

သတ်ဖြတ်ချင်တဲ့ ဆန္ဒကိုထပ်မံအာရုံခံလိုက်မိတော့၊ ချန်းယု နှစ်မီတာအဝေး ချက်ချင်းဆုတ်သွားလိုက်တယ်။ ချန်းယုဆုတ်သွားချိန် တစ်ပြိုက်နက်တည်း၊ ကြေးဓားချက်ချင်းငြိမ်ကျသွားလေတော့သည်။

"လက်ထောက်ထျန်း၊ မြန်မြန်အဝေးယူသွားလိုက်။ ရုတ်တရက်ကြီး အဲ့တာပျံမထွက်လာစေနဲ့။" ဒီဓား သူမကိုဘာလို့မကြိုက်တာလဲဆိုတာနဲ့ပတ်သတ်ပြီး ချန်းယုနားမလည်နိုင်လေဘူး။

"အို ... အို။" ထျန်းဖေခဏလောက်တောင့်တင်းသွားလေသည်။ သူအဲ့တာကို ပြန်သယ်သွားရန်လုပ်နေချိန် လော့မင်ရုတ်တရက်တားလာလေသည်။

"ခဏနေဦး။" လော့မင်မ ထျန်းဖေကိုတားလိုက်ပြီး ကြေးဓားနားလျှောက်လာလိုက်တယ်။ သူအနီးကပ်လာလေ၊ လော့မင်ရဲ့အမူအရာ ပိုရှုပ်ထွေးလာလေ။ ကြေးဓားရဲ့စိတ်အခြေအနေကို လော့မင်ခံစားမိနေလေတယ်၊ ဓား ဒေါသထွက်နေတာကနေ ဖြည်းဖြည်းချင်း အပျော်အဖြစ်ပြောင်းလာလေတယ်။

"ခရက်-ခရက်-ခရက်..." လော့မင် တုံ့ဆိုင်းတုံ့ဆိုင်း ချည်းကပ်လာလိုက်ပြီး၊ သစ်သားသေတ္တာကို ကြေးဓားပျော်ပျော်ရွှင်ရွှင်ရိုက်နှက်လာလေတာက၊ သူ့ကိုနူတ်ဆက်နေတဲ့သလိုမျိုးပေါ့။

"ငြိမ်ငြိမ်နေ၊" လော့မင် အမိန့်ပေးလိုက်လေသည်။

"..." တုန်ခါနေတဲ့သစ်သားသေတ္တာ ချက်ချင်းငြိမ်သက်သွားလေတော့သည်။

ချန်းယုပါးစပ်က တအံ့တသြဟလာလိုက်ပြီး: "ညီမ တတိယအစ်ကိုကို အသားယူတာကြောင့် သူမနာလိုဖြစ်နေတာလား?"

လော့မင် ခြေချော်ပြီး လဲကျလုနီးပါးဖြစ်သွားလေသည်။

စာရေးသူ၏မှတ်စု:

တတိယသခင်လေး:မင်းအစောက ဘာကိုကြား‌ခဲ့ကြား‌ခဲ့၊ အပြင်ထုတ်ပြောခွင့်မပြုဘူး။

ထျန်းဖေ:ဟုတ်ကဲ့!(အာာာ၊ ထုတ်ဖော်ပြောပြလို့မရတဲ့ အတင်းစကားရှိနေတာ
တော်တော်နေလို့ထိုင်လို့မကောင်းဘူးကွ။)

အပိုင်း(၆၆):စိတ်ထိခိုက်နေသောကြေးစား

"ရှီရှီ၊ ပေါက်ကရတွေမပြောနဲ့။" လော့မင် ချန်းယုအား အကူအညီမဲ့သလို ကြည့်လာလိုက်လေသည်။

သေတ္တာကိုဖက်ရင်း၊ ခေါင်းငုံ့ကာ ကျိတ်ရယ်နေရင်း တတိယသခင်လေးကို ထျန်းဖေမကြည့်ရဲလေတော့ဘူး။ ဟော့-ဟော့…အဲဒီ 'အသားယူတယ်ဆိုတာ' ဘာကိုပြောချင်တာလဲ?

ချန်းယု ကျီစယ်သည့်အနေဖြင့် လျှာထုတ်ပြလိုက်ပြီး ပြောလာတာက၊ "စတာပါ၊ အစက ကြေးစားညီမကိုမုန်းတာက သူနဲ့တိုက်ခဲ့တာကြောင့်လို့ထင်နေခဲ့တာ၊ ဒါပေမဲ့ အခုတော့၊ သူ သူ့သခင်ကို ကာကွယ်ပေးနေတယ်လို့ ညီမထင်တယ်။ ညီအဘိုးပြောတာ မှော်လက်နက်တွေမှာ ဝိညာဉ်တွေရှိပြီး သူတို့သခင်ကို သူတို့ကိုယ်တိုင်ရွေးချယ်ကြတာတဲ့၊၊ ကြေးစားရဲ့စွမ်းအင်က မကောင်းမှုစွမ်းအင်ကလာတာ၊ ဒီတော့ ဒီကမ္ဘာမှာ အစ်ကိုကလွဲပြီး ပြင်းထန်တဲ့မကောင်းမှုစွမ်းအင်ရှိတဲ့အခြားတစ်ယောက်မရှိနိုင်လောက်တော့ဘူး။ ဒီကြေးစား တတိယအစ်ကိုကိုမြင်တော့၊ အစ်ကို့ကို သခင်အဖြစ်အသိအမှတ်ပြုချင်နေတာနေမှာ။"

"ပြီးတော့၊ အဲဒီနေ့က အစ်ကို့မကောင်းမှုဝိညာဉ်ကို ညီမချိပ်ပိတ်ပေးခဲ့တာလေ၊ ဒီတော့ သူ့သခင်ကိုကာကွယ်ပေးဖို့ ကြေးစားကညီမကို ရန်သူအဖြစ်သတ်မှတ်ထားတာနေမှာ။" ချန်းယု ပြောလိုက်ရင်း၊ လော့မင်အနား ကပ်လာလိုက်လေသည်။
ကြေးစားတုန်ယင်လာလေပြန်တယ်။ ချန်းယုချက်ချင်းစိတ်လှုပ်ရှားလာလေတယ်၊ "ကြည့်၊ ကြည့်၊ ညီမအစ်ကို့နားကပ်လာတာနဲ့ အဲ့တာက ချက်ချင်းဒေါသထွက်လာတာ။ သူ့သခင်ကို သူကာကွယ်ပေးနေတာပဲဖြစ်ရမယ်။"

"ငြိမ်လိုက်!" အဆက်မပြတ်လှုပ်ယမ်းနေတဲ့ ကြေးစားကို လော့မင်ရိုက်လိုက်တော့၊ လိမ်မာတဲ့ကလေးတစ်ယောက်လို ချက်ချင်းတိတ်ဆိတ်သွားလေသည်။

"တကယ်ပဲ အစ်ကိုပြောတာနားထောင်တာပဲ။ အဲ့တာက ညီမသံလိုက်အိမ်မြှောက်ထက် ပိုတောင်လိမ်မာနေတာပဲ။" ချန်းယုပြောပြီးသွားတာနဲ့ သူမအိတ်ထဲက သံလိုက်အိမ်မြှောက် မကျေမနပ်တုန်ခါလာလေတော့သည်။

ချန်းယု သံလိုက်အိမ်မြှောင်ကို ထုတ်လိုက်ပြီး ပြောလိုက်လေတယ်၊ "တုန်ခါနေတာရပ်လိုက်၊ စကားနားထောင်ပါဟ။"

သံလိုက်အိမ်မြှောင် သူမကိုလျစ်လျူရှုလိုက်လေသည်။ အဲ့တာက ဆက်လက်တုန်ခါနေတာက မကျေမနပ်ညည်းညူနေတဲ့အတိုင်းပဲ: ငါနင့်ကိုအကြိမ်အများကြီးကယ်ထားတာလေ၊ ဒါကိုနင်က အခြားတစ်ယောက်ရဲ့ဟာနဲ့ လာယှဉ်ရဲတယ်ပေါ့လေ။

"နင်စကားကတ်သတ်ပြောရဲသေးတယ်ပေါ့လေ။ မြင်တဲ့အတိုင်းပဲ၊ ငြိမ်ဖို့ပြောတာကို စကားနားမထောင်ဘူး။" ချန်းယု သက်သေနဲ့တကွပြောလာလေတယ်။

သံလိုက်အိမ်မြှောက်ရပ်သွားပြီး၊ သူသရုပ်ဆောင်နေတာမိသွားသလိုမျိုး တုန်ခါနေတာရပ်လိုက်လေတယ်။ သို့သော်၊ တစ်စက္ကန့် နှစ်စက္ကန့်လောက်နေတော့၊ အဲ့တာက ထပ်မံလှုပ်ယမ်းလာလေတော့သည်။

"အိုကေ၊ အိုကေ၊ နင့်မှာပိုတက်ကြွတဲ့ဗီဇရှိနေတာလို့ ငါတွေးလိုက်မယ်။" ချန်းယုချော့မော့လိုက်လေသည်။

ပတ်ပတ်လည် နှစ်ကြိမ်နှစ်ခါ ပျော်ပျော်ရွှင်ရွှင်ပတ်ချာလည်လိုက်ပြီးနောက် သံလိုက်အိမ်မြှောင်ငြိမ်သွားလေတော့သည်။

လော့မင်ထံ ချန်းယု ပခုံးတွန့်ပြလိုက်ပြီး၊ အစ်ကိုမြင်တဲ့အတိုင်းပဲလို့၊ မျက်လုံးနဲ့ပြောလိုက်လေတယ်...

အရင်ကသာဆိုရင်၊ ချန်းယု သံလိုက်အိမ်မြှောင်နဲ့ ဆက်သွယ်ပြောဆိုနေတာကိုမြင်ရင်၊ လော့မင်ကြောင်သွားမှာဖြစ်လေတယ်။ ဒါပေမဲ့ အခုတော့၊ ကြေးခားရဲ့ခံစားချက်တွေကို သူရှင်းရှင်းလင်းလင်းအာရုံခံနိုင်လေတယ်၊ ဒီတော့ ချန်းယုရဲ့ အစောကလုပ်ရပ်ကို သူနားလည်ပေးနိုင်လေသည်။

ကြေးခားဆီက ထုတ်လွှတ်လာတဲ့ ပျော်ရွှင်မှုနဲ့ ရင်းနှီးကျွမ်းဝင်မှုကို ခံစားမိနေတာကြောင့်၊ သစ်သားသေတ္တာကို ရှုပ်ထွေးတဲ့အကြည့်နဲ့ကြည့်လာလိုက်ပြီးနောက် ထျန်းဖေအား အဖုံးဖွင့်ခိုင်းလိုက်လေသည်။

"ဝီဝီ" အဖုံးဖွင့်လာတာကို ကြေးခားမြင်လိုက်ပြီး၊ သစ်သားသေတ္တာထဲ ပျော်ပျော်ရွှင်ရွှင်တုန်ခါနေလေတယ်၊ သူ့တက်ကြွနေတဲ့ခံစားချက်ကို လော့မင်ခံစားမိနိုင်လေတယ်၊ အဲ့တာက ဒီလိုပြောနေတဲ့အတိုင်း၊ မြန်မြန်ငါ့ကိုယူပြီး ထိတွေ့ကြည့်လိုက်။

"ငါမင်းကိုကိုင်လို့မရဘူး။" လော့မင် ဖြေရန်ကြိုးစားကြည့်လိုက်လေသည်။

"ဝီဝီ?" ကြေးခား လုံးလုံးလျားလျားစိတ်ဓာတ်ကျသွားလေသည်။

"ငါမင်းကိုကိုင်လိုက်ချိန်၊ ငါ့ကိုယ်ထဲကမကောင်းမှုဝိညာဉ် ထိန်းချုပ်မရဖြစ်သွားပြီး၊ ငါ့အသိစိတ်ပျောက်ဆုံးသွားလိမ့်မယ်။" လော့မင် ရှင်းပြလိုက်လေသည်။

"ဝီဝီ? ဝီဝီ!!!" ကြေးစား ပြင်းပြင်းထန်ထန်တုန်ခါလာပြီး ဒေါသထွက်လာလေသည်။ လော့မင် ဒေါသနဲ့မကျေမချမ်းဖြစ်နေတဲ့ခံစားချက်ကို အာရုံခံမိလိုက်လေတယ်၊ ဒါပေမဲ့ ကြေးစား ဘာကိုမကျေမနပ်ဖြစ်နေလဲဆိုတာ သူမသိလေဘူး။

"အရင်ဆုံး စိတ်အေးအေးထားဦး။" လော့မင်သက်ပြင်းချလိုက်ပြီး ကြေးစားက တော်တော်စိတ်အနှောက်အယှက်ဖြစ်ဖို့ကောင်းတယ်ဆိုတာ သူရှာတွေ့လိုက်ရလေသည်။

ကြေးစား ချက်ချင်း တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

"ရှီရှီ၊ အစောက မင်းတိုက်ခိုက်ဖို့လုပ်နေတဲ့ မိန်းကလေးက ငါ့သူငယ်ချင်း။ မင်းသူမကိုထိခိုက်အောင်လုပ်လို့မဖြစ်ဘူး။" လော့မင် အခွင့်အရေးယူကာ ပြောလာလိုက်တယ်။

လော့မင်စကားကြားပြီးနောက်၊ ကြေးစားတုံ့ပြန်မှုကိုကြည့်ဖို့ ချန်းယုခြေဖျားထောက်ကာ ရပ်လိုက်လေသည်။

"ဝီဝီ!!" လော့မင် အန္တရာယ်ကို အာရုံခံမိလိုက်ပြီး၊ အန္တရာယ်များတယ်လို့ ကြေးစားကဆက်တိုက်ပြောနေလေတယ်။ တကယ်ပဲချန်းယုကိုဆိုလိုချင်နေတာလား?

"သူမက အန္တရာယ်မရှိပါဘူး၊ ငါ့ကိုကယ်တင်ပေးဖို့ ငါမကောင်းမှုဝိညာဉ်ကို ချိပ်ပိတ်ပေးခဲ့တာ။" လော့မင်ရှင်းပြလိုက်လေသည်။

"ဝီဝီ~~ဝီဝီ!!" ကြေးစား အလွန်အကျွံတုန်ခါလာလေတော့သည်။ သူ့ခံစားချက်တွေက ရှုပ်ထွေးနေကာ၊ ခလောက်ဆန်နေတဲ့ခံစားချက်ကို လော့မင်အာရုံခံမိလိုက်လေသည်။ ဒါပေမဲ့ သူဘာကိုသရုပ်ဖော်ပြချင်နေတာလဲဆိုတာ လော့မင်နားမလည်နိုင်ဖြစ်နေလေသည်။

"ဘာပဲဖြစ်ဖြစ်၊ မင်းသူကို့ထိခိုက်အောင်လုပ်ခွင့်မရှိဘူး။" လော့မင်အမိန့်ပေးလိုက်လေသည်။

"ဝီဝီ? ဝီ!!!" သေတ္တာထဲကနေ သံလိုက်အိမ်မြှောင် ရုတ်တရက်ပျံထွက်လာပြီး ချန်းယုရှိရာဘက်ကို ဝှစ်ခနဲပျံသန်းလာလိုက်လေသည်။

ချန်းယု လန့်သွားလေတယ်။ သူမလက်ကိုမြှောက်ပြီး သူမလက်ထဲက သံလိုက်အိမ်မြှောင်ကို ပစ်လိုက်လေတယ်။ သံလိုက်အိမ်မြှောင်မှာ လော့မိသားစုခြံဝန်းလေးထဲက

အဆုံးမရှိတဲ့စိတ်စွမ်းအင်တွေရှိနေလေတယ်၊ ဒီတော့ ကြေးခြားနဲ့
ချက်ချင်းတိုက်ခိုက်လိုက်လေတော့သည်။

အဲဒီကျေးဇူးမသိတတ်တဲ့ချန်းယုကမင်းကိုချီးမွမ်းတယ်ပေါ့လေ၊ ဟမ်?
ငါနင့်ကိုသေတဲ့အထိရိုက်နှက်ပစ်မှာကို စောင့်သာနေလိုက်။

ကြေးခြားပျံထွက်သွားတာကို လော့မင်မြင်လိုက်တော့၊ သူစိုးရိမ်လာလေတော့တယ်။
လေထဲပျံသွားတဲ့ကြေးခြားကို သူအပြင်းအထန်အပြစ်တင်လိုက်လေတယ်။
"ပြန်လာခဲ့!"

"ဒေါင်!" သံလိုက်အိမ်မြှောင်နဲ့တိုက်ခိုက်နေတဲ့ ကြေးခြား သူ့အမိန့်ကိုကြားတော့
လေထဲချက်ချင်းရပ်သွားလေသည်။ တစ်ဖက်လူမလှုပ်တာကို သံလိုက်အိမ်မြှောင်မြင်လိုက်တော့၊
သူ့ကိုရိုက်ချဖို့ အခွင့်အရေးယူလိုက်လေသည်။ ကြေးခြား နှစ်ကြိမ်မြည်သွားလေတယ်၊ ဒါပေမဲ့
လော့မင်ဆီ ပြန်ပျံသန်းသွားလိုက်လေသည်။

"မင်းငါ့ကိုသခင်အဖြစ်အသိအမှတ်ပြုသေးတယ်ဆိုရင်၊ သူမကိုထိခိုက်စေမှာကို ခွင့်မပြုဘူး။"
လော့မင် ပြတ်ပြတ်သားသားဆူငေါက်လိုက်လေတယ်၊ "မဟုတ်ရင်
ငါမင်းကိုပိတ်လှောင်ထားရလိမ့်မယ်။"

"ဝီ~~" လော့မင်ရဲ့နှလုံးသားထဲ အလွန့်အလွန်ကြီးမားတဲ့ နာကြည်းချက်လှိုင်းလုံးတစ်ခု
စီးထွက်လာလေသည်။ လော့မင် မနေနိုင်ဘဲ ဝမ်းနည်းမှုကိုခံစားမိလိုက်လေတယ်၊ ဒါပေမဲ့
အဆုံးမှာတော့ သူပြတ်ပြတ်သားသားပြောလိုက်လေတယ်၊ "ငါ့ကိုကတိပေး!"

ကြေးခြား လေထဲနှစ်ကြိမ်ပတ်ချာလည်လိုက်တာက၊ ကလေးတစ်ယောက်
အရေးမစိုက်သလိုဖြစ်နေလေသည်။

အပိုင်း(၆၇):မကျေမနပ်ဖြစ်နေသောကြေးဓား

ချန်းယု ဂရုဏာစိတ်ကလေးပေါ်လာပြီး အဝေးကအော်လိုက်လေတယ်၊ "အို၊ ငါနင့်သခင်ကို မထိခိုက်စေရပါဘူး၊ ငါ့ကိုထပ်ပြီးစောင့်ကြပ်နေဖို့မလိုပါဘူး၊ မဟုတ်ရင် နင်တကယ်ပဲ အပိတ်လှောင်ခံနေရဦးမယ်၊ ပြတိုက်ထဲ ပိတ်ထားခံရတာလေ၊ နင်နှစ်တစ်ထောင်လောက် မထွက်လာနိုင်ဘဲဖြစ်နေမှာ။"

ချန်းယုရဲ့အကြံပေးတာကို ကြေးဓားကြားလိုက်လေတော့၊ ဓားထိပ်ကို ချန်းယုဘက်လှည့်လိုက်လေသည်။ လေထဲက သံလိုက်အိမ်မြှောင် အခြေအနေကိုမြင်တော့၊ အဲ့တာကို ရိုက်နှက်ပစ်လိုက်လေသည်။

ကြေးဓားဒေါသထွက်သွားလေသည်။ အဲ့တာက သံလိုက်အိမ်မြှောင်နဲ့ အပွဲ၃၀၀လောက်ချလိုက်ချင်နေလေတယ်၊ ဒါပေမဲ့ လော့မင်ရဲ့အမိန့်ကို စဉ်းစားလိုက်မိတော့၊ အဲ့တာက လေပေါ် မကျေမနပ်ရပ်နေနေလိုက်တယ်။

"သေတ္တာဆီပြန်သွား။" လော့မင်ပြောပြီးသွားပြီးနောက်၊ သေတ္တာထဲ ကြေးဓား လိမ်လိမ်မာမာပြန်ဝင်သွားလေသည်။ သေတ္တာထဲက ကြေးဓားကိုကြည့်ရင်း လော့မင်မျက်ဝန်းထဲ ရှုပ်ထွေးမှုလေးဖြတ်ပေါ်လာလေသည်။ ချန်းယုဘက်လှည့်ပြီး ပြောလိုက်လေတယ်၊ "နဂိုတုန်းက မင်းကိုယ်မင်းကာကွယ်လို့ရအောင် ကြေးဓားကို မင်းဆီပေးထားချင်ခဲ့တာ၊ ဒါပေမဲ့ အခုတော့၊ အဲ့တာအလုပ်မဖြစ်တော့ပုံပဲ။"

"အလုပ်မဖြစ်တာထက်ပိုတယ်။ ညီမမလိုမုန်းထားသရဲတွေနဲ့ တိုက်နေတုန်း၊ အဲ့တာက နောက်ကနေရုတ်တရက်ပေါ်လာမယ်ဆိုရင်။" ချန်းယု အဲ့တာကို မတောင်းဆိုရဲလေဘူး။

အဲဒီမြင်ကွင်းကို လော့မင်မြင်ယောင်ကြည့်လိုက်မိတော့၊ ချက်ချင်းမျက်မှောင်ကြုပ်ပြီး ပြောလိုက်လေတယ်: "ဒါဆို ထားလိုက်ပါတော့။"

သူမမျှော်လက်နက်အတွက် သူအခြားနည်းလမ်းတွေကိုသာရှာဖွေရတော့မှာပဲ။

သူမကိုယ်ထဲက မကောင်းမှုစွမ်းအင် သန့်စင်ဖို့ လော့မိသားစုခြံဝန်းလေး၌ ချန်းယု နှစ်နာရီကြာ နေခဲ့လိုက်တယ်။ သို့သော်၊ ဒီနှစ်ရက်အတွင်း သူမကိုယ်ထဲကမကောင်းမှုစွမ်းအင် ရှင်းလုနီးပါးဖြစ်နေလေတယ်၊ ဒီတော့ နှစ်နာရီကြာနေရန် မလိုအပ်လေတော့ဘူး။ လော့မင်နှင့်အတူ ညစာစားပြီးနောက်၊ ဆရာမော်လုပ်ပေးထားတဲ့ အဆောင်တွေယူပြီး လော့မိသားစုခြံဝန်းသေးလေးက ထွက်လာခဲ့လိုက်လေသည်။

သစ်သားသေတ္တာကို ထျန်းဖေကိုင်ထားရင်း မေးလိုက်လေတယ်၊ “တတိယသခင်လေး၊ ကြေးစားကို ကျွန်တော်ပြန်ပို့ပေးဖို့လိုလား?”

သစ်သားသေတ္တာကို လော့မင်လှမ်းကြည့်လိုက်ပြီး၊ အဲ့ကလာတဲ့ ရင်းနှီးကျွမ်းဝင်မှုက လော့မင်ကို အင်တင်တင်ဖြစ်သွားစေလေတယ်၊ “ယူသွားလိုက်။ ပြန်မပို့လိုက်နဲ့။”

“ဒါဆို…ဘယ်မှာထားထားလိုက်ရမလဲ?” ဒီစားက သူ့ဘာသာပုံထွက်နိုင်လေတယ်။ ဒီတော့ နေရာတကာထားထားတာက အန္တရာယ်မကင်းပုံပေါ်နေလေသည်။

“မီးခံသေတ္တာရှာပြီး ငါ့အခန်းထဲ ပိတ်ထားလိုက်။” ကြေးစား၏ရင်းနှီးကျွမ်းဝင်မှုက ရင်းနှီးနေတဲ့ခံစားချက်ပေးနေတယ်လို့ လော့မင်အမြဲခံစားမိနေလေသည်။

“နားလည်ပါပြီ။” ထျန်းဖေ ပြန်ဖြေလိုက်လေသည်။

နောက်နေ့မနက်စောစော၌၊ မနက်စာစားပြီးနောက်၊ သူမမနေ့က တာအိုဘုရားကျောင်းကိုသွားပြီး အမွေးတိုင်ပူဇော်ခဲ့တဲ့ဆိုတဲ့ မူမမှန်တဲ့အကြောင်းပြချက်ကိုသုံးပြီး ချန်းယု အဆောင်သုံးခုထုတ်လိုက်ပြီး သူမအမေ၊ အဖေနဲ့အစ်ကို့ကိုပေးလိုက်လေသည်။

“ငါ့သမီးဂရုတစိုက်ရှိတယ်ဆိုတာ၊ မှန်နေတာပဲ။ အမေ သမီးအစ်ကိုကိုမွေးပေးထားတာ နှစ်၂၀ကျော်နေပြီ၊ အခုထိ သူ့ဆီက ဘာတစ်ခုမှမရဖူးသေးဘူး။” အမေချန်း အဆောင်လက်ကောက်ကို ယူပြီး၊ သူမမျက်နှာပေါ်ကအပြုံးကို ဖျောက်ဖျက်ပစ်လို့မရနိုင်တော့လေဘူး။

အမေချန်းလို့ မြို့တော်ဝန်ချန်း ပွင့်ပွင့်လင်းလင်းမပြောလာပေမဲ့၊ သူလှုပ်ရှားမှုက အမေချန်းထက်တောင်မြန်ဆန်နေလေသည်။ သူ့လက်ကောက်ဝတ်ပေါ် အဆောင်လက်ကောက်ဝတ်ထားပြီးလေပြီ။

သူ့အမေညည်းညူနေတာတွေကို ချန်းယန်လျစ်လျူရှုထားလိုက်လေသည်။ ခဏတာလောက်၊ လူတိုင်းကမူးဝေနေပြီး သူတစ်ဦးထဲနိုးကြွားနေတယ်ဆိုတဲ့ အသိစိတ်ကလေး ဖြတ်ပေါ်လာလေတော့တယ်၊ ဘာလို့လဲဆိုတော့ ချန်းယု ဝယ်လာတာက အဆောင်အစစ်တွေဆိုတာ သူသိနေတာကြောင့်ပဲ။

သူတို့စကားပြောဆိုနေကြချိန်၊ နာနီ လက်ဆောင်ပစ္စည်းသယ်ကာဝင်လာပြီး ပြောလာလေတယ်၊ “မဒမ်၊ အားလုံးအဆင့်သင့်ဖြစ်နေပါပြီ။”

မြို့တော်ဝန်ချန်း လက်ဆောင်သေတ္တာကို ခဏကြည့်လိုက်ပြီး “ဇီယန်ကိုသွားကြည့်ကြည့်မလို့လား?”

"ဟုတ်တယ်။" အမေချန်း သက်ပြင်းချပြီး "သူက လူကောင်းလေးပါ။ သူဘာလို့ရုတ်တရက်နေမကောင်းဖြစ်သွားရတာလဲ? သူကြီးပြင်းလာတာကို ကျွန်မလည်းကြည့်လာခဲ့ရတာပဲ၊ ဒီတော့ သူနေမကောင်းရင် ကျွန်မအလည်အပတ်သွားကြည့်ပေးရမှာပေါ့။"

"ဘာဖြစ်နေတာလဲ?" မြို့တော်ဝန်ချန်းမေးလိုက်လေသည်။

"ကျွန်မလည်းမသိပါဘူး။ သူတို့ပြောတာတော့ ဒီအတိုင်းနေမကောင်းဖြစ်တာတဲ့၊ အကြောင်းရင်းကိုတော့ဘယ်သူမှမပြောနိုင်ဘူး။ သူအခုထိသတိမေ့နေပြီး မနိုးလာသေးဘူးလို့ ကျွန်မကြားမိတာပဲ။" အမေချန်းဆက်ပြောလိုက်လေတယ်၊ "မနေ့က လီဖန်နဲ့တွေ့တော့၊ လူကပိန်ပြီး မျက်တွင်းကျနေတာ။"

လီဖန်ဆိုတာ ကျန်ဇီယန်ရဲ့အမေနာမည်ဖြစ်လေသည်။

"သားသွားကြည့်ပြီးပြီလား၊ ချန်းယန်?" အမေချန်း သူမသားကိုမေးလိုက်လေသည်။

"ကျွန်တော်အခုတလေအလုပ်များနေတာ။ အဲ့အကြောင်းကြားမိပေမဲ့ အခုထိသွားမကြည့်ရသေးဘူး။" ချန်းယန်ပြောလိုက်လေတယ်၊ "အလုပ်ပြီးသွားရင် နောက်ကျကျွန်တော်သွားကြည့်လိုက်မယ်။"

"ရှီရှီ၊ သမီးဇီယန်ကိုသိလောက်မှာမဟုတ်ဘူး။ သူက ကျန်ဝမ်ဝမ်အစ်ကိုလေ။" သူမသမီး ခေါင်းငုံ့ပြီးတိတ်တိတ်လေးနေနေတာကို အမေချန်းမြင်လိုက်တော့၊ အမေချန်းရှင်းပြလိုက်လေတယ်၊ "ဇီယန်က သူ့ညီမကျန်ဝမ်ဝမ်ထက် အသိတရားရှိပြီး ကြင်နာတတ်တဲ့ကလေးလေ။"

"သမီးသိတယ်၊ သမီးအရင်ကသူ့ကိုတွေ့ဖူးတယ်။" ချန်းယုပြန်ဖြေလိုက်လေသည်။

"သမီးတွေ့ဖူးတယ်? ဘယ်အချိန်တုန်းကလဲ?" အမေချန်း တအံ့တသြမေးလိုက်လေသည်။

"နှစ်ရက်...အလွန်တုန်းက။ ချင်ယီနဲ့ရှောက်ဟွေ့ သူ့ဆီတွေ့ဖို့သွားတော့၊ ကြုံကြိုက်တုန်း သမီးကိုပါခေါ်သွားခဲ့တာ။" ချန်းယုပြန်ဖြေလိုက်လေသည်။

အပိုင်း(၆၈):စိတ်မကျေမနပ်ဖြစ်နေသောကြေးစား

"ဒါဆို အဲဒီအချိန်တုန်းက သူဘယ်လိုနေလဲ?" အမေချန်း သာမန်ကာလျှံသာမေးကြည့်လိုက်လေသည်။

"အတော်စိုးရိမ်ရတယ်၊ သူသတိလစ်နေတုန်းပဲ။" ချန်းယု တီးတိုးပြောလိုက်လေသည်။

"လွန်ခဲ့တဲ့နှစ်ရက်ကတည်းက သူကိုမာဝင်နေတာ၊ ဒီတော့ သူ့အခြေအနေကြည့်ရတာ တကယ်ပဲအတော်ပြင်းထန်မယ့်ပုံပဲ။" အမေချန်း စိတ်ပူလာလေတော့သည်။

ချန်းယန် သူညီမလေးကို သေချာဂရုတစိုက်ကြည့်လာလိုက်တယ်။ သူအချိန်ကိုလှမ်းကြည့်လိုက်တော့၊ အလုပ်သွားရန် အချိန်နီးနေလေပြီ၊ ဒီတော့ သူထရပ်ပြီးပြောလိုက်တယ်၊ "ရှီရှီ၊ စာအုပ်ဆိုင်ဆီ သူငယ်ချင်းတွေနဲ့အတူတူသွားမလို့ချိန်းထားတာရှိတယ်ဆိုပြီး ညီမလေးပြောထားတယ်မဟုတ်လား? အစ်ကိုလမ်းကြုံလို့လိုက်ပို့ပေးမယ်။"

"ဟမ်? အို။" ချန်းယု သူမအစ်ကိုရဲ့အဓိပ္ပာယ်ဖော်ပြနေတဲ့မျက်ဝန်းတွေနဲ့ အကြည့်ချင်းဆုံသွားလိုက်တော့ သူ့နောက်က လိမ်လိမ်မာမာထွက်လာခဲ့လိုက်လေသည်။

ခြံဝန်းကနေ ကားမောင်းထွက်လာရင်း၊ မျှော်လင့်ထားသလို၊ ချန်းယန်မေးလာလေတယ်: "ဇီယန်ကိုကြည့်ဖို့ ချင်ယီနဲ့ ရှောက်ဟွေက ညီမလေးကိုဘာလို့ခေါ်သွားခဲ့တာလဲ?"

ဇီယန်နဲ့ သူညီမလေးရှီရှီကို အချင်းချင်းသိလာအောင် ချင်ယီနဲ့ရှောက်ဟွေ မိတ်ဆက်ပေးချင်မိတ်ဆက်ပေးနိုင်လေတယ်၊ ဒါပေမဲ့ ဇီယန်ကိုလုံးဝမသိတဲ့သူမကို လူနာဆောင်ဆီ သူတို့သေချာပေါက် ခေါ်သွားမှာမဟုတ်လေဘူး။ ဒါ့အပြင်၊ ဒီနှစ်ရက်တွေအတွင်း သူသတင်းအနည်းငယ်ရထားလေသည်။ ကျန်မိသားစုက လူနာဆောင်ဆီ အလည်အပတ်ကြည့်ဖို့ တာအိုဆရာတော်တော်များများရှာဖွေခဲ့ကြတယ်တဲ့။

"ဒီအတိုင်း...ဒီအတိုင်း"

"ညီမလေးသိလား? ညီမလေးလိမ်တဲ့အချိန်ကျရင် စကားထစ်လာတော့တာပဲ။" ချန်းယန် ရုတ်တရက်ပြောလိုက်လေသည်။

". . ." ရဲတွေက တကယ်ပဲအားကောင်းတာပဲလို့ ချန်းယုတိတ်တိတ်လေးတွေးမိလိုက်လေတယ်။ ထို့ကြောင့်၊ သူမကံကြမ္မာကို လက်ခံလိုက်ပြီး ပြောပြလိုက်တယ်၊ "အစ်ကိုမှတ်မိသေးလား? ကျန်ဝမ်ဝမ်နဲ့ ပထမဆုံးတွေ့ချိန်တုန်းက ညီမသူ့ကိုခြောက်လှန့်လိုက်တာလေ။"

ချန်းယန်၏မှတ်ဉာဏ်းက အရမ်းကောင်းမွန်လေတယ်။ ထိုဖြစ်ရပ်ကို သူချက်ချင်းပြန်တွေးလိုက်ပြီးနောက်၊ မျက်မှောင်ကြုပ်လိုက်လေတယ်၊ “သူမပုခုံးပေါ်မှာ ကလေးသရဲရှိနေတယ်လို့ အဲဒီအချိန်တုန်းက ညီမလေးပြောခဲ့တာလေ။ အဲ့တာအမှန်ပဲလား?”

“ဟုတ်တယ်၊ သူ့ကိုကူပြီး လွတ်မြောက်အောင်လုပ်ပေးခဲ့တဲ့သူကလည်း ညီမပဲလေ။” ချန်းယုရှင်းပြလိုက်တယ်၊ “ဒီတော့ ညီမက ကောင်းကင်ဘုံဆရာဆိုတာ ကျန်ဝမ်ဝမ်သိသွားခဲ့တာလေ။”

ရဲဝန်ထမ်းတစ်ဦးအနေနဲ့ ချန်းယန်ရဲ့ ဆင်ခြင်တုံတရားနှင့် အချင်းချင်းဆက်သွယ်နိုင်တဲ့အရည်အချင်းက အရမ်းအားကောင်းလှလေသည်။ ချန်းယု စကားနှစ်ကြောင်းသာ ပြောပြလာပေမဲ့ တစ်ခုခုကိုသူခန့်မှန်းမိလိုက်လေတယ်: “ကျန်ဇီယန်က သာမန်ရောဂါဖြစ်နေတာမဟုတ်ဘူး၊ သူ့ကိုလိုက်ဖမ်းနေတဲ့ မလိုမုန်းထားသရဲရှိနေတာပေါ့?”

“မလိုမုန်းထားသရဲတွေနဲ့မဆိုင်နေဘူး။ ဒါပေမဲ့၊ ကောင်းကင်ဘုံဆရာနဲ့တော့ ပတ်သတ်နေတယ်။” ချန်းယုရှင်းပြလိုက်လေသည်။

“ညီမလေးအကူအညီလိုချင်တာကြောင့် သူတို့ညီမလေးကိုခေါ်သွားခဲ့တာပေါ့?” ကျန်ဇီယန်ဆေးရုံမှာရှိနေသေးတာကို စဉ်းစားကြည့်လိုက်ပြီးနောက်၊ ချန်းယန်မေးလိုက်လေတယ်၊ “ညီမလေးတောင်မဖြေရှင်းနိုင်ဘူးပေါ့?”

“ဒီကိစ္စက ဒုက္ခများတယ်။ ဘယ်လိုပြောရမလဲ?” ချန်းယုတုံ့ဆိုင်းပြီးပြောလိုက်လေတယ်၊ “ကျန်ဇီယန်ရဲ့ဝိညာဉ်ကို ညီမမြင်ပြီးသွားပြီ။ သူကိုယ်တိုင်ကိုက မနိုးထချင်နေဘူး၊ ဒီတော့ ညီမဝင်မစွက်ဖက်ချင်တော့ဘူး။”

“ကျန်ဇီယန်ကိုယ်တိုင်က မနိုးထချင်ဘူး?” ချန်းယန်အံ့အားသင့်သွားလေသည်။ “ဒီကိစ္စကိုကျန်မိသားစုသိလား?”

“သူတို့ကိုပြောပြီးပြီ။ ကျန်ဇီယန်နိုးထချင်လာပြီဆိုရင်၊ ညီမကိုလာရှာလို့ရတယ်လို့ သူတို့ကိုပြောထားတယ်။ မဟုတ်ရင်၊ ညီမမကူညီဘူးလို့။ ဒါပေမဲ့ နှစ်ရက်ကျော်သွားပြီး သူတို့လာမရှာသေးဘူး။ ကျန်ဇီယန်မနိုးလာချင်သေးတာပဲဖြစ်ရမယ်။” ချန်းယုပြောလိုက်လေတယ်၊ “ဒီကိစ္စက ပြဿနာတော်တော်များတာ။ သေချာမကိုင်တွယ်နိုင်ဘူးဆိုရင်၊ ညီမအလွယ်တကူကြောင်းကျိုးဆက်နွယ်သွားနိုင်တယ်။ ဒီတော့ သူတို့ညီမကိုလာမရှာရင်၊ ညီမထပ်ပြီးဂရုစိုက်မနေတော့ဘူး။”

"အကြောင်းအကျိုး?" ချန်းယန်နားမလည်ပေမဲ့လည်း၊ ဒါကကောင်းတဲ့အရာမဟုတ်ဘူးလို့ သူအမြဲခံစားမိနေလေတယ်၊ ဒီတော့ သူမျက်မှောင်ကြုပ်လိုက်လေတယ်၊
"တာအိုဘုန်းတော်ကြီးတွေနဲ့ကောင်းကင်ဘုံဆရာတွေကို ကျန်မိသားစုရှာနေတယ်လို့ အစ်ကိုကြားထားတယ်။ သူတို့ညီမကိုလာမရှာလောက်တော့ဘူးလို့အစ်ကိုထင်တယ်၊ ဒီတော့ ဒီအကြောင်းညီမဆက်မတွေးနဲ့တော့။"

"အမ်" ချန်းယု ခေါင်းညိတ်သဘောတူလိုက်လေတယ်၊ "ညီမဆီမလာတော့ရင်၊ ညီမဂရုစိုက်မနေတော့ဘူး။"

သူမအဖြေကိုချန်းယန်ကြားလိုက်တော့ မျက်မှောင်ကြုပ်မိသွားလေသည်။ ရှီရှီကိုသူမသွားစေချင်လေဘူး၊ ဒါပေမဲ့ ကျန်ဇီယန်ဆေးရုံမှာရှိနေသေးတာကို တွေးလိုက်မိတော့၊ သူပြောလိုက်လေတယ်၊ "သူတို့ညီမကိုလာရှာရင်၊ အစ်ကို့ကိုအကြောင်းကြားလိုက်၊ အစ်ကိုအဖော်လိုက်ခဲ့ပေးမယ်။"

"အိုကေ၊ ကျေးဇူးပါ အစ်ကိုကြီး။" ချန်းယု ပြုံးကာပြန်ဖြေလိုက်လေသည်။

ချန်းယန်က သူ့ညီမလေးလို့ စိတ်အေးလက်အေးမဖြစ်နေလေဘူး။ ချန်းယုလေသံအတက်အကျကိုနားထောင်ကြည့်ပြီးနောက်၊ ကျန်ဇီယန်ကိစ္စကို သူမဖြေရှင်းပေးနိုင်လေသည်။ ဖြစ်ချင်နေတော့ ကျန်ဇီယန်ကိုယ်တိုင်ကိုက မနိုးထချင်နေလေဘူး၊ ဒီတော့ အကြောင်းပြချက်အချို့ကြောင့် ရှီရှီကူညီရန်မသွားလိုက်လေဘူး။ ဒီအကြောင်းကို ကျန်မိသားစု ရှင်းရှင်းလင်းလင်းသိနေလေတယ်၊ ဒါကြောင့် ရှီရှီကို သူတို့လာမရှာကြတာဖြစ်လေသည်။ အဆုံးမှာ ရှီရှီကို သူတို့လာရှာခဲ့မယ်ဆိုရင်၊ ဒါဆို ရှီရှီကူညီလာအောင် သူတို့တွန်းအားပေးလာနိုင်လေသည်။

ကျန်မိသားစု၏စိတ်ကို သူနားလည်ပေးနိုင်ပေမဲ့၊ သူ့ညီမလေးကို ဘယ်သူမှတွန်းအားပေးလို့ မရနိုင်စေရဘူး။

ချန်းယုသွားလိုရာကို ချန်းယန်ပို့ပေးလိုက်လေသည်။ မြို့ထဲက villa နယ်မြေထဲ၊ သူပြတင်းပေါက်ကနေလှမ်းကြည့်လိုက်ပြီး မေးလိုက်လေတယ်၊
"သရဲနှင်ဖို့ထပ်လာပြန်တာလား?"

"ဟင့်အင်း၊ ဒီနေ့ ညီမ စုံစမ်းကြည့်ဖို့လာခဲ့တာ။" ချန်းယုရှင်းပြလိုက်လေတယ်၊ "အခုတလော ဒီရပ်ကွက်မှာနေထိုင်သူတွေက ဒီနားတစ်ဝိုက်က ယင်စွမ်းအင်သိပ်သည်းလာပြီဆိုတဲ့အကြောင်း အစီရင်ခံလာကြတယ်။ ရုပ်လွန်ပညာ websiteက တာဝန်တစ်ခုထုတ်ပြန်လာတာ၊ ကောင်းကင်ဘုံဆရာတစ်ဦးစုံစမ်းထောက်လှမ်းပေးဖို့။

ယင်စွမ်းအင်ဆိုးဝါးလာတဲ့အကြောင်းရင်းကို ထောက်လှမ်းဖို့ပဲလိုတာ။ ညီမ မလိုမုန်းထားသရဲနဲ့တွေ့ခဲ့မယ်ဆိုရင်တောင်၊ ဘာမှလုပ်မှာမဟုတ်ဘူး။ websiteကိုညီမသတင်းပို့ပြီး သူတို့တာဝန်တစ်ခုထုတ်လာမှာကိုစောင့်နေလိုက်မယ်။ အဲ့တာလက်ခံပြီးမှပဲ ရှင်းပစ်လိုက်မယ်လေ။ ဒီနည်းနဲ့ဆို၊ ညီမနှစ်ဆတောင်ရှာနိုင်မှာလေ၊ ဟာဟားဟားဟား…"

"..." ချန်းယု စကားမဲ့သွားလေတယ်။ "စီးပွားရေးသင်ဖို့ ညီမလေးက အတော်ကလေးသင့်တော်တာပဲ။"

ချန်းယုကားပေါ်ကဆင်းပြီး ယင်စွမ်းအင်အထူထပ်ဆုံးနေရာကို ဘာမှအားစိုက်မထုတ်ရဘဲ လျှောက်လာလိုက်လေသည်။ မိနစ်နှစ်ဆယ်သာကြာပြီး နောက်ဆုံးမှာ ပန်းခြံအသေးလေး၏သစ်တောအုပ်လေး၌ ရပ်လိုက်လေသည်။

ချန်းယု တစ်ခုခုကိုအာရုံခံမိလိုက်ပြီး ရုတ်တရက်စိတ်အနှောက်အယှက်ဖြစ်သွားလေသည်။ ဒီလိုပြင်းထန်တဲ့ယင်အရှိန်အဝါမျိုး၊ ရုပ်လွန်ပညာ websiteကသာ တာဝန်ထုတ်လာခဲ့မယ်ဆိုရင်၊ အေအဆင့် ဖြစ်နိုင်လောက်တယ်။ သူမသာအပြီးသတ်လိုက်မယ်ဆိုရင်၊ ပိုက်ဆံနှစ်ဆ ဘယ်လိုလုပ်ရှာနိုင်တော့မှာလဲ။

ချန်းယုသက်ပြင်းချနေတုန်း၊ သစ်ပင်နောက်ကနေ သရဲသုံးဦး မျောလွင့်လာလေသည်။ ချန်းယု ကြည့်ပြီးရင်းကြည့်နေလိုက်တော့၊ သူတို့က ရင်းနှင်းနေတဲ့သရဲတွေဖြစ်နေလေတယ်!!!

"နင်တို့တွေပဲ၊ အာ။" ချန်းယုသူမရှေ့က အသေးလေးနဲ့ အကြီးနှစ်ယောက်ကိုကြည့်လိုက်လေသည်။ သရဲသုံးဦးဖြစ်လေပြီး၊ ချီချောင်မင်ဆီက တစ်ချိန်ကသူမကယ်တင်ဖူးတဲ့ ရှန်နန်ပါ အပါအဝင်ဖြစ်လေသည်။

နှာဖူးသရဲမ ချန်းယုနဲ့ အကွာအဝေးခြားကာရပ်နေပြီး၊ ချန်းယုနား ချည်းကပ်ရမှာကြောက်နေပြီး ကြောက်စိတ်နဲ့မေးကြည့်လိုက်လေတယ်၊ "ကောင်းကင်ဘုံဆရာချန်း၊ နင်ငါတို့ကိုဖမ်းဖို့လာခဲ့တာလား?"

"အာ၊ နင့်ကျင့်ကြံရေးအဆင့်ကအရမ်းမြင့်နေတာ။ ငါနင့်ကိုဖမ်းလို့မရလောက်ဘူး။" အဲ့တာ၊ မဟုတ်ဘူး? ရှန်နန်အဆင့်နဲ့ဆိုရင်၊ အေအဆင့်ထဲ သူသေချာပေါက်ဝင်နိုင်လောက်လေတယ်၊ အာ။ သူမဆန္ဒအလျောက် တာဝန်ကိုဘယ်လိုလုပ်ယူလို့ရတော့မှာလဲ?

"ဘာ?" မိန်းကလေးသရဲနှင့် ရှန်နန် နားမလည်တာကြောင့် အချင်းချင်းကြည့်လိုက်ကြလေသည်။

"ဒီတော့၊ နားထောင်ကြ၊ နင်တို့တွေ ဒီမှာပဲတစ်ချိန်လုံးမနေနေကြနဲ့။ ဒါက အနီးအနားနေနေတဲ့သူတွေကို သွားသက်ရောက်စေနိုင်တယ်။" ချန်းယုပြောလိုက်တယ်၊ "အထူးသဖြင့် ရှန်နန်၊ နင့်ယင်အရှိန်အဝါက အရမ်းသိပ်သည်းတာ၊ နင်သာ မြို့လယ်ခေါင်မှာ နေနေမယ်ဆိုရင်၊ သာမန်လူတွေ သရဲတွေနဲ့ကြုံတွေဖို့ လွယ်ကူသွားနိုင်တယ်။"

"မင်း သရဲဖမ်းဖို့လာခဲ့တာမဟုတ်ဘူးလား?"
ရှန်နန်မယုံသင်္ကာဖြစ်လျက်မေးကြည့်လိုက်လေသည်။

"ဖမ်းစေချင်လို့လား? နင် အရှေ့villaကိုသွားပြီး လူချမ်းသာတစ်ဦးကို ခြောက်လှန့်လိုက်ပြီး၊ ငါ့ကိုငွေပေးခိုင်းရင်ကော? ဒါဆို ငါလာဖို့ပျော်သွားမိမှာပဲ။" ချန်းယု မျက်လုံးလှိမ့်ပြီး အကြံပေးလိုက်လေသည်။

"..." ရှန်နန်စကားမပြောနိုင်လေတော့ဘူး။

"အမိန့်တစ်ခုလို အရေးတကြီး!" နှစ်ဦးသားစကားပြောဆိုနေတုန်း၊ မြှောက်ပင့်နေတဲ့အသံတစ်သံရုတ်တရက်ထွက်ပေါ်လာကာ၊ ရှန်နန် သူ့လက်ကို သတိရှိရှိမြှောက်လိုက်ပြီး နှာဗူးသရဲမနှင့်ရှောင်းကန်နား ယင်စွမ်းအင်အကာအရံတစ်ခုဖန်တီးလိုက်ပြီး၊ အဆောင်နဲ့ ယင်အရှိန်အဝါတိုက်မိသွားလေတော့သည်။

"ဘုန်း" အပြာရောင်မီးတောက်တောက်လောင်လာလေတော့သည်။

"တာအိုဆရာ၊ ဒီအညတရတာအိုဆရာက ကောင်းကင်ဘုံမီးတောက်အမြင်၏မျက်လုံးတွေနဲ့ကြည့်ရှုတတ်တဲ့ လူအစစ်ပါ၊ ဒီဆိုးယုတ်သောသရဲတွေကိုဖမ်းဖို့ မင်းကူညီပေးမယ်လို့ မျှော်လင့်မိပါတယ်။" မီးခိုးရောင်ဆံပင်ရှိတဲ့ သက်ကြီးရွယ်အိုတာအိုဘုန်းတော်ကြီးတစ်ဦး အော်ဟစ်လာလေတော့သည်။

ရှန်နန်အမူအရာ တဖြည်းဖြည်းချင်းပြောင်းလဲလာပြီး၊ တစ်ဖက်ကချန်းယုကိုလှမ်းကြည့်လိုက်လေသည်။

နှစ်ဖက်လုံး၏ မှော်စွမ်းအင်ကို ချန်းယုအကဲဖြတ်လိုက်ပြီးနောက်၊ သူမအိတ်ကပ်တွေထဲ သူမလက်နှစ်ဖက်လုံးထည့်လိုက်ကာ၊ လေပြေလေညင်းနှင့်အတူ ထွက်လာခဲ့လိုက်လေသည်။

"အသတ်မခံရစေနဲ့၊ မဟုတ်ရင် နင့်ရဲ့နှစ်ခြောက်ရာကျင့်ကြံရေး ဖျက်ဆီးခံလိုက်ရလိမ့်မယ်။" ရှန်နန်ကို ချန်းယုသတိပေးလိုက်လေသည်။

စာရေးသူ၏မှတ်စု:

နှာဗူးသရဲ ကောင်းကင်ဘုံဆရာချန်းက ငါမြင်ဖူးသမျှကောင်းကင်ဘုံဆရာတွေထဲ ထူးခြားနှစ်လိုဖွယ်ကောင်းပြီး ယဉ်ကျေးတဲ့သူလို့ငါပြောသွားပဲ။

ရှန်နန်:...

အပိုင်း(၆၉):ပြန်လည်မွေးဖွားဖို့သူတို့ကိုပို့ပေးလိုက်

"တာအိုမိတ်ဆွေ၊ မသွားပါနဲ့။ ဒီမကောင်းမှုဝိညာဉ်ရဲ့ယင်အရှိန်အဝါက ခြိမ်းခြောက်နိုင်နေတယ်။ ဒီအညတရတာအိုဆရာတစ်ဦးတည်းက သူနဲ့ရင်ဆိုင်နိုင်မှာမဟုတ်လောက်ဘူး။" ခေါင်းကနေခြေဖျားအထိ စိတ်စွမ်းအင်ဖြာထွက်နေတဲ့၊ သူ့တာအိုမိတ်ဆွေ၊ မမျှော်လင့်ဘဲ ထွက်သွားတော့မှာကို တာအိုဆရာဟော်မှုမြင်လိုက်တော့၊ သူမြန်မြန်အော်ဟစ်လိုက်လေသည်။

"တာအိုဆရာ၊ ရှင်ဘာပြောလိုက်တာလဲ?" စိတ်ရှုပ်ထွေးနေတဲ့မျက်နှာဖြင့် တာအိုဆရာမှုကို ချန်းယုကြည့်လာလိုက်သည်။

"အို၊ မိန်းမငယ်လေးဖြစ်နေတာကို။" တစ်ဖက်လူလှည့်လာလိုက်တော့ သူမကတကယ်တမ်း လူငယ်မိန်းကလေးဖြစ်နေတယ်ဆိုတာကို တာအိုဆရာဟော်မှုရှာတွေ့လိုက်လေတော့သည်။ သူမကြည့်ရတာကျောင်းသူတစ်ဦးနှင့်တူနေလေတယ်၊ ဒီတော့ သူမနှောင့်နှေးနေတော့ဘဲ တိုက်တွန်းလိုက်လေတော့တယ်၊ "ကျောင်းသူလေး၊ မြန်မြန်ထွက်သွားလိုက်။ မင်းအစောတုန်းကရပ်နေတဲ့နေရာမှာ မကောင်းမှုဝိညာဉ်သုံးဦးရှိနေတယ်။"

"..." ချန်းယုတောင့်သွားလေသည်။ ဒီတာအိုဘုန်းတော်ကြီးက အရမ်းရိုးရှင်းနေမယ်ဆိုတာ သူမမမျှော်လင့်ထားမိလေဘူး။ သူမရုတ်တရက် နေရခက်သလိုခံစားလာမိလေသည်။

"မကောင်းမှုဝိညာဉ်တွေ၊ လူတွေကိုဘေးအန္တရာယ်မပေးနဲ့၊ မင်းတို့ပြန်လည်မွေးဖွားလို့ရအောင် ငါပို့ပေးမယ်။" တာအိုဆရာဟော်မှု သူ့သစ်သားမက်မွန်ဓားကိုထုတ်ကာ ပြေးဝင်သွားလိုက်လေသည်။

ချန်းယု 'အမိန့်တစ်ခုလိုအရေးတကြီး'(မကောင်းမှုဝိညာဉ်တွေ သန့်စင်ရန် အသုံးပြုတဲ့ တာအိုဂါထာ)သူမနောက်က ဆက်တိုက်ရွတ်ဆိုနေတဲ့တာအိုဂါထာကိုနားထောင်ကာ တည်တည်ငြိမ်ငြိမ်ထွက်လာလိုက်တယ်။ သရဲနဲ့လူကြားက ဒီတိုက်ပွဲရလဒ်က သည်းထိတ်ရင်ဖိုဖွယ်မကောင်းနေလေဘူး။

သို့သော်၊ တာအိုဘုန်းတော်ကြီးကို ရှုန်နန်မတော်တဆထိခိုက်ဒဏ်ရာရအောင်လုပ်မိတာကနေ ကာကွယ်ရန်အတွက်၊ ချန်းယု ပန်းခြံအသေးလေးကနေမထွက်သွားလေဘူး၊ ဒါပေမဲ့ ပန်းခြံဝင်ပေါက်၏ခုံတန်းရှည်၌ထိုင်နေလိုက်တယ်။ ဒါနဲ့၊ ဒီနယ်မြေထဲ သူမပန်းခြံထဲတွေ့ခဲ့တဲ့သရဲသုံးဦးက ဘာကြောင့်ယင်စွမ်းအင်ထူထပ်လာစေလဲဆိုတာကို စာတမ်းပြုစုလိုက်လေသည်။ သူမအားလုံးကိုရေးချပြီး ပို့ပေးမလို့လုပ်နေချိန်၊ ဝမ်းနည်းဖို့ကောင်းသောအနေအထားဖြင့် သက်ကြီးရွယ်အိုတာအိုဆရာပြေးထွက်လာတာကို မြင်တွေ့လိုက်ရလေသည်။

"တာအိုဆရာတော်၊ အဆင်ပြေရဲ့လား?" ရိုးသားသောတာအိုဘုန်းတော်ကြီးကို လှည့်ဖြားမိတဲ့အတွက် အပြစ်မကင်းဖြစ်နေတာကြောင့်၊ ချန်းယု စိတ်ပူမိသွားလေသည်။

"ကျောင်းသူ၊ မင်းဘာလို့မထွက်သွားသေးတာလဲ?" ချန်းယုပန်းခြံမှာပဲရှိနေသေးတာကို တာအိုဘုန်းတော်ကြီးမြင်လိုက်တော့ ပူပန်သောကရောက်လာလေတော့သည်။

"ကျွန်မ နေပူဆာလှုံနေတာလေ၊ အာ။" ချန်းယုပြန်ဖြေလိုက်လေသည်။

"ကျောင်းသူ၊ မင်းမှာ စိတ်စွမ်းအင်ပြည့်ဝနေတယ်။ မင်းဝိညာဉ်က မကောင်းမှုဝိညာဉ်တွေ အကြိုက်ဆုံးဝါးမျိုရာအမျိုးအစားထဲကပဲ။ ဒီကမြန်မြန်ထွက်သွားလိုက်။" သက်ကြီးရွယ်အိုဘုန်းတော်ကြီးက ချန်းယုကို ကိုယ်ထဲစိတ်စွမ်းအင်ပြည့်နေတဲ့ သာမန်လူသားတစ်ဦးအဖြစ် မှတ်ယူထားတာဖြစ်လေသည်။

"မကောင်းမှု...ဝိညာဉ်၊ အာ။" တာအိုဘုန်းတော်ကြီးနောက် ချန်းယုခိုးကြည့်လိုက်တော့၊ သစ်ပင်နောက်မှာ ရှန်နန်၊ သရဲမိန်းကလေးနှင့် ရှောင်းကန်တို့ကပုန်းနေပြီး၊ သူမတို့ဘက်စောင့်ကြည့်နေကြလေသည်။

"ကျောင်းသူ၊ ဒီအညတရတာအိုဘုန်းတော်ကြီးက ကောင်းကင်ဘုံမီးတောက်ဘုန်းကြီးကျောင်းက တာအိုဆရာဟော်မူပါ၊၊ အစောနတုန်းက တောအုပ်လေးထဲ မကောင်းမှုဝိညာဉ်၃ခုရှိနေလေတာ။ ဘုန်းဘုန်းသာအချိန်မှီရောက်မလာခဲ့ဘူးဆိုရင်၊ မင်းသူတို့ရဲ့သားကောင်ဖြစ်သွားလောက်ပြီ။" တာအိုဆရာဟော်မူ ရိုးရိုးသားသားပြောလာလေတယ်၊ "ဒီတော့ မင်းဒီကမြန်မြန်ထွက်သွားသင့်ပြီ။"

"ဟာ..." မြို့တော်ကလူတွေက ဉာဏ်များတယ်လို့ဘယ်သူပြောတာလဲ? ဒီတာအိုဘုန်းတော်ကြီးက လူကောင်းတစ်ဦးပဲဟ၊ အာ။

"ဒီကိစ္စကို ရုပ်လွန်ပညာဌာနချုပ်ဆီ ငါအခုချက်ချင်းအစီရင်ခံမှဖြစ်မယ်၊ ဒီတော့ သူတို့တာဝန်တစ်ခုအမြန်ထုတ်လာနိုင်ပြီး ဒါကိုဖြေရှင်းဖို့ အားကောင်းတဲ့ကောင်းကင်ဘုံဆရာတစ်ဦးလွှတ်ပေးလာလိမ့်မယ်။" တာအိုဆရာဟော်မူပြောလိုက်လေသည်။ ထို့နောက်၊ သူဖုန်းကိုထုတ်ပြီး ရုပ်လွန်ပညာဌာနချုပ်ကိုခေါ်ဆိုလိုက်လေတော့သည်။

ခဏ? ဒီမှာမကောင်းမှုဝိညာဉ်တွေရှိနေတယ်လို့ ရုပ်လွန်ပညာဌာနချုပ်ဆီအကြောင်းကြားမယ်? ဒီနေရာထဲ ယင်အရှိန်အဝါပြင်းထန်ဆိုးရွားနေတာ၏အကြောင်းရင်းကို ထုတ်ဖော်ပြလိုက်တာနဲ့ အတူတူဖြစ်မနေဘူးလား? ငါဘယ်လိုလုပ် အပိုဆုရနိုင်တော့မှာလဲ?

ဒီလိုမဖြစ်ရဘူး။ ချန်းယုသူမဖုန်းကိုကောက်ပြီး
သူမအခုလေးတင်ပြင်ဆင်ထားတဲ့အကြောင်းအရာကို ချက်ချင်းပို့လိုက်လေသည်။

(ဒင်! တာဝန်တင်ပြပြီးပါပြီ။ ကျေးဇူးပြု၍ စိတ်ရှည်ရှည်စောင့်ပေးပါဦး။ အတည်ပြုပြီးနောက်၊ တာဝန်အပိုဆုကို သုံးရက်အတွင်း မင်းအကောင့်ထဲ ထည့်ပေးလိုက်ပါ့မယ်။)

အကြောင်းကြားစာကိုမြင်တော့၊ ချန်းယု စိတ်သက်သာရစွာသက်ပြင်းချလိုက်မိလေသည်။

"ရုပ်လွှန်ပညာဌာနချုပ်ကလား? ငါက ကောင်းကင်ဘုံမီးတောက်ဘုရားကျောင်းက ဟော်မူပါ၊ ငါအခု..."

တာအိုဆရာဟော်မူပြောနေတာတွေကို ချန်းယုဂရုစိုက်မနေလေတော့ဘူး။
ယွမ်၁၀၀၀၀ပြန်ရအောင် 'ကယ်တင်ပေးတာအတွက်' သူမကျေးဇူးတင်မိလေသည်။
ကံကောင်းလို့ သူမတာဝန်ပြီးသွားပြီဖြစ်ပြီး အဲ့တာကို ချက်ချင်းတင်ပြလိုက်နိုင်လေတယ်။
ဗီလိန်တွေက စကားအရမ်းများတာကြောင့် သေဆုံးသွားရပြီး၊ နှောင့်နှေးနေတာကြောင့် ပိုက်ဆံဆုံးရှုံးလိုက်ရတာပေါ့။

"ကျောင်းသူ၊ မင်းဘာလို့မထွက်သွားသေးတာလဲ?" တာအိုဆရာဟော်မူ ဖုန်းပြောပြီးသွားတော့၊ ချန်းယုနေရာမှာပဲရှိနေသေးပြီး၊ မထွက်သွားသေးတာကို သူမြင်လိုက်တော့၊ သူအလောတကြီးပြောလိုက်လေတယ်၊ "မင်းဒီနေရာကနေမြန်မြန်ထွက်သွားသင့်တယ်။ မင်းမှာ စိတ်စွမ်းအင်ကြွယ်ကြွယ်ဝဝရှိနေတယ်၊ ဒါပေမဲ့ ရုပ်လွှန်ပညာကို မင်းမသိနေဘူး။ မင်း မကောင်းမှုဝိညာဉ်တွေကို အလွယ်တကူဆွဲဆောင်နိုင်တယ်။"

"အာ၊ ကျွန်မ- ကျွန်မအခုချက်ချင်း ထွက်သွားလိုက်မယ်။" ချန်းယု ထွက်သွားတော့မယ့်ကိုယ်ဟန်လုပ်လိုက်လေသည်။

"နေဦး။" သူ့တာအိုဝတ်ရုံကနေ လိပ်စာကဒ်ပြားထုတ်ပြီး ချန်းယုထံပေးလိုက်ကာ၊ ပြောလိုက်လေတယ်၊ "မင်းတစ်ခုခုမှားနေတာကိုအာရုံခံမိလိုက်ရင်၊ ဒီကိုဆက်သွယ်လာလိုက်။"

". . ."

"ကျောင်းသူ၊ မင်းအရည်အသွေးကကောင်းမွန်နေတယ်။ မင်းရုပ်လွှန်ပညာသင်ယူချင်လား? လောကီကျောင်းတွေဆီ ငါမင်းကိုထောက်ခံပေးလို့ရတယ်။"
တာအိုဆရာဟော်မူပြောလိုက်လေတယ်၊ "တကယ်တော့၊ သရဲတွေကိုဆွဲဆောင်နိုင်တဲ့ကိုယ်ခန္ဓာက မင်းဘာသာမင်းရှိနေတာထက် အကူအညီရဖို့အခြားသူတွေကိုတောင်းဆိုလိုက်တာ ပိုကောင်းနေဦးမယ်။"

“. . .” ချန်းယု ရှုပ်ထွေးနေတဲ့အမူအရာနဲ့ ပြန်ဖြေလိုက်လေတယ်၊ “ကျွန်မစဉ်းစားကြည့်ပါ့မယ်။”

နှစ်ဦးသား ပန်းခြံထဲကနေ အတူတူထွက်လာလိုက်တယ်၊ ထို့နောက် လမ်းခွဲလိုက်ကြလေသည်။ တယအိုဆရာဟော်မှုလမ်းလျှောက်နေရင်း၊ သူသက်ပြင်းချလိုက်လေသည်။ အခုခေတ်၌၊ ရုပ်လွှန်ပညာက ကျဆင်းလာလေပြီ၊ ပြီးတော့ ကောင်းမွန်တဲ့မျိုးဆက်သစ်တွေလည်း နည်းပါးလာလေပြီ။

ချန်းယု ငါးမိနစ်လောက်အချိန်ဖြုန်းနေလိုက်တယ်။ တာအိုဆရာတော်ဟော်မှု အဝေးရောက်သွားလောက်ပြီလို့ သူတွက်ချက်လိုက်ပြီးနောက် ပန်းခြံအသေးလေးဆီ သူမပြန်လျှောက်လာလိုက်လေသည်။

“ဘာလဲ? နင်ငါ့ကိုပြောစရာတစ်ခုခုရှိနေလို့လား?” ပန်းခြံဝင်ပေါက်မှာတုန်းက၊ ရှန်နန် အဝေးကနေ ချန်းယုအားအချက်ပြလာလေသည်။ သူမကိုတစ်ခုခုပြောရန် သူ့မှာရှိနေလောက်လေသည်။

“ကျွန်တော်မင်းကိုအကူညီတောင်းချင်လို့။” ချန်းယုရဲ့ဇဝေဇဝါဖြစ်နေတဲ့မျက်ဝန်းတွေနဲ့ အကြည့်ချင်းဆုံးတော့ ရှန်နန်ပြောလာလိုက်တယ်၊ “ဝေဝေနဲ့ရှောင်းကန်ကို ပြန်လည်မွေးဖွားလို့ရအောင် ပို့ပေးပါ။”

ဒီကိစ္စနဲ့ပတ်သတ်ပြီး ရှောင်းကန်သိနေပုံရလေတယ်။ ရှန်နန်တောင်းဆိုတာကိုကြားပြီးနောက်၊ ရှန်နန်ပေါင်ပေါ် အင်တင်တင်နဲ့တွယ်ကပ်နေလေတော့သည်။ တစ်ဖက်မှာရှိတဲ့၊ အမျိုးသမီးသရဲရဲ့အမူအရာကလည်း ပြင်းထန်နေလေသည်။

“ရှန်နန်၊ နင်ငါနဲ့အပျော်တွဲပြီးသွားတော့ ငါ့ကိုစွန့်ပစ်တော့မလို့ပေါ့!!!” နှာဖူးသရဲ ငိုကြွေးလိုက်လေတော့သည်။

“. . .” ရှန်နန် နှုတ်ခမ်းတင်းတင်းစေ့ထားကာ ဘာမှမပြောလာလေဘူး။

“နင်သူ့ကိုဘာလုပ်လိုက်တာလဲ?” ချန်းယု အတင်းတုပ်ချင်လာလေတော့သည်။

“ငါဘာတစ်ခုမှမလုပ်ထားဘူး!” ရှန်နန် ဒေါသကိုမျိုသိပ်ထားနေရလေသည်။

“နင်လုပ်ခဲ့တယ်။ နင်သေချာပေါက်လုပ်ခဲ့တာ။ နင်ငါ့ကိုနမ်းခဲ့တာ။ ရှောင်ကန်းလည်းမြင်တယ်။” သရဲမိန်းကလေး ငြင်းလိုက်လေသည်။

“အဲဒီတုန်းက အခြေအနေကထူးခြားတယ်။”

နမ်းတဲ့အကြောင်းပြောရင်း၊ ရှန်နန်၊ နှစ်ခြောက်ရာကြာလာတာတောင်
ရိုးရာစိတ်သဘောထားပိုင်ဆိုင်ထားသေးတဲ့သူ၊ ရှက်သွေးဖြာလာလေတော့သည်။

"နမ်းရုံတင်ပဲကို၊ အာ၊ ဒါဆို ကိစ္စမရှိဘူးလေ။ နင်ဘာသာနင်
လည်ပတ်ပြီးလူချောတွေကိုနမ်းခဲ့ဖူးတယ်မဟုတ်လား?" ချန်းယု နာမးလည်နိုင်လေဘူး။

"မတူဘူးလေ၊ အာ။" သရဲမိန်းကလေးပြောလာလေတယ်၊ "ငါအဲဒီလူတွေကိုနမ်းတာက
သူတို့ငါ့ကိုမမြင်နိုင်တာကြောင့်။ ဒါပေမဲ့ ရှန်နန်ကျမတူဘူး။ သူငါ့ကိုနမ်းတယ်၊
ငါလည်းအဲ့အကြောင်းသိနေတယ်လေ။ ငါ၊ သူငါ့ကိုနမ်းတာကို ငါသဘောကျတယ်လေ။"
ဒါကိုပြောရင်း သရဲမိန်းကလေးရှက်ကိုးရှက်ကန့်ဖြစ်လာလေသည်။

"ဒါ့အပြင်၊ ရှေးခေတ်က အရမ်းတင်းကျပ်တာလေ။
မိန်းကလေးတစ်ယောက်ရဲ့လက်ကိုကိုင်ရင်တောင် တာဝန်ယူရတာ။ ဘယ်လိုလုပ်
သူတို့တွေနမ်းတော့မှာလဲ? ဒီတော့၊ ရှန်နန်ကိုငါတာဝန်ယူသင့်တာပေါ့။" သရဲမိန်းကလေး
ပန်းသွေးရောင်သန်းနေတဲ့ပါးတွေနဲ့ပြောလာလေသည်။

"..." သူမြစ်ဝါထဲခုန်ဆင်းလိုက်မယ်ဆိုရင်တောင်
သူ့ကိုယ်သူသန့်စင်တောင်ဆေးကြောလို့ရတော့မှာမဟုတ်ဘူးလို့ ရှန်နန်ခံစားမိလိုက်လေသည်။

အပိုင်း(၇၀):ပြန်လည်မွေးဖွားဖို့ သူတို့ကိုပို့ပေးလိုက်

"ဒါက...ရှန်နန်ရဲ့ပထမဆုံးအနမ်ဖြစ်နေနိုင်တာပဲ။ ဟီ-ဟီ၊ ရှက်ဖို့ကောင်းလိုက်တာ၊အား။" နှာဗူးသရဲမဆက်ပြောလိုက်ရင်း၊ သူမမျက်နှာကို လက်ဖြင့်ကာလိုက်လေတော့သည်။

" . . . " ရှန်နန်မှင်သက်သွားကာ၊ သူ့တစ်ကိုယ်လုံး၏ယင်အရှိန်အဝါ နှစ်ဆဖြစ်လာလေတော့သည်။

"ငါပြောရရင်၊ နင်စိတ်ကူးယဉ်လွန်းအားကြီးနေပြီ။" ချန်းယုမနေနိုင်တော့ဘဲ သူမကိုတိုက်ခိုက်လာလိုက်လေတယ်၊ "ရှေးခေတ်လူတွေက အစောကြီးလက်ထပ်ကြတာ။ ရှန်နန်အသက်ဘယ်လောက်ရှိလဲဆိုတာကိုနင်သိတယ်မဟုတ်လား? သူလက်ထပ်ထားပြီးလို့ ကလေးတွေတောင်ရှိနေနိုင်တယ်နော်။"

"မဖြစ်နိုင်ဘူး!" နှာဗူးသရဲ စဉ်းစားမနေဘဲ ငြင်းလိုက်လေသည်။

ချန်းယု ရှန်နန်ကိုကြည့်လာလိုက်သည်။

အချို့သောအကြောင်းရင်းတွေကြောင့်၊ သူ့ရှင်းပြလာရင်း ရှန်နန်အမူအရာ အနည်းငယ် မှုန်မှိုင်းလာလေတော့တယ်၊ "ငါအသက်ဆယ့်ရှစ်နှစ်မှာသေသွားခဲ့တာ။ ငါ့ဇနီးကို ခြောက်လကြာလက်ထပ်ယူခဲ့တယ်။"

"နင်မြင်လား..." ချန်းယုမျက်နှာက၊ ငါပြောတာမှန်တယ်နော် လို့ပြောနေလေသည်။

နှာဗူးသရဲမိုးကြိုးပစ်ခံလိုက်ရသလို ခံစားမိလိုက်လေသည်။ သို့သော်၊ သူမငါးစက္ကန့်လောက်ဝမ်းနည်းပက်လက်ဖြစ်သွားပြီးနောက် ပြောလာတာက၊ "ကိစ္စမရှိဘူး။ နင့်ဒုတိယဇနီးဖြစ်ရမယ်ဆိုလည်း ငါစိတ်မရှိဘူး။"

" . . . " ရှန်နန်ပတ်ပတ်လည်က ယင်စွမ်းအင် ထပ်မံထိုးတက်လာလေတော့သည်။

"အိုက်ယား၊ အစကတည်းက အေးနေပြီးသား၊ နင်အေးအောင်လုပ်နေတာကို ရပ်လိုက်လို့ရမလား?" အပူချိန်ကျဆင်းလာတာကို ခံစားမိလိုက်တော့၊ ချန်းယုမနေနိုင်ဘဲ ညည်းညူလိုက်လေတော့သည်။

ရှန်နန်တောင့်သွားလေပြီး၊ သူ့ကိုယ်နားတစ်ဝိုက်ကယင်စွမ်းအင် စုဆုံသွားလေတော့သည်။

"ဟုတ်ပြီ၊ တာဝန်မဲ့တဲ့ကိစ္စတွေထဲ ငါပါဝင်မပတ်သတ်တော့ဘူး၊ နင်ပြန်လည်ဝင်စားချင်တာဆိုရင် ငါ့ကိုပြောလိုက်။" ချန်းယုပြောလိုက်လေတယ်၊ "ဒါပေမဲ့

ငါအရင်ဆုံးပြောထားရဦးမယ်။ ငါ့ဝန်ဆောင်မှုအတွက် ပိုက်ဆံပေးရမယ်နော်။ အရင်က ရှေးဟောင်းပစ္စည်းတွေနင်ပေးထားတာ။ နင့်မှာပိုက်ဆံကောရှိနေတာလား?”

“မမကောင်းကင်ဘုံဆရာ၊ သားမိဘတွေက ချမ်းသာကြတယ်။”
ရှောင်းကန်ရုတ်တရက်အသံထွက်လာလေသည်။

“နင်?” မမေးလိုက်ခင် ချန်းယုရုတ်တရက်တောင့်သွားလေတယ်၊ “နင့်မိဘတွေဆီ အိပ်မက်တစ်ခုအပ်နှံချင်တာလား?”

“အမ်” ရှောင်းကန်ခေါင်းညိတ်ပြလိုက်လေသည်။

“ရှောင်းကန်ကို နောက်ဖေးလမ်းထဲ လွှန်ခဲ့တဲ့သုံးနှစ်တုန်းက ကောက်တွေ့ခဲ့တာ။ အဲဒီအချိန်တုန်းက၊ ရှောင်းကန်ကို မလိုမုန်းထားသရဲတစ်ဦးလိုက်လံဖမ်းဆီးနေခဲ့တာ။ သူ့ဝိညာဉ်ကမတည်မငြိမ်ဖြစ်နေပြီး ပုံ့နှံ့လုနီးပါးဖြစ်နေခဲ့တာ။ သူကောင်းမွန်လာတဲ့အထိ ငါ၂နှစ်လောက်အချိန်ပေးစောင့်ရှောက်လာခဲ့တာ။” ရှန်နန်ပြောလိုက်လေတယ်၊ “သူပြန်သက်သာလာရင် မပြန်လည်မွေးဖွားခိုင်းဖို့ အစတုန်းက ငါစီစဉ်ထားခဲ့တာ။”

“အိုကေ၊ သူမကောအတူတူပါမှာလား?” တစ်ဖက်ကနှာဖူးသရဲမကို ချန်းယုလက်ညှိုးထိုးကာ မေးလိုက်လေတယ်၊ “သူတို့ကိုအတူတူပို့လိုက်မယ်ဆိုရင်၊ သရဲဂိတ်ကိုတစ်ခါပဲဖွင့်ပေးဖို့လိုမယ်၊ ငါဈေးပေါပေါနဲ့လုပ်ပေးနိုင်တယ်။”

“ငါမသွားချင်ဘူး!” နှာဖူးသရဲမ တုန့်ဆိုင်းနေသေးလေသည်။

“ပါးစပ်ပိတ်။” ရှန်နန်အော်ဟစ်လိုက်ကာ၊ “အခု မင်းကမလိုမုန်းထားသရဲဖြစ်နေပြီ။ မင်းလောကကြီးထဲ အချိန်ကြာကြာနေလိုက်မယ်ဆိုရင်၊ ကံကောင်းပြီး ကောင်းကင်ဘုံဆရာဖမ်းတာမခံခဲ့ရဘူးဆိုရင်တောင်မှ၊ မင်းဘယ်တော့မှပြန်လည်မွေးဖွားနိုင်တော့မှာမဟုတ်ဘူး။”

တစ်ချိန်တုန်းက သူ့ကိုကယ်တင်ရန်အတွက် မလိုမုန်းထားသရဲအဖြစ်ပြောင်းလိုက်ရန် နှာဖူးသရဲမ တွန့်ဆုတ်မနေခဲ့လေဘူး။ သူမသာအချိန်အတော်ကြာကြာနေနေခဲ့မယ်ဆိုရင်၊ သူမတကယ်ဘဲပြန်လည်မွေးဖွားနိုင်တော့မှာမဟုတ်လေဘူး။

“ငါ…” သူမ ဘယ်တော့မှပြန်လည်မွေးဖွားနိုင်တော့မှာမဟုတ်ဘူးဆိုတာကို နှာဖူးသရဲကြားလိုက်တော့၊ သူမကြောက်လန့်သလိုခံစားလာရကာ ပြောလိုက်လေတယ်၊ “ဟမ်…ဒါဆို ငါနင်နဲ့အချိန်ခဏကြာလောက် နေလို့ရနိုင်မလား?”

"ကြည့်ရတာ မင်းတကယ်ပဲပြန်လည်မမွေးဖွားချင်တော့ဘူးထင်တယ်၊ ဟမ်?" ရှန်နန် ဒေါသထွက်ကာပြောလိုက်လေတယ်၊ "မင်းအရမ်းသေချင်နေမှတော့၊ ကောင်းကင်ဘုံဆရာချန်း မင်းကိုခေါ်သွားခိုင်းလိုက်လေ။"

"ငွေပေးချေမှုမရှိဘဲ ကောင်းကင်ဘုံဆရာချန်းက ငါ့ကိုပို့ပေးမှာမဟုတ်ဘူး။" အကြိမ်အနည်းငယ်တွေ့ဆုံပြီးနောက်၊ ချန်းယုအကြောင်းကို နှာဖူးသရဲသိလာလေတယ်။

"အဟွတ်..." ချန်းယုမနေနိုင်ဘဲ ချောင်းဟန့်လိုက်လေသည်။ သူမပြောတာမှန်နေပေမဲ့၊ ဘာလို့အနည်းငယ်ထူးဆန်းပုံပေါ်နေရတာလဲ?

"ကောင်းကင်ဘုံဆရာတိုင်းက ကောင်းကင်ဘုံဆရာချန်းလိုလို့မင်းထင်နေတာလား? . . . အစောတုန်းက တာအိုဆရာတော်လိုလူမျိုးနဲ့ မင်းတွေ့ခဲ့ရင် ဘယ်လိုလုပ်မလဲ?" ရှန်နန်ပြောလိုက်လေသည်။

ဒါဘာလဲဟ? စကားတွေဘာလို့ဖြုတ်သုံးနေကြတာလဲ? နင့်မှာပြောရဲတဲ့သတ္တိရှိရင်၊ ပြောသာပြောလိုက်စမ်းပါ။ နင်အသတ်မခံရစေရဘူးလို့ ငါကတိပေးတယ်။

"နင်ငါ့ကိုကာကွယ်ပေးလိမ့်မယ်၊ အာ။" ရှန်နန်ကို လေးစားတဲ့အကြည့်နဲ့ နှာဖူးသရဲကြည့်လာလိုက်ကာ၊ "အဲဒီတာအိုဆရာဖြစ်ဖြစ် ဘယ်သူဖြစ်ဖြစ် အားလုံးကနင့်ပြိုင်ဘက်မဟုတ်နေဘူး။"

"ငါမင်းကိုအချိန်တိုင်းကာကွယ်ပေးနိုင်မှာမဟုတ်ဘူး။" ရှန်နန်ကြည်ရဆိုးလာလေကာ၊ "ငါနင့်ကိုအဝေးပို့မှဖြစ်မယ်။ ငါ့မှာ ငါ့ကိစ္စငါလုပ်စရာရှိသေးတယ်။"

"နင်နှစ်ခြောက်ရာကျော်ပိတ်လှောင်ခံထားခဲ့တာလေ။ နင်သိတဲ့လူတွေအားလုံးလည်း မရှိလောက်တော့ဘူး။ နင့်မှာဘာလုပ်သရာရှိနေသေးတာလဲ?" နှာဖူးသရဲမ မေးကြည့်လိုက်လေတယ်၊ "ဒါ့အပြင်၊ လူတွေက မီးအိမ်လိုသေဆုံးသွားကြတာ။ ငါတို့ပြန်မမွေးဖွားခင်တုန်းကဖြစ်ပျက်ခဲ့တာတွေကို ငါတို့အားလုံးမေ့သွားကြမှာ။ ငါတို့..."

"ငါမမေ့နိုင်ဘူး!" ရှန်နန် မျက်လုံးတွေ ရုတ်တရက် သုန်မှိုင်လာလေတော့တယ်၊ "ငါ့ကိုနှစ်ခြောက်ရာကျော်ပိတ်လှောင်ထားခဲ့တဲ့သူတွေကို ငါသွားကြည့်မလို့။ သူတို့မျိုးဆက်တွေဘယ်လိုရှိနေလဲဆိုတာ။"

ချန်းယု၊ နဂိုက တခြားနေရာစိတ်ရောက်နေတဲ့သူမ၊ ရုတ်တရက်ခေါင်းမော့လိုက်ပြီး ရှန်နန်ကို စူးစူးစိုက်စိုက်ကြည့်နေလိုက်တယ်။

"မင်းငါ့ကိုဖမ်းချင်လို့လား?" ချန်းယုကို ရှန်နန် တည့်တိုးစိုက်ကြည့်လိုက်လေသည်။

"အခုတော့ ငါမလုပ်ဘူး၊ ဒါပေမဲ့ နင်သာလူတွေကို အန္တရယ်ပေးလာမယ်ဆိုရင် နင့်ကိုဖမ်းမယ့်ကောင်းကင်ဘုံဆရာတစ်ဦး သေချာပေါက်ရှိလာလိမ့်မယ်။" ချန်းယုပြောလိုက်လေတယ်၊ "အဲ့တာသာ ငါ့နောက်တာဝန်ဖြစ်နေခဲ့မယ်ဆိုရင်၊ ငါသေချာပေါက်လုပ်မှာပဲ။"

"ဒါဆို အချိန်ကျလာမှ၊ ပြောကြတာပေါ့။" ရှန်နန်ပြောလိုက်လေတယ်၊ "သူတို့ကိုအရင်ပို့ပေးဖို့ ကောင်းကင်ဘုံဆရာချန်းကို ဒုက္ခပေးလို့ရမလား?"

ကြောက်လန့်သွားပုံရတဲ့ သရဲမိန်းကလေးကို ချန်းယုကြည့်လိုက်ပြီးနောက် ပြောလိုက်လေတယ်၊ "ဒီည အိပ်မက်အနေဖြင့် ရှောင်းကန်ပေါ်လာလို့ရအောင် ငါကူညီပေးလိုက်မယ်။ ရှောင်းကန်မိဘတွေကို နိုင်ငံထဲကအသင်းအဖွဲ့တစ်ခုခုမှာ ရှောင်းကန်နာမည်နဲ့ ယွမ်ငါးသိန်းလှူဒါန်းခိုင်းလိုက်မယ်။ လှူဒါန်းပြီးသွားရင်၊ ရှောင်းကန်ရဲ့ဝိညာဉ်က ကုသိုလ်အလင်း လင်းလာမှာကို၊ ငါမြင်နိုင်လိမ့်မယ်။"

"ဟုတ်ပြီ၊ ဒါဆို မနက်ဖြန်ညလာခဲ့ပေးပါ။" ရှန်နန်ပြောလိုက်လေသည်။

"အိုကေ။" ပြောပြီးနောက်၊ ချန်းယုထပ်မနေနေလေတော့ဘူး။ သူမလှည့်ပြီးပန်းခြံကထွက်လာခဲ့လိုက်လေသည်။

အပိုင်း(၇၁):ပြန်လည်မွေးဖွားဖို့ သူတို့ကိုပို့ပေးလိုက်

လူနာဆောင် ၂၂၀၆၊ မြို့တော်ဆေးရုံ၌။

နဂိုက ကျန်ဇီယန်တစ်ဦးထဲပဲရှိနေတဲ့လူနာဆောင်မှာ ဆေးရုံခုတင်နောက်တစ်ခုရှိနေလေသည်။ အခြားကုတင်ပေါ်မှာ၊ အသက်နှစ်တယ်အရွယ်လောက်ရှိပုံပေါ်ကာ၊ ရှည်လျားနက်မှောင်တဲ့ဆံပင်ရှည်တွေနှင့် လှပတဲ့မိန်းကလေးတစ်ဦးရှိနေလေတယ်။ သူမသတိမေ့နေပေမဲ့၊ သူမခန္ဓာကိုယ်၏ ရိုးရိုးယဉ်ယဉ်နှင့် ညင်သာတဲ့ပင်ကိုယ်စရိုက်ကိုတော့ လျစ်လျူရှုထားလို့မရနိုင်လေဘူး။ သူမကိုကြည့်လာတဲ့သူတိုင်း၊ သူမကိုသနားကြင်နာလာစေပြီး မနေနိုင်ဘဲ သူမအတွက်ဝမ်းနည်းမိလေသည်။

အမေကျန် သတိမေ့မြောနေတဲ့စုံတွဲကိုကြည့်ပြီး သူမကြောင့်သာ သူမသားသတိမေ့မြောမသွားခဲ့ဘူးဆိုရင် သူမလိုမိန်းကလေးမျိုးကိုချွေးမတော်ရမှာအတွက် သူတို့မိသားစုကျေနပ်အားရနေလောက်မှာပဲလို့ အမေကျန်တွေးမိလိုက်လေသည်။

အမေကျန်သက်ပြင်းချလိုက်ပြီး လူနာဆောင်ကနေထွက်လာပြီး အပြင်ဘက်ဟိုတယ်ဆီသွားလိုက်လေသည်။ အဲဒီမှာ အဖေကျန်ရယ် အောင်မြင်တဲ့စီးပွားရေးသမားတစ်ဦးလို အနောက်တိုင်းဝတ်စုံကိုဝတ်ဆင်ထားတဲ့သက်လတ်ပိုင်းအမျိုးသားရယ်၊ တာအိုဘုန်းတော်ကြီးနှစ်ပါးရယ်၊ တစ်ခုခုကိုဆွေးနွေးနေကြလေသည်။

အောင်မြင်တဲ့စီးပွားရေးသမားနာမည်က လျူရှုချန်ဖြစ်ပြီး၊ လျူမူယာ၊ လူနာဆောင်ခန်းထဲကမိန်းကလေးရဲ့ အဖေဖြစ်လေသည်။ သူမအရင်ပြောလိုက်လေတယ်၊ “ဇီယန်ပေါ်ကချိပ်က ခုနစ်ရက်ပဲခံတာ။ အခုလက်ရှိ၊ နှစ်ရက်ခွဲကျော်သွားပြီ။ ကျွန်မတို့မှာ လေးရက်ခွဲကျန်သေးတယ်။”

“မစ္စတာလျူ၊ ကျွန်တော့သားအပေါ်မင်းအသုံးပြုနေတဲ့ အသက်လဲလှယ်ခြင်းနည်းကိုအခုချက်ချင်းရပ်လိုက်ဖို့ ကျွန်တော်တောင်းဆိုပါတယ်။” အဖေကျန်၊ ပြည်သူ့လုံခြုံရေးဌာနအကြီးအကဲနှင့်သင့်လျော်သော၊ ဟိတ်ပန်တွေကိုဖိနှိပ်ထားလေသည်။

“ဒါရိုက်တာကျန်၊ ကျွန်တော်တို့တွေအသက်လဲလှယ်ခြင်းနည်းကိုသုံးနေတာ တစ်ဝက်ရှိနေပြီ။ ကျွန်တော်တို့သာရပ်လိုက်မယ်ဆိုရင် ယာယာသေချာပေါက်သေသွားနိုင်တယ်၊ ဒါပေမဲ့ ဇီယန်နိုးလာနိုင်မလားဆိုတာကိုတော့ အာမမခံနိုင်ဘူး။” လျူချူချန်ပြောလိုက်လေသည်။

"မင်းခြိမ်းခြောက်နေတာလား?" တစ်ဖက်လူကြောင့် သူ့သားအသက်အန္တရာယ်ရှိနေတာကို အဖေကျန်တွေးလိုက်မိတိုင်း၊ သူ့သေနတ်ဆွဲထုတ်ပြီး တစ်ဖက်လူကို မပစ်နိုင်နေတာကို အဖေကျန်မုန်းတီးနေလေတော့သည်။

"ဒါရိုက်တာကျန်၊ မင်းစိတ်အခြေအနေကိုကျွန်တော်နားလည်ပါတယ်။ ယာယာကိုကယ်တင်ဖို့ ဇီယန်ဒီလိုလုပ်လာမယ်လို့ ကျွန်တော်မထင်ထားမိဘူး။ ကျွန်တော်သာသိခဲ့မယ်ဆိုရင် ဒါကိုတားခဲ့မှာပါ။" လျူရှုချန်အကြံပေးလိုက်လေတယ်၊ "အခုတော့၊ ကျွန်တော်တို့နှစ်ဦး အဲဒီမလိုမုန်းထားသရဲကိုဖမ်းဖို့ ဒီတာအိုဆရာတော်နှစ်ဦးနဲ့ပူးပေါင်းသင့်တယ်၊ ဒီတော့မှ ကလေးနှစ်ယောက်ရဲ့အသက်ကိုကယ်တင်နိုင်မှာလေ။"

သူတို့လျူမိသားစုရဲ့ကျိန်စာကလည်း လွတ်မြောက်နိုင်မှာဖြစ်လေသည်။

အဖေကျန်ဒေါသထွက်နေပေမဲ့၊ သူဦးစားပေးကိစ္စကိုတော့ ရှင်းရှင်းလင်းလင်းခွဲခြားနိုင်လေသည်။ သူအနည်းငယ်စိတ်တည်ငြိမ်လာကာ၊ တာအိုဆရာတော်နှစ်ပါးကိုကြည့်ပြီး မေးလိုက်လေတယ်၊ "တာအိုဆရာတော်ဟဲ၊ တာအိုဆရာတော်ချူ၊ ဆရာတို့သေချာရဲ့လား"

တာအိုဆရာတော်ဟဲ ခဏလောက်တွေးတောလိုက်ပြီး ပြောလိုက်လေတယ်၊ "ဒီမကောင်းမှုဝိညာဉ်က နှစ်၆၀၀ကျော်သက်တမ်းရှိတယ်။ သူ့ကျင့်ကြံရေးအဆင့်ကြီလျှော့တွက်ထားလို့မရဘူး၊ ဒီတော့ ကြိုတင်ပြင်ဆင်မှုတချို့ပြင်ဆင်ထားဖို့လိုမယ်။"

"ဒါအမှန်ပဲ။ မှော်လက်နက်၊ ယဇ်ပလ္လင်၊ အဆောင်တွေနဲ့ အစီအရင်တွေကို ကြိုတင်ပြင်ဆင်ထားဖို့လိုမယ်။" တာအိုဆရာချူဆက်ပြောလိုက်လေသည်။

"ဆရာတို့နှစ်ဦးအတွက် ဒီပစ္စည်းအားလုံးပြင်ဆင်ထားဖို့ တစ်ယောက်ယောက်ရှာပေးပါ့မယ်။ ကျွန်တော်မေးလို့ရနိုင်မလား၊ ဒီတကြိမ် အဲဒီမကောင်းမှုဝိညာဉ်ကို ဆရာတို့ရှင်းပေးနိုင်လောက်လား?" လျူရှုချန်မေးလိုက်လေသည်။

"ဒါအတွက်၊ လျူမိသားစု၏ ချင်မင်ဓားကို ငါတို့ငှားယူဖို့လိုမယ်။" တာအိုဆရာဟဲပြောလိုက်လေတယ်၊ "ချင်မင်ဓားက နှစ်တစ်ထောင်သက်တမ်းရှိတဲ့ မှော်လက်နက်ပဲ၊ မစ္စတာလျူရဲ့မိသားစုက အကောင်းဆုံးဖြစ်အောင်ထိန်းသိမ်းထားခဲ့တာ။ အချိန် မလိုမုန်းထားသရဲကို ငါတို့ထိုးစိုက်နိုင်သရွေ့၊ သူမီးခိုးလိုပျောက်ကွယ်သွားလိမ့်မယ်။"

"ဟုတ်ပြီ၊ အဲဒီမကောင်းမှုဝိညာဉ်ကိုရှင်းပစ်နိုင်သရွေ့ ကောင်းကင်ဘုံမီးတောက်ဘုရားကျောင်းဆီ အဲဒီဓားကိုလက်ဆောင်အနေနဲ့ပေးပါ့မယ်။" လျူရှုချန်ပြောလိုက်လေသည်။

တာအိုဆရာဟဲနှင့် တာအိုဆရာချူတို့ ဒါကိုကြားတော့ အံ့သြသွားကြလေသည်။ ဒီည ကောင်းကင်ဘုံမီးတောက်ဘုရားကျောင်းကိုပြန်ပြီး ညီအစ်ကိုတွေဆီက အကူအညီယူရန် တိတ်တိတ်လေးဆုံးဖြတ်ချက်ချလိုက်လေတယ်။ ဒီနည်းဖြင့်၊ အဲဒီမကောင်းမှုဝိညာဉ်ကို သူတို့ရှင်းထုတ်ပေးနိုင်လေသည်။

နောက်နေ့ညစာစားပြီးနောက်၊ သူမသံလိုက်အိမ်မြှောင်ကိုယူကာ၊ ရှန်နန်နဲ့အခြားသူတွေကိုတွေ့ရန် မြို့တော်က ကျင့်ယန်စီရင်စုက ပန်းခြံဆီသွားဖို့ အဆင့်သင့်ဖြစ်နေလေပြီ၊ သူမတံခါးကနေလျှောက်ထွက်လာတော့ ရုတ်တရက် ချင်ယီနှင့်ရှောက်ဟွေကိုတွေ့လိုက်ရလေသည်။

"ရှီရှီ၊ မင်းအပြင်သွာမးလို့လား? ငါတို့မင်းကိုလိုက်ပို့ပေးရမလား?" ချန်းယုထွက်သွားတဲ့နေ့ကို ရှောက်ဟွေတွေးမိလိုက်လေသည်။ ချန်းယုကူညီရန်ငြင်းလိုက်တယ်လို့ အမေကျန်ကြားလိုက်တော့၊ သူမချန်းယုကို သွေးအေးတယ်ဆိုပြီး လူနာဆောင်ထဲ ဆဲဆိုလေတယ်၊ ဒီတော့ ချန်းယုကို သူအခုမြင်လိုက်တော့ အနည်းငယ်အပြစ်မကင်းဖြစ်မိလေသည်။

"လမ်းမကြုံလောက်ဘူး။" ချန်းယု အများကြီးမတုံ့ပြန်လိုက်လေဘူး။

"မင်းဘယ်ကိုသွားမှာလဲ?" ချင်ယီရုတ်တရက်အသံထွက်မေးလိုက်လေသည်။

"ကျင့်ယန်စီရင်စု၊ ဖေမာပန်းခြံ။" ချန်းယု လိပ်စာကိုပြောပြလိုက်လေသည်။

"ငါတို့သွားမယ့်လမ်းပဲ။ လမ်းကြုံတာပေါ့။ ငါတို့လည်း ကျင့်ယန်စီရင်စုကိုသွားမလို့။" ရှောက်ဟွေပျော်ပျော်ရွှင်ရွှင်ပြောလိုက်လေကာ၊ ချန်းယုအတွက် ကားနောက်တံခါးကိုဖွင့်ပေးလိုက်လေသည်။

ချန်းယုကျေးဇူးတင်လိုက်ပြီး ကားထဲဝင်ထိုင်လိုက်လေသည်။

"ရှီရှီ၊ နောက်ကျနေပြီကို ဘာလို့ပန်းခြံဆီသွားတာလဲ?" ရှောက်ဟွေသူ့ဖုန်းကိုအသုံးပြုပြီးပန်းခြံကိုရှာကြည့်လိုက်တော့ သူတို့သွားမယ့်နေရာနဲ့အရမ်းနီးနေတယ်ကိုတွေ့လိုက်လေသည်။ ကီလိုမီတာအနည်းငယ်သာကွာခြားလေသည်။ သို့သော်၊ ပန်းခြံကအရမ်းသေးပြီး၊ ညအချိန်၌ ဘယ်သူမှမရှိနိုင်လေဘူး။

"မှားနေတဲ့ဝိညာဉ်တွေကို သူတို့ထိခိုက်နစ်နာမှုကနေ လွတ်ပေးဖို့။" ချန်းယုပြန်ဖြေလိုက်လေသည်။

ကားထဲ ရုတ်တရက်တိတ်ဆိတ်သွားလေတယ်၊ ချင်ယီနဲ့ရှောက်ဖေ့ချွ ချန်းယုရဲ့identityကို သိနေပြီးသားဖြစ်ပေမဲ့၊ အဲ့တာနဲ့ပတ်သတ်တာကို ရုတ်တရက်ကြားရတာက အနည်းငယ်ထူဆန်းနေသေးလေသည်။

"ဟီ-ဟီ-ဟီ…ဒါဆို ဂရုစိုက်ဦး။" ရှောင်ဖေ့ချွ ခြောက်ကပ်ကပ်ရယ်မောကာ ပြောလာလိုက်တယ်။

"ဒါနဲ့" ချန်းယု ခဏလောက်တွေးကြည့်လိုက်ပြီး မေးလိုက်လေတယ်၊ "ငါလုပ်ပေးထားတဲ့ချိပ်က ခုနစ်ရက်ပဲခံမှာ။ ဒါနဲ့ကောဆို လေးရက်ရှိနေပြီ။ ကျန်ဇီယန်ဘယ်လိုနေလဲ?"

ချန်းယု ထပ်မံမပတ်သတ်ချင်တော့ပေမဲ့၊ အဆုံးမှာတော့၊ သူလုံးလုံးမေ့လိုက်လို့မရလေဘူး။ ဒီအပြင်၊ ဒီနေ့ ချင်ယီနှင့်ရှောက်ဖေ့ချွကို သူမတွေ့နေတာပဲ။ အနည်းဆုံးတော့ သူမမေးလိုက်သင့်တယ်လို့ သူမထင်မိလေသည်။

"ဟာ…သူအဆင်ပြေပါတယ်။" ရှောက်ဖေ့ချွပြန်ဖြေလိုက်လေတယ်၊ လက်ထုတ်ကာ သူ့နှာခေါင်းကို အနည်းငယ်ကသိကအောက်ဖြစ်သလိုထိကိုင်လိုက်လေသည်။

"အိုကေ?" ချန်းယုမေးလိုက်လေတယ်၊ "သူနိုးလာပြီးလား?"

"အခုထိတော့မနိုးသေးဘူး။" ချင်ယီ၊ ကားမောင်းနေတဲ့သူ၊ ရုတ်တရက်ပြောလာလေတယ်၊ "ဦးလေးကျန်နဲ့အခြားသူတွေက အခြားကောင်းကင်ဘုံဆရာတွေကိုရှာပြီး နည်းလမ်းရှာတွေ့သွားပြီ။ အဲဒီနေ့က၊ မဆင်မခြင်နဲ့မင်းကိုဒုက္ခပေးမိတာ ငါတို့အမှားပဲ။"

"ဟုတ်တယ်၊ ငါတို့အမှားပဲ။ ငါတို့အဲဒီတုန်းက မင်းကိုမဆွဲခေါ် ခဲ့သင့်ဘူး။" ရှောက်ဖေ့ချွလည်းနောက်လိုက်ပြီး တောင်းပန်လာလေတော့သည်။

"အခြားကောင်းကင်ဘုံဆရာ?" ချန်းယု အနည်းငယ်မျက်မှောင်ကြုပ်လိုက်လေတယ်။ ကျန်ဇီယန်ဆန္ဒကိုဆန့်ကျင်ပြီး ကျန်မိသားစုက သူ့အပေါ်ကအစီအရင်ကို အတင်းအကြပ် ဖျက်ပစ်ချင်သေးတဲ့ပုံပဲ။

ထားလိုက်တော့၊ အခြားကောင်းကင်ဘုံဆရာတွေရှာပြီးသွားမှတော့၊ ဒါက သူမကိစ္စမဟုတ်တော့ဘူး။

စာရေးသူ၏မှတ်စု:

နှာဗူးသရဲမ: အခြားသူရဲ့လက်ကိုကိုင်မိတာကြောင့် နင်တို့ရှေးခေတ်ကလူတွေ တာဝန်ယူပြီးလက်ထပ်ရတယ်မဟုတ်ဘူးလား?

ရှန်နန်: ဒါဆို လမ်းပေါ်က အမျိုးသားတွေကို နင်ကိုယ်ထိလက်ရောက်စော်ကားနေကကော?

နှာဗူးသရဲမ: အို၊ အခုခေတ်ရောက်နေပြီ။ ဒီလိုခေတ်နောက်ကျနေတဲ့အတွေးမျိုး
နင့်မှာဘယ်လိုလုပ်ရှိနေသေးရတာလဲ?

ရှန်နန်:ဟာ-ဟား-ဟား ...

အပိုင်း(၇၂):ငါ့စီးပွားရေးကို ဘာလို့လာလုပ်နေတာလဲ

ပန်းခြံဝင်ပေါက်နား၌ ချန်းယုကားပေါ်ကဆင်းပြီး ချင်ယီနဲ့ရှောက်ဟွေကိုနှုတ်ဆက်လိုက်ပြီးနောက် တောအုပ်ကလေးရှိရာဆီ လျှောက်လာလိုက်လေသည်။ အဝေးကနေ တောအုပ်နားတစ်ဝိုက်က သိပ်သည်းတဲ့ယင်အရှိန်အဝါကို သူမအာရုံခံမိလိုက်ပြီး နောက်ကျရင် ရှန်နန်ကိုသတိပေးထားမှပဲလို့ သူမတွေးမိလိုက်လေသည်။ မဟုတ်ရင်၊ ရုပ်လွန်ပညာဌာနက တကယ်ပဲတယောက်ယောက်လွှတ်ပေးလာနိုင်လေသည်။

"ကောင်းကင်ဘုံဆရာချန်း၊" ချန်းယုရှေ့ ရှောင်းကန်နှင့်အတူ ရှန်နန်အရင်ပေါ်လာကာ၊ နောက်ကတော့ နှာဗူးသရဲဖြစ်လေသည်။

ချန်းယုခေါင်းညိတ်ပြလိုက်တယ်။ သူမအကြည့်က ရှောင်းကန်ပေါ်ရောက်သွာတော့၊ ကလေးရဲ့သန့်စင်တဲ့ဝိညာဉ်ပေါ် ရွှေရောင်အလင်းဖျော့ဖျော့လေးကပ်တွယ်နေတာကို သူမမြင်လိုက်ရလေသည်။ ဒီရွှေရောင်အလင်းက ကုသိုလ်အလင်းဖြစ်လေသည်။

"နောက်ဆုံးနှုတ်ဆက်တာဖြစ်ဖြစ် အခြားဟာဖြစ်ဖြစ်ပြောချင်သေးလား? မရှိတော့ဘူးဆိုရင်၊ ငါသရဲဂိတ်ဖွင့်လိုက်တော့မယ်။" ချန်းယုပြောလိုက်လေသည်။

သူ့ပေါင်လောက်သာရှိသော ကလေးကိုရှန်နန်ငုံ့ကြည့်လိုက်ကာ၊ ရှောင်းကန်ရဲ့ခေါင်းကို ပွတ်သပ်ပေးရင်းပြောလိုက်လေတယ်၊ "ဖွင့်လိုက်တော့။"

"နေဦး၊ ငါ့မှာနောက်ဆုံးပြောစရာစကားရှိတယ်။" နှာဗူးသရဲမ ရုတ်တရက်ပြောလာလေသည်။

"မင်းသေပြီးနေပြီပဲ။ ဘာနောက်ဆုံးစကားပြောစရာရှိနေလို့လဲ?" နှာဗူးသရဲ တစ်ခုခုပြောလာတော့မှာကို တွေးမိတာနဲ့ ရှန်နန်နားထင်နားကသွေးကြောတွေဖောင်းလာလေတော့သည်။

"နင့်အတွက်မဟုတ်ဘူး၊ ဒါက ကောင်းကင်ဘုံဆရာချန်းအတွက်။" ဒီနှစ်ရက်အတွင်း၊ ရှန်နန်အား ပြောသင့်တာကော မပြောသင့်တာတွေပါပြောကာ နှာဗူးသရဲမညှဉ်းပန်းနှိပ်စက်ခဲ့တာဖြစ်လေသည်။ ဒီတော့ ဒီတကြိမ်၌၊ ရှန်နန်ကိုပြောဖို့ သူမမှာဘာစကားမှမရှိလေတော့ဘူး။

"ငါ့ကို?" ချန်းယု အံ့သြသွားလေတော့သည်။ သူမနဲ့ နှာဗူးသရဲမက ဒီအခြေအနေလောက်အထိ မရင်းနှီးကျဘူးလို့ သူမထင်မိလေတယ်၊ ဟုတ်တယ်မလား?

"အမှန်ပဲ။" နှာဗူးသရဲ ချန်းယုနား လေးနက်တဲ့အမူအရာနဲ့လျှောက်လာကာ ခေါင်းညိတ်ပြလိုက်လေသည်။

"နင်မပြောတာပိုကောင်းမယ်လို့ ငါထင်တယ်။ နင်ငါ့ကိုပြောလာမယ်ဆိုရင်တောင်၊ ဒါကအချည်းနှီးဖြစ်သွားမှာပဲ။" ချန်းယု ရိုးရိုးသားသားအကြံပေးလိုက်လေသည်။

"ငါ့အတွက်တစ်ခုခုလုပ်ပေးဖို့ နင့်ကိုတောင်းဆိုမှာမဟုတ်ပါဘူး။" သရဲမိန်းကလေး ခံစားချက်တွေနဲ့ပြောလာလိုက်တယ်၊ "ငါ့မှာအတွေးတချို့ရှိနေလို့ပါ။ ဒါတွေကို ငါ့ရင်ဘတ်ထဲကထုတ်ပစ်မှဖြစ်မယ်။"

". . ." ချန်းယု နားမလည်သဖြင့် မျက်တောင်ခပ်လိုက်လေသည်။

"အဲဒီကိုသွားပြီး ပြောကြရအောင်။" ချန်းယုကို အနည်းငယ်ဝေးတဲ့နေရာဆီ သရဲမိန်းကလေးခေါ်လာလိုက်ကာ၊ ဘာပုံရိပ်မှမထိန်းထားဘဲ မြေပေါ်ထိုင်ချပစ်လိုက်လေသည်။

ချန်းယုတို့ဆိုင်းသွားပြီး၊ တူညီတဲ့မတင့်တယ်တဲ့အပြုအမူမျိုးနဲ့ သရဲမိန်းကလေးဘေးထိုင်ချလိုက်လေတော့သည်။ ဒီမြင်ကွင်းကို ရှန်နန်ရဲ့မျက်လုံးထောင့်ကနေမြင်လိုက်ရတော့၊ သူ့နှုတ်ခမ်းတွန့်မိသွားလေသည်။ ယခုခေတ်အမျိုးသမီးတွေက တကယ်ပဲဘာဟန်ပန်မှမရှိနေတော့ဘူးလို့ သူစိတ်ထဲ တိတ်တိတ်လေးတွေးမိလိုက်လေသည်။

"ငါ့ကိုပြောလိုက်၊ နင်နောက်ပိုင်းပြန်လည်မွေးဖွားချိန် မကျေမနပ်မှုတွေလျော့ပါးသွားအောင်။ နင့်စိတ်ထဲရှိနေတာတွေအားလုံး ထုတ်သာထုတ်ပြောပစ်လိုက်၊ နင့်စိတ်ထဲဘာမှမကျန်တော့အောင်။" ချန်းယုပြောလိုက်လေသည်။

"ကောင်းကင်ဘုံဆရာချန်း၊ နင်ဒီနှစ်ဘယ်နှနှစ်ရှိပြီလဲ?" နှာဗူးသရဲမ ရုတ်တရက်မေးလာလိုက်တယ်။

"နင်ပြောချင်တာတွေရင်ဖွင့်မလို့မဟုတ်ဘူးလား? ငါ့အသက်ကိုဘာလို့မေးနေရတာလဲ၊ အာ?" ချန်းယုသိချင်မိသွားလေသည်။

"အာ၊ နင်မပြောဘူးဆိုရင်တောင်ငါခန့်မှန်းလို့ရတယ်။ နင့်မျက်နှာကအရမ်းနူးညံ့နေတာ။ ပြီးတော့ တက္ကသိုလ်ကျောင်းသူလည်းဖြစ်နေတယ်။ ဒီတော့ နင်နှစ်ဆယ်ထက်တော့ကျော်ဦးမှာမဟုတ်လောက်ဘူး။" ဒီအသက်ကိုကျော်လွန်ပြီးသွားသူလိုမျိုး သရဲမိန်းကလေးသက်ပြင်းချလိုက်ပြီး ပြောလာလေတယ်၊ "ဒါပေမဲ့ နင်အခုထိမချစ်မိသေးဘူးထင်တယ်။"

ပြောပြီးသွားတော့၊ ချန်းယုတုံ့ပြန်ချက်ကိုကြည့်ဖို့လှည့်လိုက်လေသည်။ ချန်းယု သူမကိုကြောင်တောင်တောင်ကြည့်နေလေတယ်၊ 'နင့်အလုပ်မဟုတ်ဘူး' လို့ သူမမျက်နှာပေါ်ထွင်းထုထားလုနီးပါးဖြစ်နေလေသည်။

ဘာပဲဖြစ်ဖြစ်၊ နှာဖူးသရဲမက မကြာခင် ပြန်လည်မွေးဖွားတော့မှာဖြစ်လေတယ်၊ ဒီတော့ သူမအကြောက်အလန့်ကင်းမဲ့နေလေသည်။ တစ်ခုမှဂရုစိုက်မနေဘဲ၊ သူမပွင့်ပွင့်လင်းလင်းပြောလာလိုက်တယ်၊ "ကျောင်းသူ၊ အာ၊ ဒါက မိန်းကလေးတွေရဲ့ဘဝမှာ ချစ်ကြိုက်မိဖို့ အသင့်တော်ဆုံးသောကာလပဲ။ ကောင်းကင်ဘုံဆရာချန်း၊ နင့်မှာစကေးကောင်းတွေရှိပေမဲ့၊ ဒီကိစ္စတွေမှာ ငါ့ကိုကျွမ်းကျင်သူတစ်ဦးအဖြစ်စဉ်းစားလို့ရတယ်။"

"ငါသေသွားပြီးနောက် ပြန်လည်မွေးဖွားဖို့တွန့်ဆုတ်နေရတာက၊ ငါတစ်ခါမှမချစ်ကြိုက်မိဖူးလို့ပဲ၊ ဒီတော့ ငါပြန်လည်မွေးဖွားဖို့တုံ့ဆိုင်းနေခဲ့တာ။ ငါချစ်သူထားကြည့်ချင်တယ်၊ ဒါပေမဲ့ ဘယ်လိုလူမျိုးကို ငါတကယ်သဘောကျတာလဲဆိုတာ ငါမသိနေဘူး။ ငါဇာတ်လမ်းတွဲတွေကြည့်ပြီး ဝတ္ထုတွေဖတ်ကြည့်တော့၊ အဲဒီထဲအားလုံးနီးပါးပြောထာတာက နင်တကယ်သဘောကျတဲ့သူတွေ့ရင်၊ နမ်းတဲ့ခံစားချက်က အရမ်းမှော်ဆန်လာလိမ့်မယ်၊ နင့်နှလုံးခုန်မြန်လာပြီး၊ မီးရှူးမီးပန်းတွေကကိုယ်မျက်စိရှေ့ဖောက်ပေးနေသလိုမျိုးတဲ့။ ဒါကြောင့်၊ လမ်းပေါ်က ငါ့အလှရသနှင့်ကိုက်ညီတဲ့လူချောတွေကိုတွေ့တိုင်း ခိုးနမ်းတော့တာပဲ။ သူတို့ထဲကတစ်ယောက်ယောက်က အဲဒီလိုခံစားချက်မျိုးပေးနိုင်ခဲ့ရင် ငါပြန်လည်မွေးဖွားလိုက်မယ်လို့ ငါ့ကိုယ်ငါပြောထားတာ။ ဒါပေမဲ့၊ လူအများကြီးကိုငါနမ်းပြီးသွားတာတောင်၊ အဲဒီခံစားချက်ကိုငါမခံစားဖူးဘူး။"

ဒီတော့ နင်ဘယ်လိုလုပ် နှာဖူးဖြစ်လာလဲဆိုတာ ငါ့ကိုရှင်းပြနေတာလား?

"နောက်တော့၊ ရှန်နန်ကိုငါတွေ့လိုက်တယ်၊ ပြီးတော့ သူ့ကိုနမ်းခွင့်ပေးဖို့ သူငါ့ကိုငြင်းလာခဲ့တာ။" နှာဖူးသရဲ ရယ်မောလိုက်လေတယ်၊ "နောက်ဆုံးတော့ ငါသူ့ကိုနမ်းခွင့်ရခဲ့တယ်။"

"အဲဒီအချိန် မီးရှူးမီးပန်းတွေမြင်လိုက်ရလား?" ချန်းယုသိချင်စိတ်နဲ့မေးကြည့်လိုက်လေသည်။

"ဟင့်အင်း"

"နှလုံးခုန်မြန်လား?" ချန်းယုထပ်မံမေးကြည့်လိုက်လေသည်။

"ဟင့်အင်း။"

"ဒါဆို ရှန်နန်ကို နင်သဘောမကျဘူးပေါ့၊ ဟုတ်လား?" ချန်းယုကောက်ချက်ချလိုက်လေသည်။

"ရှန်နန်ကိုမကြိုက်ဘူးလို့ဘယ်သူပြောလို့လဲ?"
နှာဖူးသရဲမ ပြောလိုက်လေတယ်၊ "နှလုံးခုန်မြန်တာ မီးရှူးမီးပန်းပေါက်လာတာတွေ၊
ဒီလိုအရာမျိုးက အချိန်နဲ့အခွင့်အရေးတွေပေါ်မူတည်တယ်။ သေရေးရှင်ရေးဖြစ်နေချိန်၊
မီးရှူးမီးပန်းဖောက်ဖို့ဘယ်လိုလုပ်အချိန်ရှိနေဦးမှာလဲ?"

"နှလုံးခုန်မြန်တာကော မီးရှူးမီးပန်းပေါက်တာကောနှစ်ခုလုံးမရှိဘူးလေ၊ ဒီတော့
ရှန်နန်ကိုနင်သဘောကျတယ်ဆိုတာ နင်ဘယ်လိုလုပ်ဆုံးဖြတ်နိုင်လိုက်တာလဲ?"
ချန်းယုမေးလာလိုက်လေသည်။

"ဘာလို့ဆို၊ နောက်ပိုင်း ငါသူ့ကိုဆက်ပြီးနမ်းချင်သေးတာကြောင့်ပဲ။"
သရဲမိန်းကလေးရယ်မောလိုက်လေတော့သည်။

ချန်းယုမျက်တောင်ခပ်ပြီးနားမလည်နိုင်ဖြစ်နေလေသည်။

အပိုင်း(၇၃):ငါ့စီးပွားရေးကိုဘာလို့လာလုနေတာလဲ

"ငါလူတွေအများကြီးကိုနမ်းဖူးတယ်၊ လူချောအမျိုးမျိုးကိုပေါ့၊ ဒါပေမဲ့ အနမ်းတိုင်းကအတူတူပဲ။ ရှန်နန်တစ်ဦးထဲကပဲ--သူတစ်ဦးထဲကပဲ ငါ့ကိုနမ်းဖူးပြီး ဆက်ပြီးနမ်းချင်စိတ်ဖြစ်နေစေတာ။" နှာဖူးသရဲမ ဆက်ပြောလိုက်လေတယ်၊ "ဒီတော့၊ ကောင်းကင်ဘုံဆရာချုန်း၊ အနာဂတ်မှာ နင်အချိန်ကြာကြာနမ်းချင်သေးတဲ့အနမ်းဖြစ်ဖြစ်၊ ဘာမနှစ်သက်မှုမှမရှိဘဲ တစ်ယောက်ယောက်ကိုနမ်းချင်တဲ့အနမ်းနဲ့ဖြစ်ဖြစ်၊ နင်ကြုံတွေ့လာခဲ့ရင်၊ ဒါဆို သူကနင့်အနာဂတ်ကောင်လေးဖြစ်လာနိုင်တယ်။"

နမ်းတာ၊ ပြီးတော့ ဆက်ပြီးနမ်းချင်သေးတာ၊ ဘာမနှစ်သက်မှုမှမရှိတဲ့အနမ်း?

တတိယအစ်ကို??

ချုန်းယု သူမပါးစပ်ကိုတအံ့တသြကာလိုက်ကာ၊ သူမခေါင်းကို လွန်လွန်ကဲကဲခါယမ်းပစ်လိုက်လေပြီး၊ ငြင်းနေလိုက်လေတော့သည်။ မဖြစ်နိုင်တာ၊ ငါတတိယအစ်ကိုကိုကိုယ်တင်ဖို့ကြိုးစားနေတာကို။ နှာဖူးသရဲရဲ့မဖြူစင်တဲ့အနမ်းနဲ့မတူနေပါဘူး။

"ငါတို့ မိန်းကလေးတွေမှာ၊ စိတ်ခံစားမှုနှင့်ဆိုင်တဲ့သန့်ရှင်းမှုရှိတယ်။ ငါတို့မကြိုက်တဲ့သူကိုနမ်းမိတာနဲ့ မအီမသာဖြစ်သလိုခံစားလာရလိမ့်မယ်။ အပြန်အလှန်အားဖြင့်၊ မင်းတစ်ယောက်ယောက်ကိုနမ်းပြီး မင်းမုန်းတယ်လို့မခံစားရဘူးဆိုရင်၊ ဒါဆို နင်သူ့ကိုသဘောကျနေနိုင်တယ်။" နှာဖူးသရဲမ သူမတစ်ကိုယ်တည်းစကားရှည်ရှည်လျားလျားပြောဆိုနေတာကို ဆက်လိုက်လေပြန်သည်။

တတိယအစ်ကိုကိုငါမနှစ်သက်ဘူးလား? နမ်းပြီးသွားရင် ငါသူ့ကိုထပ်ပြီးနမ်းချင်သေးတယ်လို့မခံစားရဘူး၊ ဒါပေမဲ့...

တတိယအစ်ကိုကို ဆောင်းယဥ်စွန်းချိန်တုန်းက တစ်ညလုံးမရပ်မနားနမ်းနေခဲ့တဲ့ပုံရိပ်ကို ချုန်းယုပြန်တွေးလိုက်တယ်။ ခဏလေးအတွင်း၊ သူမတစ်ကိုယ်လုံးပျာယာခက်သွားလေသည်။

"သေခြင်းရှင်ခြင်းကြားကနေ ငါနားလည်လာတဲ့အရာတွေရှိတယ်။ အနာဂတ်မျိုးဆက်ဆီလက်ဆင့်ကမ်းပေးဖို့ ငါ့မှာအခွင့်အရေးမရှိနေဘူး။ ဒီတော့၊ ငါနင့်ကိုပဲပြောနိုင်တော့တယ်။ ဒါက နင့်အတွက်အကူအညီဖြစ်ပါစေလို့ ငါမျှော်လင့်ပါတယ်။" နှာဖူးသရဲမ သက်ပြင်းချလိုက်လေတယ်၊ "ဒီကမ္ဘာထဲငါလျှောက်ပတ်နေခဲ့တာက အချည်းနှီးမဖြစ်ခဲ့ဘူးပဲ..."

နှာဖူးသရဲ သူမဘဝအတွေ့အကြုံအကြောင်း တောက်ရောက်မြောက်ရောက်ပြောဆိုနေတုန်း၊ သူမ တတိယအစ်ကိုကို နမ်းတာတွေက ဖြူစင်ရဲ့လား မဖြူစင်ဘူးလားဆိုတာ ချန်းယုဇဝေဇဝါဖြစ်နေလေသည်။ ပန်းခြံနဲ့သိပ်မဝေးလှတဲ့ ဖွင့်မထားတဲ့အဆောက်အဦးထဲ၊ မရေမတွက်နိုင်တဲ့ စာရွက်ဝါတွေနဲ့ အဖြူရောင်ရွက်တွေ၊ ဖယောင်းတိုင်နဲ့ အမွှေးထိုင်းထည့်စရာခွက်တွေ၊ စားပွဲနှင့် လှူဖွယ်ပစ္စည်းတွေ၊ တစ်နေရာလုံးပစ္စည်းတွေနဲ့ပြည့်နှက်နေလေသည်။

တာအိုဝတ်စုံဝတ်ဆင်ထားတဲ့ တာအိုဘုန်းတော်ကြီးလေးပါး၊ တစ်ဦးချင်းစီ သစ်သားမက်မွန်ဓားတစ်လက်ဆီကိုင်ဆောင်ထားကာ၊ အဆောက်အဦးထဲ ဂါထာရွတ်ဆိုနေကြလေသည်။

လူအုပ်နောက်ကျောကို ချင်ယီနဲ့ရှောက်ဟွေ့ကြည့်ကာ တီးတိုးပြောဆိုနေကြလေသည်။

ရှောက်ဟွေ့: "ဒီတာအိုဆရာတော်တွေဘာလုပ်နေကြတာလဲ?"

ချင်ယီ: "သူတို့အစီအရင်ပြင်ဆင်နေတာဖြစ်လောက်မယ်။ မကောင်းမှုဝိညာဉ်က နှစ်ခြောက်ရာသက်တမ်းရှိတယ်လို့ ငါကြားထားတယ်။ သာမန်ကောင်းကင်ဘုံဆရာတွေ သူ့ကိုမနှိမ်နင်းနိုင်ဘူး၊ ဒီတော့ ကောင်းကင်ဘုံမီးတောက်ဘုရားကျောင်းက တာအိုဆရာတော်တွေက ကြိုတင်ပြီး အစီအရင်ခင်းကျင်းထားနေတာ။ ပြောတာတော့ မကောင်းမှုဝိညာဉ်ကို အထဲပိတ်လှောင်ထားလို့ရတယ်တဲ့။"

ရှောက်ဟွေ့အံ့ဩသွားလေတယ်: "နှစ်ခြောက်ရာ? ငါတို့ရှီရှီကိုကြားဝင်မပါခိုင်းမိတာကို ကျေးဇူးတင်ရမှာပဲ။ မဟုတ်လို့ သူမသာဒဏ်ရာရသွားခဲ့ရင်၊ အစ်ကိုချန်းယန်ကို ငါတို့ဘယ်လိုရှင်းပြရမလဲသိတော့မှာတောင်မဟုတ်ဘူး။"

ချင်ယီ သဘောတူတဲ့အနေဖြင့် ခေါင်းညိတ်လိုက်လေသည်။

အဲဒီအချိန်၌၊ ကျန်ဝမ်ဝမ်နဲ့ ချူရှောင်း အဆောင်နှစ်ခုဖြင့်ချည်းကပ်လာကြလေသည်။ သူတို့ကို တစ်ခုစီပေးလာလိုက်ပြီး ပြောလိုက်လေတယ်၊ "ဒီအဆောင်ယူထားလိုက်။ နောက်ကျရင် မကောင်းမှုဝိညာဉ်ကိုနင်တို့မြင်လာနိုင်လိမ့်မယ်။"

သူမလက်ထဲက အဆောင်တစ်ခုကို ရှောက်ဟွေ့ယူလိုက်ပြီး မေးလိုက်လေတယ်၊ "အဲဒီမကောင်းမှုဝိညာဉ် ခြောက်လှန့်တာခံရမှာကို နင်မကြောက်ဘူးလား?"

"ငါမကြောက်ဘူး။ ဘယ်လိုမကောင်းမှုဝိညာဉ်မျိုးက ငါ့အစ်ကိုကိုဒုက္ခပေးနေလဲဆိုတာ ငါကြည့်ကြည့်ချင်တယ်။" ကျန်ဝမ်ဝမ်တွေးလိုက်လေသည်။ ငါ့ပုခုံးပေါ်လှဲနေတဲ့ ကလေးသရဲကို

ငါမြင်ဖူးပြီးသွားပြီ၊၊ မကောင်းမှုဝိညာဉ်ကို အဝေးကကြည့်နေတာ ဘာကြောက်ဖို့ကောင်းမှာမလို့လဲ?

"ရှောက်ပျော့၊ ချင်ယီ၊ တာအိုဆရာတော်တွေက ငါတို့ကိုအစောတုန်းက အမိန့်ပေးထားတယ်။ ဒီအနီရောင်မျဉ်းကို ငါတို့လုံးဝကျော်သွားလို့မရဘူး။"။ ချူရှောင်း ချင်ယီဘေးရပ်ပြီး သူတို့ကိုသတိပေးလိုက်လေသည်။

"သိပြီ၊ ကျေးဇူးပဲ။" နှစ်ဦးသားက သူတို့အမြင်ဖွင့်ဖို့လာကြည့်ရုံသာဖြစ်လေသည်။ သူတို့စွန့်စားမှုလုပ်ဖို့ ဘာရည်ရွယ်ချက်မှမရှိနေလေဘူး။

"သူတို့စတော့မယ့်ပုံပဲ။" ကျန်ဝမ်ဝမ်ရုတ်တရက်အသံထွက်ပြောလာလေသည်။

သူတို့လေးဦးလုံး မော့ကြည့်လိုက်ကြလေသည်။

လက်နှစ်ဖက်လုံးဖြင့် အနက်ရောင်ကိုယ်ထည်ရှိတဲ့ ရှေးဟောင်းဓားတစ်ခု လျူရှုချန်ကိုင်ထားတာကို သူတို့မြင်တွေ့လိုက်ရလေသည်။ သူစားပွဲဆီဖြည်းဖြည်းချင်းလျှောက်သွားကာ၊ တာအိုဆရာတော်ချူထံ အဲ့တာပေးလိုက်လေပြီး၊ "တာအိုဆရာတော်၊ ဒါက ချင်မင်ဓားပါ၊ ပြီးတော့…"

ထို့နောက် သူ့အိတ်ကပ်ထဲကနေ အိုးဟောင်းနေပြီဖြစ်တဲ့ ရွှေရောင်နာမည်ကဒ်တစ်ခုထုတ်ပြီး တာအိုဆရာတော်ထံ လျူရှုချန်လှမ်းပေးလိုက်လေတယ်၊ "အဲဒီမကောင်းမှုဝိညာဉ်ရဲ့မွေးနေ့။"

"ဒါဆိုလုံလောက်ပါပြီ။ မစ္စတာလျူ၊ မင်းအခုအဝေးမှာနေနေလိုက်။ ကျန်တာတွေကို ဒီတာအိုဆရာတော်နဲ့သူ့ညီအစ်ကိုတွေဆီအပ်ထားလိုက်။ ဒီနေ့ အဲဒီမကောင်းမှုဝိညာဉ်ကို သေချာပေါက် ရှင်းထုတ်ပေးမယ်။" တာအိုဆရာတော်ချူအာမခံပြောလာလိုက်သည်။

"ကောင်းတယ်။ ဒါဆို တာအိုဆရာတော်တို့ကို ကျွန်တော်ကျေးဇူးတင်ပါတယ်။" လျူရှုချန်ပြောပြီးနောက်၊ သူကိုယ်လှည့်ပြီး အနီရောင်စက်ဝိုင်းမျဉ်းဆီ ပြန်လာခဲ့လိုက်လေပြီး၊ ဒါရိုက်တာကျန်ဘေးရပ်လိုက်လေသည်။

"ဘယ်လိုလဲ?" ဒါရိုက်တာကျန်မေးလိုက်လေသည်။

"အင်း၊ ကျွန်တော်တို့မကြာခင်မြင်ရလိမ့်မယ်။" လျူရှုချန်ပြန်ဖြေလိုက်လေသည်။

စတုရန်းကွက်၏အလယ်၌၊ မကောင်းမှုဝိညာဉ်၏မွေးနေ့ရက်စွဲပါတဲ့ နာမည်ကဒ်ပြားနဲ့ စားပွဲနောက် တာအိုဆရာတော်ချူရပ်နေလေကာ၊ သူ့လက်ထဲကအဆောင်ကို ဝှေ့ယမ်းလိုက်တော့၊ အဝါရောင်စက္ကူချက်ချင်းတောင်လောင်သွားလေတော့သည်။

အစီအရင်၏အစွန်းအဖျားတွေ၌ အခြားသောကောင်းကင်ဘုံဆရာသုံးဦး ရပ်လိုက်ကြကာ၊ အစီအရင်၏ ဦးတည်ဘက်သုံးခုကနေ တြိဂံတစ်ခုဖြစ်တည်လာစေလေသည်။

တာအိုဆရာတော်ချူ သူညီအစ်ကိုသုံးဦးကိုကြည့်ကာ၊ သူ့မျက်လုံးနဲ့အချက်ပြလိုက်ပြီး မန္တန်းရွတ်ဖတ်လိုက်လေတော့သည်။ အစီအရင်၏ဘာမှမရှိတဲ့အလယ်နေရာ၌ လေပွေတစ်ခုချက်ချင်းတိုက်ခတ်လာလေသည်။ ဘယ်သူမှမတုံ့ပြန်နိုင်ခင်၊ အဲ့တာကောင်းကင်ပေါ် ရုတ်တရက်ထိုးဝင်သွားလေသည်။

အပိုင်း(၇၄):ငါ့စီးပွားရေးကိုဘာလို့လာလုနေတာလဲ

"ငါလူတွေအများကြီးကိုနမ်းဖူးတယ်၊ လူချောအမျိုးမျိုးကိုပေါ့၊ ဒါပေမဲ့ အနမ်းတိုင်းကအတူတူပဲ။ ရှန်နန်တစ်ဦးထဲကပဲ--သူတစ်ဦးထဲကပဲ ငါ့ကိုနမ်းဖူးပြီး ဆက်ပြီးနမ်းချင်စိတ်ဖြစ်နေစေတာ။" နှာဗူးသရဲမ ဆက်ပြောလိုက်လေတယ်၊ "ဒီတော့၊ ကောင်းကင်ဘုံဆရာချန်း၊ အနာဂတ်မှာ နင်အချိန်ကြာကြာနမ်းချင်သေးတဲ့အနမ်းဖြစ်ဖြစ်၊ ဘာမနှစ်သက်မှုမှမရှိဘဲ တစ်ယောက်ယောက်ကိုနမ်းချင်တဲ့အနမ်းနဲ့ဖြစ်ဖြစ်၊ နင်ကြုံတွေ့လာခဲ့ရင်၊ ဒါဆို သူကနင့်အနာဂတ်ကောင်လေးဖြစ်လာနိုင်တယ်။"

နမ်းတာ၊ ပြီးတော့ ဆက်ပြီးနမ်းချင်သေးတာ၊ ဘာမနှစ်သက်မှုမှမရှိတဲ့အနမ်း?

တတိယအစ်ကို??

ချန်းယု သူမပါးစပ်ကိုတအံ့တသြကာလိုက်ကာ၊ သူမခေါင်းကို လွန်လွန်ကဲကဲခါယမ်းပစ်လိုက်လေပြီး၊ ငြင်းနေလိုက်လေတော့သည်။ မဖြစ်နိုင်တာ၊ ငါတတိယအစ်ကိုကိုကယ်တင်ဖို့ကြိုးစားနေတာကို။ နှာဗူးသရဲရဲ့မဖြူစင်တဲ့အနမ်းနဲ့မတူနေပါဘူး။

"ငါတို့ မိန်းကလေးတွေမှာ၊ စိတ်ခံစားမှုနှင့်ဆိုင်တဲ့သန့်ရှင်းမှုရှိတယ်။ ငါတို့မကြိုက်တဲ့သူကိုနမ်းမိတာနဲ့ မအီမသာဖြစ်သလိုခံစားလာရလိမ့်မယ်။ အပြန်အလှန်အားဖြင့်၊ မင်းတစ်ယောက်ယောက်ကိုနမ်းပြီး မင်းမုန်းတယ်လို့မခံစားရဘူးဆိုရင်၊ ဒါဆို နင်သူ့ကိုသဘောကျနေနိုင်တယ်။" နှာဗူးသရဲမ သူမတစ်ကိုယ်တည်းစကားရှည်ရှည်လျားလျားပြောဆိုနေတာကို ဆက်လိုက်လေပြန်သည်။

တတိယအစ်ကိုကိုငါမနှစ်သက်ဘူးလား? နမ်းပြီးသွားရင် ငါသူ့ကိုထပ်ပြီးနမ်းချင်သေးတယ်လို့မခံစားရဘူး၊ ဒါပေမဲ့...

တတိယအစ်ကိုကို ဆောင်းယဉ်စွန်းချိန်တုန်းက တစ်ညလုံးမရပ်မနားနမ်းနေခဲ့တဲ့ပုံရိပ်ကို ချန်းယုပြန်တွေးလိုက်တယ်။ ခဏလေးအတွင်း၊ သူမတစ်ကိုယ်လုံးပျာယာခက်သွားလေသည်။

"သေခြင်းရှင်ခြင်းကြားကနေ ငါနားလည်လာတဲ့အရာတွေရှိတယ်။ အနာဂတ်မျိုးဆက်ဆီလက်ဆင့်ကမ်းပေးဖို့ ငါ့မှာအခွင့်အရေးမရှိနေဘူး။ ဒီတော့၊ ငါနင့်ကိုပဲပြောနိုင်တော့တယ်။ ဒါက နင့်အတွက်အကူအညီဖြစ်ပါစေလို့ ငါမျှော်လင့်ပါတယ်။" နှာဗူးသရဲမ သက်ပြင်းချလိုက်လေတယ်၊ "ဒီကမ္ဘာထဲငါလျှောက်ပတ်နေခဲ့တာက အချည်းနှီးမဖြစ်ခဲ့ဘူးပဲ..."

နှာဖူးသရဲ သူမဘဝအတွေ့အကြုံအကြောင်း တောက်ရောက်မြောက်ရောက်ပြောဆိုနေတုန်း၊ သူမ တတိယအစ်ကိုကို နမ်းတာတွေက ဖြူစင်ရဲ့လား မဖြူစင်ဘူးလားဆိုတာ ချန်းယုဇဝေဇဝါဖြစ်နေလေသည်။ ပန်းခြံနဲ့သိပ်မဝေးလှတဲ့ ဖွင့်မထားတဲ့အဆောက်အဦးထဲ၊ မရေမတွက်နိုင်တဲ့ စာရွက်ဝါတွေနဲ့ အဖြူရောင်ရွက်တွေ၊ ဖယောင်းတိုင်နဲ့ အမွှေးထိုင်းထည့်စရာခွက်တွေ၊ စားပွဲနှင့် လှူဖွယ်ပစ္စည်းတွေ၊ တစ်နေရာလုံးပစ္စည်းတွေနဲ့ပြည့်နှက်နေလေသည်။

တာအိုဝတ်စုံဝတ်ဆင်ထားတဲ့ တာအိုဘုန်းတော်ကြီးလေးပါး၊ တစ်ဦးချင်းစီ သစ်သားမက်မွန်ဓားတစ်လက်ဆီကိုင်ဆောင်ထားကာ၊ အဆောက်အဦးထဲ ဂါထာရွတ်ဆိုနေကြလေသည်။

လူအုပ်နောက်ကျောကို ချင်ယီနဲ့ရှောက်ဟွေ့ကြည့်ကာ တီးတိုးပြောဆိုနေကြလေသည်။

ရှောက်ဟွေ့: "ဒီတာအိုဆရာတော်တွေဘာလုပ်နေကြတာလဲ?"

ချင်ယီ: "သူတို့အစီအရင်ပြင်ဆင်နေတာဖြစ်လောက်မယ်။ မကောင်းမှုဝိညာဉ်က နှစ်ခြောက်ရာသက်တမ်းရှိတယ်လို့ ငါကြားထားတယ်။ သာမန်ကောင်းကင်ဘုံဆရာတွေ သူ့ကိုမနှိမ်နင်းနိုင်ဘူး၊ ဒီတော့ ကောင်းကင်ဘုံမီးတောက်ဘုရားကျောင်းက တာအိုဆရာတော်တွေက ကြိုတင်ပြီး အစီအရင်ခင်းကျင်းထားနေတာ။ ပြောတာတော့ မကောင်းမှုဝိညာဉ်ကို အထဲပိတ်လှောင်ထားလို့ရတယ်တဲ့။"

ရှောက်ဟွေ့အံ့သြသွားလေတယ်: "နှစ်ခြောက်ရာ? ငါတို့ရှီရှီကိုကြားဝင်မပါခိုင်းမိတာကို ကျေးဇူးတင်ရမှာပဲ။ မဟုတ်လို့ သူမသာဒဏ်ရာရသွားခဲ့ရင်၊ အစ်ကိုချန်းယန်ကို ငါတို့ဘယ်လိုရှင်းပြရမလဲသိတော့မှာတောင်မဟုတ်ဘူး။"

ချင်ယီ သဘောတူတဲ့အနေဖြင့် ခေါင်းညိတ်လိုက်လေသည်။

အဲဒီအချိန်၌၊ ကျန်ဝမ်ဝမ်နဲ့ ချူရှောင်း အဆောင်နှစ်ခုဖြင့်ချည်းကပ်လာကြလေသည်။ သူတို့ကို တစ်ခုစီပေးလာလိုက်ပြီး ပြောလိုက်လေတယ်၊ "ဒီအဆောင်ယူထားလိုက်။ နောက်ကျရင် မကောင်းမှုဝိညာဉ်ကိုနင်တို့မြင်လာနိုင်လိမ့်မယ်။"

သူမလက်ထဲက အဆောင်တစ်ခုကို ရှောက်ဟွေ့ယူလိုက်ပြီး မေးလိုက်လေတယ်၊ "အဲဒီမကောင်းမှုဝိညာဉ် ခြောက်လှန့်တာခံရမှာကို နင်မကြောက်ဘူးလား?"

"ငါမကြောက်ဘူး။ ဘယ်လိုမကောင်းမှုဝိညာဉ်မျိုးက ငါ့အစ်ကိုကိုဘေးဒုက္ခပေးနေလဲဆိုတာ ငါကြည့်ကြည့်ချင်တယ်။" ကျန်ဝမ်ဝမ်တွေးလိုက်လေသည်။ ငါ့ပုခုံးပေါ်လှဲ့နေတဲ့ ကလေးသရဲကို

ငါမြင်ဖူးပြီးသွားပြီ၊ မကောင်းမှုဝိညာဉ်ကို အဝေးကကြည့်နေတာ ဘာကြောက်ဖို့ကောင်းမှာမလို့လဲ?

"ရှောက်ပျော့၊ ချင်ယီ၊ တာအိုဆရာတော်တွေက ငါတို့ကိုအစောတုန်းက အမိန့်ပေးထားတယ်။ ဒီအနီရောင်မျဉ်းကို ငါတို့လုံးဝကျော်သွားလို့မရဘူး။"။ ချူရှောင်း ချင်ယီဘေးရပ်ပြီး သူတို့ကိုသတိပေးလိုက်လေသည်။

"သိပြီ၊ ကျေးဇူးပဲ။" နှစ်ဦးသားက သူတို့အမြင်ဖွင့်ဖို့လာကြည့်ရုံသာဖြစ်လေသည်။ သူတို့စွန့်စားမှုလုပ်ဖို့ ဘာရည်ရွယ်ချက်မှမရှိနေလေဘူး။

"သူတို့စတော့မယ့်ပုံပဲ။" ကျန်ဝမ်ဝမ်ရုတ်တရက်အသံထွက်ပြောလာလေသည်။

သူတို့လေးဦးလုံး မော့ကြည့်လိုက်ကြလေသည်။

လက်နှစ်ဖက်လုံးဖြင့် အနက်ရောင်ကိုယ်ထည်ရှိတဲ့ ရှေးဟောင်းဓားတစ်ခု လျူရှုချန်ကိုင်ထားတာကို သူတို့မြင်တွေ့လိုက်ရလေသည်။
သူစားပွဲဆီဖြည်းဖြည်းချင်းလျှောက်သွားကာ၊ တာအိုဆရာတော်ချူထံ အဲ့တာပေးလိုက်လေပြီး၊ "တာအိုဆရာတော်၊ ဒါက ချင်မင်ဓားပါ၊ ပြီးတော့..."

ထို့နောက် သူ့အိတ်ကပ်ထဲကနေ အိုးဟောင်းနေပြီဖြစ်တဲ့ ရွှေရောင်နာမည်ကဒ်တစ်ခုထုတ်ပြီး တာအိုဆရာတော်ထံ လျူရှုချန်လှမ်းပေးလိုက်လေတယ်၊ "အဲဒီမကောင်းမှုဝိညာဉ်ရဲ့မွေးနေ့။"

"ဒါဆိုလုံလောက်ပါပြီ။ မစ္စတာလျူ၊ မင်းအခုအဝေးမှာနေနေလိုက်။ ကျန်တာတွေကို ဒီတာအိုဆရာတော်နဲ့သူ့ညီအစ်ကိုတွေဆီအပ်ထားလိုက်။ ဒီနေ့ အဲဒီမကောင်းမှုဝိညာဉ်ကို သေချာပေါက် ရှင်းထုတ်ပေးမယ်။" တာအိုဆရာတော်ချူအာမခံပြောလာလိုက်သည်။

"ကောင်းတယ်။ ဒါဆို တာအိုဆရာတော်တို့ကို ကျွန်တော်ကျေးဇူးတင်ပါတယ်။" လျူရှုချန်ပြောပြီးနောက်၊ သူကိုယ်လှည့်ပြီး အနီရောင်စက်ဝိုင်းမျဉ်းဆီ ပြန်လာခဲ့လိုက်လေပြီး၊ ဒါရိုက်တာကျန်ဘေးရပ်လိုက်လေသည်။

"ဘယ်လိုလဲ?" ဒါရိုက်တာကျန်မေးလိုက်လေသည်။

"အင်း၊ ကျွန်တော်တို့မကြာခင်မြင်ရလိမ့်မယ်။" လျူရှုချန်ပြန်ဖြေလိုက်လေသည်။

စတုရန်းကွက်၏အလယ်၌၊ မကောင်းမှုဝိညာဉ်၏မွေးနေ့ရက်စွဲပါတဲ့ နာမည်ကဒ်ပြားနဲ့ စားပွဲနောက် တာအိုဆရာတော်ချူရပ်နေလေကာ၊ သူ့လက်ထဲကအဆောင်ကို ဝှေ့ယမ်းလိုက်တော့၊ အဝါရောင်စက္ကူချက်ချင်းတောင်လောင်သွားလေတော့သည်။

အစီအရင်၏အစွန်းအဖျားတွေ၌ အခြားသောကောင်းကင်ဘုံဆရာသုံးဦး ရပ်လိုက်ကြကာ၊ အစီအရင်၏ ဦးတည်ဘက်သုံးခုကနေ တြိဂံတစ်ခုဖြစ်တည်လာစေလေသည်။

တာအိုဆရာတော်ချူ သူညီအစ်ကိုသုံးဦးကိုကြည့်ကာ၊ သူ့မျက်လုံးနဲ့အချက်ပြလိုက်ပြီး မန္တန်းရွတ်ဖတ်လိုက်လေတော့သည်။ အစီအရင်၏ဘာမှမရှိတဲ့အလယ်နေရာ၌ လေပွေတစ်ခုချက်ချင်းတိုက်ခတ်လာလေသည်။ ဘယ်သူမှမတုံ့ပြန်နိုင်ခင်၊ အဲ့တာကောင်းကင်ပေါ် ရုတ်တရက်ထိုးဝင်သွားလေသည်။

"ပြင်ဆင်မယ်!" တာအိုဆရာတော်ချူအမိန့်ပေးလိုက်လေသည်။

ကျန်တဲ့တာအိုဆရာတော်သုံးပါး မှော်လှည့်ကွက်တွေကို ချက်ချင်းကိုင်လိုက်ပြီး၊ မကောင်းမှုဝိညာဉ်ရောက်လာမှာကို စောင့်နေလေတော့သည်။

လေပွေကောင်းကင်ထဲထိုးဝင်သွားကာ၊ မျက်စိတစ်မှိတ်အတွင်း၊ အဲ့တာက တောအုပ်ကလေးအထက်၌ ရပ်တန့်သွားလေတော့သည်။ မူမမှန်တာကို ရှန်နန်အာရုံခံလိုက်မိပြီး ကောင်းကင်ကိုကြည့်လိုက်လေတယ်၊ သူ့ဘေးနာကရှောင်းကန်ကို၊ မသိစိတ်လှုံ့ဆော်ချက်အရ တွန်းထုတ်လိုက်လေသည်။ သို့သော်၊ လေပွေက သူထင်ထားတာထက် မြန်မြန်လှုပ်ရှားနေလေသည်။

တစ်ခုခုမှားနေတာကို ချန်းယုနဲ့နှာဗူးသရဲမ သတိထားမိလို့ ပြန်လှည့်ကြည့်လိုက်တော့၊ သူတို့ရပ်နေတဲ့နေရာတစ်ဝိုက် လေပွေကြောင့် ကျိုးတိုးကျဲတဲဖြစ်သွားတဲ့ သစ်ကိုင်းခြောက်တွေသာ အဲ့မှာရှိနေလေတော့သည်။

"ရှန်နန်နဲ့ရှောင်းကန်ဘယ်ရောက်သွားလဲ?" သရဲမိန်းကလေး တအံ့တသြအော်ဟစ်လိုက်လေသည်။

"ဝိညာဉ်ဆင့်ခေါ်တဲ့အစီအရင်??" ချန်းယုရဲ့အမူအရာ ပြောင်းလဲသွားလေသည်။

ရှန်နန်သေတာ နှစ်ခြောက်ရာကျော်သွားခဲ့လေပြီ၊ သူ့ဝိညာဉ်ကိုဆင့်ခေါ် ဖို့ သူ့မွေးရက်ကိုသုံးမယ့်ဘယ်သူမှရှိမှာမဟုတ်ဘူးဆိုတာ တွက်ချက်ကြည့်လို့ရလေသည်။ ထို့ကြောင့်၊ ဒီဝိညာဉ်ဆင့်ခေါ်တဲ့အစီအရင်က ရှောင်းကန်ကိုရည်ရွယ်တာဖြစ်ရပေမည်။ ဒါပေမဲ့၊ ဒီလိုဗိုလ်ကျလွန်းတဲ့အစီအရင်ကို ဘာမကျေမနပ်မှုမှမရှိတဲ့ သရဲအပေါ် ဘယ်လိုလုပ်သုံးလာရတာလဲ?

"ကောင်းကင်ဘုံဆရာချန်း၊ ဘာတွေဖြစ်နေတာလဲ?" အစောနတုန်းက လေပွေကအရမ်းအားကောင်းပြီး သူမကိုထိတ်လန့်သွားစေလေသည်။

"တစ်ယောက်ယောက်က ငါ့စီးပွားရေးကို လာလုချင်နေတာပဲ။" ချန်းယုချက်ချင်းရပ်လိုက်ပြီး ဒေါသကြီးကြီးပြေးလာလိုက်လေတော့သည်။

ကြီးတော်ပဲ! ရှောင်းကန်မိဘတွေဆီက ငါယွမ်းငါးသိန်းတောင်းထားပြီးပြီ။ ဒီသရဲကိုသာမပို့ပေးနိုင်ဘူးဆိုရင်၊ ငါ့ကြော်ငြာသင်ပုန်းကိုရိုက်ခွဲပစ်လိုက်သလိုဖြစ်မသွားနိုင်ဘူးလား?

တစ်ဖက်၌၊ လေပွေက ရှောင်းကန်နဲ့ရှန်နန်ကိုရစ်ပတ်ပြီး မျက်စိတစ်မှိတ်အတွင်း၊ ဘုန်းဆိုတဲ့အသံထွက်လာပြီးနောက်၊ စတုရန်းထဲ အစီအရင်၏အလယ်၌ သူတို့ဆင်းသက်လာလေတော့သည်။

စောင့်နေတဲ့ တာအိုဆရာတော်သုံးပါး လေပွေပျောက်ကွယ်သွားမှာကို မစောင့်နေတော့ဘဲ ဝိညာဉ်ပိတ်ဖမ်းခြင်းအစီအရင်ကို အသက်သွင်းလိုက်လေသည်။ သူတို့လက်ဖဝါးတွေကနေ ထူထပ်ပြီး လေးလံတဲ့ဝိညာဉ်သံကြိုးသုံးကြိုး ထွက်ပေါ်လာပြီး လေပွေထဲက ရှန်နန်ကို တိုက်ခိုက်လိုက်လေတော့သည်။

ရှန်နန်အန္တရာယ်ကိုသတိမူမိလိုက်လေသည်။ ရှောင်းကန်ကိုမပြီး သူရှောင်းတိမ်လိုက်ချင်လေတယ်၊ ဒါပေမဲ့ သူ့ရှေ့သံကြိုးသုံးကြိုးပျံထွက်လာလေသည်။ ရှန်နန် တစ်ခုကိုကန်ထုတ်လိုက်ကာ၊ တစ်ခုကိုရှောင်တိမ်းပြီး၊ နောက်ဆုံးမှာ ရှောင်းကန်ကို ကာကွယ်ဖို့ ညာဘက်လက်ပိတ်လှောင်ခံလိုက်ရလေသည်။

လေပွေပျောက်ကွယ်သွားပြီး စတုရန်းကွက်ထဲကလူတွေ နောက်ဆုံးတော့ မကောင်းမှုဝိညာဉ်ရဲ့ မျက်နှာမှန်ကို မြင်တွေ့လာရလေသည်။

ရှောက်ဖေ့ အံ့သြသွားလေတယ်: "ဒါကမကောင်းမှုဝိညာဉ်? သူကြည့်ရတာမတူပါဘူး၊ သူ့လက်တွေထဲ ကလေးတစ်ဦးချီထားတဲ့ပုံပဲ။"

ချင်ယီမျက်မှောက်ကြုပ်လိုက်လေတယ်။

ကျန်ဝမ်ဝမ်: "မျက်နှာနဲ့လူတစ်ယောက်ကိုမဆုံးဖြတ်လိုက်နဲ့။ သူ့နားကသိပ်သည်းတဲ့ယင်အရှိန်အဝါကိုကြည့်။ ကလေးသရဲကလည်း မကောင်းမှုဝိညာဉ်ဖြစ်နေနိုင်တယ်။"

ရှန်နန် ပတ်ဝန်းကျင်ကိုအကဲခတ်ကြည့်လိုက်ပြီး သူ့အကြည့်က
စတုရန်း၏အနောက်ဘက်နားမှာရပ်သွားလေသည်။ လျူရှုချန်ရပ်နေတဲ့နေရာပေါ့။
သူအသံအောအောနဲ့မေးလိုက်လေတယ်၊ "မင်းကလျူမိသားစုဝင်လား?"

လျူရှုယန် ရှန်နန်ရဲ့အေးစက်စက်အကြည့်ကြောင့် ကြောက်လန့်သွားကာ
နောက်သို့ခြေလှမ်းဆုတ်လိုက်မိလေသည်။

"လျူမိသားစု မင်းအသက်ရှယ်ရောက်တဲ့အထိ နေနိုင်လိမ့်မယ်လို့ ငါမထင်ထားဘူး၊ ပြီးတော့
သူတို့အသက်ကိုလဲလှယ်ဖို့ တာအိုဆရာတော်တွေအောင်ရှာနိုင်နေတာပဲ။"
ရှန်နန်သရော်ကာပြောလိုက်လေသည်။ လျူမိသားစုက တကယ်ကိုအရှက်မရှိတာပဲ။

"တာအိုဆရာတော်ချူ၊ သူ့ကိုမြန်မြန်သတ်လိုက်!"
လျူရှုချန်အလောတကြီးတိုက်တွန်းလိုက်လေသည်။

တာအိုဆရာတော်ချူ မတုံ့ဆိုင်းနေဘူး၊ သူ့ချင်မင်ဓားကိုထုတ်ကာ၊ အစီအရင်အလယ်မှာရှိတဲ့
ရှန်နန်ကိုထိုးစိုက်လိုက်လေသည်။ ရှန်နန်ပတ်ပတ်လည်က ယင်အရှိန်အဝါ
ချက်ချင်းထိုးတက်လာကာ၊ များပြားတဲ့ယင်စွမ်းအင်က
တာအိုဆရာတော်ချူကိုတွန်းထုတ်လိုက်လေတော့သည်။

"ပိတ်ဖမ်းမယ်!" ဦးတည်ချက်သုံးဘက်ကနေ တာအိုဆရာတော်သုံးဦး ခွဲလိုက်ပြီး
တစ်ချိန်တည်းမှာပဲ သူတို့သစ်သားမက်မွန်ဓားကို ဆွဲထုတ်လိုက်ကြလေသည်။ ဓားထိပ်တွေက
နိမ့်ရာဘက်ကိုဦးတည်နေကာ၊ မြေပြင်ပေါ် အရှိန်အဝါသုံးခု သူတို့ထုတ်လွှတ်လာလေသည်။
အရှိန်အဝါသုံးခု တစ်နေရာ၌စုဆုံသွားပြီးနောက်၊ ပိုက်တစ်ခုအဖြစ် သူတို့ပြောင်းလဲသွားပြီး
ရှန်နန်ကိုဖုံးအုပ်လာလေတော့သည်။

ရှန်နန်မျက်လုံးတွေဖြတ်ခနဲလှုပ်သွားလေသည်။ ရှောင်းကန်ကို
လက်တစ်ဖက်ဖြင့်ကာကွယ်ပေးရင်၊ လက်တစ်ဖက်နဲ့ ပိုက်ကွန်းကိုတိုက်ခိုက်လိုက်လေသည်။
တာအိုဆရာတော်ချူ ဒီအခွင့်အရေးကိုအသုံးချပြီး ရှန်နန်ကို ရှေးဟောင်းဓားနက်ဖြင့်
ထိုးစိုက်လိုက်လေသည်။

ရှန်နန်မျက်လုံးတွေစူးရှလာလေတော့သည်။ သူ့လက်တစ်ဖက်ကိုမြှောက်ပြီး တားမလို့လုပ်ချိန်၊
သူညာဘက်လက်က ဝိညာဉ်သံကြိုးရုတ်တရက်အားစိုက်ဆွဲလာလေသည်။
ရှန်နန်သူ့ဟန်ချက်ယိုင်သွားကာ သူ့ကိုယ်နားတစ်ဝိုက်က ယင်အရှိန်အဝါ တုံ့သွားလေတော့သည်။
အံ့ဖွယ်အလင်းထွက်နေတဲ့ ဓားနက်သူ့ကိုထိုးစိုက်လာတော့မှာကို
သူကြည့်ရုံသာကြည့်နေလိုက်ရလေသည်။

"ဒေါင်!"

ကောင်းကင်ကနေ အနက်ရောင်သံလိုက်အိမ်မြှောင်တစ်ခု ပျံထွက်လာကာ၊ ဓားနက်ဦးတည်ချက်လွဲချော်သွားအောင် ရိုက်ချက်လိုက်လေတော့သည်။

အဝါရောင်အနုရှိတဲ့ အနွေးထည်နဲ့ သိုးမွှေးဦးထုပ်ကိုဆောင်းထားတဲ့ မိန်းမငယ်လေးတစ်ဦး စတုရန်းကွက်၏အလယ်ကိုပြေးလာပြီး အမောတကောဖြစ်နေရင်း ဒေါသထွက်နေတဲ့အသံနဲ့ အော်ဟစ်လာလေတယ်၊ "တာအိုဆရာတော်တို့ ဘာလို့ကျွန်မစီးပွားရေးကို လာလုနေရတာလဲ?"

"ရှီရှီ?"

"ချန်းယု!"

ကွင်းအပြင်ဘက်က လေးယောက် ကြောင်တောင်တောင်ဖြစ်သွားလေတော့သည်။

အပိုင်း(၇၅):ကျွန်မဖောက်သည်တွေကို ထိခိုက်အောင်မလုပ်နဲ့

သူမနာမည်ကို လူတွေအော်ခေါ်နေတာကို ချန်းယုကြားလိုက်တော့ မယုံသင်္ကာဖြစ်လျက် လှည့်ကြည့်လိုက်လေသည်။ ချင်ယီ၊ ရှောက်ဟွေ့၊ ချူရှောင်းနဲ့ ကျန်ဝမ်ဝမ်ကိုမြင်တော့၊ သူမအမူအရာ၊ ချက်ချင်းတောင့်သွာလေတော့သည်။

ချန်းယုစိတ်ထဲ ခန့်မှန်းချက်တစ်ခုထွက်ပေါ်လာလေသည်။ မှန်နေတာပဲ၊ သူမခေါင်းမလှည့်လိုက်ခင်၊ သူမနဲ့မျက်နှာချင်းဆိုင်က တာအိုဆရာတော်ချူအော်ဟစ်လာလေတယ်၊ "တာအိုမိတ်ဆွေ၊ ငါ့ရှိုးရာကို မင်းဘာလို့ဝင်နှောင့်နေတာလဲ?"

"ကျွန်မ?ဝင်နှောင့်တယ်?" ချန်းယုပြန်လည်ချေပလိုက်လေတယ်၊ "ကျွန်မစီးပွားရေးကိုအရင်ဆုံးလာဖျက်ဆီးတဲ့သူက၊ သေချာပေါက်ရှင်ပဲလေ။"

"စီးပွားရေး?" တာအိုဆရာတော်ချူ နားမလည်နိုင်ဖြစ်နေလေတယ်၊ "ဘာစီးပွားရေးလဲ?"

ချန်းယု သူမနောက်က သရဲနှစ်ဦးကိုလက်ညှိုးထိုးပြလိုက်ပြီး ပြောလိုက်လေတယ်၊ "လေပွေ့ရုတ်တရက်ပေါ်လာပြီး သူတို့ကိုခေါ်သွားချိန်၊ ဒီသရဲတွေကိုပို့ပေးဖို့ ကျွန်မသရဲဂိတ်ဖွင့်နေတာ။ အဲဒီလေပွေကိုရှင်ဖန်တီးခဲ့တာလား?"

"ပို့ပေးတာ?" တာအိုဆရာတော်ချူ မှင်သက်သွားလေသည်။ ရန်လိုနေတဲ့သရဲတွေကို သူနားမလည်နိုင်သလိုတစ်ချက်ကြည့်လာလိုက်သည်။ ဒီလိုမကောင်းမှုဝိညာဉ်တွေက ပြန်လည်အဖတ်ဆယ်လို့ရသေးတာလား?

တာအိုဆရာချူပြန်မဖြေလာခင်၊ ရှန်နန်ကို အသစ်ပေါ်လာတဲ့ကောင်းကင်ဘုံဆရာက ပို့ပေးချင်တယ်ဆိုတာကို လျူရှုချန်ကြားလိုက်တော့၊ သူအော်ဟစ်လိုက်လေတော့တယ်၊ "တာအိုဆရာတော်ချူ၊ အဲဒီမကောင်းမှုဝိညာဉ်ကို မြန်မြန်ရှင်းထုတ်ပစ်လိုက်။ လူတွေကိုကယ်ဖို့ပိုအရေးကြီးတယ်။"

ချန်းယုအသံနောက်လိုက်ပြီး ကြည့်ကြည့်လိုက်တော့ လျူရှုချန်ရပ်နေတဲ့နေရာကို အကြည့်ရောက်လာလေသည်။ လျူရှုချန်မျက်လုံးတွေနဲ့ သူမအကြည့်ချင်းဆုံသွားချိန်၊ မရည်ရွယ်ဘဲ မျက်လုံးမှေးလိုက်လေသည်။ ထိုအမျိုးသားရဲ့တက်ကြွမှု တစ်ကိုယ်လုံးမျောလွင့်နေလေတယ်၊ ဒါက သူ့ကိုယ်ပိုင်အရှိန်အဝါမဟုတ်နေဘူးဆိုတာ သိသာထင်ရှားနေလေသည်။ သဘာဝအမိန့်ကိုဆန့်ကျင်ပြီး အသက်လဲလှယ်ခြင်းကိုအောင်မြင်နိုင်ခဲ့တဲ့သူကို မြင်တွေ့ဖူးတာ ဒါချန်းယုအတွက်ပထမဆုံးအကြိမ်ဖြစ်လေသည်။

လျှုရှချန်သတိပေးသံကြောင့်၊ တာအိုဆရာတော်ချူ သူ့ချင်မင်ဓားကိုမြှောက်ပြီး တာအိုဆရာတော်သုံးဦး၏စိတ်စွမ်းအင်ပိုက်ကွန်းအောက်ဖိနှိပ်ခံနေရတဲ့၊ အစီအရင်ထဲရှိနေတဲ့ ရှန်နန်ကိုချိန်ရွယ်လိုက်ကာ၊ ပြောလာလိုက်တယ်၊ "တာအိုမိတ်ဆွေ၊ လမ်းဖယ်ပေးပါ။ ဒီမကောင်းမှုဝိညာဉ်မှာ သိပ်သည်းတဲ့ယင်စွမ်းအင်ရှိနေတယ်။ သူ့ကိုဒီနေ့ ငါတို့မရှင်းထုတ်နိုင်ဘူးဆိုရင်၊ အကျိုးဆက်ကအဆုံးမရှိပဲဖြစ်သွားနိုင်တယ်။"

ဒါကိုပြောပြီးနောက်၊ ချန်းယုကိုဖြတ်ပြီး ချန်းယုနောက်ကမကောင်းမှုဝိညာဉ်ကို ချင်မင်ဓားနဲ့ထိုးစိုက်ရန်လုပ်လိုက်လေသည်။ ချန်းယုမျက်မှောင်ကြုပ်လိုက်လေသည်။ တာအိုဆရာတော်ချူ သူမကိုဖြတ်သွားချိန်၊ သူမညာဘက်လက်ထဲက ဓားမြှောင်နဲ့သူလက်ကိုဖြတ်လိုက်ကာ၊ သူနာကျင်တာကြောင့်လက်လွှတ်လိုက်တဲ့ချင်မင်ဓားကိုယူဖို့ ဘယ်ဘက်လက်ကိုမြှောက်လိုက်လေသည်။

ချင်မင်ဓား သူမလက်ထဲရောက်လာချိန်၊ သူမလက်ချောင်းထိပ်တွေကိုဖြတ်ပြီး စိတ်စွမ်းအင်အများအပြားသွယ်ပို့လာလေတယ်၊ ချန်းယုမနေနိုင်ဘဲ ချီးမွမ်းလိုက်လေတယ်၊ ဓားကောင်းပဲ။

"တာအိုမိတ်ဆွေ၊ မင်းဘာကိုဆိုလိုချင်တာလဲ?" တာအိုဆရာတော်ချူဒေါသထွက်ထွက်မေးလိုက်လေသည်။

"ကျွန်မအစောကပြောခဲ့သလိုပဲ၊ ရှင်ကျွန်မစီးပွားရေးကိုလာလုနေတယ်။" ချန်းယုထပ်မံပြောလိုက်လေသည်။

"ဒီလိုမကောင်းမှုဝိညာဉ်မျိုးက ပို့လို့မရနိုင်ဘူး။ မင်းတမင်သက်သက်ပြဿနာရှာနေတာပဲ။" ချန်းယု ချင်မင်ဓားကိုကိုင်ထားတာကို တာအိုဆရာတော်ချူမြင်တော့၊ သူမမျော်လက်နက်လုဖို့လာခဲ့တာဖြစ်မယ်လို့ သူကောက်ချက်ချလိုက်လေသည်။

"ဘုန်း!" အဲဒီအချိန်၌၊ ရှန်နန်ရဲ့ယင်စွမ်းအင်စိမ့်ထွက်လာကာ စိတ်စွမ်းအင်ပိုက်ကိုဒုတိယအကြိမ်ထပ်မံရိုက်ချလိုက်လေသည်။ စိတ်စွမ်းအင်ပိုက်က သူ့ရိုက်ချက်ကို ဖိနှိပ်ထားလေတော့သည်။ တာအိုဆရာတော်သုံးဦး မထိန်းနိုင်ဘဲ ညည်းလိုက်မိလေတယ်၊ သူတို့သစ်သားမက်မွန်ဓားကိုထိန်းထားရုံမျှသာထိန်းထားနိုင်လေတော့သည်။

"စီနီယာအစ်ကို၊ ကျွန်တော်တို့ထပ်ထိန်းထားနိုင်တော့မှာမဟုတ်ဘူး။" တာအိုဆရာတော်ဟဲအော်ဟစ်လိုက်လေသည်။

"တာအိုမိတ်ဆွေ၊ ချင်မင်ဓားကို ငါ့ဆီပြန်ပေးပါ၊ ပြီးတော့ မြန်မြန်လမ်းဖယ်ထား။"
တာအိုဆရာတော်ချူ မကြောင်နာစွာအမိန့်ပေးလာလိုက်လေသည်။

ချန်းယုက အမြဲပျော့ပျောင်းပြီး မမာလေဘူး။
တစ်ဖက်သူသာသူမကိုကောင်းကောင်းပြောလာမယ်ဆိုရင်၊
သူမစကားအနည်းငယ်ရှင်းပြဦးမှာဖြစ်လေသည်။ အခုတော့ တစ်ဖက်လူက
သူမစီးပွားရေးကိုလုနေရုံတင်မကဘူး၊ လေသံကလည်းမာနေလေတယ်၊ ချန်းယု
ချက်ချင်းမပျော်မရွှင်ဖြစ်သွားလေတယ်၊ "ကျွန်မငြင်းမယ်ဆိုရင်ကော ဘာဖြစ်မှာလဲ?"

"မင်း..." တာအိုဆရာတော်ချူ ဒေါသထွက်သွားလေသည်။ "မင်းကကောင်းကင်ဘုံဆရာ၊ ဒါပေမဲ့
မကောင်းမှုဝိညာဉ်ကိုကူညီပြီး မကောင်းတာတွေလုပ်နေတာပဲ။ မင်းဘယ်ဂိုဏ်းကလဲ?"

"ရှင့်ကိစ္စမဟုတ်ဘူး!" သူမလက်ထဲကချင်မင်ဓားကို ချန်းယုဝှေ့ယမ်းလိုက်ပြီး
ပြောလိုက်လေတယ်၊ "ဒီနေ့ ကျွမ်မဖောက်သည်နှစ်ဦးကို အရင်ပို့ခိုင်ရင်ပို့ခိုင်း၊ မဟုတ်ရင်၊
ရှင့်ကိုကျွန်မရိုက်နှက်ပစ်မယ်။"

"မဖြစ်နိုင်ဘူး!" လျူရှုချန်အော်ဟစ်လိုက်ကာ၊ "ရှန်နန်ကိုသူမပို့တာငါတို့ခွင့်ပြုလို့မရဘူး!"

အဲဒီအချိန်၌၊ ရှန်နန် လှုံ့ဆော်ခံလိုက်ရသလို အော်ဟစ်လိုက်လေသည်။
သူ့နားတစ်ဝိုက်ကယင်အရှိန်အဝါ အလျင်အမြန်များပြားလာကာ၊ တတိယအကြိမ်
စိတ်စွမ်းအင်ပိုက်ကို သူတိုက်ခိုက်လာလေတော့သည်။ သူ့ကိုဖိနှိပ်ထားတဲ့စိတ်စွမ်းအင်ပိုက်
ပြတ်သွားတော့မှာကို မြင်နေရလေသည်။

တာအိုဆရာတော်ဟဲ ဝိညာဉ်သံကြိုးကို နောက်တစ်ကြိမ်ထပ်မံဆွဲလိုက်လေပြန်တယ်။
ရှန်နန်ဝိညာဉ်တုန်ယင်သွားလေသည်။ သူ့သိပ်သည်းနေတဲ့ယင်စွမ်းအင် ချက်ချင်းတုံ့သွားလေပြီး၊
စိတ်စွမ်းအင်ပိုက် နောက်တစ်ကြိမ်ထပ်မံဖိနှိပ်လာပြန်တယ်။

"စီနီယာအစ်ကို!" တာအိုဆရာတော်ဟဲ တိုက်တွန်းလိုက်လေတယ်၊ "မြန်မြန်!"

မိနစ်အနည်းငယ်အတွင်း၊ ဒီမကောင်းမှုဝိညာဉ် စိတ်စွမ်းအင်ပိုက်ကွန်းကို
သုံးကြိမ်တိုက်ခိုက်ခဲ့ပြီးလေပြီ။ သူ့ကျင့်ကြံရေးအဆင့်က သူတို့ခန့်မှန်းထားတာထက်
ပိုမြင့်နေလေသည်။

တာအိုဆရာတော်ချူ ချန်းယုကိုကြည့်လိုက်လေတယ်။ ချန်းယု ချင်းမင်ဓားကို
သူမရင်ဘတ်ရှေ့ထားထားကာ၊ သူမဆိုလိုချင်တာကအရမ်းသိသာထင်ရှားနေလေသည်။

ကျွန်မရှင့်ကိုဖြတ်သွားခွင့်ပေးမှာမဟုတ်ဘူး။ ရှင့်မှာအရည်အချင်းရှိရင်၊
ကျွန်မကိုလာအနိုင်တိုက်လိုက်။

ချန်းယုအပါအဝင်၊ နှာဖူးသရဲမ၊ အစီအရင်အပြင်ဘက် ပုန်းနေတဲ့သရဲ၊
အနည်းငယ်အကဲခတ်ကြည့်ပြီးနောက် တာအိုဆရာတော်သုံးပါးထဲက ရှန်နန်ကိုထိန်းချုပ်ထားတဲ့
ဝိညာဉ်သံကြိုးကိုကိုင်ထားတဲ့သူကိုရှာတွေ့သွားလေတော့သည်။
သူမမျက်ဝန်းဖြတ်ခနဲလှုပ်သွားကာ၊ သူမစိတ်ထဲအစီအစဉ်တစ်ခု ရေးဆွဲလိုက်လေတော့သည်။
ချက်ချင်း၊ သူမကွင်းထဲပြေးဝင်လာလိုက်လေသည်။

"မင်းဒီမှာဘာလုပ်နေတာလဲ?" ရှန်နန်က သူမကိုသတိထားမိတဲ့ ပထမဆုံးသူဖြစ်ပြီး မနေနိုင်ဘဲ
ဒေါသထွက်ထွက်အော်ဟစ်လိုက်လေသည်။

နှာဖူးသရဲမ သူ့ကိုလျစ်လျူရှုလိုက်လေတယ်၊ ဒါပေမဲ့ တာအိုဆရာတော်ဟဲရှိရာဘက်ကို
တိုက်ရိုက်မျောသွားလိုက်လေတော့သည်။

အပိုင်း(၇၆):ကျွန်မဖောက်သည်တွေကို ထိခိုက်အောင်မလုပ်နဲ့

နှာဗူးသရဲမ ဘာလုပ်ချင်နေလဲဆိုတာ တာအိုဆရာတော်ဟဲမသိလေဘူး။ ဒါပေမဲ့၊ သူကျယ်ကျယ်အော်ဟစ်လိုက်လေတယ်၊ "နတ်ဆိုး၊ ဝေးဝေးသွားစမ်း။" ရှန်နန်ကိုထိန်းချုပ်ဖို့ သူ့စိတ်စွမ်းအင်အများအပြား အသုံးမပြုခဲ့ရဘူးဆိုရင်၊ ဒီလိုသရဲမျိုးကို တစ်ချက်ဝှေ့ယမ်းရုံနဲ့ ဖြေရှင်းနိုင်လေသည်။

နှာဗူးသရဲမ ရုတ်တရက်အပြုံးတစ်ခုပြုံးလာလေသည်။ သူမသွေးနီရောင်လျှာက သူမနှုတ်ခမ်းကိုလျှက်လိုက်ကာ၊ သူမမျက်နှာအမူအရာ တဏှာကြီးပုံပြောင်းလဲသွားပြီး မရေမရာဖြစ်စေတဲ့စကားမျိုး ပြန်ဖြေလာလေတော့တယ်၊ "တာအိုဆရာ၊ အနီးလာခဲ့၊ ငါသေချာကြည့်ကြည့်ချင်လို့ပါ။ ရှင်က တော်တော်ချောတယ်ဆိုတာ ငါရှာတွေ့လိုက်တာ။"

"ဘ-ဘာလိုချင်တာလဲ?" နိမိတ်မကောင်းတဲ့ခံစားချက်မျိုး တာအိုဆရာတော်ဟဲစိတ်ထဲ ရုတ်တရက်ထွက်ပေါ်လာလေတော့သည်။

"ငါတဏှာရူးသရဲဖြစ်လာတာအတော်ကြာပြီ၊ ဒါပေမဲ့ တာအိုဆရာတွေကိုတော့ ငါတစ်ခါမှ အဓမ္မမပြုဖူးသေးဘူး။ ဟီဟီဟီဟီ..." ပြောပြီးတာနဲ့ နှာဗူးသရဲမ နှုတ်ခမ်းဆူက တာအိုဆရာတော်ဟဲရဲ့ပါးကို နမ်းလိုက်လေသည်။

တာအိုဆရာတော်ဟဲနေလာတာ နှစ်ငါးဆယ်ကျော်နေလေပြီ၊ ဒါပေမဲ့ ဒီလိုတိုက်ပွဲမျိုးကို သူတစ်ခါမှမကြုံတွေ့ဖူးလေဘူး။ သူအရွယ်ရင့်နေတဲ့မျက်နှာ ချက်ချင်းနီရဲလာကာ၊ ထိတ်လန့်တုန်လှုပ်သွားလေတော့တယ်၊ သူ့လက်ကိုမြှောက်ပြီး နှာဗူးသရဲမကို ရိုက်ထုတ်ပစ်ရန်ပြင်လိုက်လေသည်။ ဒါပေမဲ့ သူလက်လွှတ်လိုက်ချိန်၊ ရှန်နန်ကို ထိန်းချုပ်နေတဲ့ဝိညာဉ်သံကြိုး ဖြည်းဖြည်းချင်းလျော့ရဲလာလေသည်။ ရှန်နန်ကို ထပ်မံမထိန်းချုပ်နိုင်လေတော့ဘူး။ သူ့နှားတဝိုက်ကယင်အရှိန်အဝါ အတိုးချလျက်ပျံ့နှံ့လာကာ ဘုန်းဆိုတဲ့အသံနှင့်အတူ၊ စိတ်စွမ်းအင်ပိုက်ကွန်းကနေ သူလွတ်မြောက်သွားလေတော့သည်။

"မမဝေဝေ။" ရှောင်းကန်အသံပေးကာသတိပေးလိုက်လေသည်။

သူ့ဆီပျံလာနေတဲ့ နှာဗူးသရဲမကို ရှန်နန်ကြည့်နေလိုက်တယ်၊ ပြီးနောက် ယင်စွမ်းအင်ကိုသုံးပြီး သူမကိုမလိုက်လေသည်။ ထို့နောက် သူမကိုကူဖို့ နေရာကိုရောက်လာလိုက်ကာ၊ စိုးရိမ်တကြီးမေးလိုက်လေတယ်၊ "အဆင်ပြေရဲ့လား?"

"အင်း!" မတည်ငြိမ်တဲ့အသက်ရှူသံဖြင့် နှာဗူးသရဲမ ခေါင်းခါယမ်းပြလိုက်လေသည်။

သူတို့စကားနှစ်ခွန်းလောက်ပြောပြီးသွားချိန်၊ စိတ်စွမ်းအင်ပါဝင်တဲ့ ဓားတစ်လက် လေထဲက ရုတ်တရက်ပြုတ်ကျလာလေတယ်။ ရှန်နန်မျက်နှာပြောင်းလဲသွားကာ၊ လက်တစ်ဖက်နဲ့ သူအဲ့တာကိုရှောင်တိမ်းလိုက်ချင်နေတယ်။

"အမိန့်တစ်ခုလိုအလျင်တလို!" တာအိုဆရာတော်သုံးပါး တစ်ချိန်တည်း ဂါထာရွတ်ဆိုလာကြကာ၊ ဝိညာဉ်သံကြိုးသံကြိုး ထပ်မံပျံထွက်လာပြန်တယ်။ သံကြိုးနှစ်ကြိုးက ရှန်နန်ရှိရာဆီပျံသန်းလာချိန် တာအိုဆရာဟဲလက်ထဲကတစ်ကြိုးက သူ့ကိုအစောတုန်းက အဓမ္မပြုဖို့ကြိုးစားခဲ့တဲ့ နှာဗူးသရဲမဆီပျံလာလေတယ်။

ဒီတာအိုဆရာတော်ကို မင်းကိုယ်ထိလက်ရောက်စော်ကားရဲတယ်ပေါ့လေ??

သံကြိုးနှစ်ကြိုးကို ရှန်နန်ရှောင်တိမ်းရင်း နှာဗူးသရဲကို ဆွဲခေါ်လိုက်လေသည်။ နှာဗူးသရဲမရဲ့လက်တစ်ဖက်က သံကြိုးချုပ်တည်းခံထားရတာကို သူသဘောပေါက်သွားချိန် သူထွက်သွားဖို့စီစဉ်နေခဲ့တာဖြစ်လေသည်။ စိတ်စွမ်းအင်ဓားက ထိုးကျလာတော့မှာဖြစ်လေသည်။ သူသာရှောင်တိမ်းလိုက်ရင်၊ နှာဗူးသရဲမ ပူဖောင်းတစ်ခုလို ပျောက်ကွယ်သွားမှာဖြစ်လေသည်။

ရှန်နန်တွန့်ဆုတ်မနေတော့ဘူး။ သူသယ်ထားတဲ့ရှောင်းကန်ကို၊ တစ်ဖက်မှာထားလိုက်ပြီး၊ သူ့ဘာသာသူစိတ်စွမ်းအင်ဓားနဲ့ရင်ဆိုင်ရန် အဆင်သင့်ဖြစ်နေလေပြီ။ ထိုအချိန်၌၊ ချင်မင်ဓားကိုကိုင်ဆိုင်ထားတဲ့ ချန်းယု၊ ရုတ်တရက် နေရာကိုခုန်လာလိုက်ကာ၊ လေထဲဓားဝှေ့ယမ်းလိုက်လေသည်။ စိတ်စွမ်းအင်ဓားကို ချင်မင်ဓား ထိုးချလိုက်ပြီး နောက်ထပ်ဓားချက်တစ်ခု ခုတ်ပိုင်းလာလေတော့သည်။

ဓားနှစ်လက် လေထဲတိုက်မိသွားကာ၊ များပြားတဲ့စိတ်စွမ်းအင်လှိုင်လုံးက မြေပြင်ပေါ်ကလူတွေကို နောက်ဆုတ်သွားစေလေသည်။

"ဟမ်???" ရင်းနှီးနေတဲ့အသံတစ်သံ ရုတ်တရက်ထွက်ပေါ်လာလေတယ်၊ "ကျောင်းသူ၊ မင်းကတကယ်ပဲကောင်းကင်ဘုံဆရာဖြစ်နေတာကို။ စိတ်စွမ်းအင်ကြွယ်ဝတဲ့လူတစ်ဦးက သာမန်လူဘယ်လိုလုပ်ဖြစ်နိုင်မှာလဲလို့ ငါအံ့သြနေခဲ့တာ။"

"ဆရာဦးလေးဟော်မူ။" ရောက်လာတဲ့သူကို တာအိုဆရာတော်ချူမြင်လိုက်တော့၊ သူမျက်နှာပျော်ပျော်ရွှင်ရွှင်တောက်ပလာလေတော့သည်။

တာအိုဆရာတော်ဟော်မူ တစ်ချက်အကဲခတ်လိုက်လေသည်။ ရင်းနှီးနေတဲ့သရဲသုံးဦးကို ရှာတွေ့လိုက်တော့၊ သူချန်းယုကိုထပ်ကြည့်လာလိုက်ပြီး၊ သူ့မျက်ဝန်းထဲ

နားလည်မှုဆိုတာလေးဖြတ်ပေါ်လာလေတော့သည်။ သူတို့ကအသိမိတ်ဆွေတွေဖြစ်နေတာကို။ အဲဒီနေ့က သူ့ကိုမကူညီတာ အံ့သြစရာမရှိတော့ဘူး။

"ဆရာဦးလေးဟော်မူ၊ ဆရာအချိန်မှီရောက်လာတာပဲ။"
တာအိုဆရာတော်ချူမြန်မြန်ပြောလာလိုက်တယ်၊ "ဝိညာဉ်ဆင့်ခေါ် ခြင်းအစီအရင်နဲ့ ဝိညာဉ်ထောင်ဖမ်းခြင်းအစီအရင်သုံးပြီး ဒီသရဲကိုကျွန်တော်တို့ရှင်းထုတ်ဖို့လုပ်နေချိန်၊ ဒီတာအိုမိတ်ဆွေ ရုတ်တရက်ဝင်ပြီးပိတ်ပင်လာတာ။ ငါ့ချင်မင်ဓားကိုလည်း သူမလုသွားခဲ့သေးတာ။"

ဒီည မကောင်းမှုဝိညာဉ်ကို အပြတ်ရှင်းပစ်နိုင်ဖို့၊ ဂါထာမန္တန်းတွေ၊ အဆောင်တွေကိုသာပြင်ဆင်ထားခဲ့တာမဟုတ်ဘူး သူ့မိတ်ဆွေတပည့်တွေနဲ့ ဆရာဦးလေးဟော်မူကိုပါ ကူညီပေးဖို့ တာအိုဆရာတော်ချူတောင်းဆိုထားခဲ့တာဖြစ်လေသည်။ မကောင်းမှုဝိညာဉ်က နှစ်ခြောက်ရာကျော်ကျင့်ကြံရေးရှိတယ်ဆိုတာကို ဆရာဦးလေးဟော်မူကြားတော့၊ တာအိုဘုရားကျောင်းထဲ မှော်လက်နက်ငှားဖို့ သူအရင်ဆုံးသွားလည်ပတ်ခဲ့လေသည်။ ထို့ကြောင့်၊ သူရောက်တာနောက်ကျနေရတာဖြစ်လေသည်။

"တာအိုမိတ်ဆွေလေး၊ မင်းဘာလို့ဒီလိုလုပ်ရတာလဲ?"  ဆရာတော်ဟော်မူ ချန်းယုကိုမေးလိုက်လေသည်။

"ဝိုး၊ နစ်နာသူတရားမစွဲခင် ဗီလိန်ကအရင်လက်ဦးယူနေတာပဲ။" ချန်းယုပြောလိုက်လေတယ်၊ "အစတုန်းက ကျွန်မတောအုပ်ထဲ သရဲနှစ်ဦးကိုပို့ပေးဖို့ သရဲဂိတ်ဖွင့်တော့မလို့။ ရှင့်တူတွေနဲ့တပည့်တွေက ဝိညာဉ်ဆင့်ခေါ် ခြင်းအစီအရင်ကိုသုံးပြီး သူတို့ကိုခေါ်သွားခဲ့တာ၊ ဒီတော့ သူတို့နောက်ကျွန်မလိုက်လာရတာပေါ့။"

"ပြီးတော့ ရှင်။" ဆရာတော်ဟော်မူကိုလက်ညှိုးထိုးကာ ချန်းယုပြောလိုက်လေတယ်၊ "ရှင်မရောက်လာခင်၊ ရှင်ဓားယမ်းလိုက်တာက ကျွန်မဖောက်သည်တွေရဲ့ဝိညာဉ်ကိုခုတ်ပိုင်းမိတော့မလို့။ ကျွန်မသာမတားလိုက်ရင်၊ ကျွန်မနာမည်ကိုရှင်ဖျက်ဆီးမိတော့မှာပဲ။ ရှင်တို့တာအိုဘုန်းတော်ကြီးတွေက ရန်လုပ်အောင် တမင်သက်သက်ကြိုးစားနေကြတာမလား?"

"တောင်းပန်ပါတယ်၊ ဒီအညတရတာအိုဆရာတောရုတ်ခြည်းဖြစ်သွားလို့ပါ။" တာအိုဆရာတော်ဟော်မူတောင်းပန်လာလေသည်။

"ဆရာဦးလေး၊ သူမပြောနေတာတွေကို မင်းနားမယောင်လိုက်နဲ့" တာအိုဆရာတော်ချူ သူ့ရိုးသားတဲ့ဆရာဦးလေး အလိမ်ခံနေရတာကြောင့် ဒေါသထွက်လုနီးပါးဖြစ်နေလေတယ်၊ "မကောင်းမှုဝိညာဉ် နှစ်ခြောက်ရာသက်တမ်းရှိပြီး၊ ရန်လိုစိတ်ပြည့်နှက်နေတာ။ သူ့ကိုဘယ်လိုလုပ်ပို့ပေးလို့ရနိုင်မှာလဲ? ဒ့ါအပြင်၊ အသက်နှစ်သက်ကိုသူယူထားသေးတာလေ။"

ဒါကိုကြားတော့၊ တာအိုဆရာတော်ဟော်မူမေးလိုက်လေတယ်၊ "နှစ်ခြောက်ရာသက်တမ်းရှိတဲ့မကောင်းမှုဝိညာဉ်ကို တာအိုမိတ်ဆွေလေးပို့ပေးနိုင်တာလား?"

"သူ့ကိုပို့ပေးမယ်လို့ ကျွန်မပြောမိလို့လား? ကျွန်မပို့ပေးမှာက သူ့နောက်ကသရဲနှစ်ဦးကို။" ချန်းယုပြောလိုက်လေသည်။

"မင်း…" တာအိုဆရာတော်ချူကို ချန်းယုရိုးရိုးလေးသတ်ဖြတ်နေတာ။ သွားပြီးနောက်ကသရဲနှစ်ဦးကိုပို့ပေးလိုက်လေ။ ငါတို့အလယ်ကတစ်ယောက်ကိုသတ်မှာ မင်းဘာလို့လာတားနေရတာလဲ?

"ဒါဆို၊ နောက်ကသရဲနှစ်ဦးကိုခေါ် ပြီး ဒီကထွက်သွားလိုက်။" တာအိုဆရာတော်ဟော်မူက အတော်ကလေးအကျိုးအကြောင်းဆီလျော်လေတယ်၊ "ဒါပေမဲ့ အလယ်ကမကောင်းမှုဝိညာဉ်ကို ဒီနေ့ရှင်းပစ်မှုဖြစ်မယ်။"

တာအိုဆရာတော်ဟော်မူစကားဆုံးသွားတာနဲ့ ရှောင်းကန်ကော နှာဖူးသရဲမကော တစ်ဦးချင်းစီက ရှန်နန်လည်ပင်းနဲ့ပေါင်ကို အတင်းဖက်တွယ်ထားကြလေသည်။

ဒါကိုမြင်တော့၊ ချန်းယုလက်ဖြန့်ပြကာ ပြောလိုက်လေတယ်၊ "ရှင်မြင်တဲ့အတိုင်းပဲ၊ သူတို့ကိုခွဲလို့ရမှာမဟုတ်ဘူး။ ဒီလိုဆိုရင်ကော? ဒီနေ့ သူတို့သုံးဦးကိုကျွန်မခေါ်သွားလိုက်မယ်၊ ကျွန်မပြီးသွားရင်၊ မကောင်းမှုဝိညာဉ်ကို ရှင်တို့ဖမ်းလိုက်လို့ရတာပဲ။"

"ဒါက…" တာအိုဆရာတော်ဟော်မူတုံ့ဆိုင်းသွားလေသည်။

"ဆရာဦးလေး၊ မကောင်းမှုဝိညာဉ်ရဲ့မွေးနေ့နဲ့နာမည်ကဒ်ကတစ်ခုပဲရှိတာ။ ဒီနေ့ပြီးရင် ဝိညာဉ်ဆင့်ခေါ် ခြင်းအစီအရင်ကို ကျွန်တော်တို့ထပ်သုံးနိုင်တော့မှာမဟုတ်ဘူး၊ သူသာလွတ်သွားမယ်ဆိုရင် ကျွန်တော်တို့သူ့ကိုရှာနိုင်တော့မှာမဟုတ်ဘူး။" တာအိုဆရာချူ အလောတကြီးပြောလာလေတယ်၊ "သခင်လေးလေး သခင်မလေးလျူအတွက် အချိန်သိပ်မကျန်တော့ဘူး။"

"ပြီးတော့၊ ဆရာဦးလေး၊ ကျင့်ကြံရေးအဆင့်မြင့်တဲ့မကောင်းမှုဝိညာဉ်တွေနဲ့တွေ့တိုင်း၊ ချန်းတုံဘုရားကျောင်းကိုသွားပြီး ချန်းတုံဓားငှားယူနေရတာ။ ငါတို့ဘုရားကျောင်းမှာ

ဒီလိုမျော်လက်နက်မျိုး မင်းလိုချင်နေခဲ့တာမဟုတ်လား?"
တာအိုဆရာတော်ချုပြောလာလေသည်။

တာအိုဆရာတော်ဟော်မူ သူ့လက်ထဲကငှားယူလာခဲ့တဲ့ ချန်းတုံဓားကိုကြည့်ပြီး ချန်းယုလက်ထဲက ချင်မင်ဓားကိုကြည့်ကာ ချီတုံချီချဖြစ်လာလေသည်။

လက်ရှိ၊ ကွင်းပြင်ဘက်၌၊ ချန်းယုပေါ်လာတာက သာယာဖြောင့်ဖြူးနေတဲ့တိုက်ပွဲကို အနှောက်အယှက်ဖြစ်စေတာကိုမြင်လိုက်တော့၊ လျူရှုချန်ခဏလောက်တွေးလိုက်ပြီးနောက် သူ့ဘေးကဒါရိုက်တာကျန်ကို တီးတိုးပြောလိုက်လေတယ်၊ "ဒါရိုက်တာကျန်၊ ဒီအမျိုးသမီးက ကျွန်တော်တို့လုပ်နေတာတွေကို လာဖျက်ဆီးနေတာပဲ။ မကောင်းမှုဝိညာဉ်သာလွတ်သွားခဲ့ရင်၊ ဇီယန်ဒုက္ခရောက်သွားနိုင်တယ်။"

ဒါရိုက်တာကျန်ဒါကိုကြားလိုက်တော့၊ သူမျက်လုံးတွေဖြတ်ခနဲလှုပ်သွားလေသည်။ သူရဲဝန်ထမ်းနှစ်ဦးကိုခေါ်ရန်လက်မြှောက်လိုက်ပြီး ပြောလိုက်လေတယ်၊
"အဲ့အမျိုးသမီးကိုအဝေးပို့လိုက်။"

ဒါကိုကြားတော့၊ ရှောက်ဟွေ့ရုတ်တရက်ပြောကာတားလိုက်လေတယ်၊ "ဦးလေးကျန်၊ ချန်းယုက ဦးလေးချန်းရဲ့သမီး။"

"မြို့တော်ဝန်ချန်း?" ချန်ယုက မြို့တော်ဝန်ချန်းသမီးဆိုတာကိုကြားလိုက်ရတော့၊ သူတုံ့ဆိုင်းသွားလေတော့သည်။

"ဒါရိုက်တာကျန်၊ အချိန်မရှိတော့ဘူး။" လျူရှုချန်အကြံပေးလိုက်လေတယ်၊
"မိန်းကလေးချန်းထွက်သွားဖို့ တစ်ယောက်ယောက်ကိုမင်းလွှတ်လိုက်ပေါ့။
မြို့တော်ဝန်ချန်းဒေါသထွက်မယ်လို့ ငါမထင်ပါဘူး။"

ဒါရိုက်တာကျန်ဒါကိုကြားတော့၊ လျူရှုချန်ပြောတာက အဓိပ္ပာယ်ရှိတယ်လို့ သူတွေးမိလိုက်လေသည်။ ဒီမြေကွက်ကနေ သူ့သမီးကိုထွက်သွားခိုင်းတာကြောင့် ချန်းကျန့်ရှင်းသူ့ကိုသေချာပေါက် ပြဿနာလာရှာလိမ့်မှာမဟုတ်လေဘူး။ ဒီတော့ သူလက်ထပ်မံဝှေ့ယမ်းလိုက်ကာ၊ ချန်းယုကိုအဝေးထွက်သွားခိုင်းဖို့ ရဲနှစ်ယောက်ကို အမိန့်ဆက်ပေးလိုက်လေသည်။

ချန်းယု၊ တာအိုဆရာတွေနဲ့ထိပ်တိုက်ဖြေရှင်းနေတဲ့သူမ၊ ရဲသားနှစ်ယောက် ရုတ်တရက်ပေါ်လာတာကိုမြင်တော့ သူမနားမလည်ဖြစ်လာလေတော့သည်။ ဥပဒေလိုက်နာတဲ့နိုင်ငံသားကောင်းတစ်ဦးအနေနဲ့ ချန်းယု သရဲတွေမကြောက်လေဘူး၊ ဇွန်ဘီးတွေကိုလည်းမကြောက်ရွံ့လေဘူး၊ လူဆိုးလူမိုက်တွေကိုလည်းမကြောက်လန့်လေဘူး၊

လူသတ်သမားကိုလည်းမကြောက်လေဘူး၊ ဒါပေမဲ့ ရဲဝန်ထမ်းတွေကိုတော့ သူမကြောက်ရွံ့လေသည်။

အပိုင်း(၇၇):ကျွန်မဖောက်သည်တွေကိုထိခိုက်အောင်မလုပ်နဲ့

"မိန်းကလေးချန်း၊ မင်းပိုင်နက်ကျူးလွန်နေတယ်၊ ရန်ပွဲတွေမှာပါဝင်နေတယ်လို့ သံသရှိတယ်၊ ဒါကြောင့် ကျွန်တော်တို့နောက်လိုက်ခဲ့ပေးပါ။" ရဲဝန်ထမ်းတစ်ယောက် ကျယ်ကျယ်လောင်လောင်ပြောလာလေသည်။

ဘာ? ငါပြစ်မှုကျူးလွန်မိတာလား?

ဘာမှမဆုံ့ပြန်လာတဲ့ချန်းယုကို ရဲဝန်ထမ်းနှစ်ဦးသတိပြုမိလိုက်တော့၊ ဒါရိုက်တာကျန်ဆီကနေ အချက်ပြတာသူတို့လက်ခံရရှိလိုက်လေသည်။ သူတို့ချန်းယုကိုင်ပြီးဆွဲခေါ်သွားတော့မယ့်အချိန်၊ ချန်းယုကိုကိုင်ရန်လက်လှမ်းနေချိန်၊ ကျောက်ခဲနှစ်ခုရုတ်တရက်ပြုတ်ကျလာကာ သူတို့လက်တွေကိုထိလာလေတယ်။

ရဲဝန်ထမ်းနှစ်ဦး နာနာကျင်ကျင်အော်ဟစ်လိုက်လေသည်။ သူတို့သတိအနေအထားနဲ့ သေနတ်ထုတ်ပြီး ကျောက်တုံးပစ်လာတဲ့ဘက်ကိုချိန်ရွယ်လိုက်လေသည်။ သူတို့အော်ဟစ်လိုက်တယ်၊ "အဲ့မှာဘယ်သူလဲ?"

သေနတ်...သေနတ်ထုတ်တာ?? သေနတ်ကို ချန်းယုမြင်လိုက်တော့၊ သူမပိုသတိထားနေလိုက်တယ်။

"တ-တ-တ-"

လူအုပ်ရဲ့အကြည့်က အမှောင်ဆီရောက်လာကာ၊ အမှောင်ထဲကနေ လူသန်ကြီးခုနစ်ဦးထွက်လာတာကိုသာမြင်တွေ့လိုက်ရလေသည်။ သေနတ်နှစ်လက်ချိန်ရွယ်ထားတာကို ရောက်လာတဲ့သူတွေ လုံးလုံးလျစ်လျူရှုထားပြီး ချန်းယုဆီတန်းတန်းမတ်မတ်လျှောက်လာလိုက်သည်။ သူ တောင်းပန်သလိုပြုံးကာပြောလာလေတယ်၊ "မိန်းကလေးချန်းယု၊ မင်းအဆင်ပြေတယ်မလား?"

"ရှင်...ရှင်က..." ချန်းယုအနည်းငယ်စိတ်လှုပ်ရှားနေလေသည်။

"ကျွန်တော်က ကြာသပတေးနေ့ တာဝန်ကျတဲ့လက်ထောက်၊ ပန်ဖုန်းပါ။" ပန်ဖုန်း သူ့ကိုယ်သူအပြုံးနဲ့မိတ်ဆက်လာလိုက်တယ်။

"မင်းဘာလို့အဲဒီမှာရပ်နေသေးတာလဲ?  လူကိုအဝေးခေါ်သွားလိုက်။"
ကွင်းအပြင်ဘက်ကဒါရိုက်တာကျန် နောက်ထပ်လူပေါ်လာတာကိုမြင်တော့
အလောတကြီးဖြစ်လာလေသည်။

"အခုချက်ချင်း!" ရဲဝန်ထမ်းနှစ်ဦး ရှေ့ထပ်တိုးလိုက်လေသည်။ သို့သော်၊ သူတို့လှုပ်လိုက်တာနဲ့
ချန်းယုကို စကားပြောနေတဲ့ပန်ဖုန်း၊ ရုတ်တရက်လှည့်လိုက်လေသည်။
ပန်ဖုန်းလက်ဘယ်လိုလှုပ်သွားလဲဆိုတာကိုမမြင်လိုက်ရဘဲ၊
ရဲဝန်ထမ်းနှစ်ဦးလက်ထဲကသေနတ်တွေ အလုခံလိုက်ရပြီး၊ ခဏလေးအတွင်း၊
သေနတ်ကိုတစ်တစီဖြုတ်ကာ မြေပြင်ပေါ်ပစ်ချလိုက်လေသည်။

"ခေါင်းဆောင်ကျန်။" ပန်ဖုန်း ရဲဝန်ထမ်းနှစ်ဦးကိုကျော်ကာ၊
ကြောင်နေတဲ့ဒါရိုက်တာကျန်ကိုကြည့်ပြီး၊ ပြောလိုက်လေတယ်၊ "မိန်းကလေးချန်းယုကို
ကျွန်တော်တို့စစ်ဌာနချုပ်ကကာကွယ်ထားတာ။
သူမကမင်းခေါ်သွားချင်သလိုသွားလို့ရတဲ့လူမဟုတ်ဘူး။"

စစ်ဌာနချုပ်?  ဒါရိုက်တာကျန် တောင့်သွားလေတယ်၊ ရှောက်ဟွေ၊ ချင်ယီ၊
ကျန်ဝမ်ဝမ်ကောတောင့်သွားလေသည်။

"ဒါရိုက်တာကျန်၊ ဇီယန်မှာနှစ်ရက်ပဲအချိန်ရှိတော့တာ။" လျူရှုချန်ဝင်သတိပေးလိုက်လေသည်။

"ကျန်ဇီယန်ရဲ့အသက်လဲလှယ်ခြင်းအစီအရင်က ရှင်နဲ့ပတ်သတ်နေလောက်တယ်၊
ဟုတ်တယ်မလား?"  ဒီလျူရှုချန်နဲ့ပတ်သတ်ပြီး ချန်းယုမကျေမနပ်ဖြစ်နေတာ
အတော်ကြာနေလေပြီ။ ရဲတွေငါ့ကိုဖမ်းဖို့ သူဘယ်လိုတောင်အတင့်ရဲရတာလဲ?
ချန်းယုဒေါသထွက်ထွက်နဲ့ သူ့ကိုမေးခွန်းထုတ်လိုက်လေသည်။

လျူရှုချန်မျက်နှာမှုင်သက်နေပြီး ချန်းယုကိုမဖြေလာလေဘူး။ ထိုအစား၊ ချင်ယီ
ဖြေလာလေတယ်၊ "ဟုတ်တယ်၊ ကျန်ဇီယန်အသက်လဲလှယ်တဲ့သူက မစ္စတာလျူရဲ့သမီးလေ။"

ချန်းယုသဘောပေါက်သွားပြီဆိုတာပြလာပြီး ဒါရိုက်တာကျန်ကိုကြည့်ကာ ပြောလိုက်လေတယ်၊
"ရှင်ကကျန်ဇီယန်အဖေ၊ ဟုတ်တယ်မလား?  ဒါဆို ရှင့်သားကျန်ဇီယန်အပေါ် ချိုပ်ထားခဲ့တဲ့သူက
ကျွန်မဆိုတာရှင်သိလား?"

"ဘာ?"  ဒါရိုက်တာကျန်က အဲဒီနေ့တုန်းကမရှိလေဘူး၊ ဒီတော့ အဲဒီအကြောင်းသူမသိလေဘူး။
ချန်းယုထွက်သွားပြီးနောက် သိပ်မကြာခင်၊ လျူရှုချန်
တာအိုဆရာတော်နှစ်ပါးနဲ့ပေါ်လာလေတယ်၊ ဒီတော့ ကျန်ဝမ်ဝမ်နဲ့အမေကျန်
ဒီအကြောင်းမပြောဖြစ်လိုက်ကြလေဘူး။

"အစတုန်းက၊ ကျန်ဇီယန် သူကိုယ်တိုင်ကိုကမနိုးချင်နေတာ၊ ဒါကြောင့် အသက်လဲလှယ်ခြင်းအစီအရင်ရပ်ဖို့ ကျွန်မလက်လျှော့ခဲ့တာ။ ဒါပေမဲ့..." လျူရှုချန်ကို ချန်းယုကြည့်ကာ သရော်လိုက်လေတယ်၊ "ဒီလူကြီးမင်းက ကျန်ဇီယန်ကို ဒီလောက်စိတ်ပူနေမှတော့၊ သူ့သမီးနဲ့အသက်လဲလှယ်တာကို သူဆန္ဒမရှိနေဘူးလို့ကျွန်မထင်တယ်။ ကျွန်မဆေးရုံကိုသွားပြီး ကျန်ဇီယန်ရဲ့တက်ကြွမှုပြန်ယူပေးလိုက်မယ်။"

"မင်းလုပ်ရဲလား!!!" လျူရှုချန်အော်ဟစ်လိုက်လေသည်။

"လျူရှုချန်!!!" ဒါရိုက်တာကျန်အော်ဟစ်လိုက်လေသည်။ သူသာ အသက်လဲလှယ်ခြင်းအစီအရင်ကို ကြားဝင်စွက်ဖက်လို့မရဘူးလို့မပြောခဲ့ဘူးဆိုရင်၊ ဒီနေ့ ကိစ္စတော်တော်များများဖြစ်ပျက်ခဲ့မှာမဟုတ်လေဘူး။၊ စစ်ဌာနချုပ်နှင့် မြို့တော်ဝန်ချန်းကိုတောင် အမှားပြုမိတော့မလို့!

"ဒါရိုက်တာကျန်၊ တစ်ဖက်လူပြောတာကိုပဲနားယောင်မနေနဲ့။ မကောင်းမှုဝိညာဉ်ကိုကယ်ဖို့သူပြောနေတာ။ သရဲကိုလွှတ်မြောက်ခွင့်ပေးလိုက်မယ်ဆိုရင်၊ ကျွန်တော်တို့အားလုံးဆုံးရှုံးကုန်မှာ။" လျူရှုချန်စီးပွားရေးလုပ်လာတာကြာပြီဖြစ်ပြီး လူတွေရဲ့အားနည်းချက်ကို အမိဖမ်းနိုင်တာမှာအကျွမ်းကျင်ဆုံးဖြစ်လေသည်။ ဒီအချက်ပေးတာကြောင့်၊ ဒါရိုက်တာကျန် တွန့်ဆုတ်သွားလေပြန်သည်။

"ဦးလေးကျန်၊ ဇီယန်ပေါ်ကချိပ်ကို ချန်းယုထားထားခဲ့တာ။ သူမပြန်ဖြည်နိုင်တယ်ပြောရင်၊ သူမသေချာပေါက်လုပ်နိုင်လိမ့်မယ်။" ချင်ယီမနေနိုင်ဘဲ ကူညီပေးလာလိုက်တယ်။

"ဒါအမှန်ပဲ။" သူ့ဘေးက ရှောက်ဟွေ့ ခေါင်းညိတ်လိုက်လေသည်။

ကလေးနှစ်ယောက်ကို ဒါရိုက်တာကျန်ကြည့်ပြီး နောက်ဆုံး သူ့သမီး၊ ကျန်ဝမ်ဝမ်ထံ အကြည့်ရောက်လာလေသည်။ အခြားသူတွေနဲ့ယှဉ်ရင် သူမကိုပိုယုံကြည်သင့်လေတယ်။

"သမီး...ချန်းယု ချိပ်လုပ်ပေးခဲ့တာ၊ သူမအစ်ကိုကြီးကိုကယ်တင်ပေးနိုင်လောက်လားဆိုတာကိုတော့ သမီးလည်းမသိဘူး။" အနည်းငယ်တုံ့ဆိုင်းပြီးသွားပြီးနောက် ကျန်ဝမ်ဝမ်အတည်ပြုပေးလိုက်လေသည်။

"ဒါရိုက်တာကျန်၊ သေရေးရှင်းရေးအခြေအနေမှာ။ မင်းအဲ့တာကိုလောင်ကြေးထပ်လိုက်လို့မရဘူး။" လျူရှုချန်ထပ်ပြောလိုက်လေသည်။

"မိန်းကလေးချန်းယု" အမိန့်ကိုအခုလေးတင်လက်ခံရရှိပြီးသွားတဲ့၊ ပန်ဖုန်း၊ ချန်းယုနားပြေးလာပြီး ချန်းယုကိုတီးတိုးပြောလာလေတယ်၊ "ဒီမှာပြီးဖို့ ခန့်မှန်းခြေ၊ အချိန်ဘယ်လောက်ကြာနိုင်မလဲ? တတိယသခင်လေးပြောတာ၊ အိမ်ကိုကျောက်ပုစွန်တွေရောက်လာတယ်တဲ့။ သရေစာစားဖို့မင်းလာချင်လာတဲ့။ မလာဖြစ်ဘူးဆိုရင်၊ မီးဖိုးထဲထိန်းသိမ်းထားခိုင်းလိုက်မယ်တဲ့၊ ဒီတော့ မင်းမနက်ဖြန်လာပြီးစားလို့ရတယ်တဲ့။"

ချန်းယု ကျောက်ပုစွန်စားလို့ရနိုင်တယ်ဆိုတာကိုကြားလိုက်တော့၊ သူမမျက်လုံးတွေ ချက်ချင်းတောက်ပလာလေသည်။ အချိန်ဆွဲနေတဲ့လူနှစ်ယောက်ကိုကြည့်ကာ၊ စိတ်မရှည်သလိုခံစားလာရလေတယ်၊ "ဘလာ-ဘလာ-ဘလာ၊ စိတ်ရှုပ်ဖို့ကောင်းလိုက်တာ။"

ချင်းမင်ဓားနဲ့ နှာဖူးသရဲမဆီ ချန်းယုလျှောက်လာလိုက်ကာ၊ သူမလက်ကိုမြှောက်ပြီး၊ နှာဖူးသရဲကိုချည်နှောင်ထားတဲ့ဝိညာဉ်သံကြိုးကိုဖျက်ပြီး ပြောလိုက်လေတယ်၊ "အခုထိမထွက်သွားသေးဘူးလား?"

ရှန်နန်တောင့်သွားကာ သရဲနှစ်ဦးနဲ့ ခဏလေးအတွင်း ပျောက်ကွယ်သွားလေတော့သည်။

ရှန်နန်ထွက်ပြေးသွားတာကို လျူရှုချန်မြင်လိုက်တော့ ဖြူဖျော့သွားလေတော့သည်။ ဒါရိုက်တာကျန်ချီတုံချီချဖြစ်နေတာရပ်လိုက်ပြီး ပြောလိုက်လေတယ်၊ "ချန်းယု၊ ဟုတ်တယ်မလား? ဆေးရုံကိုငါနဲ့အတူလိုက်ခဲ့။"

"ကျွန်မမအားသေးဘူး။ အိမ်ပြန်ပြီး သရေစာစားရဦးမှာ။" တာအိုဆရာတော်ချူလက်ထဲ ချင်မင်ဓားပြန်ပေးလိုက်တယ်။ ထို့နောက်၊ သူမ ပန်ဖုန်းနောက်ကို စိတ်အေးလက်အေးပြန်လိုက်သွားလေတော့သည်။

စာရေးသူ၏မှတ်စု:

ဒီတာအိုဘုန်းတော်ကြီးက ဘုန်းတော်ကြီးဖြစ်လာတာ ငယ်ငယ်ကတည်းကပဲ။ မိန်းမတွေလက်ထဲက ငါလွတ်နိုင်တယ်လို့ထင်နေခဲ့တာ၊ ဒါပေမဲ့ မျှော်လင့်ထားတာနဲ့ပြောင်းပြန်ပဲ၊ ဒီအသက်အရွယ်ရောက်မှ ငါအလုပ်မရှိဖြစ်တော့မလို့!!

အပိုင်း(၇၈):မတရားဘူး

ချန်းယု ဖြတ်ခနဲပြေးထွက်သွားတာက၊ မြေကွက်ထဲလူတွေကို မှင်သက်သွားစေလေသည်။

ချန်းယု ကျောက်ပုစွန်စားဖို့ ပြန်မှာဖြစ်ပေမဲ့၊ သူမစီးပွားရေးကိုတော့ သူမမေ့မနေလေဘူး။ ပန်းခြံဝင်ပေါက်၌ ရပ်လိုက်ဖို့ ပန်ဖုန်းကို သူမပြောပြီး၊ သူမတစ်ယောက်ထဲ တောအုပ်ကလေးရှိရာဆီမလာလိုက်ခင် ပန်ဖုန်းကို ကားထဲမှာစောင့်နေဖို့မှာခဲ့လိုက်လေသည်။

"ကောင်းကင်ဘုံဆရာချန်း။" ချန်းယုပေါ်လာတာကို ရှန်နန်မြင်လိုက်တော့၊ သူ့ခေါင်းကိုငုံ့ကာ ချန်းယုကိုအလေးအနက်အရိုအသေပေးလာလိုက်တယ်။

ချန်းယုမျက်မှောင်ကြုပ်လိုက်ပေမဲ့ မရှောင်တိမ်းလိုက်လေဘူး။ ရှန်နန်ရပ်လာတော့သူမပြောလာလိုက်တယ်၊ "ငါအစောကနင့်ကိုကူညီတာက၊ ပထမတစ်ချက်က ရှောင်းကန်ကို သူတို့ခေါ်သွားတာကြောင့်ပဲ၊ ဒုတိယတစ်ချက်က၊ ငါလျူရှုချန်ကိုမုန်းတာကြောင့်ပဲ။ ဒါပေမဲ့၊ ဒါက အနာဂတ်မှာ နင့်ကိုထပ်ကူညီပေးမယ်လို့ဆိုလိုတာမဟုတ်ဘူး။"

"ကျွန်တော်နားလည်ပါတယ်။" ရှန်နန် နားလည်ကြောင်းခေါင်းညိတ်ပြလာလိုက်တယ်။ ဒ့ါအပြင်၊ သူ့ကိစ္စမှာ အခြားသူတွေ ကြားဝင်စွက်ဖက်လာခွင့်ပြုဖို့ သူ့မှာရည်ရွယ်ချက်မရှိနေဘူး။

"ကောင်းကင်ဘုံဆရာချန်း၊ ငါ..." နှာဖူးသရဲမ ပြောလာတော့မယ့်အချိန် ချန်းယုရုတ်တရက်ကြားဝင်ဖြတ်ပြောလာလေသည်။

"ငါအခုပဲ သရဲဂိတ်ဖွင့်ပြီး နင်တို့ပြန်လည်မွေးဖွားလို့ရအောင်ပို့ပေးလိုက်မယ်။" ချန်းယုသူမလက်ကိုမြှောက်ပြီး သံလိုက်အိမ်မြှောင်ထုတ်လိုက်လေတယ်။ သံလိုက်အိမ်မြှောင်ပျံထွက်သွားပြီး သရဲဂိတ်ကို နှာဖူးသရဲနဲ့သိပ်မဝေးတဲ့နေရာမှာဖွင့်လိုက်လေတယ်။

ချန်းယုခံစားချက်ဆိုးဝါးနေလေပြီး သူမနှလုံးသားထဲ ဟန့်တားထားတဲ့ခံစားချက်ရေးရေးလေးရှိနေလေတယ်။ ရှန်နန်နဲ့လျူမိသားစုကိစ္စမှာ သူမပါဝင်ပတ်သတ်နေပြီဆိုတာကို သူမသိလိုက်လေတယ်။

"ငါ..."

"သွားတော့။" ရှန်နန် ရုတ်တရက်တိုက်တွန်းလိုက်လေသည်။

"ရှန်နန်?" နှာဖူးသရဲမ ရှန်နန်ကို စိတ်မချဖြစ်ကာကြည့်လာလေသည်။ သူမပြန်လည်မွေးဖွားဖို့ကို စိတ်အေးလက်အေးသွားသင့်လေတယ်၊ ဒါပေမဲ့ အခုတော့

ရှန်နန်နဲ့ဖြေရှင်းဖို့ လူတွေအများကြီးစောင့်နေလေတယ်၊ ဘာစိုးရိမ်မှုမှမရှိဘဲ သူမဘယ်လိုလုပ်ထွက်သွားနိုင်မှာလဲ?

"ကိုယ်တို့အရင်ကသဘောတူထားတယ်မဟုတ်လား?" ရှန်နန်တုံ့ဆိုင်းပြီးနောက် ထပ်ပြောလိုက်လေတယ်၊ "ပြီးတော့၊ မင်းထွက်သွားမှ ကိုယ်ဒုက္ခမများတော့မှာ။"

နှာဖူးသရဲမျက်မှောင်ကြုပ်လိုက်လေသည်။ သူမစိတ်ထဲ ဝမ်းနည်းစိတ်ကလေးဖြစ်ပေါ်လာလေတယ်၊ ဒါပေမဲ့ ရှန်နန်အမှန်ပြောနေတယ်ဆိုတာ သူမသိလေသည်။ တစ်ချိန်တုန်းက၊ ရှောင်းကန်အတွက်ကြောင့်သာမဟုတ်ခဲ့ဘူးဆိုရင် ရှန်နန်ဖမ်းဆီးခံရပြီး သရဲဘုရင်အဖြစ် ချီချောင်မင်ပြန်လည်သန့်စင်လုနီးပါးမခံခဲ့ရနိုင်လေဘူး။ သူမအတွက်ကြောင့်သာမဟုတ်ဘူးဆိုရင်၊ ရှန်နန် မြေကွက်ကနေ အစောကတည်းကထွက်သွားခဲ့မှာဖြစ်လေသည်။

ရှန်နန်ပြောတာအမှန်ပဲ၊ ငါနဲ့ရှောင်းကန်မရှိရင်၊ ဘယ်သူမှသူ့ကိုမဆွဲချနိုင်တော့ဘူး။

"အိုကေ။ ရှောင်းကန်နဲ့ငါသွားမယ်။" ရှောင်းကန်လက်ကိုကိုင်ကာ နှာဖူးသရဲ သရဲဂိတ်ဆီလျှောက်လာလေသည်။ အပြုံးကေးရေးလေးနဲ့ သူမပြောလာလိုက်တယ်၊ "အခြားတစ်ကိုယ်တော်သရဲတွေပြောတာ မြေအောက်လောကမှာ ပြည်သူ့ဝန်ဆောင်မှုစာမေးပွဲတွေ ဖြေဆိုလို့ရတယ်လို့ ငါကြားဖူးတယ်။ ငါအဲဒီကိုသွားပြီး စာမေးပွဲအောင်အောင်ကြိုးစားမယ်။ပြီးတော့...နင်ငါ့ကိုလာရှာမှာကို ငါစောင့်နေမယ်။"

"..." ရှန်နန်နှလုံးနဲ့ဝိညာဉ် သိမ့်သိမ့်တုန်သွားလေသည်။ နှာဖူးသရဲမကို ရှုပ်ထွေးတဲ့အမူအရာနဲ့ သူစိုက်ကြည့်နေလိုက်တယ်။

နှာဖူးသရဲ ပြန်ပြုံးပြလာလေတယ်။ ထို့နောက်မှာတော့၊ သူမခေါင်းငုံ့ပြီး ရှောင်းကန်ကိုပြောလိုက်လေတယ်၊ "ကိုကြီးရှန်နန်ကို နှုတ်ဆက်လိုက်ဦး။"

"ကိုကြီး၊ တာ့တာ။" ရှန်နန်ကို ရှောင်းကန်လိမ်လိမ်မာမာနှုတ်ဆက်လိုက်လေသည်။

ရှန်ခေါင်းညိတ်ပြီး သရဲနှစ်ဦး ဂိတ်ထဲဝင်ပြီး အစိမ်းရောင်အလင်းလမ်းထဲ သူတို့ပျောက်ကွယ်သွားတာကို စိုက်ကြည့်နေလိုက်လေသည်။

သရဲဂိတ်ပိတ်သွားတဲ့အထိ သူကြည့်နေခဲ့လေတယ်၊ သံလိုက်အိမ်မြှောင် ချန်းယုလက်ထဲ ပြန်ပြုတ်ကျလာလေတော့သည်။

"သူတို့နောင်ဘဝကိုကောင်းကောင်းမွန်မွန်ပြန်လည်မွေးဖွားနိုင်မှာမဟုတ်လား?" ရှန်နန်မေးလိုက်လေသည်။

"ဒီဘဝမှာ ရှောင်းကန်အသက်ငယ်ငယ်နဲ့သေဆုံးသွားခဲ့ရတာ။ ကုသိုလ်အလင်းနဲ့စင်ကြယ်မှု
သူသယ်သွားခဲ့တယ်။ နောက်ဘဝကို ကောင်းကောင်းမွန်မွန်ပြန်လည်မွေးဖွားနိုင်လိမ့်မယ်။"
ချန်းယုဆက်ပြောလိုက်လေတယ်၊ "နှာဗူးသရဲအတွက်ကတော့၊ သူမနင့်ကိုစောင့်ချင်တယ်လို့
ပြောသွားခဲ့တယ်လေ?"

ရှန်နန် မှင်သက်သွားပြီး သူထပ်မပြောလာလေတော့ဘူး။

သံလိုက်အိမ်မြှောင်ကို သူမသိမ်းလိုက်ပြီး ချန်းယုပြောလိုက်လေတယ်၊
"နင့်ပေါ်ကယင်အရှိန်အဝါက အရမ်းသန်မာတယ်လို့ ငါအရင်ကသတိပေးဖူးတယ်။
အရင်ကဝိညာဉ်သံကြိုးနဲ့ဆိုရင်၊ အဲဒီလောက်မသိသာဘူး။ အခုအဲဒီဝိညာဉ်သံကြိုးက
နင့်ကိုထပ်ပြီးမဖိနှိပ်ထားတော့ဘူး။ နင့်ယင်စွမ်းအင်နဲ့ လူမ်းတွေအများကြီးရှိတဲ့နေရာမှာ
ဆက်နေနေဦးမယ်ဆိုရင်၊ ပတ်ဝန်းကျင်က ယင်စွမ်းအင်တွေကို
နင်အလွယ်တကူပြောင်းလဲသွားစေနိုင်တယ်။"

"ငါသိတယ်။ ငါနောက်ကျထွက်သွားလိုက်မယ်။" ရှန်နန် ခေါင်းညိတ်လိုက်လေသည်။

"ပြီးတော့..." ချန်းယုတုံ့ဆိုင်းနေပေမဲ့ ပြောလာလိုက်လေတယ်၊
"ငါနင့်ကိုအစောကကယ်ပေးခဲ့ပေမဲ့၊ ကျန်ဇီယန်နဲ့ လျူရှုချန်ရဲ့သမီးကိစ္စက
တကယ်ပဲနင်လုပ်ခဲ့တာဆိုရင် ရပ်လိုက်ဖို့ ငါအကြံပေးချင်တယ်။"

"ရပ်လိုက်?"  ရှန်နန်ခေါင်းခါယမ်းလိုက်လေတယ်၊ တစ်ခုခုကသူ့ကိုလှုံ့ဆော်လာသလိုမျိုး
သူစိတ်လှုပ်တရှားဖြစ်လာကာ၊ "ငါသာရပ်လိုက်ရင်၊ သူတို့ကိုဘယ်သူရပ်ခိုင်းမှာလဲ?
နှစ်ခြောက်ရာကြာလာတာတောင် သူတို့နောင်တရပုံမပေါ်ဘူး။ ငါလွတ်လာတာကိုသူတို့သိတာနဲ့၊
ပထမဆုံး သူတို့လုပ်ခဲ့တာက တာအိုဆရာတော်တွေရှာပြီး ငါ့ကိုသတ်ခိုင်းတာပဲ။
ရယ်သရာကောင်းတာက၊ သူတို့ကိုရှာဖို့ ငါ့အမှာအချိန်တောင်မရှိနေဘူး။"

နှစ်ခြောက်ရာ?

"နင့်ကိုမြေအောက်ထဲပိတ်ထားတဲ့သူတွေက သူတို့တွေလား?"
ချန်းယုမျက်မှောင်ကြုပ်လိုက်လေသည်။

"လွန်ခဲ့တဲ့နှစ်ေခြာက်ရာတုန်းက၊ လျူမိသားစုက ငါ့ခမည်းခမက်တွေဖြစ်ခဲ့ဖူးတာ။" ရှန်နန်
ထေ့ငေါ့၍ပြောလာလေတယ်၊ "ငါငယ်ငယ်တုန်းက ဉာဏ်ကောင်းတယ်။ သာ
စပြီးစာရေးနည်းသင်ယူခဲ့တယ်၊ ငါးနှစ်အရွယ်ရောက်တော့

ကဗျာစာပေတွေရဲ့ပုံစံလေးခု(ကဗျာတွေ၊ ရွတ်ဆိုနည်းတွေ၊ တမ်းချင်းများနဲ့ သီချင်းတွေ)ကိုလေ့လာသင်ယူခဲ့တယ်။ နဂိုတုန်းက ငါတို့မိသားစုက ယန်ဇီမြစ်တောင်ဘက်က မြို့သေးလေးက။ အဲဒီအချိန်တုန်းက လျူကျို့ပုန်၊ အင်ပါယာတရားရုံးက ဒုတိယအဆင့်အရာရှိနဲ့ ငါတို့ဘာမှမသတ်သတ်နေခဲ့ဘူး။ ဒါပေမဲ့၊ ငါရှစ်နှစ်အရွယ်ရောက်တော့၊ လျူမိစားစုခေါင်းဆောင်၊ လျူကျန်းက ငါ့မိသားစုဆီ ကျောက်စိမ်းဆွဲသီးတစ်ခုယူလာခဲ့တယ်၊ ပြီးတော့ သူ့မိသားစုနဲ့ငါ့မိသားစုက ငါအငယ်လေးတုန်းက လက်ထပ်ဖို့စီစဉ်ထားခဲ့တယ်လို့ ပြောဆိုလာခဲ့တာ။”

“အစတုန်းက အဆင့်အတန်းရှိ တစ်စုံတစ်ယောက်နဲ့ လက်ထပ်ဖို့ရှိနေတာလို့ငါ့မိဘတွေတွေးခဲ့ကြတယ်။ ဒီတော့ သူတို့ဒါကိုအသိအမှတ်မပြုချင်ခဲ့ကြဘူး၊ ဒါပေမဲ့၊ လျူကျန်း...သူက အယောင်ဆောင်တဲ့နေရာမှာ တမူထူးကဲတယ်။” အဲဒီတုန်းက အဖြစ်အပျက်ကို ပြန်တွေးမိတော့၊ ရှန်နန်ရဲ့အမူအရာ တင်းမာလာလေတော့တယ်၊ “သူက နည်းလမ်းမျိုးစုံနဲ့ စိတ်ထားကောင်းကြောင်းပြသလာတော့၊ ငါ့မိဘတွေ လက်ထပ်ပွဲကိုအသိအမှတ်ပြုလာကြတယ်။”

“ငါအသက်ဆယ့်ခုနစ်နှစ်အရွယ်ရောက်တော့၊ လျူမိသားစုက လျူနေထိုင်ရာအိမ်ကိုခေါ်ပြီး ကျွေးမွေးစောင့်ရှောက်ခဲ့ကြတယ်။ အရေးကြီးတဲ့ အင်ပါယာစာမေးပွဲမစတင်ခင်ရက်မှာ၊ လျူကျန်းရုတ်တရက်အသည်းအသန်နေမကောင်းဖြစ်လာတယ်။” ရှန်နန်သရော်ကာဆက်ပြောလာလေတယ်၊ “အင်ပါယာမြို့တော်ကသမားတော်တိုင်းက သူသုံးရက်ကျော်အထိခံမှာမဟုတ်ဘူးလို့ပြောလာကြတယ်၊ သူနောက်ဆုံးမသေခင်ဖြည့်ချင်တဲ့ဆန္ဒက သူ့သမီးနဲ့ငါလက်ထပ်တာမြင်ချင်တာတဲ့။”

“ဒါဆို ဒါကနင်စာမေးပွဲဖြေလို့မရတော့ဘူးလို့ဆိုလိုချင်တာမဟုတ်လား?” ချန်းယုမေးလိုက်လေသည်။

“ဒါကသူတို့ရည်ရွယ်ချက်ပဲ။ ငါစာမေးပွဲဖြေတာကိုတားဖို့၊ သူတို့သမီးကိုယ်တောင် အနစ်နာခံခိုင်းတဲ့အထိလုပ်လာတာပဲ။” ရှန်နန်အေးအေးစက်စက်ရယ်မောလိုက်လေတယ်၊ “သုံးနှစ်တစ်ကြိမ် စာမေးပွဲကျင်းပတာပဲလို့ ငါရိုးရိုးမိုက်မိုက်တွေးခဲ့မိတာ၊ ဒီတော့ အဲဒီတစ်ခုနဲ့ပတ်သတ်ပြီးငါဂရုမစိုက်ခဲ့ဘူး။”

“နင်စာမေးပွဲဖြေမှာကို သူတို့ဘာလို့တားခဲ့တာလဲ?” ချန်းယု နားမလည်နိုင်ဖြစ်နေသဖြင့် မေးလိုက်လေသည်။ ရှန်နန်စာမေးပွဲဖြေဖို့သွားမှာကိုတားဖို့၊ သူတို့သမီးနဲ့ လျူမိသားစုတကယ်ပဲအကောက်ကြံလာခဲ့လေသည်။

"ငါစာမေးပွဲထိပ်ဆုံးဝင်သွားမှာကို သူတို့ကြောက်နေတာကြောင့်ပဲ။"
ရှန်နန်လှောင်လိုက်လေတယ်၊ "သနားဖို့ကောင်းတဲ့သမက်တစ်ဦးဆုံးသွားတာကို
ဘယ်သူမှဂရုစိုက်နေမှာမဟုတ်ဘူးလေ။ ဒါကဖုံးကွယ်ဖို့ လွယ်ကူနေနိုင်တယ်လေ။"

"သူတို့ဘာကြံစည်နေကြတာလဲ?" ချန်းယုမေးလိုက်လေသည်။

"ကံကြမ္မာကြောင့်ပဲ။" ရှန်နန်ပြောလိုက်လေတယ်၊ "ငါ့မှာမြင့်မြတ်တဲ့ကံကြမ္မာရှိနေပြီး
ငါ့ကံကအဆုံးမရှိဘူးလို့ တာအိုဘုန်းတော်ကြီးတစ်ပါးပြောလာဖူးတယ်။ အနာဂတ်မှာ၊
ငါမှူးမတ်မျိုးနွယ်အဖြစ်အပ်နှင်းခံရပြီး၊ ဝန်ကြီးဖြစ်လာပြီး၊ ငါ့မျိုးနွယ်ကို
ကြီးပွားချမ်းသာလာအောင် လမ်းပြပေးလိမ့်မယ်။ ပြီးတော့၊ ငါမွေးဖွားလာချိန် ကောင်းကင်ထဲ
မင်္ဂလာရှိတဲ့လက္ခဏာတွေနဲ့ မိုးခေါင်နေတာကြာပြီဖြစ်တဲ့ အနောက်မြောက်အရပ်မှာ
မိုးရွာလာခဲ့တယ်။ ဒါ့အပြင်၊ ငါကတော်တဲ့ကလေးတစ်ဦးဖြစ်ပြီး ဘယ်တော့မှမေ့လေမရှိဘူး။
ဒါ့ကြောင့်၊ လူတော်တော်များများက တာအိုဘုန်းတော်ကြီးပြောတာမှန်တယ်လို့
ယုံကြည်ခဲ့ကြတယ်။"

"အဲ့တုန်းက၊ လျူမိသားစုမှာ ကောင်းကင်ဘုံဆရာတစ်ဦးကို ဆည်းကပ်ပူဇော်ကြတာ။
လျူမိသားစုရဲ့ကံက ကုန်ဆုံးနေပြီး တဖြည်းဖြည်းကျဆင်းလာလိမ့်မယ်လို့
သူဟောကိန်းထုတ်လာခဲ့တယ်။" ရှန်နန်ဆက်ပြောလာလေတယ်၊ "လျူမိသားစုက
ရာစုနှစ်တစ်စုကျော်လောက် ဂုဏ်သတင်းရှိရှိနေလာခဲ့တာ။ ဒါကို
သူတို့ဘယ်လိုလုပ်သည်းခံနိုင်မှာလဲ? ဒီတော့..."

"သူတို့ကံကြမ္မာကို သူတို့ပြောင်းပစ်ချင်တာ?" ချန်းယုခန့်မှန်းလိုက်လေသည်။

"ဟုတ်တယ်။" ရှန်နန်ခါးသီးတဲ့အပြုံးနဲ့ပြောလာလေတယ်၊ "လက်ထပ်ပြီးသွားတော့၊
အရာရှိမိသားစုရဲ့ဂုဏ်သရေရှိအမျိုးသမီးကို လက်ထပ်လိုက်တဲ့
သာမန်လူလို့ငါခံစားမိလိုက်တယ်။ သူမတွက်မတရားဘူးလို့ငါခံစားမိနေခဲ့တာ၊ ဒီတော့
ငါသူမကိုကောင်းကောင်းဆက်ဆံပေးခဲ့တယ်။ ကံမကောင်းစွာနဲ့၊ သူငါ့ကိုကျွေးလာတဲ့
ကြက်သားစွပ်ပြုတ်ကြောင့် ငါသေဆုံးခဲ့ရတယ်။"

အပိုင်း(၇၉):မတရားဘူး

"ငါသေသွားပြီးနောက်၊ ငါ့ကိုယ်ကနေ ငါ့ဝိညာဉ်ထွက်သွားလို့မရအောင် ချုပ်ချယ်ထားခံခဲ့ရတာ။ အဲဒီနောက်တော့၊ မြို့တော်အပြင်ဘက် တောင်တန်းတစ်ခုဆီ လျူမိသားစု ငါ့ကိုခေါ်လာခဲ့တယ်၊ ငါ့ကိုအရင်ကမင်းမြင်ခဲ့တဲ့နေရာပေါ့။ ငါ့ကိုအကျဉ်းချထားဖို့ အစီအရင်တစ်ခုသူတို့ခင်းကျင်းခဲ့ပြီး ငါ့ကံကြမ္မာကိုလုယူခဲ့ကြတာ။" ရှန်နန်အသံရှတ်တရက်အေးစက်လာလေတော့တယ်၊ "အဲဒီနေ့က၊ ကောင်းကင်ဘုံဆရာက ငါ့ဝိညာဉ်မပျံ့သွားသရွေ့ အစီအရင်ဖျက်ဆီးခံရမှာမဟုတ်ဘူး။ ငါအကျဉ်းချခံထားရတဲ့နေရာကနေ ငါမထွက်သွားသရွေ့ ငါ့ကံက လျူမိသားစု၏မျိုးဆက်တွေ နှစ်ပေါင်းများစွာခိုလှုံခွင့်ရဖို့ ဆိုက်ရောက်လာလိမ့်မယ်။"

"ဒီတော့၊ ကံစီမံရာကို ငါဘယ်လိုလုပ်လက်ခံနိုင်တော့မှာလဲ?" ရှန်နန်တုံ့ပြန်လိုက်လေတယ်၊ "ဒါကြောင့်၊ ငါကျင့်ကြံတာအောင်မြင်မှုအနည်းငယ်ရလာတော့၊ ငါသူတို့ကိုကျိန်စာတိုက်ခဲ့တယ်။ ငါ့ကံသယ်ပြီး ကာကွယ်တာကို လျူမျိုးဆက်တွေလက်ခံထားနေသရွေ့ သူတို့၂၅နှစ်ထက်ကျော်အောင်နေခွင့်မရှိစေရဘူး။"

"နှစ်၆၀၀ကြာသွားခဲ့ရင် လျူမိသားစုဝင်တွေ အားလုံးနီးပါးသေနေလောက်ပြီလို့ ငါထင်ထားခဲ့တာ၊ ဒါပေမဲ့ ငါထင်ထားတာနဲ့မတူတာက၊ သူတို့ကငါတွေးနေတာထက်တောင် ကောင်းကောင်းမွန်မွန်နေထိုင်နိုင်ခဲ့တာ။" ရှန်နန် ချန်းယုကိုမေးလိုက်လေတယ်၊ "ကောင်းကင်ကမတရားဘူး။ ငါဘယ်လိုလုပ်ရပ်နိုင်မှာလဲ? ငါသာရပ်လိုက်ရင် ဘယ်သူကငါ့ကိုတရားမျှတမှုလာပေးမှာလဲ?"

"..." ချန်းယု ဘာစကားမှမပြောလာနိုင်လေတော့ဘူး။

ချန်းယု လော့မိသားစုခြံဝန်းလေးဆီပြန်လာတော့၊ သူမကျောက်ပုစွန်စားချင်စိတ်တောင်မရှိနေတော့ဘူး။ ကိစ္စအစအဆုံးကို လော့မင်ကိုသူမပြောပြလာလိုက်လေသည်။

"ရှန်နန်ကြောင့် သူတို့လျူမိသားစုမျိုးဆက်က ၂၅နှစ်ကျော်အောင်နေလို့မရဘူးဆိုတာ သူတို့သိနေတယ်၊ ဒါပေမဲ့ နှစ်၆၀၀ကျော်တာတောင်၊ သူတို့ထဲကဘယ်သူမှ ရှန်နန်ဆီခွင့်လွှတ်ပေးဖို့လာမတောင်းဆိုခဲ့ကြဖူးဘူး။" ချန်းယုပြောလိုက်လေသည်။

"ဒါတင်မကသေးဘူး..." အကြောင်းအရာအားလုံးကို လော့မင်နားထောင်ပြီးနောက် သူပိုင်းခြားစိတ်ဖြာလိုက်တယ်၊ "လွန်ခဲ့တဲ့နှစ်၆၀၀တုန်းက ရှန်နန်လက်ထပ်တုန်းကနာမည်ကဒ်က လျူရှုချန်ဆီရှိနေသေးတယ်လို့ မင်းပြောလာသေးတယ်လေ။ ဒါဆို လျူမိသားစုဝင်တွေက

ရှန်နန်ပြန်လွတ်လာမယ့်နေ့အတွက် နှစ်၆၀၀ကျော်
ကြိုတင်ပြင်ဆင်ထားပြီးသားလို့ဆိုလိုချင်တာပဲ။”

“ဟုတ်တယ်၊ အဲဒီချင်မင်ဓားကောပဲ၊ ဒီလိုလက်နက်ကောင်းမျိုးကို၊ နှမြောဖို့ကောင်းလိုက်တာ။” ချန်းယုပြောပြီးသွားတော့၊ သူမတစ်ကိုယ်လုံးစိတ်ဓါတ်ကျလာလေတော့တယ်၊ “အရမ်းစိတ်ရှုပ်ဖို့ကောင်းတာပဲ။”

“ဒီကိစ္စက၊ တကယ်ကို၊ စိတ်ရှုပ်ဖို့ကောင်းနေတာပဲ။” ချန်းယုဒုက္ခများနေတာကို လော့မင်မြင်လိုက်တော့၊ သူလက်ဆန့်ထုတ်ပြီး ချန်းယုခေါင်းကိုပွတ်သပ်ပေးလိုက်လေသည်။

“တတိယအစ်ကို၊ ညီမဘာလုပ်သင့်လဲ?” ချန်းယုရုတ်တရက်အသံထွက်မေးလိုက်လေသည်။

“ဘာကိုလဲ?”

“ဖြစ်နိုင်ရင် အဲဒီမိန်းကလေးကော ကျန်ဇီယန်ကိုပါ ညီမကယ်တင်မယ်လို့ ပြောဖူးတယ်လေ၊ ဒါပေမဲ့ ရှန်နန်ဇာတ်ကြောင်းကိုနားထောင်ပြီးသွားတော့၊ ညီမကြားဝင်မပတ်သတ်ချင်တော့ဘူး။” ချန်းယုပြောလိုက်လေတယ်၊ “ဒါပေမဲ့ ညီမသာကြားမဝင်လာဘူးဆိုရင်၊ တစ်ချိန်ထဲမှာပဲ ကျန်ဇီယန်ကော လျူမိန်းကလေးကောသေသွားနိုင်တယ်။ ပြီးတော့၊ ညီမဝင်ပါမယ်ဆိုရင်၊ ညီမကိုယ်တိုင်ကလည်းမပျော်ရွှင်တော့ဘူး။ ဒီအရာနဲ့ပတ်သတ်ပြီး စိတ်အနှောက်အယှက်မဖြစ်ချင်တော့ဘူး။”

“မင်းမလုပ်ချင်ရင်၊ မလုပ်နဲ့။” လော့မင်ပြောလိုက်လေတယ်၊ “ကောင်းကင်ဘုံဆရာတွေအများကြီးရှိတာ။ ဒီကိစ္စပြီးသွားဖို့ မင်းကိုမရှိမဖြစ်လိုနေတာမဟုတ်ဘူး။”

“ဒါပေမဲ့၊ ညီမသာဒီနေ့မကြားဝင်လိုက်ဘူးဆိုရင်၊ ရှန်နန်ကို အဲဒီကောင်းကင်ဘုံမီးတောက်ဘုရားကျောင်းကတာအိုဆရာတော်တွေသတ်တာခံရနိုင်တယ်။ ရှန်နန်သေသွားတာနဲ့၊ ကျိန်စာကအလိုလိုပျောက်ကွယ်သွားလိမ့်မယ်၊ လျူမိန်းကလေးကော ကျန်ဇီယန်နှစ်ဦးလုံးလည်း အဆင်ပြေသွားလိမ့်မယ်။” ချန်းယုထပ်ပြောလိုက်လေတယ်၊ “ပြီးတော့၊ ကျန်ဇီယန်မှာ အချိန်သိပ်မကျန်တော့ဘူး။ သူ့မှာနှစ်ရက်ပဲကျန်တော့တယ်။ မနက်ဖြန်ကျရင် ကျန်မိသားစု ညီမဆီသေချာပေါက်လာရှာကြလိမ့်မယ်။”

“မင်းသူတို့ကိုမမြင်ချင်ရင်၊ ငါမင်းကိုကူညီပေးလို့ရတယ်။” ချန်းယုအခက်တွေ့နေတာကို လော့မင်မကြည့်ရက်လေဘူး။

"မလုပ်တာကောင်းမယ်။" ချန်းယုခေါင်းခါယမ်းပြလိုက်လေတယ်၊ "ဒီနေ့ ရှန်နန်ကိုကယ်ဖို့ ညီမခြေမလှမ်းလိုက်ရင်၊ ဒါဆို သူတို့ကြားအာဃာတက ညီမကိစ္စမဟုတ်တော့ဘူး။ ကျန်ဇီယန်နဲ့လျူမိန်းကလေးကို ကယ်နိုင်လားမကယ်နိုင်ဘူးလားဆိုတာ၊ ညီမနဲ့မသက်ဆိုင်တော့ဘူး။ ဒါပေမဲ့ ဒီနေ့ ရှန်နန်ကိုညီမဝင်ကယ်လိုက်တဲ့အချက်က ညီမအဲဒီကိစ္စထဲဝင်ပါသွားမိပြီ။"

"အကျိုးဆက်ကဘာဖြစ်မှာလဲ?" လော့မင်စိုးရိမ်တကြီးမေးလိုက်လေသည်။

"ညီမမသိဘူး။ ဒါပေမဲ့၊ ကံကြမ္မာအစွန်းအထင်းငြိစွန်းနေတဲ့ခံစားချက်က ဆိုးဝါးလိုက်တာ။" ဒါက ချိန်ကိုက်ဘုံး သူမကိုကပ်ပေးထားတဲ့အတိုင်းပဲ။

"ရှန်နန်ကိုကယ်ဖို့ မင်းဝင်ပါလိုက်တာကို နောင်တရလား?" လော့မင်ရုတ်တရက်မေးလိုက်လေတယ်။

ချန်းယုခေါင်းခါယမ်းကာပြောလာလေတယ်၊ "အမှန်တော့၊ ညီမဝင်မပါလိုက်ခင် ဖြစ်လာမယ့်အကျိုးဆက်တွေကို ညီမတွေးခဲ့သေးတယ်၊ ဒါပေမဲ့ ညီမရွေးချယ်ဆောင်ပြီးဝင်ပါခဲ့တာ။ ညီမလုပ်ခဲ့တာအတွက် နောင်တမရဘူး၊ ဒီကိစ္စကိုဘယ်လိုဖြေရှင်းရမလဲဆိုတာ ညီမမသိနေရုံပဲ။"

"လူကောင်းကအသတ်ခံရပြီး၊ သေပြီးနောက် သူ့ဝိညာဉ်ကိုမြေအောက်ထဲပိတ်ထားခံရတယ်။ နှစ်၆၀၀ကျော်တာတောင်၊ သူပြန်မမွေးဖွားနိုင်သေးဘူး၊ ဒါပေမဲ့ အပြစ်လုပ်သူတွေက ကောင်းကင်ကနေလွတ်မြောက်ပြီး၊ နှစ်ခြောက်ရာလုံး မဆုံးနိုင်တဲ့ဆုလဒ်ကို သာယာကြည်နူးနေကြတယ်။" ချန်းယုပြောလိုက်လေတယ်၊ "ဒါပေမဲ့၊ ယနေ့ခေတ်လူ့အဖွဲ့စည်းနဲ့ ရုပ်လွန်ပညာလောကရဲ့ စည်းမျဉ်းသတ်မှတ်ချက်အရ၊ ရှန်နန်ဘယ်လောက်ပဲအပြစ်ကင်းနေပါစေ၊ သူကအခုဝိညာဉ်ဖြစ်နှင့်နေပြီး၊ သက်ရှိတွေကို ဘေးဒုက္ခမပေးသင့်ဘူး။ တစ်ဖက်မှာတော့၊ လျူမိသားစုအဆင့်မရှိနေရင်တောင်မှ၊ ကောင်းကင်ဘုံဆရာတွေက သက်ရှိတွေကိုကာကွယ်ပေးရမယ်။ လူ့အဖွဲ့စည်းရဲ့ဒီလိုခေတ်ရေစီးကြောင်းတွေးတောမှုတွေနဲ့ ဒါကသင့်လျော်နေတယ်၊ ဒါပေမဲ့၊ ဒါပေမဲ့..."

"ဒါပေမဲ့ မတရားဘူးလို့ မင်းအမြဲခံစားနေရတာ။" ချန်းယုအတွက် နောက်ဆုံးစာကြောင်းကို လော့မင်ကူပြောပေးလာလေသည်။

ချန်းယု လော့မင်ကို မကျေမနပ်ကြည့်လာလိုက်လေသည်။ သူမဘာလုပ်ရမလဲဆိုတာ တကယ်ပဲမသိလေတော့ဘူး၊ "တစ်ခုခုမလုပ်ခင် ငွေကောက်ဆိုတဲ့ လူအိုကြီးပြောတာတွေကို

ညီမနားထောင်ခဲ့သင့်တာ။ ညီမလုပ်နိုင်သလောက် ငွေတောင်းခံသင့်တာ။ ဒီကိစ္စကိုညီမရှင်းရှင်းလင်းလင်းသိနေဖို့ ဘာလို့လိုနေရမှာလဲ?"

"ဒါမင်းအမှားမဟုတ်ဘူး။" လော့မင်ပြောလာလေတယ်၊ "မင်းကိုတစ်ခေါ်လာပေးပြီး စစ်ဆေးခိုင်းတာက ငါဆိုတာကို မင်းမေ့နေခဲ့တာပဲ။"

ချန်းယုသူမခေါင်းကို တအံ့တသြမော့လိုက်တော့၊ လော့မင်ရဲ့ပြုံးနေတဲ့အကြည့်နဲ့ ဆုံသွားလေသည်။

"တတိယအစ်ကို၊ ညီမဘာလုပ်သင့်လဲ?" ကျန်ဇီယန်မှာ အသက်ရှင်ဖို့ နှစ်ရက်သာကျန်ရစ်လေတယ်။ ဒီည သူမအဖေကြောင့် ဒါရိုက်တာကျန်စိတ်ဒါဟဖြစ်နေခဲ့မယ်ဆိုရင်တောင်မှ၊ မနက်ဖြန် သူမကိုဆက်သွယ်လာမှာဖြစ်လေသည်။

"ဒီလိုမျိုး ရှုပ်ထွေးတဲ့အခြေအနေမျိုးကို ငါလည်းညံ့တယ်။ ဒါပေမဲ့ မင်းဘေးမှာတစ်ယောက်ရှိနေတယ်လေ။" လော့မင်ပြောလိုက်လေသည်။

ချန်းယုတအံ့တသြကြည့်လိုက်လေသည်။

"ကိစ္စတစ်ခုမှာ ဘာအမှားအမှန်ဆိုတာ မင်းမဆုံးဖြတ်နိုင်ဖြစ်နေရင်၊ မင်းဘယ်သူ့ကိုခေါ်လိုက်သင့်လဲ?" လော့မင်သူမကိုသတိပေးလိုက်လေသည်။

"ရဲဦးလေးကို?" ချန်းယုမျက်လုံးတွေလင်းလက်လာလေတယ်၊ "ညီမအစ်ကိုကို?"

အပိုင်း(၈၀):မြေအောက်လောကရဲကိုခေါ်လိုက်

ဒုက္ခရောက်နေရင် ရဲဦးလေးကိုရှာလိုက်: သူတို့ငယ်ငယ်လေးကတည်းက ဆရာတွေသင်ကြားပေးလာခဲ့တာဖြစ်လေသည်။ သူမဘာလို့မေ့နေရတာလဲ?

"တတိယအစ်ကို၊ ညီမအခုအိမ်ပြန်လိုက်တော့မယ်။" ချန်းယု ဥဏ်အလင်းပွင့်သွားပြီးနောက်၊ သူမ လော့မိသားစုခြံဝန်းလေးကထွက်သွားရန် လောနေလေတယ်။

မျက်စိတစ်မှိတ်ကလေးအတွင်း ပျောက်ကွယ်သွားသလိုဖြစ်နေတဲ့ ချန်းယုကို လော့မင်ကြည့်ပြီး စားပွဲပေါ်က ထိတောင်မထိရသေးတဲ့ ကျောက်ပုစွန်ကိုကြည့်လိုက်လေသည်။ သူ့ခေါင်းကိုကူရာမဲ့သလိုခါယမ်းလိုက်ကာ၊ ဟဲကျီလာရန်ခေါ်လိုက်ပြီး၊ "သိမ်းလိုက်တော့။"

"ဟုတ်ကဲ့။" ဟဲကျီ စားပွဲဆီလျှောက်လာကာ၊ သိမ်းဆည်းနေရင်း၊ သူမေးလာလေတယ်၊ "သခင်လေး၊ မိန်းကလေးချန်းယုကို မင်းဖင့်ချန်သွားရမယ့်အကြောင်း ပြောပြီးပြီလား?"

"အရေးကြီးနေဖို့မလိုပါဘူး။" လော့မင်ပြန်ပြောလိုက်လေသည်။

"စစ်စက်ရုံက ခေါင်းဆောင်ဝမ်က ကျွန်တော်တို့ကို ရက်အတိအကျတောင်းဆိုထားတယ်။" ဟဲကျီသတိပေးလိုက်လေသည်။

"ဒါဆို သူ့ကိုနှစ်ရက်ကျော်ထပ်စောင့်ခိုင်းလိုက်။" လော့မင်ရပ်ပြီး တွေးပူမနေဘဲ ဖြေလိုက်လေသည်။

"ကျွန်တော်သိပြီ။" နေဦး၊ နှစ်ရက်ထပ်စောင့်? ဟဲကျီသူ့ဘာသာတွေးမိလိုက်လေတယ်၊ ခေါင်းတစ်ဝက်ပြောင်နေတဲ့ ဌာနဦးစီးဝမ် ဒီတစ်ခါက်တော့ တစ်ခေါင်းလုံးပြောင်တော့မှာပဲ။

တံခါးခေါက်သံ ရုတ်တရက် ပြတင်းပေါက်ပြင်ဘက်ကကြားလိုက်ချိန်၊ ချန်းယန်အိပ်ရာဝင်တော့မလို့လုပ်နေတာဖြစ်လေတယ်။ စောင်မနေတဲ့သူ့လက်တွေတောင့်သွားကာ ချန်းယန်မျက်မှောင်ကြုပ်လိုက်လေသည်။ သူပြတင်းပေါက်ကို နားမလည်နိုင်ဖြစ်ကာ၊ လျှောက်လာလိုက်ပြီး၊ လိုက်ကာကိုဆွဲပြီးကြည့်ကြည့်လိုက်လေသည်။ ဆီးနှင်းခဲတွေရှိနေတဲ့ပြတင်းပေါက်ကနေ၊ ပြတင်းပေါက်ကိုဖြတ်ပြီး ချောင်းကြည့်နေတဲ့၊ ရင်းနှီးနေတဲ့ပုံရိပ်ကို သူမြင်တွေ့လိုက်ရလေသည်။ ပြတင်းပေါက်ဖွင့်ရင်း သူမျက်ခုံးတွေ့တွန့်ရှုံ့လာလေတော့သည်။

ပြတင်းပေါက်ပွင့်လာချိန်၊ မည်းနက်နေတဲ့အိုးအောက်ခြေလိုဖြစ်နေတဲ့ သူ့အစ်ကိုရဲ့မျက်နှာနဲ့ ချန်းယုရဲ့စိတ်လှုပ်ရှားနေတဲ့မျက်ဝန်းတွေနဲ့ အကြည့်ချင်းဆုံသွားလေသည်။

လိပ်ပြာမကင်းစိတ်လေး ချက်ချင်းထွက်ပေါ်လာလေတယ်၊
“အစ်ကို…အစ်ကိုအခုထိမအိပ်သေးဘူးပဲ၊ ဟီဟီဟီ…”

"တံခါးကနေ ဘာလို့မလာခဲ့တာလဲ?" ချန်းယန်တင်းမာစွာမေးလာလိုက်သည်။

"ဟုတ်သား၊ အာ။ ညီမအခန်းကိုအရင်ပြန်ပြီးတံခါးကနေဖြတ်လာခဲ့မယ်။"
ချန်းယုအမူးပြေသွားလေသည်။ သူမအစ်ကိုရဲ့ပြတင်းပေါက်ဆီ
ဘာလို့တန်းတန်းမတ်မတ်တက်လာခဲ့ပါလိမ့်? သူမအလျှင်လိုနေတယ်ဆိုတာ၊ ဟုတ်နေတာပဲ။

ဒါကအဓိကလား??

"အရင်ဆုံးဝင်လာခဲ့လိုက်။" သူပြတင်းပေါက်ကိုပြန်မပိတ်လိုက်ခင်
ချန်းယုအထဲကိုခုန်ဝင်လာတဲ့အထိသူစောင့်နေလိုက်လေသည်။

သူ့ညီမလေးရဲ့အေးခဲနီရဲနေတဲ့ပါးနှစ်ဖက်ကိုကြည့်ပြီး အခန်းထဲကနေ
ချန်းယန်ထွက်သွားလိုက်လေတယ်။

ချန်းယုတောင့်သွားလေသည်။ ချန်းယန်ဘာလုပ်မလို့လဲဆိုတာ သူမမသိလေဘူး။ သို့သော်၊
သူမဘာတစ်ခုမှမမေးလိုက်ဘဲ အခန်းထဲက ဆိုဖာပေါ် လိမ်လိမ်မာမာထိုင်နေလိုက်ကာ၊
သူမအစ်ကိုပြန်လာမှာကိုစောင့်နေလိုက်တယ်။

မကြာခင်၊ နွားနို့ပူပူတစ်ခွက်နဲ့ ချန်းယန်ပြန်ရောက်လာပြီး အဲ့တာကို ချန်းယုဆီပေးလိုက်ပြီး
ပြောလိုက်လေတယ်၊ “မင်းကိုယ်မင်းနွေးသွားအောင် နွားနို့ပူပူလေးအရင်သောက်ထားလိုက်ဦး။"

"ကျေးဇူးတင်ပါတယ် အစ်ကို။" ချန်းယု နွားနို့ခွက်ကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ၊
သူမခေါင်းကိုငုံ့ပြီး တစ်ငုံသောက်လိုက်ပြီးနောက်၊ နွားနို့အမြှုပ်တွေပေနေတဲ့မျက်နှာနဲ့
သူမအစ်ကိုကို ချိုချိုသာသာပြုံးပြလိုက်လေသည်။

"တုံးလိုက်တာ။" ချန်းယန် တစ်ရှူးအနည်းငယ်ထုတ်ပေးလိုက်ပြီး အဲ့တာတွေ
ချန်းယုထံပေးလိုက်ရင်း မေးလိုက်လေတယ်၊ "အစ်ကို့ကို ဘာလို့လာရှာတာလဲ?"

ချန်းယု တစ်ရှူးယူပြီးသူမပါးစပ်ကိုသုတ်လိုက်လေသည်။ သူမအမူအရာလေးနက်လာပြီး
ချန်းယန်ကိုသူမပြောလိုက်လေတယ်၊ "အစ်ကို၊ ကျန်ဇီယန်ကိစ္စကို အစ်ကိုမှတ်မိသေးလား?"

"ဘာလဲ? ကျန်မိသားစု ညီမလေးကိုလာရှာလို့လား?" ချန်းယန်မေးလိုက်လေသည်။

"အမ်" ချန်းယုခေါင်းညိတ်လိုက်လေသည်။

"ဘယ်အချိန်လဲ?  မနက်ဖြန်လား?"  ချန်းယန်ခဏလောက်တွေးလိုက်ကာ ပြောလိုက်လေတယ်၊ "အစ်ကိုမနက်ဖြန်တာဝန်ချိန်လဲပြီး ညီမလေးနဲ့လိုက်ခဲ့လိုက်မယ်။"

"အဲဒီကိစ္စကြောင့်မဟုတ်ဘူး။" ချန်းယုခေါင်းခါပြလိုက်ပြီး "အစ်ကို၊ ကျန်ဇီယန်ကို ညီမကယ်သင့်ရဲ့လားဆိုတာ ညီမမသိဘူးဖြစ်နေတယ်။"

ချန်းယန်မှင်သက်သွားလေတယ်၊ ဒါပေမဲ့ ကျန်ဇီယန်ကို သေမှာကနေ မကယ်တင်တဲ့အတွက် ချန်းယုကို အပြစ်တင်ဆုံးမဖို့ သူအလောမကြီးနေလိုက်လေဘူး။ ထိုအစား၊ သူအသံထွက်မေးလိုက်လေတယ်၊ "ဘာလို့လဲ?"

လော့မင်ကို အစောနတုန်းကပြောပြထားတဲ့ဇာတ်ကြောင်းကို ချန်းယန်အား ချန်းယုပြန်ပြောပြလိုက်လေပြီး၊ ချန်းယန်ပိုနားထောင်မိလေ၊ သူ့မျက်ခုံးတွေပိုတွန့်လာလေပဲ။ အဆုံးမှာတော့၊ သူ့မျက်နှာကြည်ရဆိုးလာလေတော့သည်။

အပြင်မှာ ရှီရှီသရဲဖမ်းနေရုံပဲလို့ သူတွေးထင်ထားခဲ့တာဖြစ်လေသည်။ ကံမကောင်းစွာနဲ့ မြေအောက်လောကကကိစ္စတွေက လောကစစ်ထက် ပိုရှုပ်ထွေးပြီး ပိုရှဲဆိုးယုတ်နေလေတယ်။ သူ့ညီမလေး ရုပ်ပိုင်းဆိုင်ရာကော စိတ်ပိုင်းဆိုင်ရာကောမှာ ဘယ်လိုလုပ်ကျန်းကျန်းမာမာကြီးပြင်းလာခဲ့တာလဲ?

"အစ်ကို၊ ကောင်းကင်ဘုံဥပဒေက တစ်ကျော့ပြန်လည်တတ်တယ်လို့ မပြောဖူးကြဘူးလား? ဒါပေမဲ့ ဒီကိစ္စမှာတော့၊ လျူမိသားစုက ဘာအပြစ်ဒဏ်မှမခံစားနေရဘူး။" ချန်းယုမကျေမနပ်ပြောလာလေတယ်၊ "လျူမိသားစုဝင်တွေကို အသက်နှစ်ဆယ့်ငါးထက်ကျော်အောင်နေလို့မရအောင် ရှန်နန်ကျိန်စာတိုက်ခဲ့ပေမဲ့၊ လျူမိသားစုက ရှန်နန်ရဲ့ကံကို ဖမ်းကိုင်ထားကြတာ။ လျူမိသားစုက ရာစုနှစ်ခြောက်ခုစာလောက် ချမ်းချမ်းသာသာနေထိုင်လာခဲ့ကြတာ။ ရှန်နန်ကျိန်စာကနေ လွတ်မြောက်ဖို့ လျူရှုချန်က အသက်လဲလှယ်ခြင်းနည်းကိုတောင်သုံးထားခဲ့တာ။"

"သက်ရှိနှစ်ဦး၊ သရဲတစ်ဦး။" ချန်းယန် ရဲဝန်ထမ်းတစ်ဦးဖြစ်ထိုက်ပါပေတယ်။ ကိစ္စ၏အခရာကို သူချက်ချင်းအဖြေရှာတွေ့သွားလေတယ်၊ "အစ်ကိုတို့ကိုင်တွယ်ဖြေရှင်းနေတဲ့အမှုတွေလိုပေါ့ လူတွေဘယ်လောက်ပဲဆိုးဝါးယုတ်မာနေပါစေ၊ သူတို့အန္တရာယ်ရှိနေသရွေ့ သက်ရှိလူကိုအရင်ဆုံးကယ်တင်ပေးရတယ်။"

"ဒါပေမဲ့ ညီမမလုပ်ချင်ဘူး။ လျူမိသားစုကိုညီမမုန်းတယ်။"

"ညီမဂရုမစိုက်တော့ရင်၊ အကျိုးဆက်တွေရှိလာနိုင်လား?" ရုန်လွန်လောကက ကိစ္စတွေကို ချန်းယန်သိပ်နားမလည်လေဘူး။ ဒီကိစ္စက အသက်ရှိသူတွေနဲ့ပတ်သတ်နေမယ်ဆိုရင်၊ ဒီလိုတူညီတဲ့အမှုကိစ္စတွေကို ရဲတွေဖြေရှင်းမယ်ဆိုရင် စည်းမျဉ်းစည်းကမ်းအတိုင်းလိုက်နာသင့်လေတယ်။ ဒါပေမဲ့ ရုပ်လွန်လောကမှာတော့၊ ချန်းယန်မသိလေဘူး။

"အစကတည်းက ညီမဝင်မပါခဲ့ရင်၊ ဒီကိစ္စက ညီမနဲ့ဘာမှမကတ်သတ်နေတော့ဘူး။ ဒါပေမဲ့ ဒီနေ့ ရှန်နန်ကိုကယ်လိုက်မိတော့ လျူမိသားစုနဲ့သူ့ကိစ္စမှာ မတော်တဆဝင်ပါမိသွားခဲ့တာ။ အဆုံးမှာ ဒီကိစ္စကို ကျေနပ်စေတဲ့ရလဒ်ရအောင်မဖြေရှင်းနိုင်ခဲ့ရင်၊ ဒါက ညီမအပေါ် သက်ရောက်မှုတချို့ရှိလာလိမ့်မယ်။ သက်ရောက်မှုဘယ်လောက်ကြီးမလဲဆိုတာတော့၊ ညီမလည်းမသေချာနေဘူး။ ဒီကိစ္စရဲ့နောက်ဆုံးရလဒ်အပေါ်မူတည်နေနိုင်တယ်။" ချန်းယုပြောလာလေသည်။

"ဒါဆို ညီမလေးတို့ရုပ်လွန်ပညာအသိုင်းအဝိုင်းအရ ပုံမှန်ဆို ဘယ်လိုဖြေရှင်းကြလဲ?" သူညီမလေးမှာအကျိုးသက်ရောက်မှုတချို့ရှိလာနိုင်တယ်ဆိုတာကို ချန်းယန်ကြားလိုက်တော့၊ သူ့မျက်နှာ စိုးရိမ်မှုလေးဖြတ်ပေါ်လာလေတော့သည်။

အပိုင်း(၈၁): မြေအောက်လောကရဲ့ကိုခေါ်လိုက်

"လူကယ်တယ်၊ နှစ်ယောက်လုံးကို။" ချန်းယုတွန့်ဆုတ်တွန့်ဆုတ်ပြောလာလေတယ်၊ "ပယောဂနှင်တဲ့သူတွေအနေနဲ့ ညီမတို့တာဝန်က သက်ရှိလူတွေကို သရဲတွေအနှောက်အယှက်ပေးလာမှာကနေ ကာကွယ်ပေးဖို့ပဲ။"

"မင်းကိုဘယ်သူပြောခဲ့တာလဲ?" ချန်းယန်မေးလိုက်လေသည်။

"ညီမအဘိုးပြောခဲ့တာ၊ အာ။ သူပြောတာ သက်ရှိနဲ့သရဲတွေကြား တစ်ခုခုကိုရွေးချယ်ရတော့မယ်ဆိုရင်၊ ပယောဂနှင်သူတွေက သက်ရှိတွေဘက် လုံးဝရပ်တည်နေရမယ်တဲ့။ မဟုတ်ရင်၊ သူ့လုပ်ပိုင်ခွင့်ထက်ကျော်လွန်သွားရင် မြို့စောင့်နတ်သဘောမကျတာခံရလိမ့်မယ်။" ချန်းယုဖြေလာလိုက်လေသည်။

"မြို့စောင့်နတ်?" သူ့ညီမလေးက ပယောဂနှင်ဆရာဖြစ်နေတယ်ဆိုတာကို ချန်းယန်သိလိုက်တဲ့အချိန်ကစပြီး၊ သရဲတွေနဲ့ပတ်သတ်တဲ့အရာတွေကို စစ်ဆေးကြည့်ဖို့ အင်တာနက်ပေါ်သူသွားခဲ့လေသည်။ ထို့ကြောင့်၊ မြို့စောင့်နတ်နဲ့ပတ်သတ်တာအားလုံးကို သူသိထားလေတယ်၊ "မြို့စောင့်နတ်က မြေအောက်လောကက နယ်ခံအရာရှိပဲ၊ သူက အစစ်အမှန်လောကက မြို့တော်ဝန်နဲ့တူညီတယ်။ သူကသေဆုံးသွားတဲ့ဝိညာဉ်တွေကို စောင့်ရှောက်ပေးတဲ့နတ်ဘုရားပဲ၊ ကောင်းမှုကိုဆုပေးပြီး ဆိုးယုတ်မှုကိုအပြစ်ပေးတယ်၊ သေခြင်းရှင်ခြင်း၊ ကံဆိုးခြင်းနဲ့ ပျော်ရွှင်ခြင်း စတာတွေပေါ့၊ ဟုတ်တယ်မလား?"

"ဟုတ်တယ်။" ချန်းယု သဘောတူသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

ချန်းယန်ရဲ့မျက်လုံးတွေတောက်ပလာပြီး ပြောလိုက်လေတယ်၊ "သက်ရှိလောကမှာ၊ ဥပဒေကိုနှင့်အညီ အမှုကိစ္စတွေကို အစ်ကိုတို့တာဝန်ယူစီမံပြီး ပြစ်မှုတွေကိုရုံးတင်စစ်ဆေးဖို့ ဥပဒေကိုသုံးပြီး ရှေ့နေလိုက်ခိုင်းကြတယ်။ ပြောရရင်၊ တစ်ယောက်ယောက်က အပြစ်ရှိစိတ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ သူ့ကိုမင်းဘယ်လောက်မုန်းတီးသည်ဖြစ်စေ၊ သူ့ကိုအပြစ်ပေးတဲ့တာဝန်ကို မင်းကိုယ်တိုင်လုပ်လို့မရဘူး။ ဥပဒေဆိုင်ရာရုပ်မြင်သံကြားလိုင်းတွေကနေ အသနားခံသင့်တယ်။ ပယောဂနှင်သူတွေအပေါ် မြေအောက်လောက၏ကန့်သတ်ချက်တွေက သက်ရှိလောကက ဥပဒေတွေနဲ့ တူညီတယ်လို့ အစ်ကိုအခုတလောကြားထားတာရှိတယ်။ ညီမလေးဆုံးဖြတ်ချက်မချနိုင်နေမှတော့၊ ဒါဆို မြေအောက်လောကရဲ့ဥပဒေကိုသွားမေးကြည့်ကြည့်ပေါ့။"

"မြို့စောင့်နတ်ဆီသွားရမယ်?" ချန်းယုအံ့သြသွားလေတော့သည်။

"အမှန်ပဲ။"

"တရားစွဲရမယ်?" ချန်းယု အတော်ကလေးမယုံသင်္ကာဖြစ်နေလေသည်။

"ဒါကို တရားစွဲတယ်လို့ပြောလို့မရဘူး။ ညီမလေးညည်းညူချင်ရင်၊ တစ်ဖက်လူက လည်း ရှုန်နုန်ဖြစ်နေတာပဲ။ အကောင်းဆုံးက၊ ညီမလေး 110ကိုဖုန်းဆက်ပြီး ရဲကိုခေါ်လိုက်ရုံတင်ပဲ။"

"..." သူမပထမဆုံးအကြိမ်ကြားလိုက်ချိန်တုန်းက ဒါကအကျိုးအကြောင်းမဆီလျော်နေဘူးလို့ ချန်းယုတွေးမိလိုက်လေသည်။ ဒါပေမဲ့၊ သူမပိုစဉ်းစားကြည့်လေ၊ ဖြစ်နိုင်ချေရှိတယ်လို့ သူမတွေးမိလေပဲ။ ဘာပဲဖြစ်ဖြစ်၊ သူမမဆုံးဖြတ်နိုင်ဖြစ်နေမှတော့၊ ချန်းဟွမ်ကိုသွားပြီး ရဲကိုအစီရင်ခံလိုက်သင့်တာပေါ့။ ကြိုးစားကြည့်ရုံပဲကို...

ဒီတော့ နောက်နေ့မနက်ခင်းစောစော၌၊ ကျန်ဝမ်ဝမ်ဆီက ဖုန်းကောတစ်ခု ချန်းယုလက်ခံရရှိလိုက်လေတယ်။ သူမက တော်တော်လေးရှောရှောရှူရှူလက်ခံလိုက်ပြီး သူမကိုယ်တိုင်ဆေးရုံလာခဲ့မယ်လို့ ကတိပေးလိုက်လေသည်။ သူမတုံ့ပြန်မှုက အတော်လေးမယုံနိုင်ဖွယ်ဖြစ်နေတာကို စေ့စေ့စပ်စပ်ရှိတဲ့ ကျန်ဝမ်ဝမ်ရှာတွေ့လိုက်လေသည်။

"သူမဘာပြောလဲ?" အဖေကျန် စိတ်လှုပ်တရှားမေးလာလိုက်တယ်။

"သူမပြောတာ သူမအခုချက်ချင်းလာခဲ့မယ်တဲ့။" ကျန်ဝမ်ဝမ် တွေဝေနေတဲ့အမူအရာနဲ့ ဖြေလိုက်လေသည်။

"ဒါသတင်းကောင်းပဲ။" အဖေကျန် စိတ်သက်သာရာရသလို သက်ပြင်းချလိုက်လေသည်။

"ဒါရိုက်တာကျန်၊ မင်းအဲဒီမိန်းကလေးကို တကယ်ပဲယုံလိုက်မလို့လား?" လျူရှုချန် ဖျောင်းဖျလိုက်လေတယ်၊ "တွေးကြည့်ပါဦး၊ သူမမှာသာ ဇီယန်ကိုကယ်ဖို့နည်းလမ်းရှိရင်၊ ဒီနေ့အထိဘာလို့စောင့်နေခဲ့တာလဲ?"

"သူမမှာ နည်းလမ်းရှိလားမရှိလားဆိုတာ၊ သူမလာရင်သိလိမ့်မယ်။" ဒါရိုက်တာကျန် ပြောလိုက်လေသည်။

"ကျရှုံးသွားခဲ့ရင်ကော?" လျူရှုချန်ပြောလိုက်လေတယ်၊ "ကျရှုံးသွားရင်၊ ဒါဆို..."

"မကျရှုံးအောင် မင်းဆုတောင်းနေလိုက်သင့်တယ်။ ကျရှုံးသွားရင် မင်းတို့လျှူမိသားစုကို ငါခွင့်မလွှတ်ဘူး။" ဒါရိုက်တာကျန် လျှူရှုချန်ကို မပြေမလည်ကြည့်လာကာ၊ "ဒီကိစ္စအားလုံးရဲ့တရားခံကို ငါမေ့သွားပြီလို့ မင်းထင်နေတာလား?"

လျှူရှုချန် သူငယ်အိမ်ကျုံ့သွားပြီး သူ့မျက်နှာပေါ် အပြစ်မကင်းစိတ်ပေါ်ထွက်လာကာ၊ "ဒီကိစ္စမှာ ကျွန်တော်တို့မိသားစုကို အပြစ်တင်ရမယ်ဆိုတာ ကျွန်တော်သိပါတယ်။ ကျွန်တော်တကယ်မသိခဲ့တာပါ၊ ဇီယန် ကောင်းကင်ဘုံဆရာကိုရှာပြီး ယာယာကို ကယ်ဖို့ အသက်လဲလှယ်ခြင်းနည်းအသုံးပြုခဲ့မယ်ဆိုတာကို။ ကျွန်တော်သိခဲ့ရင်၊ ဘာနည်းမဆိုသုံးပြီး သူ့ကိုတားခဲ့လိုက်မှာ။ ဒီကိစ္စကိုသိပြီးနောက်၊ ကျွန်တော်..."

"တော်ပြီ!" ဒါရိုက်တာကျန်သရော်လိုက်လေတယ်၊ "ငါတုံးအလိမ့်မယ်လို့ မင်းထင်နေတာလား? နှစ်ခြောက်ရာကျော်သက်တမ်းရှိတဲ့သရဲက မင်းတို့မိသားစုကို ဘာအကြောင်းအရင်းမှမရှိဘဲ စိုက်ကြည့်နေမယ်ပေါ့? အိုကေ၊ မင်းရဲ့သမီးက ကံမကောင်းလို့ သရဲဖမ်းတာခံရရင်တောင်၊ ဒါဆို အဲဒီမလိုမုန်းထားသရဲရဲ့ မွေးရက်ကိုမင်းဘယ်လိုလုပ်သိနေရတာလဲ? သူကရာစုနှစ်ခြောက်စုကျော်သေသွားပြီဖြစ်တဲ့သရဲ၊ မင်းပါးစပ်ကိုဖွင့်ပြီး သူ့နာမည်ကိုဖြစ်သလိုခေါ်လို့ရတယ်ပေါ့?"

သူက ရဲဌာနခေါင်းဆောင်ဖြစ်ပေမဲ့၊ သူလည်း တစ်ဆင့်ချင်းစီ တစ်လှမ်းပြီးတစ်လှမ်းတက်လာခဲ့တာ။ သူကတကယ်ပဲရိုးအသူလို့ထင်နေတာလား၊ ဘယ်သူကအရူးလုပ်ရလွယ်နေမှာလဲ?

လျှူရှုချန်မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်လာလေတယ်။ သူအရာအားလုံးကို စေ့စေ့စပ်စပ်စီစဉ်ထားခဲ့တာ။ ရှန်နန်သေချိန်၊ သူတို့မိသားစုပေါ်ကကျိန်စာ အလိုလိုပျောက်ကွယ်သွားမှာ။ ယာယာလည်း ကျန်းကျန်းမာမာဖြစ်လာပြီး၊ ဒါဆို သူကအသက်လဲလှယ်ခြင်းနည်းကိုရပ်လိုက်ရုံပဲ။ ကျန်ဇီယန်လည်း ပြန်နိုးထနိုင်မှာဖြစ်လေသည်။

ချန်းယုလို့ခေါ်တဲ့ အဲဒီကောင်းကင်ဘုံဆရာ ရုတ်ခြည်းထွက်ပေါ်လာတာကြောင့်သာ မဟုတ်ခဲ့ရင်၊ ချို့ယွင်းချက်တွေ ပေါ်မထွက်လာနိုင်လေဘူး။

သို့သော်၊ ကိစ္စမရှိပါဘူး၊ ကျန်ဇီယန်က ယာယာကိုနှစ်နှစ်ကာကာချစ်နေတာ၊ ယာယာတစ်ခုခုဖြစ်မှာကို သူမကြည့်ရက်နိုင်လေဘူး။ ကျန်ဇီယန်သဘောမတူသရွေ့ အဲဒီကောင်းကင်ဘုံဆရာ အစီအရင်ကို အလွယ်တကူဖယ်ရှားနိုင်မှာမဟုတ်လေဘူး။

"ဒါရိုက်တာကျန်၊ ဒါဆို အဲဒီမိန်းကလေးရောက်လာမှာကို ကျွန်တော်တို့စောင့်ပြီး သူမအစီအရင်ဖြည်နိုင်လားဆိုတာ စောင့်ကြည့်တာပေါ့။" လျှူရှုချန်

မှန်ကန်ဖြောင့်မတ်တဲ့သဘောထားနဲ့ ပြောလာလေတယ်၊ "ဇီယန်ဝင်မပါသရွေ့ ယာယာကိုကယ်နိုင်မှာမဟုတ်ဘူး…ဒါဆို၊ ကျွန်တော့ကံကိုကျွန်တော်လက်ခံလိုက်မယ်။"

လျူရှုချန်စကားကိုကြားလိုက်တော့၊ သူ့ကိုဆက်လက်တိုက်ခိုက်နေဖို့ မလျော်ကန်နေဘူးလို့ ဒါရိုက်တာကျန် ခံစားမိလိုက်လေသည်။ ထို့ကြောင့်၊ သူနှာမှုတ်လိုက်ပြီး ချန်းယုရောက်လာမှာကို၊ အခန်းထဲထိုင်ပြီးစောင့်နေလိုက်တယ်။

မိနစ်နှစ်ဆယ်လောက်ကြာတော့၊ လူနာဆောင်ထဲ ချန်းယုနဲ့ချန်းယန် လျှောက်ဝင်လာလိုက်လေသည်။

"ဒါရိုက်တာကျန်။" အရင်ဆုံး ဒါရိုက်တာကျန်ကို ချန်းယန်အလေးပြုလိုက်လေသည်။

ဒါရိုက်တာကျန် ချန်းယန်ကို လက်ဝှေ့ယမ်းပြလိုက်ပြီး ချန်းယုကို စိတ်အားထက်သန်စွာ ကြည့်ပြီး မေးလိုက်လေတယ်၊ "ချန်းယု၊ ဇီယန်ကိုယ်ပေါ်က အသက်လဲလှယ်ခြင်းအစီအရင်ကို မင်းဖြည်ပေးနိုင်လား?"

"အခုမလုပ်နိုင်သေးဘူး။" ချန်းယုပြန်ဖြေလိုက်လေသည်။

လျူရှုချန်ရဲ့မျက်ဝန်းထဲ ကောက်ကျစ်တဲ့အပြုံးတစ်ခု ဖြတ်ခနဲပေါ်လာလေတယ်။ သူ့မိသားစု နှစ်ခြောက်ရာကျော် အမွေဆက်ခံလာခဲ့တဲ့ အသက်လဲလှယ်ခြင်းအစီအရင်ကို တစ်စုံတစ်ယောက်က ဘယ်လိုလုပ်အလွယ်တကူရပ်နိုင်မှာလဲ?

"အခုလုပ်လို့မရဘူး?" ဒါရိုက်တာကျန် စိတ်အားထက်သန်စွာမေးလာလေတယ်၊ "ဒါဆို ဘယ်အချိန်လုပ်လို့ရနိုင်လဲ?"

"ကျွန်မ မြို့စောင့်နတ်ကို အကြောင်းကြားပြီးရင်။ သူဘာပြောလာမလဲဆိုတာ စောင့်ကြည့်ရတာပေါ့။" ချန်းယုပြန်ဖြေလိုက်လေသည်။

"မြို့စောင့်နတ်?" ဒါရိုက်တာကျန် တောင့်သွားလေသည်။

လျူရှုချန်အမူအရာပြောင်းလဲသွားပြီး၊ သူ့စိတ်ထဲ မကောင်းတဲ့အဖုအထစ်တစ်ခု ဖြတ်ခနဲထွက်ပေါ်လာလေသည်။

"ဟုတ်တယ်၊" ချန်းယုခေါင်းညိတ်ကာ၊ "ဒီအစီအရင်က အလွန်အားကောင်းတယ်၊ ပြီးတော့ နှစ်ခြောက်ရာကျင့်ကြံရေးအဆင့်ရှိတဲ့မလိုမုန်းထားသရဲပါ ပါဝင်နေတာ။ ဒီတော့၊ ဒီကိစ္စကို မြို့စောင့်နတ်ဆီ အစီရင်ခံပြီး အဲဒီပုဂ္ဂိုလ်ကို ကူညီခိုင်းရမယ်။"

"ဒါဆို မြို့စောင့်နတ်ကို အစီရင်ခံဖို့ အချိန်ဘယ်လောက်ကြာမှာလဲ?" ဒါရိုက်တာကျုန် တိုက်တွန်းလာလေတယ်၊ "ဇီယန်မှာအချိန်မရှိတော့ဘူး။"

"အချိန်မကြာပါဘူး။ မစ္စတာလျူလိုက်လာဖို့ဆန္ဒရှိနေသရွေ့ တစ်နာရီကျော်လောက်ပဲ ကြာမှာပါ။" ချန်းယုပြောပြီး သူ့မခေါင်းကိုလှည့်ပြီး လျူရှုချန်ကိုကြည့်လိုက်လေသည်။

ချန်းယု မြို့စောင့်နတ်ကို ဖိတ်ခေါ်မယ်လို့ပြောလာတာကို လျူရှုချန်းကြားလိုက်တော့ စိတ်တထင့်ထင့်ဖြစ်လာတယ်။ ဒီလိုအချိန်၌၊ ဒါရိုက်တာကျုန်ရဲ့ စောင့်ကြည့်နေတဲ့အကြည့်အောက် သူမေးရုံသာမေးလာရဲလေတယ်၊ "မြို့စောင့်နတ်ကို ဖိတ်ခေါ်တာနဲ့ ငါ့ကြား ဘာဆက်သွယ်မှုရှိနေလို့လဲ?"

"ရှင်နဲ့ဆက်သွယ်ချက်က တော်တော်ကြီးတယ်။" ချန်းယုလျှောင်လိုက်လေတယ်၊ "ရှန်နန် လွန်ခဲ့တဲ့နှစ်ခြောက်ရာတုန်းက၊ ရှင်တို့မိသားစုကို ကျိန်စာတိုက်ခဲ့တာက၊ ရှင့်သမီးကိုအသက်တိုသွားစေပြီး၊ ဒါကြောင့်ပဲ ရှင့်သမီးကိုကယ်ဖို့ ကျုန်ဇီယန်က သူ့အသက်နဲ့လဲဖို့ ဆန္ဒရှိနေခဲ့တာ။ သူတို့ကံတွေက အတူပေါင်းစပ်သွားပြီး၊ ဒီတော့ ကျုန်ဇီယန်ကိုကယ်ဖို့၊ ရှင့်သမီးကိုလည်းကယ်တင်ရမယ်။ ပြီးတော့ ရှင့်သမီးကိုကယ်ဖို့၊ လျူမိသားစုနဲ့ရှန်နန်ကြားက ရန်ငြိုးဟောင်းကိုဖြေရှင်းရမယ်။"

"ကျွန်မက မဖြစ်စလောက်ကောင်းကင်ဘုံဆရာလေးလေ။ ဒီတော့၊ ဒီလိုအရည်အချင်းမျိုး ကျွန်မမှာမရှိနေဘူး၊ ဒါကြောင့် ဒီကိစ္စကိုဖြေရှင်းဖို့ ရှင်ကောရှန်နန်ကော မြို့စောင့်နတ်ရှေ့အတူတူဆွေးနွေးကြရမယ်။ မြို့စောင့်နတ်ဆန္ဒရှိနေသရွေ၊ အသက်လဲလှယ်ခြင်းအစီအရင်ကိုတောင်မပြောနဲ့ဦး၊ ဝိညာဉ်ပြန်လည်မမွေးဖွားရသေးသရွေ့ သေသူကိုတောင်ပြန်အသက်ရှင်လာအောက်လုပ်လို့ရတယ်။" ချန်းယုပြောပြီးတော့ လျူရှုချန်ရဲ့ဖြူဖျော့နေတဲ့မျက်နှာကို ကျေနပ်အားရတဲ့ကောက်ကျစ်တဲ့အပြုံးနဲ့ကြည့်နေလိုက်တယ်။

နင်အသက်လဲချင်တယ်၊ ဟုတ်တယ်မလား? ခဏနေလို့ မြို့စောင့်နတ်နဲ့တွေ့ရင် နင်ဘယ်လိုလုပ်မလဲဆိုတာ စောင့်ကြည့်ရသေးတာပေါ့။

"မင်းတကယ်ပဲလူကယ်ချင်ရင်၊ အဲဒီမလိုမုန်းထားသရဲကိုသတ်လိုက်တာ အတူတူပဲမဟုတ်ဘူးလား? ဒီလိုဒုက္ခခံပြီး မြို့စောင့်နတ်ကို နိုးဆော်ဖို့ဘာလို့လိုနေဦးမှာလဲ?" လျူရှုချန်ရုန်းကန်ပြောဆိုလာလေတယ်။

"ဟား-ဟား-ဟား…" ချန်းယု သူနဲ့ချေပပြောဆိုနေရန် ပျင်းရိနေလေပြီ။ သူမဒါရိုက်တာကျန်ဘက်လှည့်ပြီး ပြောလိုက်လေတယ်၊ "ဒါရိုက်တာကျန်၊ မစ္စတာလျူကြည့်ရတာ ဆန္ဒမရှိပုံပဲ။"

"မင်းဒါကိုဂရုစိုက်နေဖို့မလိုဘူး။ ငါ့ကိုပြောလိုက်၊ လျူရှုချန်ကို မင်းဘယ်ခေါ်သွားချင်တာလဲ?" ဒါရိုက်တာကျန် အထက်စီးဆန်ဆန်ပြောလာလေတယ်။

"မြို့စောင့်နတ်ဘုရားကျောင်းကို။" ချန်းယုပြုံးကာ ပြန်ဖြေပေးလိုက်လေသည်။

"ငါသွားရင်၊ ရှန်နန်သွားရဲလား? သူက နှစ်ခြောက်ရာသက်တမ်းရှိတဲ့ မလိုမုန်းထားသရဲပဲ။ သူမြို့စောင့်နတ်ကိုတွေ့ရဲမှာမဟုတ်ဘူး။" လျူရှုချန် ပြန်လည်ချေပလိုက်လေသည်။

"ရှင်အတော်ကလေးနားလည်ထားတာပဲ။" ချန်းယုသရော်လိုက်လေတယ်၊ "မစိုးရိမ်နေနဲ့၊ ရှင့်အတွက်၊ ကျွန်မ ရှန်နန်ကိုအဲဒီကိုခေါ်လာပေးမယ်။"

လျူရှုချန် လုံးဝရှုံးနိမ့်သွားလေပြီ။ သူ့သွေးပြောင်းပြန်စီးဆင်းနေကာ၊ သူ့အရိုးတွေထဲ ရေခဲလိုအေးစက်မှုဝင်ရောက်လာလေတယ်။

စာရေးသူ၏မှတ်စု:

ဌာနချုပ်ခေါင်းဆောင်ဝမ်ကို ဟဲကျီ video callခေါ်လာလိုက်တယ်။

ဟဲကျီ: တတိယသခင်လေးအချိန်အတည်မပြုခင် နှစ်ရက်ကျော်လောက်ထပ်စောင့်ပေးပါဦး၊ ခေါင်းဆောင်ဝမ်။

ဌာနချုပ်ခေါင်းဆောင်ဝမ်: ငါတို့ထပ်နှောင့်နှေးလို့မရတော့ဘူး။ လက်ထောက်ဟဲ၊ ငါတို့ဘက်မှာအလျင်လိုနေပြီ။

ဟဲကျီပြုံးကာ: ကျွန်တော်နားလည်ပါတယ်၊ ဒါပေမဲ့ နှစ်ရက်ထပ်စောင့်ပေးပါဦး။

ခေါင်းဆောင်ဝမ် သူ့ခေါင်းကို စိတ်ဓာတ်ကျကျကုတ်လိုက်ပြီး၊ သူ့ခေါင်းထိပ်က ကျန်ရှိနေသေးတဲ့ ဆံပင်စုအနည်းငယ် ချက်ချင်းပြုတ်ကျသွားစေတော့တယ်။

အပိုင်း(၈၂):အမှုကိစ္စကိုမြို့စောင့်နတ်ဖြေရှင်းပေးတယ်

သူ့သားကိုကယ်တင်ရန် ဒါရိုက်တာကျန်မှာ သေလုနီးပါးဖြစ်နေလေတယ်၊ ဒီတော့ ချန်းယုပြောတာကို သူနားထောင်လိုက်တယ်။ သူခဏလေးတောင်မနှောင့်နှေးရဲဘဲ လျူရှုချန်ကိုခေါ်ကာ မြို့စောင့်နတ်ဘုရားကျောင်းဆီလာခဲ့လိုက်တယ်။

ချန်းယုလည်း ဒီကိစ္စကို မြန်မြန်ဖြေရှင်းလိုက်ချင်နေတယ်။ ဒါရိုက်တာကျန်ပူးပေါင်းပါဝင်ပေးနေတာကိုမြင်တော့၊ နှစ်ဦးသားအပေါက်အလမ်းတည့်သွားလေတယ်။ ဆေးရုံကနေ သူတို့ထွက်လာပြီး မြို့စောင့်နတ်ဘုရားကျောင်းရှိရာဆီ မောင်းနှင်လာလိုက်တယ်။

မြို့စောင့်နတ်ဘုရားကျောင်းက မြို့တော်အလယ်ဗဟိုမှာရှိပြီး ခရီးသွားသူများပြားတဲ့နေရာတစ်ခုဖြစ်လေသည်။ မရေမတွက်နိုင်လောက်တဲ့ နေ့စဉ်လာရောက်လည်ပတ်သူတွေနဲ့ မြောက်မြားစွာသော အမွှေးတိုင်တွေရှိလေတယ်။

မြို့စောင့်နတ်ဘုရားကျောင်းရှေ့လာရောက်ဆုတောင်းဝတ်ပြုသူတွေ တစ်သီတစ်တန်းကြီးကို ဒါရိုက်တာကျန်မြင်လိုက်တော့၊ မြို့စောင့်နတ်ကို ဝတ်ပြုဖို့ဘယ်နေရာသွားရမလဲဆိုတာ ချန်းယုကိုလှည့်မေးရန်ပြင်နေချိန် သိမ်မွေ့တည်ငြိမ်ပြီး စစ်တပ်လေထုဝန်းရံနေတဲ့ အမျိုးသားတစ်ဦး၊ အဓိကခန်းမရဲ့ဘေးတံခါးက လျှောက်ထွက်လာတာကိုမြင်တွေ့လိုက်ရလေသည်။

"မိန်းကလေးချန်းယု၊ မြို့စောင့်နတ်ဘုရားကျောင်းကို တာဝန်ယူထားတဲ့၊ တာအိုဆရာတော်ချင်ဟဲဆီကနေ ဆရာမော်ခွင့်ပြုချက်တောင်းထားပြီးပြီ၊ မြို့စောင့်နတ်ကို ဝတ်ပြုဖို့မဖွင့်ပေးထားတဲ့ ဘေးခန်းမကို မင်းအသုံးပြုလို့ရတယ်။" ထျန်းဖေ အပြုံးနဲ့ပြောလာလေတယ်၊ "လှူဒါန်းဖွယ်ပစ္စည်းတွေ၊ ဖယောင်းတိုင်းတွေနဲ့ အမွှေးတိုင်းတွေလည်း အဆင့်သင့်ဖြစ်နေပါပြီ။"

"ကောင်းပြီ။ ဘေးခန်းမကဘယ်မှာလဲ?" ချန်းယုမေးလိုက်လေသည်။

"ကျွန်တော်လမ်းပြပေးမယ်၊" ထျန်းဖေလှည့်ကာ ရှေ့ကဦးဆောင်သွားလိုက်လေသည်။

ချန်းယု ဘာမှမပြောဘဲ နောက်ကလိုက်သွားလေတယ်။ ထျန်းဖေကို ဒါရိုက်တာကျန်မသိလေဘူး၊ ဒါပေမဲ့ တစ်ယောက်ယောက်လမ်းပြပေးနေတော့၊ ဖြူဖျော့နေတဲ့ လျူရှုချန်ကို တစ်ယောက်ယောက်အားစောင့်ကြည့်ခိုင်းပြီး နောက်ကလိုက်သွားလိုက်တယ်။ ချန်းယန်တစ်ဦးတည်းရဲ့အမှုအရာကသာ ရှုပ်ထွေးနေလေတယ်။

ရှီရှီနဲ့တတိယသခင်လေးလော့ရဲ့ဆက်ဆံရေးက ကောင်းလွန်းတာကြောင့် သူ့လက်ထောက်ကိုတောင် သူမဆန္ဒရှိသလို အမိန့်ပေးလို့ရနိုင်တယ်ပေါ့?

ခဏတစ်ဖြုတ်နေတော့၊ မြို့စောင့်နတ်ဘုရားကျောင်း၏ဘေးခန်းမကို လူအုပ်ရောက်လာတော့ တာအိုဆရာတော်ချင်ဟဲက အဲဒီမှာစောင့်နှင့်လေပြီ။ လူတော်တော်များများရောက်လာတာကို သူမြင်လိုက်တော့၊ အဝေးကနေ နှုတ်ဆက်တဲ့သဘောဖြင့် ခေါင်းညိတ်ပြလာလေတယ်။

လူအုပ်လည်း အတူတူလုပ်ကာ အရိုအသေးလေးလာကြလေသည်။

"တာအိုဆရာတော်၊ ဒီနေ့ဒုက္ခပေးမိသွားပြီ။"
ချန်းယု ယဉ်ယဉ်ကျေးကျေးပြောလာလိုက်သည်။

တာအိုဆရာတော်ချင်ဟဲ သူ့လက်ကိုဝှေ့ယမ်းလိုက်ပြီး ပြောလိုက်လေတယ်: "ဒီတာအိုဆရာတော် မြို့စောင့်နတ်ဘုရားကျောင်းမှာ ရာစုနှစ်တစ်စုစာလောက်နေလာပြီး မြို့စောင့်နတ်တစ်ပါးထဲဆီပဲ နေ့ကောညပါ ကိုယ့်ကိုကိုယ်ရင်းနှီးမြှုပ်နှံထားခဲ့တာ။ မြို့စောင့်နတ်ရဲ့တကယ့်ပုံပန်းအစစ်ကို မမြင်တွေ့ဖူးတာကြောင့် အရှက်ရမိပါတယ်။ ဒီနေ့ မြို့စောင့်နတ်ရဲ့ပုံပန်းအစစ်ကို မြင်တွေ့ခွင့်ရခဲ့မယ်ဆိုရင်၊ ဒီဆရာတော် ဒီဘဝမှာ တင့်တိမ်ရောင်ရဲနိုင်ပါပြီ။"

"ဒါဆို ခဏလောက်နေပြီး နားထောင်ကြည့်မလား၊ ဆရာတော်?" သူတို့က တစ်ပါးသူ၏နေရာကို ငှားယူအသုံးပြုနေတာဖြစ်လေတယ်၊ ဒီတော့ အနည်းငယ်နားထောင်ခိုင်းတာက အဆင်ပြေပါတယ်။ ထပ်ပေါင်းပြောရရင်၊ မြို့စောင့်နတ်ကို တာအိုဆရာတော်ချင်ဟဲ အလုပ်အကျွေးပြုနေတာဟာ နှစ်အတော်ကြာနေပြီ။ မြို့စောင့်နတ် သေချာပေါက် စိတ်မရှိနိုင်လေဘူး။

"ဒါဆို၊ ရိုသေလေးစားတာကပိုတောင်ကောင်းပါဦးမယ်။" တာအိုဆရာတော်ချင်ဟဲ မနက်အစောကတည်းက ဒီမှာစောင့်နေခဲ့တာ။ မြို့စောင့်နတ်ပေါ်လာတာစောင့်ဖို့နဲ့ ဒီမှာနေဖို့ ဘာသာရေးနှင့်ဆိုင်တဲ့စည်းဝေးပွဲတွေကိုတောင် ဆရာတော်မသွားခဲ့လေဘူး။

သူတို့ပြောနေစဉ်၊ လူတိုင်းဘေးခန်းမကိုဝင်လာတော့ အကောင်းဆုံးအမွှေးတိုင်း၊ ဖယောင်းတိုင်တွေနဲ့ပြည့်နေတဲ့ စားပွဲကို သူတို့ရှာတွေ့လိုက်ကြလေသည်။ အားလုံးကို အစီအစဉ်တကျစီမံထားတာဖြစ်လေသည်။ ချန်းယုအားလုံးကိုတစ်ဖန်ပြန်စစ်ဆေးကြည့်ပြီး အားလုံးအဆင်သင့်ဖြစ်ပြီဖြစ်ကြောင်း အတည်ပြုလိုက်လေသည်။ ကျန်တာအားလုံးက မြို့စောင့်နတ်ကို ဖိတ်ခေါ်ရန်ဖြစ်လေသည်။

သို့သော်၊ မြို့စောင့်နတ်ကိုမဖိတ်ခေါ်ခင်၊ နေရာရှင်းလင်းထားရန်လိုအပ်နေလေတယ်:
"လျူရှုချန်ကလွဲပြီး၊ လူတိုင်းအပြင်ထွက်နေသင့်တယ်။"

ချန်းယုအမိန့်ပေးတာကိုကြားတော့၊ ပူဆွေးဝမ်းနည်းမှုအနည်းငယ်ဖြင့် ထျန်းဖေလှည့်ကာ ထွက်သွားလိုက်သည်။

မလာခင်၊ မြို့စောင့်နတ်ကို သူမဖိတ်ခေါ်နေချိန် အပြင်လူတွေမရှိနေသင့်ဘူးဆိုတာကို ချန်းယန်ကို ချန်းယုရှင်းပြထားလေတယ်၊ ဒီတော့ သူညည်းညူမနေဘဲ ထွက်လာလိုက်သည်။

ဒါရိုက်တာကျန် တစ်ဦးတည်းသာ နားမလည်နိုင်ဖြစ်နေလေတယ်: "ငါတို့နေလို့မရဘူးလား?"

"ခေါင်းဆောင်ကျန်၊ မြို့စောင့်နတ်ကို ကြိုတင်ကြည့်ထားချင်လို့လား?"
ဒါရိုက်တာကျန်နဲ့ပတ်သတ်ပြီး ချန်းယုအနည်းငယ်ဘဝင်မကျဖြစ်နေလေတော့၊
သူမတမင်သက်သက်မေးလိုက်လေသည်။

မြို့စောင့်နတ်ကဘယ်သူလဲ? မြေအောက်လောကရဲ့တရားသူကြီးမင်း၊၊
သူကြိုတင်မြင်ချင်နေတာလားဆိုတာရဲ့ အဓိပ္ပာယ်က... ချန်းယုကြောင့်
ဒါရိုက်တာကျန်နင်သွားကာ၊ ဘေးခန်းမကနေ စိတ်တိုတိုထွက်သွားလေသည်။

အဲဒီလိုနဲ့၊ ဘုရာကျောင်းတံခါးပိတ်သွားလေပြီ။

လျူရှုချန်လည်း အပြင်ထွက်သွားချင်လေတယ်၊ ဒါပေမဲ့ အပြင်ဘက်ကသူတွေ
သူ့ကိုထွက်လာခွင့်ပေးဖို့ဆိုတာ မဖြစ်နိုင်နေဘူး။ အဓိကခန်းမထက်က
မြို့စောင့်နတ်၏ကြီးကျယ်ခမ်းနားသောရုပ်ထုကို သူကြည့်လာလိုက်ကာ၊
သူ့ကိုယ်သူနှစ်သိမ့်နေလိုက်တယ်။

အဆင်ပြေပါတယ်၊ ငါအသက်လဲလှယ်လိုက်တယ်ဆိုတာ သူသိရင်တောင်၊ ဘာဖြစ်မှာမိုလို့လဲ?
ငါနဲ့အသက်လဲလှယ်တဲ့သူက ဆန္ဒရှိနေခဲ့တာပဲ။ သူငါ့ကိုဆန္ဒရှိရှိကယ်တင်ခဲ့တာ။ ဒီတော့
ငါ့ကိုလာအပြစ်တင်လို့မရဘူး။

အဲဒီအချိန်တုန်းက လျူရှုချန်ရဲ့တုံ့ပြန်မှုကို သူမမသိနေလေဘူး။ ရှန်နန်ရဲ့ဝိညာဉ်ကို ဆင့်ခေါ် ဖို့
ဝိညာဉ်ဆင့်ခေါ်တဲ့အဆောင်ကို ချန်းယုထုတ်လိုက်လေသည်။

မြို့စောင့်နတ်ကိုရှာဖို့ မနေ့ညက ချန်းယုဆုံးဖြတ်ခဲ့တာဖြစ်လေတယ်၊ ဒီတော့ ရှန်နန်ကိုရှာဖို့
သူမညတွင်းချင်းပြေးသွားလိုက်လေသည်။ သူနဲ့အတူဆွေးနွေးပြီးနောက်၊ ဒီနေ့ခရီးစဉ်မစတင်ခင်
ရှန်နန်ခွင့်ပြုချက်နဲ့ သူမအဆုံးသတ်ခဲ့လေသည်။

ဝိညာဉ်ဆင့်ခေါ်တဲ့အဆောင် သူ့ဘာသာသူလေထဲလောင်ကျွမ်းသွားကာ၊ သိပ်မကြာခင်၊ ခန်းမထဲ လေအေးတစ်သုတ်တိုက်လာလေတယ်။ ဖယောင်းတိုင်မီးတောက်တွေ အကြိမ်အနည်းငယ် မှိတ်တုတ်မှိတ်တုတ်လင်းလာပြီး၊ တစ်ကြိမ်ပြီးနောက် ငြိမ်သက်သွားလေသည်။

တာအိုဆရာတော်ချင်ဟဲက မျက်စိမှေးလေတယ် ဒါပေမဲ့ မနေနိုင်ဘဲ မျက်လုံးပြူးလာလိုက်တယ် သူ့ယင်ယန်မျက်လုံးကိုမဖွင့်ထားပေမဲ့၊ ရှန်နန်ရဲ့တည်နေရာအတိအကျကို သူထောက်လှမ်းမိပြီး တိတ်ဆတိတ်လေး ရေရွတ်လိုက်လေတယ်: ပြင်းထန်တဲ့မကျေမနပ်မှုတွေပဲ။

အခန်းအပူချိန် ထိုးကျလာချိန် လျူရှုချန်နောက်ဆုတ်လိုက်လေတယ်။ ရှန်နန်ရောက်နေပြီဆိုတာ သူသိလိုက်တယ်။ သူအထိတ်တလန့်ဖြစ်ပြီး အော်ဟစ်လာလေတယ်၊ "မလိုမုန်းထားသရဲကိုကူပြီး ငါ့ကိုသတ်မလို့လုပ်နေတာလား?"

ရှန်နန်ကို ချန်းယုနှုတ်ဆက်လိုက်လေတယ်။ လျူရှုချန်အော်ဟစ်သံကိုကြားတော့၊ သူမခေါင်းကိုလှည့်ပြီး၊ "နင့်ကိုသတ်ဖို့ ငါတို့အကူအညီကို သူလိုသေးလို့လား?"

"..." လျူရှုချန်ရဲ့မျက်နှာ အပြာရောင်ပြောင်းလာကာ၊ နောက်ကိုထပ်မံဆုတ်လာလိုက်ပြန်သည်။

ချန်းယုခဏလောက်တွေးကြည့်ပြီးနောက်၊ လျူရှုချန်ရှိရာဦးတည်ဘက်ကို လျှောက်လာလိုက်လေသည်။

"မင်းဘာလုပ်မလို့လဲ?" လျူရှုချန် ဂရုတစိုက်မေးလာလိုက်လေသည်။

"ရှင့်ယင်ယန်မျက်လုံးကိုကူဖွင့်ပေးမလို့။" ချန်းယုပြောပြီးတာနဲ့ သူမလက်နှစ်ချောင်းကို လျူရှုချန်ရှေ့ လှုပ်ရှားလိုက်လေသည်။

လျူရှုချန် ဖြတ်ခနဲဖြစ်သွားတာကို ခံစားမိလိုက်ပြီး မရည်ရွယ်ဘဲ မျက်တောင်ခပ်လိုက်လေသည်။ သူ့မျက်လုံးတွေပြန်ဖွင့်လာတော့၊ ခန်းမ၏အထက်ပိုင်းမှာ ရပ်နေတဲ့ရှန်နန်ကို၊ သူမြင်လိုက်ရလေသည်။

အဲဒီအချိန်၌၊ ရှန်နန်ကို သူ့ကိုအေးအေးစက်စက်စိုက်ကြည့်နေလေတယ်။

လျူရှုချန်နောင်တရနေလေတယ်။ သူသာသိခဲ့မယ်ဆိုရင်၊ ဒီမနက်ခင်းစောစောကို ဆေးရုံဆီသူလာခဲ့မှာမဟုတ်လေဘူး။

"ကြောက်တယ်?" လျူရှုချန် ချွေးအေးထွက်လာတဲ့အထိကြောက်လန့်နေတာကို ရှန်နန်မြင်လိုက်တော့ မနေနိုင်ဘဲ လှောင်လိုက်လေသည်။

"ငါဘာကိုကြောက်ရမှာလဲ? ငါကသက်ရှိလူ၊ မင်းကမလိုမုန်းထားသရဲ။ ဘယ်လိုပဲကြည့်ကြည့်၊ ကြောက်နေရမယ့်သူကမင်းပဲ။" လျူရှူချန် ပြန်ငြင်းလိုက်လေတယ်။ ချန်းယုကိုသူကြည့်လိုက်ပြီး ပြောလိုက်လေတယ်၊ "ငါဒီကိုဝင်လာချိန် လူတော်တော်များများငါ့ကိုမြင်တွေ့ခဲ့တာ။ ဒီမှာငါတစ်ခုခုဖြစ်လာခဲ့ရင်၊ မင်းကမြို့တော်ဝန်သမီးဖြစ်နေရင်တောင်၊ ရှင်းပြဖို့လွယ်ကူနေမှာမဟုတ်ဘူး။"

ချန်းယုပြန်လည်မချေပလိုက်ခင်၊ ပွဲကြည့်ပရိတ်သတ်လုပ်နေတဲ့ တာအိုဆရာတော်ချင်ဟဲ ရုတ်တရက်ကြားဝင်ဖြတ်ပြောလာလေတယ်၊ "မစ္စတာလျူ၊ စိတ်ချချနေပါ။ ဒီအညတရတာအိုဆရာတော်က မြို့စောင့်နတ်ဘုရားကျောင်းကို တာဝန်ယူနေတဲ့သူတစ်ဦးပါ။ အခြားနေရာတွေကိုတော့ ဒီတာအိုဆရာတော် အာမမခံနိုင်ပေမဲ့၊ ဒါပေမဲ့ ဒီမှာတော့၊ မင်းလုံခြုံရေးကို ဆရာတော်အာမခံနိုင်ပါတယ်။"

"ကျေးဇူးအများကြီးတင်ပါတယ်၊ တာအိုဆရာတော်။" တာအိုဆရာတော်ချင်ဟဲကို လျူရှူချန်ကျေးဇူးတင်လိုက်လေသည်။

တာအိုဆရာတော်ချင်ဟဲ ဘာအမူအရာမှမပြောင်းလဲဘဲ ခေါင်းညိတ်ပြလိုက်ပြီး ချန်းယုဘက် သူ့ခေါင်းကိုလှည့်ပြီး ပြောလာလိုက်တယ်၊ "တာအိုမိတ်ဆွေလေး၊ မင်းအခုစလို့ရပြီ။"

"အိုကေ။" ချန်းယု သူမကြိုတင်ဆွဲထားတဲ့ နတ်ဘုရားပင့်ဖိတ်တဲ့အဆောင်ကိုထုတ်ကာ၊ အဲ့တာကိုမသုံးလိုက်ခင် ရှန်နန်ကို တွန့်ဆုတ်တွန့်ဆုတ်လှမ်းကြည့်လိုက်လေသည်။ ရှန်နန်က ကျင့်ကြံရေးသက်တမ်းနှစ်ခြောက်ရာရှိပြီဖြစ်တဲ့ မလိုမုန်းထားသရဲဖြစ်လေတယ်။ သူ့ကိုမြင်ချိန် မြို့စောင့်နတ်ဘာလုပ်လာမလဲဆိုတာ သူမလည်းမသိလေဘူး။

"စလိုက်ကြစို့!" သူမလာခင် အကျိုးဆက်ကို ရှန်နန်တွေးခဲ့ပြီးသားဖြစ်လေတယ်၊ ဒါပေမဲ့ ချန်းယုကြောင့်မဟုတ်ရင်၊ ချီချောင်မင်ရဲ့သရဲဘုရင်အဖြစ် သူသန့်စင်ခံလိုက်ရမှာဖြစ်လေသည်။

အပိုင်း(၅၈.၂)ːအမှုကိစ္စကိုမြို့စောင့်နတ်ဖြေရှင်းပေးတယ်

ဒီတော့၊ ဒီတကြိမ် သူ့အတွက် မြို့စောင့်နတ်ကို ချန်းယုဖိတ်ခေါ်ပေးတာကိုထည့်မပြောနဲ့ဦး၊ သူမမလုပ်ခဲ့ဘူးဆိုရင်တောင်၊ သူ့ကို ချန်းယုလိုအပ်နေသရွေ့ သူပေါ်လာပေးမှာဖြစ်လေသည်။

ဒါ့အပြင်၊ လူ့ျမိသားစု ပြစ်ဒဏ်ချမှတ်ခံရသရွေ့၊ သူ့ဝိညာဉ်ပျံ့ကျဲသွားမယ်ဆိုရင်တောင်၊ ဘာပြဿနာမှမရှိလေဘူး။

ချန်းယု ထပ်ပြီးစိတ်မပူလေတော့ဘူး။ သူမအဆောင်ကို လေထဲပစ်လိုက်ပြီးနောက်၊ ဖိတ်ခေါ်တဲ့အဆောင် ချက်ချင်းလောင်ကျွမ်းသွားလေပြီး၊ ထို့နောက် သူမလက်တွေကိုအတူတူပူးကပ်ကာ ဂါထာမန္တန်းကိုရွတ်ဆိုလိုက်လေသည်။ သူမရွတ်ဆိုတဲ့ စကားတစ်လုံးချင်းစီတိုင်းမှာ သန့်စင်တဲ့စိတ်စွမ်းအင်ပါဝင်နေလေတယ်။

တာအိုဆရာတော်ချင်ဟဲ အဝေးကနေ စောင့်ကြည့်နေလေတယ်။ မိန်းကလေးဘေးနားတဝိုက်က စီးဆင်းနေတဲ့စိတ်စွမ်းအင်တွေကိုကြည့်ပြီး၊ နောက်ဆုံးမှာ မြို့စောင့်နတ်ပေါ်လာရန် သူမဘာလို့သတ္တိရှိနေရလဲဆိုတာ ဆရာတော်နားလည်သွားလေပြီ။ အရာအားလုံးက အရည်အချင်းပေါ်မူတည်နေတယ်ဆိုတာ တကယ်အမှန်ပါပဲ။ နှစ်ပေါင်းများစွာကျင့်ကြံလာတာက တာအိုမိတ်ဆွေလေးရဲ့ ကျင့်ကြံရေးထက် နိမ့်ကျနေလေသည်။

"မင်းဘယ်သူလဲ?" ခံ့ညားထည်ဝါပြီး တိုးသောအသံတစ်ခု ရုတ်တရက်ထွက်ပေါ်လာပြီး၊ ခန်းမ၏အထက်ပိုင်းမှာထိုင်နေတဲ့ မြို့စောင့်နတ်ရုပ်ထု၌ အမူအရာတစ်ခုပေါ်ထွက်လာလေသည်။ သူခေါင်းငုံ့ကာ မျက်မှောင်ကြုပ်ရင်းပြောလာလေတယ်၊ "စိတ်ဝင်စားစရာပဲ။ စိတ်ဝင်စားစရာပဲ။ နှစ်ခြောက်ရာကျင့်ကြံရေးအဆင့်ရှိတဲ့ မလိုမုန်းထားဝိညာဉ်တစ်ခုနဲ့ ကောင်းကင်ဘုံကိုဆန့်ကျင်ပြီး အသက်လဲလှယ်ရဲတဲ့သေမျိုးတစ်ဦးက ဒီနတ်ဘုရားရှေ့တကယ်ထွက်ပေါ်လာရဲတာပဲ။"

"မြို့စောင့်နတ်ကိုနှုတ်ခွန်းဆက်သပါတယ်။" လူအုပ်အရိုးအသေပေးလာလေသည်။

"ထတော့။" အလယ်မှာရပ်နေတဲ့ချန်းယုဘက်လှည့်ပြီး၊ မြို့စောင့်နတ်မေးလိုက်လေတယ်၊ "ကောင်မလေး၊ ဒီနတ်ဘုရားကိုဖိတ်ခေါ်လိုက်တဲ့သူက မင်းလား?"

"ဟုတ်ပါတယ်။" မြို့စောင့်နတ်ကိုတွေ့ဖူးတာ ဒါချန်းယုအတွက် ပထမဆုံးအကြိမ်ဖြစ်လေတော့၊ သူမအနည်းငယ်စိတ်လှုပ်ရှားပြီးပျာယာခတ်နေလေတယ်၊ "ကျွန်မ-ကျွန်မ နတ်ဘုရားကိုလာဖို့ဖိတ်ခေါ်လိုက်တာက ကျွန်မမှာ အစီရင်ခံစရာအမှုကိစ္စတစ်ခုရှိနေလို့ပါ။"

"အဲ့တာဘာလဲ?" မြို့စောင့်နတ်မေးလိုက်လေသည်။

"ဒါက ဒီလိုပါ၊ လွန်ခဲ့တဲ့နှစ်ခြောက်ရာတုန်းက..." ဒီအကြောင်းကို လူတွေကို သူမဘယ်နှကြိမ်တောင်ပြောဆိုပြီးပြီလဲဆိုတာ ချန်းယုမရေတွက်နိုင်လေတော့ဘူး၊ ဒီတော့ သူမဖြစ်ကြောင်းကုန်စင်ပြောလာချိန်၊ လိုရင်းတိုရှင်းရှိပြီး နားလည်လွယ်ကာ စနစ်ကျလေသည်။

မြို့စောင့်နတ်နားထောင်ပြီးနောက်၊ သူ့အကြည့်က လျူရှုချန်ပေါ်ရောက်လာလေသည်။

လျူရှုချန် ကြက်သေသေသွားပြီး ဖြူဖပ်ဖြူရော်နဲ့ပြောလာလေတယ်၊ "အရှင်မြို့စောင့်နတ်၊ သူမဘက်လိုက်ပြီးပြောနေတာကို အရှင်နားမယောင်သင့်ဘူး။ အဲဒီတုန်းကဖြစ်ပျက်ခဲ့တာတွေက အဲဒီလိုမဟုတ်ဘူး။ ကျွန်တော်တို့လျူမိသားစုမှားယွင်းစွပ်စွဲခံနေရတာပါ။"

"မင်း အဖြူကိုအနက်ဖြစ်အောင်ပြောင်းချင်နေသေးတာပဲ! မင်းတို့လျူမိသားစုက..."

"ဆူဆူညံညံလုပ်မနေနဲ့။" ရှန်နန်နဲ့ လျူရှုချန်ရဲ့အငြင်းအခုံဖြစ်နေတာကို မြို့စောင့်နတ်ကြားဝင်ဖြတ်ပြောလိုက်ကာ၊ "မြေအောက်လောကကိုမရောက်ဖူးတဲ့ မင်းတို့သရဲတွေက ကမ္ဘာကြီးဘယ်လောက်ကျယ်လဲဆိုတာ မမြင်ဖူးသေးဘူးပဲ။ ကိစ္စရဲ့အစအဆုံးကိုသိဖို့ ဒီနတ်ဘုရားက သေခြင်းရှင်ခြင်းစာအုပ်ကို တစ်ချက်ကြည့်ကြည့်ရုံပဲ။ ဒီနတ်ဘုရားကို မင်းပြောပေးနေဖို့မလိုအပ်ဘူး။"

မြို့စောင့်နတ်ပြောပြီးတာနဲ့ သူ့လက်ကိုမြှောက်ပြီး ဖုန်နဲ့တူတဲ့ပစ္စည်းကို ထုတ်ပြီး တတောက်တောက်ခေါက်လိုက်လေသည်။ မြို့စောင့်နတ်ပြုမူပုံကြောင့် အောက်ကလူအုပ် မှင်သက်သွားလေတော့သည်။

မြေအောက်လောကမှာလည်း ဖုန်းတွေရှိတယ်ပေါ့လေ??

အချိန်သိပ်မကြာခင်၊ မြို့စောင့်နတ် လှုပ်ရှားတာရပ်လိုက်ပြီး ပြောလာလေတယ်၊ "ဒီနတ်ဘုရား စစ်ကြည့်ပြီးပြီ။ လျူမိသားစုရဲ့ဘိုးဘေးဘီဘင်တွေက အချိန်တစ်ခုကြာ ထင်ရှားကျော်ကြားခဲ့တာပဲ၊ ဒါပေမဲ့ သူတို့မျိုးဆက်တွေကတော့ အကျင့်ကောင်းစုဆောင်းဖို့နဲ့ ကုသိုလ်ကောင်းမှုဘယ်လိုလုပ်ရမလဲဆိုတာ မသိကြဘူး၊ သူတို့ကံကုန်ဆုံးလာပြီး လွန်ခဲ့တဲ့နှစ်ခြောက်ရာကျော်တုန်းက ကံကပ်ဆိုးဒုက္ခရောက်ခဲ့ကြတယ်။ အဲဒီနောက်ပိုင်းကတည်းက၊ လျူမိသားစုရဲ့နောက်ပိုင်းမျိုးဆက်သစ်တွေက သူတို့ဘိုးဘေးဘီဘင်တွေရဲ့ကံကြမ္မာကြောင့် ဆင်းရဲနွမ်းပါးပြီး ငတ်မွတ်ခေါင်းပါးတဲ့ဘဝအထိနေထိုင်ခဲ့ကြရမှာ။"

"ဒါပေမဲ့၊ ဒီနတ်ဘုရား လျူမိသားစုရဲ့နောက်ပိုင်းမျိုးဆက်တွေရဲ့ကံကိုစစ်ဆေးကြည့်တော့၊ လျူမိသားစုကို ကြီးမားတဲ့ကံကြမ္မာတစ်ခုအောက်ခိုလှုံနေတာကို ရှာတွေ့လိုက်တယ်။ လွန်ခဲ့တဲ့နှစ်ခြောက်ရာအတောအတွင်း၊ သူတို့ဘေးကင်းလုံခြုံပြီး၊ ဂုဏ်သရေရှိရှိ

သားသားနားနားနဲ့ ချမ်းချမ်းသာသာနေထိုင်ခဲ့ကြတာ။
သူတို့သက်တမ်းတစ်ခုတည်းပဲထိခိုက်နေခဲ့တာ။" မြို့စောင့်နတ်ပြောပြီးသွားတော့၊ သူ့အကြည့်က မရည်ရွယ်ဘဲ ရှန်နန်ထံရောက်လာကာ၊ သူပြောလာလေတယ်၊ "ကြည့်ရတာ မင်းဆန္ဒမရှိခဲ့ပုံပဲ။"

"ကျွန်တော်ဆန္ဒမရှိခဲ့ဘူး။" ရှန်နန်အသည်းအသန်ပြန်ဖြေလာလိုက်လေသည်။

လျူမိသားစုနောက်ခံကို မြို့စောင့်နတ်ဖတ်ပြလာချိန် လျူရှုချန် သေလောက်အောက်ကြောက်လန့်နေလေပြီ။ သေသူတစ်ဦးရဲ့အသက်အကြောင်း အားလုံးသိနေတဲ့ မြို့စောင့်နတ်နဲ့ ရင်ဆိုင်လာရတော့၊ သူစကားပြောဘယ်လောက်ကောင်းကောင်း၊ သူမှာဘာမှပြောစရာမရှိလေတော့ဘူး။

"လျူရှုချန်၊ မင်းအသက်နှစ်ဆယ့်ငါးနှစ်မှာ ပြုတ်ကျလာတဲ့အရာကြောင့် သေသွားခဲ့သင့်တာ၊ ဒါပေမဲ့ ရွှေ့ပြောင်းအလုပ်သမားတစ်ဦး၊ ကျောင်ဖုကွေကို မင်းရှာခဲ့ပြီး၊ သဘာဝနည်းကိုဆန့်ကျင်ပြီး မင်းအသက်နဲ့လဲလှယ်ခဲ့တယ်။" မြို့စောင့်နတ်အကြည့်က လျူရှုချန်ထံ ထပ်မံရောက်ရှိလာပြန်တယ်။

"ကျောင်ဖုကွေဆန္ဒရှိခဲ့တယ်။" လျူရှုချန် လျင်လျင်မြန်မြန်ရှင်းပြလာလေသည်။

"မင်းအသက်နဲ့လဲဖို့ ကျောင်ဖုကွေကို နှစ်မီလီယံပေးခဲ့တယ်ဆိုတာကို ဒီနတ်ဘုရားသိတယ်။" မြို့စောင့်နတ် သူ့ဖုန်းကိုကြည့်ပြီး ဆက်ပြောလာလေတယ်၊ "နှစ်မီလီယံသူလက်ခံပြီးနောက်၊ ကျောက်ဖုကွေက ငရဲမှာအခုထိအလုပ်ကြမ်းလုပ်နေရတုန်းပဲ၊ မင်းလာပြီး သူနဲ့နေရာလဲမှာကိုသူစောင့်နေတယ်။"

"ဘာ??"

"မင်း၊ မင်းတို့လျူမိသားစုကအတော်လေးအားကောင်းတာပဲ။ ဒီနတ်ဘုရား ကြံရာကျပန်း စစ်ဆေးကြည့်တော့ လွန်ခဲ့တဲ့နှစ်ခြောက်ရာတုန်းက မြေအောက်လောကအစိုးရကဖမ်းမိခဲ့တဲ့ အသက်လဲလှယ်တဲ့လူတွေရဲ့တစ်ဝက်လောက်က မင်းတို့လျူမိသားစုဝင်တွေဖြစ်နေတယ်ဆိုတာကို ရှာတွေ့လိုက်တယ်။ ပြီးတော့ သူတို့အားလုံးက ဆန္ဒရှိတဲ့လူတွေဆီက လဲလှယ်ခဲ့ကြတာ။" မြို့စောင့်နတ်ဆက်ပြောလာလေတယ်၊ "ဆန္ဒရှိနေရုံနဲ့ အားလုံးအဆင်ပြေပြီလို့မင်းထင်နေတာလား? သူ့အသက်ကိုဆန္ဒရှိရှိလဲလှယ်ခဲ့တဲ့လူတစ်ဦးက သတ်သေသူလို တူညီတဲ့ပြစ်ဒဏ်ချမှတ်တာခံရပြီး သေပြီးနောက် ငရဲသွားရမယ်လို့ မြေအောက်လောကရဲ့ဥပဒေက ပြဋ္ဌာန်းထားတယ်။ သူပြစ်ဒဏ်ကာလပြီးသွားမှပဲ သူပြန်လည်မွေးဖွားနိုင်လိမ့်မယ်။ သေဆုံးပြီးသွားရင်၊ ကံကြမ္မာကိုစိန်ခေါ်တဲ့သူတွေက ငရဲကိုသွားရပြီး သူတို့ပြစ်ဒဏ်ကာလပြီးသွားရင် တိရစ္ဆာန်လမ်းထဲ ပစ်သွင်းခံရလိမ့်မယ်။"

"သူ့ကံကိုပထမဆုံးလဲလှယ်ခဲ့တဲ့လျူမိသားစုဝင်၊ မင်းရဲ့ဘိုးဘေးက၊ ငရဲမှာရှိနေတုန်းပဲ။ မင်းသူ့ကိုတွေ့နိုင်မယ်လို့ ငါယုံတယ်။" မြို့စောင့်နတ်ပြောလာလေသည်။

လျူမိသားစုရဲ့ပထမဆုံးအသက်လဲလှယ်ခဲ့တဲ့သူက နှစ်ငါးရာတောင်ကျော်ပြီးလေ။ သူအခုထိငရဲမှာရှိနေတုန်းလား? ပြစ်ဒဏ်ကဘယ်လောက်ကြာတာလဲ?

ငါသူ့ကိုတွေ့နိုင်တယ်ဆိုတာကကော ဘာကိုဆိုလိုချင်တာလဲ? ငါ့သက်တမ်းက တိုတယ်လို့သူပြောချင်တာလား?

မြို့စောင့်နတ်ဆီက သတင်းအချက်အလက် စကားအနည်းငယ်က အရမ်းကြီးမားလှလေသည်။ လျူရှုချန် အရမ်းထိတ်လန့်လာပြီး မြေပြင်ပေါ်ငုတ်တုတ်ထိုင်ချလိုက်လေသည်။

လျူရှုချန်ကိစ္စကို မြို့စောင့်နတ် ဖြေရှင်းပြီးသွားတော့ ရှန်နန်ဘက်လှည့်ပြီး၊ ပြောလိုက်လေတယ်၊ "မင်းကကံကြမ္မာကောင်းရှိတဲ့လူပဲ။ မင်းအနာဂတ်မျိုးဆက်တွေက အကျိုးအမြတ်တော်တော်ရခဲ့ရမှာ၊ ဒါပေမဲ့ သစ္စာဖောက်သူသတ်တာ မင်းခံခဲ့ရပြီး အခုမလိုမုန်းထားသရဲဖြစ်လာခဲ့တာ။ မင်းအခြေအနေက အတော်ထူးခြားပြီး၊ ဒီလိုမဖြစ်ပျက်ခဲ့ဖူးဘူး။ ငါမင်းကိုမြေအောက်လောကကိုခေါ်သွားပြီး မင်းကိုဘယ်လိုဖြေရှင်းပေးရမလဲဆိုတာ တခြားမြို့စောင့်နတ်တွေနဲ့ဆွေးနွေးရမယ်။ မင်းမှာထင်မြင်ချက်တစ်ခုခုရှိလား?"

"လျူမိသားစုရဲ့ကံကကော?" ရှန်နန်မေးလိုက်လေသည်။

"ဝိညာဉ်ပိတ်လှောင်ထားတဲ့နေရာကနေ မင်းထွက်လာကတည်းက၊ လျူမိသားစုရဲ့ကံကလည်းကုန်ခမ်းသွားလိမ့်မယ်။" မြို့စောင့်နတ်ပြန်ဖြေလိုက်လေသည်။

ဒီတော့ ကောင်းကင်ဘုံက ငါ့ကိုမမေ့သွားသေးဘူးပေါ့၊ ပြီးတော့ လျူမိသားစုရဲ့မကောင်းတဲ့လူအားလုံးကိုလည်း ထိုက်ထိုက်တန်တန်အပြစ်ပေးထားပြီးပြီ?

"ဒါပေါ့၊ လျူမိသားစု မင်းကံကြမ္မာယူသွားတာက အဓိကပြစ်မှုကြီးပဲ၊ ပြီးတော့ မြေအောက်လောကက ထပ်တိုးပြစ်ဒဏ်တွေကိုလည်း ထပ်မံသတ်မှတ်ထားသေးတယ်။"

"အရှင်မြို့စောင့်နတ်၊ မြေအောက်လောကကို အရှင်နဲ့အတူ ကျွန်တော်လိုက်ခဲ့ပါ့မယ်။" ရှန်နန်နှစ်ခြောက်ရာကျော်ညည်းဆဲနေတာက၊ တရားမျှတမှုရနိုင်ဖို့ပဲ။ ထို့နောက် သူအဲဒီကိုသွားရင်၊ ဘာတွေရင်ဆိုင်ကြုံတွေ့ရမလဲဆိုတာ သူမသိလေဘူး။

စာရေးသူ၏မှတ်စု:

ချီရှီး: အရှင်မြို့စောင့်နတ်၊ မြေအောက်လောကရဲ့သေခြင်းရှင်ခြင်းစာအုပ်က တော်တော်ခေတ်မီတာပဲ။

မြို့စောင့်နတ်: တုံးလိုက်တဲ့လူသား၊ သေခြင်းရှင်ခြင်းစာအုပ်လို အဖိုးတန်တဲ့စာအုပ်ကို မင်းယူလာချင်သလိုယူလာလို့ရနိုင်ပါ့မလား? ဒါက e-bookကွ!

မြို့အောက်လောကကဥ္စ အင်တာနက်ချိတ်ဆက်လာပြီးကတည်းက၊ မြို့စောင့်နတ်ဘုရား၏အမှုကိစ္စတွေ ကိုင်တွယ်ဖြေရှင်းရာမှာ အချိန်တိုတိုနဲ့ အတော်ကလေးတိုးတက်လာခဲ့လေတယ်။

အပိုင်း(၈၄):အချစ်ဆိုတာဘာလဲ

"ဒီတော့၊ အဆုံးမှာ ရှန်နန်က မြေအောက်လောကကိုလိုက်သွားပြီး လျူမိသားစုတွေက သေဆုံးပြီးနောက် ငရဲသွားကြရတာပေါ့?" ချန်းယုဝမ်းသာအားရပြောလာတာတွေကို လော့မင်ပြုံးကာနားထောင်နေလိုက်လေသည်။

"အမ်-ဟမ်!" ချန်းယုပျော်ပျော်ရွှင်ရွှင်ပြောလာလေတယ်၊ "ဒီတော့ ကောင်းကင်မှာ မမျှတတာမရှိနေဘူး။ လွန်ခဲ့တဲ့နှစ်ရက်တုန်းက အဲဒီအဘိုးကို ညီမအထင်လွဲနေခဲ့တာပဲ။ ညီမအရမ်းမှားသွားပြီ။"

"အထင်လွဲတာ?" ချန်းယုပြောထွက်လာတာတွေကြောင့် အမြဲမှင်သက်သွားရသလို လော့မင်ခံစားနေရလေသည်။

"ဟုတ်တယ်၊ အဲဒီအဘိုးကို ညီမတောင်းပန်ရဦးမယ်။" ချန်းယုပြောပြီးနောက်၊ သူမလက်ဖဝါးနှစ်ဖက်ကိုဆုပ်ကာ မျက်လုံးမှိတ်ပြီး တောင်းပန်လာလေတယ်၊ "ကောင်းကင်ဘုံ၊ အဘိုးက ဒီအမြင်ကျဉ်းတဲ့လူရဲ့အမှားတွေအတွက် နားကြည်းချက်တွေကိုတေးမထားတတ်တဲ့ ကြီးကျယ်မြင့်မြတ်တဲ့သူတစ်ဦးပါ။ ကျေးဇူးပြုပြီး ကျွန်မကိုခွင့်လွှတ်ပေးပါ။"

"အဲဒီအဘိုးက အရမ်းသဘောထားကြီးတဲ့သူမို့ ဒါနဲ့ပတ်သတ်ပြီး မင်းကိုပြဿနာမရှာလောက်ပါဘူး။" ချန်းယုရဲ့ချစ်စရာကောင်းတဲ့လုပ်ရပ်ကို လော့မင်သဘောကျသွားလေသည်။ သူကျယ်ကျယ်ရယ်ချလိုက်ပြီး ခေါင်းခါယမ်းလိုက်တယ်။ ချန်းယုပါးစပ်က ဆုတောင်းစကားရွတ်ဆိုတာကနေ အာခြောက်လာတာကိုမြင်တော့၊ သူ့လက်ကိုမြှောက်ပြီး စားပွဲပေါ်က လက်ဖက်ရည်အိုးကိုယူကာ၊ ချန်းယုရှေ့ကခွက်ထဲကို လက်ဖက်ရည်လောင်းထည့်ပေးဖို့ အဆင့်သင့်ဖြစ်နေလေတယ်၊ "ကျန်ဇီယန်နဲ့မိန်းကလေးလျူကကော?"

ကျန်ဇီယန်နဲ့ လျူမူယာကိစ္စကို လော့မင်မေးတာကြားလိုက်တော့၊ ချန်းယုရဲ့ပျော်ရွှင်နေတဲ့မျက်နှာ ငေးကြောင်ကြောင်ဖြစ်လာလေသည်။ သူမလှည့်ကာ၊ သူမမေးကိုလက်နှစ်ဖက်ဖြင့်ထောက်ပြီး၊ သူမခွက်ကိုလက်ဖက်ရည်ပြန်ဖြည့်ပေးနေတဲ့ လော့မင်ကိုကြည့်လာလိုက်လေတယ်။ သူမရုတ်တရက်မေးလိုက်လေတယ်၊ "တတိယအစ်ကို၊ အချစ်ကဘာနဲ့တူလဲ?"

"ခွမ်း-ခွမ်း..." လော့မင်လက်တုန်ခါသွားကာ၊ ခွက်ထဲကရေတွေပြည့်လျှံလာပြီး၊ စားပွဲတစ်ခြလုံးပေါ် ယိုဖိတ်ကုန်လေတယ်။

"ရော့!" ချန်းယု အလန့်တကြားနောက်မှီကာ၊ သူမအဝတ်ပေါ် လက်ဖက်ရည်တွေစိုလာမှာကိုလန့်နေလေသည်။

ချန်ပင်းအားလုံးကိုမြင်တွေ့နေရလေတယ်၊ ဒါပေမဲ့ သူခဏလောက်တုန့်ဆိုင်းနေလေသည်။ အခုချိန် အဲဒီကိုမသွားတာ အကောင်းဆုံးပဲလို့ သူတွေးမိလိုက်လေသည်။

"မင်းမစိုသွားဘူးမလား?" လော့မင် သူ့လက်ထဲကလက်ဖက်ရည်အိုးကို အမြန်ချထးလိုက်ပြီး၊ စိုးရိမ်တကြီးမေးလာလိုက်တယ်။

"ဟင့်အင်း။" ချန်းယု သူ့မခေါင်းကိုခါယမ်းပြလိုက်ပြီး စားပွဲပေါ်က တစ်ရှူးကိုထုတ်ယူလိုက်လေသည်။ သူမမြန်မြန်ဆန်ဆန်ဆွဲယူလိုက်ပြီး စားပွဲပေါ်ကရေတွေစုပ်ယူဖို့ အဲ့ပေါ်ဖြန့်ချထားလိုက်လေသည်။

စားပွဲထိပ်ခြောက်သွားစေရန် နှစ်ဦးသား အတူတူအလုပ်လုပ်လိုက်ကြတယ်။ လော့မင်စိတ်လည်းတည်ငြိမ်လာကာ သူမေးလိုက်လေတယ်၊ "မင်းငါ့ကိုအစောကဘာမေးလိုက်တာလဲ?"

"တတိယအစ်ကို၊ အချစ်ဆိုတာဘာလဲ?" ချန်းယုထပ်မံမေးလိုက်ပြန်တယ်၊ "အချစ်က အထူးတလည် အထူးတလည် အထူးတလည်ကြီးကို ကောင်းတာလား?"

ချန်းယု အထူးတလည်ဆိုတာကို သုံးကြိမ်ပြောလာလေတယ်၊ ဒီတော့ သူမစိတ်ထဲ တကယ်ပဲရှုပ်ထွေးနေတယ်ဆိုတာ အရမ်းသိသာနေလေသည်။

"ဒါကိုမင်းဘာကြောင့်မေးချင်လာရတာလဲ?" လော့မင် အံ့သြနေလေသည်။

"ကျန်ဇီယန်နဲ့လျူမူယာကြောင့်။" ချန်းယုရှင်းပြလိုက်လေတယ်၊ "ညီမ မြို့စောင့်နတ်ရှေ့ ဒီကိစ္စကိုထုတ်ပြောခဲ့ပြီး ဘယ်လိုကိုင်တွယ်ရမလဲဆိုတာ သိချင်ခဲ့တာ။ နောက်တော့၊ မြို့စောင့်နတ်က အဲဒီနှစ်ဦးရဲ့ဝိညာဉ်ကို တိုက်ရိုက်ခေါ်လိုက်တယ်။"

ချန်းယုတောင်းဆိုချက်ကိုကြားလိုက်ပြီးနောက်၊ သရဲတမန်တော်နှစ်ဦးကို ဆေးရုံကိုသွားခိုင်းပြီး ကျန်ဇီယန်နဲ့ လျူမူယာရဲ့ဝိညာဉ်ကို ခေါ်ထုတ်လာဖို့ မြို့စောင့်နတ်အမိန့်ပေးလိုက်လေတယ်။

အောက်မှာတလေးတစားရပ်နေတဲ့ ထိုစုံတွဲကိုစကားမပြောလာခင်၊ မြို့စောင့်နတ် သူ့ဖုန်းနဲ့ သေခြင်းရှင်ခြင်းစာအုပ်ကို လှန်လှောကြည့်လိုက်ပြီး သူတို့ဘဝအတွေ့အကြုံကိုကြည့်ရှုလိုက်လေတယ်၊ "သက်ရှိလောကရဲ့ကိစ္စတွေကို မြေအောက်လောကက ပါဝင်မစွက်ဖက်ဘူး၊ ဒါပေမဲ့ ကောင်းကင်ဘုံဆရာက ယင်ယန်တွေနဲ့ဆက်သွယ်ပြောဆိုနိုင်တယ်။ ကောင်းကင်ဘုံဆရာက ဒီနတ်ဘုရားကိုအစီရင်ခံလာမှတော့၊ ဒီတော့ ဒီနတ်ဘုရား စီမံပေးရမှာပေါ့။"

"မြို့စောင့်နတ်ရှင့်၊ ကျွန်မနဲ့ကျန်ဇီယန်ကြားက အသက်လဲလှယ်ခြင်းနည်းကို ရုတ်သိမ်းပေးပါ။ ကျွန်မအတွက် သူ့အသက်ကိုမလဲလှယ်စေချင်ဘူး။" လျူမူယာရုတ်တရက်ရှေ့ထွက်လာပြီး အသနားခံလာလေတယ်။

"ယာယာ!" ကျန်ဇီယန် ထိတ်လန့်သွားလေသည်။

လျူမူယာ ကျန်ဇီယန်ကို လျစ်လျူရှုကာ မြို့စောင့်နတ်ကိုပြောရင်း ဆုတောင်းလိုက်လေတယ်၊ "မြို့စောင့်နတ်၊ကျေးဇူးပြု၍။"

"မင်းမရှိရင် ကိုယ့်ဘာသာမနေနိုင်ဘူးဆိုတာ၊ မင်းကောင်းကောင်းသိပါတယ်။" ကျန်ဇီယန် နာနာကျင်ကျင်ပြောလာလေသည်။

"ဇီယန်၊ ရှင့်မှာ ရှင့်မိဘတွေနဲ့ဆွေမျိုးတွေရှိသေးတယ်။ ရှင်ကျွန်မအတွက် ဒီလိုလုပ်လို့မဖြစ်ဘူး။ ရှင့်ကြောင့်ကျွန်မအသက်ရှင်ခဲ့မယ်ဆိုရင်၊ ကျွန်မပျော်ရွှင်တဲ့ဘဝကိုနေထိုင်လို့ရမယ်လို့ ရှင်ထင်နေတာလား?" လျူမူယာအမူအရာကလည်း ထပ်တူနာကျင်နေလေသည်။

"အစကတည်းက ငါ့ဘဝကိုမင်းကယ်တင်ပေးခဲ့တာ။" ကျန်ဇီယန်ပြောလာလေတယ်၊ "အဲဒီနှစ် Eနိုင်ငံမှာတုန်းက၊ ကိုယ်ကားတိုက်မှုဖြစ်တာကို မင်းရှာတွေ့ပြီး အချိန်မှီဆေးရုံပို့ပေးခဲ့တာကြောင့်၊ ကိုယ်ဒီကမ္ဘာမှာအသက်ရှင်နေခဲ့ရတာ။"

"အဲ့တာနဲ့ပဲ ကျွန်မအတွက် ရှင့်အသက်လဲလှယ်ပေးဖို့မလိုပါဘူး။"

"သေချာပေါက်ဒီလိုမဟုတ်ဘူးလေ။" ကျန်ဇီယန် လျူမူယာရဲ့မျက်လုံးတွေကို အသနားခံကာကြည့်လာလိုက်ပြီး၊ "ကိုယ်မင်းကိုသဘောကျတာကြောင့်ပဲ။"

လျူမူယာရဲ့မျက်ဝန်းတွေတုန်ယင်လာပြီး သူမမျက်ဝန်းထဲ မျက်ရည်ဝဲလာလေတော့သည်။

"ကိုယ်မင်းကိုသဘောကျတာကြောင့်၊ မင်းမရှိတဲ့ဘဝကိုကိုယ်မနေနိုင်ဘူး။ ကိုယ်တစ်ဦးထဲမနေနိုင်မှတော့၊ ဒီလိုလုပ်လိုက်တာက...အနည်းဆုံးတော့ မင်းကိုကယ်တင်ပေးနိုင်တယ်လေ။"

"ဇီယန်..." လျူမူယာ စိတ်လှုပ်ရှားသွားကာ၊ သူမမျက်ဝန်းကနေ မျက်ရည်ထွက်ကျလာလေတော့သည်။ သူမရှေ့ကလူက သူမကိုသဘောကျတယ်ဆိုတာ သူမသိလေတယ်၊ ဒါပေမဲ့ ဒီလူတကယ်ပဲ သူမအတွက် သေပေးဖို့ဆန္ဒရှိနေတဲ့အခါ၊ သူမဘဝသက်တမ်းကတိုနေပေမဲ့၊ သူမဘဝကတန်ဖိုးမရှိတာတော့မဟုတ်လေဘူးလို့ လျူမူယာရုတ်တရက်ခံစားမိလိုက်လေတယ်။ "ရှင်ကျွန်မကိုကာပေးလို့သေသွားခဲ့ရင်၊ ကျွန်မဘာသာကျွန်မဘယ်လိုလုပ်အသက်ရှင်နေနိုင်မှာလဲ?"

"ဒါက...ဒီအကြောင်းမင်းသိနေသင့်တာမဟုတ်ဘူးလား။" လေထဲ
လူနှစ်ဦး၏မျက်ဝန်းတွေအကြည့်ချင်းဆုံးသွားကြကာ၊ သူတို့အချင်းချင်းချစ်မြတ်နိုးပြီး
မျှော်လင့်ချက်ကုန်ဆုံးနေတဲ့အကြည့်တွေနဲ့ကြည့်လာလေသည်။

"မင်းတို့အချင်းချင်းရင်ဖွင့်လို့ပြီးပြီလား?" ရှေးခေတ်ကာလကစပြီး အချိန်အတော်ကြာခဲ့လေပြီ၊
ဒါပေမဲ့ အမျိုးသားနဲ့အမျိုးသမီးကြား ဘာအသစ်မှမပြောင်းလဲသွားသေးပုံပဲ။ အချိန်တိုင်း
"မင်းသေရင်ကိုယ်သေမယ်။ မင်းရှင်ရင်ကိုယ်ရှင်မယ်။" ဒီလိုခွေးသွေးဇာတ်ကြောင်းမျိုးတွေကို
သရဲတွေကြည့်နေဖို့ အရမ်းသည်းမခံနိုင်လေဘူး။

လူသားတွေရဲ့တီထွင်နိုင်စွမ်းက အံ့ဩဖို့ကောင်းတယ်မဟုတ်လား?
ဒီချစ်ကြည်နူးတဲ့ဇာတ်ကြောင်းတွေက ဘယ်လိုလုပ်ဖန်တစ်ရာထပ်နေရတာလဲ?

နှစ်ဦးသားကြားက နက်ရှိုင်းပြီး အရူးအမူးအချစ်ကို မြို့စောင့်နတ်ကြားဖြတ်တာခံလိုက်ရပြီး
မျက်စိစပါးမွေးစူးစရာကောင်းပြီး ခွေးသွေးဇာတ်ကြောင်းအဖြစ်
တံဆိပ်တပ်ဆင်ခံလိုက်ရလေသည်။

"မသိနားမလည်ကြတာက အဆိုးဝါးဆုံးပဲ!" မြို့စောင့်နတ် အပြစ်တင်လိုက်ကာ၊
"မင်းတို့နှစ်ဦးလုံး ကြီးလေတဲ့မကောင်းမှုမလုပ်ခဲ့ကြဘဲ၊ နှစ်ဦးလုံး ကောင်းမှုတွေလုပ်ခဲ့တာကို
ငါမြင်တယ်၊ ဒီတော့ မင်းတို့ကို အသိပေးစကားလေးအနည်းငယ်ပြောပေးရတာပေါ့။
အသက်လဲလှယ်ခြင်းအစီအရင် ပြီးမြောက်အောင်မြင်သွားတာနဲ့
မြေအောက်လောကကိုသွားရမယ့်လူက မြေအောက်လောကဆီမဝင်နိုင်တော့ဘူး။ ဒါက
ကောင်းကင်ကိုဆန့်ကျင်ပြီး မင်းအသက်လဲလိုက်တာနဲ့တူညီတယ်။
ဒါကိုကြီးလေတဲ့ပြစ်မှုလို့သတ်မှတ်ပြီး သေသွားပြီးရင် ငရဲမှာအပြစ်ပေးခံရလိမ့်မယ်။"

"အရှင်မြို့စောင့်နတ်၊ ဒီကိစ္စက ယာယာနဲ့ဘာမှမပတ်သတ်နေပါဘူး။ ယာယာမသိဘဲ
ဒါတွေအားလုံးကိုကျွန်တော်လုပ်ခဲ့တာပါ။ ဒါကကျွန်တော်တစ်ဦးထဲရဲ့အကြံတွေပါ။" ကျန်ဇီယန်
အလျှင်အမြန်ခုခံပြောဆိုလာလေသည်။

ကျန်ဇီယန်ကို မြို့စောင့်နတ်ကြည့်ကာ ပြောလာလေတယ်၊ "သူမသိသည်ဖြစ်စေ
မသိသည်ဖြစ်စေ၊ ကောင်းကင်ကိုဆန့်ကျင်ပြီး သူမအသက်ကို လျှို့မှုယာလဲလှယ်လိုက်တာနဲ့
သူမအပြစ်ပေးခံရလိမ့်မယ်၊ သူမကံလဲလှယ်ဖို့ ဖိအားပေးခံရတာဆိုရင်၊ နစ်နာချက်တွေအတွက်
အယူခံဝင်ပြီး ပြန်လည်မွေးဖွားလို့ရတယ်။ ဒါပေမဲ့ သူမသာဆန္ဒရှိနေခဲ့မယ်ဆိုရင်၊
ဒါကသတ်သေတာနဲ့အတူတူပဲ၊ ပြီးတော့ သေပြီးရင် ငရဲကိုသွားရလိမ့်မယ်။ ကျန်ဇီယန်၊
အသက်လဲလှယ်တာကို မင်းဆန္ဒရှိခဲ့တာဆိုရင်၊ မင်းသတ်သေတာကိုကျူးလွန်မိရုံတင်မကဘူး၊

မင်းမိဘတွေကလည်းအသက်ရှင်နေသေးတော့၊ သားသမီးတာဝန်ကိုမကျေပွန်တဲ့အတွက်၊ သေပြီးနောက် မင်းပြစ်ဒဏ်က လျူမူယာထက်ပိုပြင်းထန်လိမ့်မယ်။"

မြို့စောင့်နတ်စကားကို စုံတွဲကြားလိုက်ရပြီးနောက်၊ အချင်းချင်းအဖတ်ဆယ်ချင်တဲ့စုံတွဲ စက္ကူဖြူတစ်ရွက်လို ဖြူဖျော့လာလေတော့သည်။
သူတို့ဝိညာဉ်နဲ့နှလုံးသားလည်းတုန်ယင်လာလေတော့သည်။ သူတို့အချင်းချင်းအတွက် အနစ်နာခံတဲ့လုပ်ရပ်က သူတို့အချင်းချင်းကို ဘေးဒုက္ခဖြစ်လာစေလိမ့်မယ်လို့ မထင်ထားခဲ့မိလေဘူး။

"မင်းအသက်ရှင်တာကို ကိုယ်လိုချင်ရုံတင်ပါ။" ကျန်ဇီယန်ရဲ့မျက်နှာက အပြစ်မကင်းစိတ်နဲ့ပြည့်နှက်နေလေသည်။

"ကျွန်မသိပါတယ်" လျူမူယာခေါင်းညိတ်ပြီး နှစ်ဦးသားရဲ့မျက်ဝန်းတွေ အလွန်ပူပြင်းစွာ တွယ်ကပ်နေလေတော့သည်။

ခွေးသွေးဇာတ်ကြောင်းကဖန်တီးထားတဲ့လေထုကို မြို့စောင့်နတ်ပြတ်ပြတ်သားသား ချိုးဖောက်လိုက်ပြီး ဆက်ပြောလိုက်လေတယ်၊ "မင်းတို့နှစ်ဦး အသက်ရှိစဉ်တုန်းက လုပ်ခဲ့တဲ့ကောင်းမှုတွေနဲ့ မင်းတို့သယ်ဆောင်ထားတဲ့ကုသိုလ်တွေကြောင့်၊ မင်းတို့ကိုဒီတကြိမ်လွှတ်ပေးလိုက်မယ်။ ခဏနေရင်၊ မင်းတို့နှစ်ဦးကြားက တက်ကြွမှုကိုဖြတ်တောက်ပေးပြီး၊ မင်းတို့ဝိညာဉ်တွေခန္ဓာကိုယ်ဆီပြန်သွားပြီးနောက် မင်းတို့ပြန်နိုးထလာလိမ့်မယ်။"

"နိုးထမယ်?"  ကျန်ဇီယန် စိတ်လှုပ်တရှားပြောလာလေတယ်၊ "ရှန်နန်နဲ့ လျူမိသာစုကြားကအာဃာတတွေကို မြေအောက်လောကကဆီလွှဲပြောင်းလိုက်ပြီလား?  ဒါဆို ယာယာပေါ်က ကျိန်စာက ပျာက်ကွယ်သွားပြီလို့ ဆိုလိုချင်တာလား?"

"လျူမိသားစုနဲ့ရှန်နန်ကြားက မကျေနပ်ချက်တွေကို မြေအောက်လောကဆီလွှဲပြောင်းပြီးသွားပေမဲ့၊ လျူမူယာရဲ့ဘဝကို ရှန်နန်ရဲ့ကံကဆက်ပြီးကာကွယ်ပေးနေတုန်းပဲတုန်းပဲ၊ ဒီတော့ ကျိန်စာကိုပယ်ဖျက်လို့မရနိုင်ဘူး။ ဒါပေမဲ့၊ ရှန်နန်ရဲ့ဝိညာဉ်က မြေအောက်လောကကိုဝင်ရောက်သွားတော့၊ ကျိန်စာအစွမ်းကအတော်လေးအားလျော့နေလိမ့်မယ်။ နိုးလာပြီးနောက် လျူမူယာက အသက်၂၅နှစ်ပြည့်တဲ့အထိနေထိုင်နိုင်လိမ့်မယ်။" မြို့စောင့်နတ်ပြောလိုက်လေသည်။

အပိုင်း(၈၅):အချစ်ဆိုတာဘာလဲ

ရှန်နန်ရဲ့ကျိန်စာက လျူမိသားစုဝင်တွေကို ၂၅နှစ်ထက်ကျော်အောင်နေခွင့်မရစေတာ။ သူ့အရင်ကပိတ်လှောင်ခံထားရမှုတော့၊ သူ့ကျိန်စာစွမ်းအင် အားနည်းလာပြီး လျူမိသားစုဝင်အများစုမှာ ၂၅နှစ်ကြာနေထိုင်နိုင်လေတယ်။ ဒါပေမဲ့ ရှန်နန်ကို တစ်ချိန်တုန်းက ချန်းယုကယ်တင်ပေးခဲ့လေသည်။ ဝိညာဉ်ပိတ်လှောင်ထားတဲ့နေရာကနေ ရှန်နန်ထွက်လာချိန်၊ သူ့ကျိန်စာစွမ်းအင် နောက်ကလိုက်ပြီးအရှိန်ပြင်းလာလေတယ်။ ဒါကြောင့် လျူမှုယာ စောစောနေမကောင်းဖြစ်သွားခဲ့တာ။

"၂၅နှစ်?" ကျန်ဇီယန်အသနားခံလိုက်လေတယ်၊ "အရှင်မြို့စောင့်နတ်၊ ယာယာအသက်ကိုဆွဲဆန့်လို့ရနိုင်မယ့်နည်းမရှိဘူးလား? ဘာတန်ဖိုးကိုမဆိုပေးချေဖို့ ကျွန်တော်ဆန္ဒရှိပါတယ်။"

"ဇီယန်၊ မလိုဘူး။" သူမနဲ့အတူ တစ်စုံတစ်ယောက်ရှိနေပေးတာကို လျူမှုယာကျေနပ်နေလေပြီ၊ ဒီတော့ အသက်၂၅နှစ်အထိအသက်ရှင်နိုင်ရုံနဲ့လုံလောက်ပါပြီ။

"ယာယာ၊ ကိုယ်မင်းနဲ့အတူရှိချင်တယ်။" ကျန်ဇီယန်ပြောလိုက်လေတယ်၊ "မင်းကိုလက်ထပ်ပြီး မင်းနဲ့အတူကလေးရှိချင်တယ်။"

"ဇီယန်၊ မြေအောက်လောကမှာကျွန်မစောင့်နေမယ်။ ကျွန်မပြန်လည်မွေးဖွားဖို့မသွားဘူး။ ရှင့်ကိုအမြဲစောင့်နေမယ်။" လျူမှုယာပြောလိုက်လေတယ်၊ "ကျွန်မတို့အတူနေအတူရှင်ကြမယ်။"

"ယာယာ။"

"ဇီယန်။"

"မြေအောက်လောကမှာ ပြန်လည်မွေးဖွားဖို့ တိကျတဲ့စည်းမျဉ်းတွေနဲ့ ဥပဒေတွေရှိတယ်။ မင်းသွားချင်သလိုသွားပြီး ပြန်လည်မွေးဖွားလို့မရဘူး။ မင်းပြန်လည်မွေးဖွားချင်ရင် နိုင်ဟယ်တံတားပေါ်မှာ ဒီအတိုင်းရပ်စောင့်နေလို့ရတယ်။" မြို့စောင့်နတ် လုံလောက်သွားကာ ပြောလိုက်လေတယ်၊ "မင်းTVဇာတ်လမ်းတွဲတွေအများကြီးကြည့်ပြီး၊ မင်းတို့အတူတူပြန်မွေးဖွားနိုင်တယ်လို့တွေးနေကြတာပဲ။"

မြို့စောင့်နတ်ကိုမြင်တွေ့ရဖို့ ကြုံတောင့်ကြုံခဲအခွင့်အရေးဆိုတာ ကျန်ဇီယန်သိလေသည်။ မြို့စောင့်နတ်ပြောပြီးသွားတော့ မှုယာကိုခေါ် ပြီး ဒူးထောက်လိုက်ကာ၊ "အရှင်မြို့စောင့်နတ်၊ သေပြီးနောက်ဘဝကို ကျွန်တော်တို့မတောင်းဆိုပါဘူး၊ ဒါပေမဲ့ ဒီဘဝတစ်ခုတည်းပါ။ ဒါကိုကျွန်တော်တို့မတောင်းဆိုသင့်ဘူးဆိုတာ ကျွန်တော်သိပါတယ်၊ ဒါပေမဲ့

အရှင့်ကိုဖူးမျှော်ခွင့်ရတာက ကျွန်တော်တို့ကံကြမ္မာကောင်းကြောင့်ပဲ။ ကျွန်တော်တို့ကို လမ်းရှင်းတစ်ခုပြသပေးတော်မူပါ။"

"ဒီလိုမျိုးလုပ်တာက နောင်ဘဝမှာ မင်းကိုတိရစ္ဆာန်လမ်းကြောင်းထဲ ပစ်သွင်းပေးလိုက်သလိုဖြစ်မယ်ဆိုရင်၊ ဒီလိုလုပ်ဖို့ မင်းမတွန့်ဆုတ်ဘဲနေနေဦးမှာလား?" မြို့စောင့်နတ်အနည်းငယ်ချီတုံချချဖြစ်ပြီးနောက် မေးလာလိုက်လေသည်။

"ဒီဘဝမှာ ယာယာနဲ့အတူနေနိုင်သရွေ့။" ကျန်ဇီယန်ပြတ်ပြတ်သားသားပြောလာလေတယ်၊ "ပြီးတော့ ကျွန်တော်မိဘတွေကိုတာဝန်မကျေမဖြစ်စေသရွေ့ ဘာပဲပေးရပေးရ ကျွန်တော်လုပ်မှာပါ။"

"ဟုတ်ပြီ!" မြို့စောင့်နတ် သူ့ဖုန်ကိုထပ်မံကြည့်လိုက်ကာ ပြတ်ပြတ်သားသားပြောလာလေတယ်၊ "အခု မြေအောက်လောကက အဲဒီမကောင်းမှုဝိညာဉ်တွေက သူတို့ကိုသူတို့ တိရစ္ဆာန်ဘဝဖြစ်ရမှာထက် ငရဲမှာနေဖို့ကိုပိုနှစ်သက်နေကြတယ်။ ဒါက ကမ္ဘာပေါ်က တိရစ္ဆာန်အရေအတွက်ကို ဆက်တိုက်လျော့ကျလာစေတယ်။ မင်းတိရစ္ဆာန်ဖြစ်ဖို့ဆန္ဒရှိနေမှတော့၊ ငါမင်းကို အထူးတလည်အခွင့်အရေးနဲ့ အထူးအပေးအယူပေးလိုက်မယ်။"

မြို့စောင့်နတ်ပြောလာလေတယ်၊ "လျူမူယာကို မင်းဘဝသက်တမ်းတစ်ဝက်ကိုပေးလိုက်မယ်၊ အဲဒီအတွက်အဖိုးအခက မင်းသေပြီးရင် တိရစ္ဆာန်အဖြစ် ဆယ်ဘဝမင်းပြန်လည်မွေးဖွားရမယ်။"

"ကျေးဇူးတင်ပါတယ်၊ အရှင်မြို့စောင့်နတ်။" ကျန်ဇီယန် ကျေးဇူးတင်စွာပြောလာလိုက်သည်။

"အရှင်မြို့စောင့်နတ်၊ နောင်ဘဝကျရင် ကျွန်မလည်းတိရစ္ဆာန်အဖြစ်ပြန်လည်မွေးဖွားချင်တယ်။" လျူမူယာနောက်မှပြောလာလိုက်လေသည်။

"မင်းမှာလည်း ငါ့ကိုတောင်းဆိုဖို့တစ်ခုခုရှိနေတာလား?" မြို့စောင့်နတ်မေးလိုက်လေသည်။

"ဟုတ်ကဲ့။" ကျန်ဇီယန်ကို ကြည့်ပြီး လျူမူယာ အတည်တကျပြောလာလေတယ်၊ "ကျွန်မဆုတောင်းက ကျွန်မတိရစ္ဆာန်အဖြစ်ပြန်လည်မွေးဖွားချိန်၊ သူနဲ့ကျွန်မအတူတူရှိနေသေးဖို့ပဲ။ သူသာကြွက်ထီးဖြစ်မယ်ဆို၊ ဒါဆို ကျွန်မကကြွက်မဖြစ်မယ်။ သူသာငှက်ထီးဖြစ်မယ်ဆိုရင်၊ ကျွန်မကငှက်မ...."

"ရပ်တော့!" မြို့စောင့်နတ်တုန်ယင်သွားလေသည်။ သူ့ကြက်သီးတွေကိုတိတ်တိတ်လေးပွတ်သပ်လိုက်ပြီးပြောလိုက်လေတယ်၊ "ငါခွင့်ပြုပေးမယ်။ မင်းတို့တွေတိရစ္ဆာန်စုံတွဲအဖြစ်ပြန်လည်မွေးဖွားချင်ကြတာမလား? အခုတလော၊

နိုင်ငံတော်ရဲ့တန်ဖိုးထားရတဲ့ဝက်ဝံအရေအတွက်က သိသိသာသာလျော့ကျလာပြီ။ နောက်ကျ မင်းတို့ကိုပြန်လည်မွေးဖွားခိုင်းလိုက်မယ်။ မင်းတို့အချင်းချင်းချစ်ကြပြီး များများမွေးပေးနိုင်ဖို့ ငါမျှော်လင့်တယ်။ ဒါကို နိုင်ငံတော်ဆီထောက်ပံ့ပေးတယ်လို့မှတ်ယူလို့ရတယ်။"

နောက်ဆုံးဟာကို လော့မင်ကြားလိုက်တော့၊ သူ့လေးနက်တဲ့အမူအရာ မချုပ်တည်းနိုင်လောက်အောင်မဲ့သွားလေသည်။ မြေအောက်လောကကအရာရှိတွေက အရမ်းထိန်းမနိုင်သိမ်းမရတွေလား?

"တတိယအစ်ကို၊ သူမြို့စောင့်နတ်ဖြစ်လာကတည်းက၊ အချစ်ရူးနေတဲ့အမျိုးသားအမျိုးသမီးတော်တော်များများကို သူမြင်တွေ့ဖူးတယ်လို့ မြို့စောင့်နတ်ပြောတယ်။ ဘယ်လောက်ပဲအမြော်အမြင်ရှိ၊ တော်ထက်ပြီး ထိုးထွင်းဉာဏ်ရှိနေပါစေ၊ အချစ်ကနေသူတို့ကိုသူတို့မလွတ်မြောက်နိုင်ဘဲ၊ သူတို့မျက်ကန်းဖြစ်လာပြီး သည်းမခံနိုင်ဖြစ်လာကြတယ်။ သူတို့အချစ်ကိုစောင့်ကြပ်နေနိုင်သရွေ့ သူတို့ဘာမဆိုလုပ်လာနိုင်တယ်။" ချန်းယုတကယ်ကိုနားမလည်နိုင်ဖြစ်နေလေတယ်၊ "အဲဒီနှာဗူးသရဲမ၊ သူအသက်ရှိနေစဉ် အချစ်ကိုမရှာဖွေနိုင်တာကြောင့်၊ သေပြီးနောက် ပြန်လည်မွေးဖွားဖို့ငြင်းဆန်ခဲ့တယ်။ အချစ်အတွက်နဲ့ ကျန်ဇီယန်နဲ့လျူမူယာက တိရစ္ဆာန်အဖြစ် ပြန်လည်မွေးဖွားဖို့ဆန္ဒရှိကြတယ်။"

"ဒီတော့၊ အချစ်က လူတိုင်းလိုချင်ကြတဲ့ ကမ္ဘာပေါ်ကအကောင်းဆုံးအရာမဟုတ်လား?" ချန်းယုရိုးရိုးသားသားမေးလိုက်လေသည်။

"ဟမ်..." ချန်းယုရဲ့တောက်ပနေတဲ့မျက်ဝန်းတွေနဲ့ အကြည့်ဆုံသွားကာ၊ ဘယ်လိုဖြေပေးရမလဲဆိုတာ လော့မင်မသိလေတော့ဘူး။ သူတုံ့ဆိုင်းကာပြောလိုက်လေတယ်၊ "အဲ့တာက မင်းရလိုက်ရင် အရမ်းပျော်ရွှင်ပြီး ဝမ်းသာအားရဖြစ်သွားစေတဲ့အရာနဲ့ အတူတူပဲ။"

"ပိုက်ဆံလိုလား?" ချန်းယု စကားအဖြစ်မေးလာလိုက်လေသည်။

". . . ."

"ဒါပေမဲ့ ပိုက်ဆံအတွက် ညီမအသက်ကိုမလိုချင်ပါဘူး။ ပြီးတော့ ပိုက်ဆံအတွက်နဲ့ ညီမပြန်လည်မွေးဖွားဖို့သွားမှာမဟုတ်ဘူး။" ချန်းယုတွေးကြည့်လိုက်တော့ ပိုက်ဆံ၏တန်ဖိုးက ဒီအဆင့်ထိမရောက်သေးဘူးဆိုတာကို သူမခံစားမိလိုက်လေသည်။

"အဲ့တာက ပိုက်ဆံထက်ပိုတယ်...မတူဘူး...ပိုက်ဆံနဲ့မတူနေဘူး။" လော့မင် တစ်ဝက်တစ်ပြတ်ပြောလာလေတယ်၊ ဒါပေမဲ့ မှန်ကန်တဲ့အသုံးအနှုန်းကိုသူမရှာတွေ့နိုင်သေးဘူး။

နောက်ဆုံးမှာ၊ သူမရေမရာပြောလိုက်လေတယ်၊ "တစ်နေ့ မင်းသူ့ကိုတွေ့တာနဲ့၊ မင်းသေချာပေါက်နားလည်လာလိမ့်မယ်။"

"အို!" ချန်းယုတွေးတောရင်းခေါင်းညိတ်ပြလိုက်လေပြီး သိချင်စိတ်နဲ့သူမမေးလာလိုက်တယ်၊ "ဒီတော့၊ တတိယအစ်ကိုကော သူနဲ့တွေ့ဖူးပြီလား?"

"..." ချန်းယုနဖူးကို လော့မင်တောက်ချလိုက်ကာ အပြုံးနဲ့ဆူငေါက်လာလိုက်လေတယ်၊ "ကလေးတွေကဒါကိုမမေးသင့်ဘူး။"

"ဘယ်သူကကလေးလဲ? ကျွန်မတက္ကသိုလ်ရောက်နေပြီ။ အရင်နေ့တုန်းက ညီမအမေမှာ ကျောင်းမှာ ညီမအကြိုက်ဆုံးယောကျ်ားလေးအတန်းဖော်ရှိပြီလားလို့တောင်မေးလာခဲ့သေးတာ။" ချန်းယု ကလန်ကဆန်ပြုလျက် သူမခေါင်းကိုပွတ်လိုက်လေသည်။

"မင်း..." မင်းမှာအကြိုက်ဆုံးယောကျ်ားလေးအတန်းဖော်ရှိလား? လော့မင်အသံထွက်မေးလုနီးပါးဖြစ်သွားလေတယ်၊ ဒါပေမဲ့ သူ့ပါးစပ်နားထိုမေးခွန်းရောက်လာပေမဲ့၊ သူတို့ကိုပြန်မျိုချလိုက်လေသည်။

"ဒါနဲ့၊ တတိယအစ်ကို၊ ညီမဆီအကူအညီတစ်ခုတောင်းစရာရှိတယ်လို့ အစ်ကိုစာပို့ထားသေးတယ်မဟုတ်လား? အဲ့တာဘာလဲ?" ဒီကိုမလာခင်လက်ခံရရှိလိုက်တဲ့စာကို ချန်းယုမှတ်မိနေသေးလေတယ်၊ ဒီတော့ သူမအချိန်ရတုန်းမေးကြည့်လိုက်လေသည်။

"ရက်အနည်းငယ်နေရင် ငါဖင့်ချန်ကိုသွားမလို့၊ မင်းငါနဲ့လိုက်ခဲ့ဖို့ အားမလားဆိုတာ ငါမေးချင်နေတာ။" လော့မင် အတင်းလုပ်ပြုံးထားတဲ့ခါးသီးတဲ့အပြုံးနဲ့မေးလာလိုက်သည်။

"အစ်ကိုနဲ့? ညီမအားတယ်၊ ညီမသွားမယ်။" ချန်းယုတုံ့ဆိုင်းမနေဘဲ ခေါင်းညိတ်သဘောတူလိုက်လေသည်။

ချန်းယုစကား၌ ဘာသီးခြားအဓိပ္ပာယ်မှမရှိနေဘူးဆိုတာ လော့မင်သိလေတယ်။ သူ့ကိုယ်ထဲကမကောင်းမှုဝိညာဉ်ထိန်းချုပ်မှုလွတ်သွားမှာကနေ သူမကာကွယ်ပေးချင်ရုံပဲ။ သို့သော်၊ သူ့နှလုံးသားထဲက ခါးသီးမှုလေး သူမအဖြေကြောင့် အရည်ပျော်ကျသွားလေတော့သည်။

တတိယအစ်ကိုတွေ့ဖူးပြီလား?

သူမှာရှိတယ်၊ ဒါပေမဲ့ သူ သူမကိုမရယူရဲလေဘူး။

စာရေးသူ၏မှတ်စု:

မြို့စောင့်နတ်: ငါပြန်ပြီးစစ်ဆေးကြည့်မှာကိုစောင့်ဦး။ အဲဒီတိရစ္ဆာန်တွေက မျိုးတုန်းပျောက်ကွယ်လုနီးပါးဖြစ်နေပြီ၊ ဒီနှစ်ယောက်သွားပြီး သူတို့ကိုကယ်တင်ခိုင်းရမယ်။

အပိုင်း(၈၆):ဇွန်ဘီး

ဖင့်ချန်ကိုသွားရမယ့်ခရီးကရှည်ကြာလေသည်။ တစ်ပတ်နီးပါးလောက်ရှိနိုင်တယ်လို့ လော့မင်ပြောလာလေတယ်၊ ဒီတော့ ချန်းယု အကြောင်းပြချက်တစ်ခုရှာလိုက်လေတယ်၊ အမေချန်းနဲ့အဖေချန်း ရှုပ်ထွေးသွားအောင် သူမသူငယ်ချင်းတွေနဲ့ ခရီးထွက်မလို့လို့ပြောခဲ့လိုက်လေသည်။ သို့သော်၊ သူမအစ်ကိုဘက်မှာတော့၊ မလိမ့်တပတ်လုပ်လို့မဖြစ်နိုင်လေဘူး၊ ဒီတော့ သူမအမှန်ကိုသာပြောပြခဲ့လိုက်လေသည်။

"ဖင့်ချန်ကို တတိယသခင်လေးနဲ့အတူမင်းသွားချင်တယ်?" ချန်းယန်မျက်နှာက အံ့အားသင့်မှုတွေနဲ့ပြည့်နေလေသည်။

"ဟုတ်တယ်!" ချန်းယုခေါင်းညိတ်ပြလိုက်ပြီး သူမမျက်ဝန်းတွေက စိတ်အားထက်သန်မှုနှင့်ရင်ဖိုစိတ်လှုပ်ရှားမှုတွေနဲ့ ပြည့်လျှံနေလေသည်။

"မင်းဘာလို့သွားချင်ရတာလဲ?" ချန်းယန်သိချင်မိသွားလေသည်။

"ညီမသွားဖို့တတိယအစ်ကိုမေးလာခဲ့လို့။" ချန်းယု မှန်မှန်ကန်ကန်ဖြေလာလိုက်လေသည်။

သူသွားဖို့မေးလို့၊ မင်းသွားမယ်?

သူ့ညီမလေးမျက်နှာပေါ်က ပြောတိုင်းယုံတဲ့မသိနားမလည်ဖြစ်နေတာကိုကြည့်ရင်း မွန်းကျပ်နေတဲ့သူ့နှလုံးသားကိုထိန်းချုပ်ထားရင်း ဘယ်လိုထပ်မေးရမလဲဆိုတာမသိလေတော့ဘူး: "အစ်ကိုချင်တာက၊ တတိယသခင်လေးဖင့်ချန်သွားတာမှာ ဘာလို့မင်းကိုပါခေါ်သွားရတာလဲ?"

ချန်းယုနားလည်သွားကာ ပြောလိုက်လေတယ်၊ "သူ့မကောင်းမှုဝိညာဉ် ထိန်းချုပ်မှုလွတ်မှာကနေကာကွယ်ဖို့ပဲ။ အတိတ်တုန်းက၊ တတိယအစ်ကိုပြောဖူးတယ်၊ သူ့မကောင်းမှုဝိညာဉ်မတည်ငြိမ်တာကြောင့် သူအပြင်မထွက်ရဲဘူးတဲ့။ ဒီတကြိမ်၊ ဖင့်ချန်သွားဖို့သူသဘောတူလိုက်တာက သူနဲ့အတူညီမလိုက်သွားမှာကြောင့်ပဲ။"

မကောင်းမှုဝိညာဉ်? ချန်းယန် ခြံဝန်းတွင်း၌ ကြီးပြင်းလာခဲ့တာဖြစ်လေပြီး၊ ခြံဝန်းနောက်ကအိမ်နှစ်အိမ်က ကန့်သတ်ထားတဲ့နယ်မြေဖြစ်တယ်ဆိုတာကို ခြံဝန်းထဲက ကလေးတွေသိကြလေသည်။ အဲဒီကိုသွားဖို့ ဘယ်သူကိုမှခွင့်မပြုလေဘူး။ ဘာအတွက်လဲ? တတိယသခင်လေးနားသွားရင် မကောင်းတဲ့အရာတွေဖြစ်လာလိမ့်မယ်ဆိုတဲ့ ကောလဟာလတွေရှိလေတယ်။ သို့သော်၊ သူ့identityကြောင့်၊

ဘယ်သူမှမျက်နှာချင်းဆိုင်မပြောရဲကြလေဘူး။ ဒါက မကောင်းမှုဝိညာဉ်ကြောင့်ဖြစ်မယ်လို့ သူတစ်ခါမှမတွေးမိခဲ့လေဘူး။

တတိယသခင်လေးကိုယ်ထဲကမကောင်းမှုဝိညာဉ်ကို ကြည့်ရတာ ရှီရှီထိန်းချုပ်ပေးနိုင်ပုံပဲ။ ရှီရှီကို သူအထူးတလည်ဆက်ဆံပြုမူပေးတာ မထူးဆန်းတော့ပါဘူး။ ဒီအတိုင်း...

"ဖင့်ချန်ကိုအများကြီးသဘောကျတာလား?" သူ့ညီမလေးရဲ့ထွက်ပေါ်နေတဲ့ ပျော်ရွှင်မှုနဲ့ စိတ်လှုပ်ရှားမှုကို ချန်းယန်လျစ်လျူရှုထားလို့မရနိုင်လေဘူး။

"ညီမအဲဒီကိုတစ်ခါမှမရောက်ဖူးဘူး၊ အာ။ အဲ့တာကိုကြိုက်လားဆိုတာ ညီမလည်းမသိဘူး။" ချန်းယုခေါင်းခါပြလိုက်လေသည်။

"ဒါဆို ညီမလေးဘာလို့အရမ်းပျော်နေရတာလဲ?" ချန်းယန်မတတ်နိုင်ဘဲမေးလိုက်လေသည်။

"ညီမ တတိယအစ်ကိုနဲ့အတူခရီးသွားပြီး ရဟတ်ယာဉ်စီးနိုင်တော့မှာလေ။" ချန်းယု စိတ်လှုပ်တရှားပြောလာလေတယ်၊ "အဲ့အကြောင်းတွေးမိရုံနဲ့ညီမပျော်နေတာ။"

တတိယသခင်လေးနဲ့အတူသွားရမှာကြောင့် မင်းပျော်နေတာလား? ဒါမှမဟုတ် ရဟတ်ယာဉ်စီးရတော့မှာကြောင့်မင်းပျော်နေတာလား?

"ရှီရှီ၊ ညီမလေး..."

"ဟမ်?" ချန်းယု နားမလည်တဲ့အကြည့်နဲ့ကြည့်လာလိုက်လေသည်။

"လမ်းမှာဂရုစိုက်။ တတိယသခင်လေးကိုဒုက္ခမဖြစ်စေနဲ့။" ချန်းယန်သက်ပြင်းချပြီး သူအစိုးရိမ်လွန်နေတာပဲလို့တွေးလိုက်တယ်။ သူ့ညီမလေးက သိသိသာသာအမြင်မှန်မရသေးလေဘူး၊ တတိယသခင်လေးလိုလူက သူ့ညီမလေးလို အပျံသင်စမိန်းကလေးကို သဘောကျမှာမဟုတ်လေဘူး။

နှစ်ရက်ကြာပြီးနောက် မနက်ခင်းတစ်ခု၌၊ လောမင်နဲ့ချန်းယု ခြံဝန်းကနေ ယာဉ်နဲ့တိတ်တဆိတ်လေးထွက်လာပြီး၊ ဆင်ခြေဖုံးဒေသက စစ်လေဆိပ်ရှိရာဆီ မောင်းနှင်လာခဲ့လေသည်။ သူတို့နဲ့အတူခရီးသွားမယ့် စစ်သားနှစ်ဦးရှိလေတယ်၊ လက်ထောက်တစ်ဦးဖြစ်တဲ့ ပန်ဖုန်းလည်းအပါအဝင်ပါပဲ။ ကျန်တဲ့လက်ထောက်တွေက အရပ်သားလေယာဉ်နဲ့ ဦးတည်သွားရမယ့်နေရာကို တစ်ရက်အစောထွက်သွားခဲ့လေပြီ။

စစ်လေဆိပ်ကိုသူတို့ရောက်တော့၊ ရဟတ်ယာဉ်ကိုကြိုတင်ပြင်ဆင်ထားပြီး ပြေးလမ်း၌ရပ်ထားလေတယ်။

"တတိယအစ်ကို၊ ညီမ ရဟတ်ယာဉ်စီးဖူးတာ ဒါပထမဆုံးအကြိမ်ပဲ။" ရဟတ်ယာဉ်ပေါ်ရောက်တော့၊ ရဟတ်ယာဉ်အတွင်းပိုင်းကို ချန်းယုစပ်စပ်စုစုကြည့်ကြည့်လိုက်လေသည်။

"ငါ့အတွက်လည်း ဒါပထမဆုံးအကြိမ်ပဲ။" လော့မင်ရယ်လိုက်လေသည်။

"အမ်??? ကြည့်ရတာ ကျွန်မတို့မှာ ပထမဆုံးအကြိမ်တွေအများကြီးရှိနေပုံပဲ။" စိတ်ဝင်စားဖို့ကောင်းတဲ့ တစ်ခုခုရှာဖွေတွေ့ရှိလိုက်သလို ချန်းယုအံ့သြသွားလေသည်။

စကားပြောဆိုနေသူမှာ သီးခြားရည်ရွယ်ချက်မရှိလေဘူး၊ ဒါပေမဲ့ နားထောင်သူတွေက သူတို့ကိုယ်ပိုင်အဓိပ္ပာယ်တွေနဲ့ ဒါကိုဖတ်ရှုလာလိုက်ကြလေတယ်: ဒါကိုကြားလိုက်တော့ လော့မင်တောင့်တင်းသွားလေပြီး၊ သူ့နှလုံးခုန်တာ အကြိမ်မြန်မြန်ခုန်လာလေတော့သည်။

"ပထမဆုံးအကြိမ် ဈေးဝယ်စင်တာကိုသွားပြီး Hot Potအတူတူစားခဲ့တာ၊ ပထမဆုံးအကြိမ် မဟာတံတိုင်းကို အတူတူခရီးသွားခဲ့တာ; ရဟတ်ယာဉ်စီးဖူးတာလည်း ပထမဆုံးအကြိမ်အတူတူပဲ..." ချန်းယု တစ်ခုချင်းစီရေတွက်လာလိုက်လေသည်။

"ကျန်သေးလား?" သူမပျော်ပျော်ရွှင်ရွှင်ရေတွက်နေတာကို မြင်လိုက်တော့၊ လော့မင်မေးလိုက်လေသည်။

"ရှိသေးတယ်!" ချန်းယုမျက်လုံးလိုမ့်ကာ သူမပါးစပ်ကိုကာပြီး ကျိတ်ရယ်လိုက်လေသည်။

"ဘာလဲ?" လော့မင် ပြန်တွေးလိုက်တော့၊ ဘာမှမကျန်တော့ပုံပါပဲ။

"ပထမဆုံးအကြိမ် အသားယူပြီး အသားယူခံခဲ့ရတာ" ချန်းယုပြောကာပြုံးလိုက်လေသည်။

သူ့နဖူးပေါ်တကြွကြွဖြစ်သွားပြီး(စိတ်ဖိစီးသွားတာ)၊ လော့မင်မနေနိုင်ဘဲ မိန်းကလေးရဲ့နူးညံ့တဲ့နှုတ်ခမ်းနဲ့ ရှည်လျားတဲ့မျက်တောင်တွေကို တွေးမိလိုက်လေတော့သည်။ သူရုတ်တရက်အားခြောက်လာကာ၊ သူ့ခေါင်းကိုငုံ့ပြီး၊ ချန်းယုမျက်လုံးတွေကို ထပ်မံမကြည့်ရဲလေတော့ဘူး။

"နေပါဦး...ပြောရရင်၊ ညီမတို့ချစ်ကြိုက်နေကြပုံပဲ။" သူမကြည့်ဖူးခဲ့တဲ့ TVဇာတ်လမ်းတွဲကို ချန်းယုတွေးလိုက်လေသည်။ အဲဒီထဲက အမျိုးသားနဲ့အမျိုးသမီးဇာတ်လိုက်က

ဒီနည်းနဲ့ချစ်သွားကြသလိုပဲ။ သူတို့အတူတူစားတယ်၊ ဇာတ်လမ်းအတူတူကြည့်တယ်၊ ခရီးအတူတူသွားပြီး၊ နောက်တော့...နမ်းတာ?

"မင်းခေါင်းထဲဘာတွေတွေးနေတာလဲ?" လော့မင်ရုတ်တရက်ခေါင်းမော့လာပြီး ချန်းယုခေါင်းကို ရက်ရက်စက်စက်ခေါက်ချလိုက်လေကာ၊ သူမကို အပြစ်တင်လိုက်ပြီး၊ "လေယာဉ်စထွက်တော့မယ်။ ခါးပတ်မြန်မြန်ပတ်ထားလိုက်။"

"တတိယအစ်ကို၊ နာတယ်။" ချန်းယု သူမခေါင်းကို မကျေမနပ်ဖြစ်ကာ ပွတ်လိုက်လေသည်။

"..." အစောတုန်းက သူနာနာထုလိုက်မိတယ်ဆိုတာကို လော့မင်လည်းသိနေလေတယ်။ ဖြစ်နေတာက သူထိတ်လန့်သွားပြီး သူ့အားကိုမထိန်းလိုက်မိလေဘူး။ မိန်းကလေးရဲ့အပြစ်တင်နေတဲ့အကြည့်အောက်၊ လော့မင်စိတ်သောကရောက်လာသလိုခံစားမိရုံတင်မကဘူး၊ အပြစ်မကင်းသလိုပါခံစားလာရလေသည်။

ချန်းယုက လော့မင်လို ရှုပ်ရှုပ်ထွေးထွေးမတွေးလေဘူး။ သူမခေါင်းကိုပွတ်လိုက်ပြီးနောက်၊ ခေါင်းငုံ့ပြီး သူမခါးပတ်ကိုပတ်လိုက်လေသည်။ သို့သော်၊ ရဟတ်ယာဉ်က ထိုင်ခုံခါးပတ်က ကားကခါးပတ်တွေနဲ့ မတူညီပုံပဲ။ အချိန်အကြာကြီးသူမကြိုးစားပြီးတာတောင် ဘယ်လိုပတ်ရမလဲဆိုတာ သူမ, မသိနေလေဘူး။

သူမဘေးကလော့မင်သက်ပြင်းချလိုက်လေတယ်။ သူ့ကိုယ်ပိုင်ခါးပတ်ကိုဖြုတ်ပြီး၊ တစ်ဖက်လှည့်ပြီး လိမ်ရစ်တာကနေ ဆုတ်ဖြဲပစ်လုနီးပါးဖြစ်နေတဲ့ ခါးပတ်ကိုယူပြီး၊ မြန်မြန်ဆန်ဆန်နဲ့စနစ်ကျကျပတ်ပေးလိုက်တယ်။

ခါးပတ်ပတ်ပြီးနောက်၊ ချန်းယုရဲ့အရောင်လက်နေတဲ့မျက်ဝန်းတွေနဲ့ အကြည့်ချင်းဆုံးသွားလေတယ်။ သူမရဲ့မျက်ဝန်းကြီးကြီးတွေက ရွှန်းရွှန်းတောက်နေပြီး သူ့ကိုနှစ်ကြိမ် မျက်တောင်ခပ်ပြလာလေသည်။ လော့မင် ထိတ်ထိတ်ပျာပျာ အဝေးကိုအကြည့်လွှဲလိုက်တော့၊ ချန်းယုနဖူးပေါ်က အနီရောင်အကွက်လေးကို ရိပ်ခနဲမြင်လိုက်ရလေသည်။ သူ့နှလုံးသားထဲ စိတ်မကောင်းဖြစ်ပြီးအပြစ်ရှိစိတ်လေး ထွက်ပေါ်လာလေတော့သည်။

"နာလား?" လော့မင် သူ့ကိုယ်သူအပြစ်တင်လိုက်လေသည်။

"အခုမနာတော့ဘူး။" ချန်းယုလက်ဆန့်ပြီး သူမနဖူးကိုထပ်မံပွတ်လိုက်လေတယ်။ အင်း အစောကလောက် တကယ်ပဲမနာတော့ဘူးပဲ။

“မိန်းကလေးတွေက လူတစ်ယောက်နဲ့ချစ်ကြိုက်သွားတဲ့ဆိုတဲ့အရာမျိုးကို ဖြစ်သလိုပြောလိုက်လို့မရဘူး။” လော့မင် မတ်မတ်ထိုင်ကာ သူ့ဘာသာသူခါးပတ်ပတ်လိုက်လေသည်။

“ဘာလို့လဲ?” ချန်းယုသိချင်မိသွားလေသည်။

“ဘာလို့ဆို…မင်းအလွယ်တကူလိမ်ညာခံလိုက်ရနိုင်တယ်။”

“တတိယအစ်ကို၊ အစ်ကို ညီမကိုလိမ်မှာလား?” ချန်းယုတအံ့တသြမေးလိုက်လေသည်။

“. . .” လော့မင် နေရခက်သလိုတစ်ဖက်ကိုလှည့်လိုက်ပြီး ပြောလိုက်လေတယ်၊ “ရဟတ်ယာဉ်ချောချောမွေ့မွေ့ပျံသန်းနိုင်တာနဲ့ မင်းခဏလောက်အိပ်လို့ရတယ်။ ရဟတ်ယာဉ်ပေါ်ကဆင်းတာနဲ့ ငါတို့အလျင်လိုနေလိမ့်မယ်။”

“အမ်…” သနားဖို့ကောင်းတဲ့တတိယသခင်လေးကိုကယ်ဖို့ဖြစ်နိုင်လေတယ်၊ ဒီတကြိမ် ရဟတ်ယာဉ် ရုတ်တရက်စထွက်လာကာ၊ ချန်းယု တအံ့တသြပြောလိုက်လေတယ်၊ “စပျံနေပြီ။”

လော့မင် ဘေးတစ်ဖက်ကိုမျက်နှာလှည့်လိုက်ပြီး ဘာခြေရာလက်ရာမှမကျန်ရစ်စေဘဲ အသက်ရှူထုတ်လိုက်လေသည်။

မနက်၁နာရီကနေ မနက်၅နာရီထိ လေယာဉ်ပျံသန်းလာခဲ့ပြီး ဖင့်ချန်မြို့ရဲ့အပြင်ဘက်စစ်တပ်လေဆိပ်၌ နောက်ဆုံးဆင်းသက်လာလေတော့သည်။ ဆောင်းရာသီဖြစ်တာကြောင့်၊ ဖင့်ချန်မှာ နေ့အချိန်က ၇နာရီမှစတင်လေတယ်၊ ဒီတော့ မနက်ငါးနာရီအချိန် လေဆိပ်က ညလိုတိတ်ဆိတ်နေလေတယ်။

လေယာဉ်ပေါ်ကနေ လူအုပ်ဆင်းလာတော့ သိပ်မဝေးတဲ့နေရာက စစ်စိမ်းရောင်ဂျစ်ကားနှစ်စီးကိုမြင်တွေ့လိုက်ရလေသည်။ ဂျစ်ကားပေါ် လူအုပ်ပြောင်းစီးလိုက်ပြီး လေဆိပ်ကနေထွက်လာကာ တောင်နက်တွေထဲမှာရှိတဲ့ စစ်စက်ရုံဆီ မောင်းနှင်လာလိုက်လေတော့သည်။

ရဟတ်ယာဉ်ပေါ်မှာ ချန်းယု အရမ်းစိတ်လှုပ်ရှားခဲ့တာကြောင့်ဖြစ်နိုင်လေတယ်၊ ဂျစ်ကားပေါ်ရောက်ပြီးသိပ်မကြာခင်၊ သူမအရမ်းအိပ်ချင်နေကာ သူမခေါင်းနဲ့ ပြတင်ပေါက်မှန်ကိုမှီပြီး ဖြည်းဖြည်းချင်းအိပ်ပျော်သွားလေတော့သည်။

ချန်းယုအိပ်ပျော်သွားကြောင်းသေချာအောင်လုပ်ပြီးနောက်၊ လော့မင်လက်ဆန့်ကာ ပြတင်ပေါက်မှန်ပေါ်က သူမခေါင်းကိုလှည့်ပြီး သူ့ပုခုံးပေါ်တင်ပေးလိုက်လေတယ်၊ ထို့နောက် ရှေ့မှာမောင်းနေတဲ့ ပန်ဖုန်းကို တီးတိုးပြောလာလိုက်တယ်၊ “ဖြေးဖြေးမောင်း။”

အပိုင်း(၈၇):ဇွန်ဘီး

"ဟုတ်ကဲ့။" ကားနောက်ခန်းထဲက အပြောင်းအလဲက ပန်ဖုန်းရဲ့မျက်ဝန်းအောက်က
လွတ်မြောက်သွားဖို့ဆိုတာမဖြစ်နိုင်လေဘူး။ တကယ်တော့၊ လော့မင်မပြောလာခင်၊
သူ့ခြေထောက်က ဘရိတ်ကိုနင်းထားပြီးလေပြီ။

ဆောင်းရာသီရဲ့ရာသီဥတုအခြေအနေက အေးပေမဲ့၊ မမှော်လင့်ဘဲ
ကောင်းကင်ကကြည်လင်နေလေတယ်။ ကားပြတင်ပေါက်ကနေ အဝေးကကောင်းကင်ကို
လော့မင်လှမ်းကြည့်လိုက်လေတယ်။ အဲဒီမှာ
ပြတ်တောင်းပြတ်တောင်းလင်းလက်နေတဲ့ကြယ်တချို့ရှိနေပြီး၊ ပန်းချီကားတစ်ချပ်လို
လှပနေလေတယ်။

ဂျစ်ကားမောင်းနှင်လာတဲ့ အဓိကလမ်းမရဲ့ဘေးနှစ်ဖက်မှာ
တောင်ကုန်းအများအပြားရှိနေလေတယ်။ အမြဲစိမ်းသဘာဝပေါက်ပင်အများကြီးရှိနေလေသည်။
စစ်လေဆိပ်နဲ့ ၃၀ကီလိုမီတာလောက်ကွာဝေးတဲ့တောအုပ်ထဲ၊ အသက်နှစ်ဆယ်အစောပိုင်း
အမျိုးသားတစ်ဦးနဲ့အမျိုးသမီးတစ်ဦး တစ်ခုခုကိုရှာဖွေနေကြလေသည်။

"ကိုကို၊ ဇွန်ဘီးဘယ်သွားနေတာလဲ?" သံလိုက်အိမ်မြှောင်ကိုသူမလက်ထဲကိုင်ကာ
တွက်ချက်နေရင်း ယန်ချင်းမေးလိုက်လေသည်။

"အဲ့တာကို သံလိုက်အိမ်မြှောင်မှာပြထားတယ်မဟုတ်ဘူးလား?"
သူညီမလက်ထဲကသံလိုက်အိမ်မြှောင်ကို ယန်ဝေယူလိုက်လေသည်။
သံလိုက်အိမ်မြှောင်နှစ်ကြိမ်လည်ပြီးနောက်၊ နေရာနှစ်နေရာ၏ အရှေ့အနောက်ကို
ပတ်ချာလည်နေတာနဲ့ အဆုံးသတ်သွာလေသည်။

"သံလိုက်အိမ်မြှောင်ပျက်နေပြီလား? ဦးတည်ဘက်နှစ်ဘက်ကို
ဘယ်လိုလုပ်ညွှန်ပြနေရတာလဲ?" ဒီသံလိုက်အိမ်မြှောင်ကို ယန်ချင်းရဲ့အဘိုး
ပြုပြင်မွမ်းမံထားတာဖြစ်လေပြီး ဇွန်ဘီးတွေ၏ဦးတည်ဘက်ကိုထောက်လှမ်းဖို့
အသုံးပြုလေတယ်။ အမှားတစ်ခါမှမရှိခဲ့ဖူးလေဘူး။

"ဖြစ်နိုင်တာက ဒီနားတစ်ဝိုက်မှာ ဇွန်ဘီးနှစ်ကောင်ရှိနေတာလား?" ယန်ဝေမျက်မှောင်ကြုပ်ပြီး
ပြောလိုက်လေတယ်၊ "ချင်းအာ၊ ကိုကိုတို့ရှာနေတာရပ်လိုက်မလား?
ဇွန်ဘီးနှစ်ကောင်သာရှိနေမယ်ဆိုရင်၊ ကိုကိုတို့နှစ်ယောက်ထဲက သူတို့နဲ့ယှဉ်နိုင်မှာမဟုတ်ဘူး။"

"မဖြစ်နိုင်ဘူး။ ဒီတောင်အပိုင်းအခြားမှာ ဇွန်ဘီးတစ်ကောင်ပဲရှိတာ။
ညီမအကြိမ်ကြိမ်အတည်ပြုပြီးသွားပြီ။" ယန်ချင်းပြောလိုက်လေသည်။

"ဒါပေမဲ့၊ သံလိုက်အိမ်မြှောင်က မမှားနိုင်ဘူးလေ။ ကြည့်ဦး၊ ဒီမှာ မကောင်းမှုဝိညာဉ်နှစ်ကောင်ကို ထောက်လှမ်းမိထားတာ။" သူညီမကြည့်ဖို့ ယန်ဝေလက်ညှိုးထိုးပြလိုက်လေသည်။

"သံလိုက်အိမ်မြှောင်မှားနေတာလား?  ညီမတို့ဒီနားမှာရှိနေတာ တစ်ညရှိပြီ၊ သံလိုက်အိမ်မြှောင်ကလည်း တစ်နေရာတည်းကိုပဲညွှန်ပြခဲ့တာ။ တစ်နေရာထဲ ဇွန်ဘီးနှစ်ကောင်မရှိနိုင်ဘူး။" ယန်ချင်းပြောလိုက်လေသည်။

" . . . "  သူညီမပြောတာမှန်တယ်ဆိုတာ ယန်ဝေသိလေတယ်၊ ဒါပေမဲ့ နောက်ထပ်မကောင်းမှုအရှိန်အဝါ ရုတ်တရက်ကြီးပေါ်လာတာက၊ သူ့အလိုလိုသိစိတ်က အဲ့တာက ဇွန်ဘီးဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ၊ သူတို့မှာ ဘာအခွင့်အရေးမှမရှိနေဘူးလို့ပြောနေလေသည်။

"ကိုကို၊ ကြည့်ဦး၊ ညွှန်တံရပ်သွားပြီ။" ယန်ချင်းရုတ်တရက်ပြောလိုက်လေသည်။

ယန်ဝေငုံ့ကြည့်လိုက်တော့ အရှေ့အနောက်ညွှန်ပြနေတဲ့ညွှန်တံက ရုတ်တရက်အဲဒီနှစ်ခုအလယ်မှာရပ်သွားတာကို သူရှာတွေ့လိုက်လေသည်။

"ကြည့်ပါဦး၊ ဇွန်ဘီးနှစ်ကောင်မရှိနေနိုင်ဘူးလို့ ညီမပြောပါတယ်။" ယန်ချင်းပျော်ပျော်ရွှင်ရွှင်ပြောလိုက်လေတယ်၊ "ကိုကို၊ မြန်မြန်သွားရအောင်၊ မဟုတ်ရင် ကောင်းကင်လင်းလာလိမ့်မယ်(အာရုဏ်တက်ချိန်)။"

ဂျစ်ကားနဲ့ ငါးဆယ်မီတာအကွာ၌၊ နှစ်မီတာရှည်တဲ့အရိပ်နက်တစ်ခု သစ်ပင်တွေကိုဖြတ်ပြေးလာကာ တောအုပ်အပြင်ဘက်က အဓိကလမ်းမကြီးဆီ မရပ်မနားပြေးလာလေတယ်။

မကောင်းမှုအရှိန်အဝါတစ်ခုချဉ်းကပ်လာနေတာကို အိပ်နေရင်း ချန်းယုအာရုံခံမိလိုက်ပြီးသူမမျက်လုံးတွေကိုရုတ်တရက်ဖွင့်လာလိုက်တယ်။

"နိုးပြီလား?"  သူမနိုးလာတာကိုသတိထားမိလိုက်တော့ ချန်းယုကို လော့မင်မေးလိုက်လေသည်။

"တတိယအစ်ကိုဖြစ်နေတာကို။" ချန်းယု ရှုပ်ထွေးနေပြီး သူမမျက်လုံးတွေကို တစ်ဖန်ထပ်ပိတ်လိုက်လေတယ်၊ ဒါပေမဲ့ အသက်တစ်ရှိုက်စာလောက်အတွင်း သူမမျက်လုံးထပ်မံပွင့်လာလေတယ်။ မဟုတ်ဘူး၊ တတိယအစ်ကိုက အမြဲသူမဘေးနားမှာရှိနေခဲ့တာ။

"ဝုန်း!"

ကျွီခနဲမြည်သံနဲ့အတူ၊ ပန်ဖုန်း ဘရိတ်ပေါ် ပြင်းပြင်းထန်ထန်နင်းလိုက်လေတယ်၊ ဒါပေမဲ့ ဂျစ်ကားရပ်ရန် နောက်ကျသွားလေပြီ၊ လမ်းဘေးကနေပြေးထွက်လာတဲ့ အရိပ်နက်နဲ့ တိုက်ရိုက်တိုက်မိသွားလေသည်။

ပြင်းထန်တဲ့ဆောင့်လိုက်မှုက အရှေ့ခုံနောက်ကျောနဲ့ ချန်းယုခေါင်းကိုတိုက်မိသွားစေလေတယ်။ လော့မင်သူမကို မြန်မြန်ကူထောက်ပေးလိုက်ပြီး စိုးရိမ်တကြီးမေးလိုက်လေတယ်၊ "ရှီရှီ၊ မင်းအဆင်ပြေရဲ့လား?"

"ကားပေါ်ကမဆင်းလိုက်နဲ့!" သူမခေါင်းကိုမော့လိုက်ပြီးနောက် ချန်းယု ကျယ်ကျယ်လောင်လောင် အော်ဟစ်အမိန့်ပေးလိုက်လေသည်။

"ဘာ?" လော့မင်ရှင်းရှင်းလင်းလင်းမကြားမိလိုက်လေဘူး။

"သူတို့ကိုနောက်ဆုတ်ခိုင်းလိုက်။ အဲ့-အဲ့တာဇွန်ဘီး။" ချန်းယုပြောပြီးသွားတာနဲ့ တစ်စုံတစ်ခုက ဂျစ်ကားကို ရုတ်တရက်ပင့်မလာလေသည်။ လေထဲ၁၈၀လည်သွားပြီးနောက်၊ လမ်းဘေးကသစ်ပင်တစ်ပင်၏ပင်စည်ထဲ တိုက်ကျသွားပြီး၊ နောက်ဆုံးမှာပြန်ကန်ထွက်လာပြီး၊ အကြိမ်တော်တော်များများ ဂျုန်းခနဲမြည်အောင်တိုက်ဆောင့်သွားလေတော့သည်။ လော့မင်ရဲ့လက်မောင်းတွေထဲ ချန်းယုခေါင်းကို သူကာကွယ်ပေးထားပေမဲ့၊ ပြင်းထန်တဲ့အကျိုးသက်ရောက်မှုကြောင့် သူမှင်သက်သွားသေးလေတယ်။

"ဘန်း၊ ဘန်း!"

ဒုတိယဂျစ်ကားထဲ၊ လော့မင်မတော်တဆမှု ဖြစ်နေတာကို စစ်သားနှစ်ဦးမြင်တွေ့လိုက်ကြလေသည်။ ကားတံခါးကိုဖွင့်ပြီး အဝေးကပုံရိပ်ကို အကြိမ်တော်တော်များများပစ်ခတ်လိုက်လေတယ်၊ ဒါပေမဲ့ ကျည်ဆန်တွေကို ဇွန်ဘီးက ဘယ်လိုလုပ်ကြောက်နေမှာလဲ?

"ဂရားးး!" ဇွန်ဘီးကို လူသားနှစ်ဦး တစ်ညလုံးလိုက်ဖမ်းနေခဲ့တာဖြစ်လေပြီး၊ အခု ခြိမ်းခြောက်မှုအနည်းငယ်ပဲပေးနိုင်တဲ့ လူသားတချို့ကိုသူတွေ့လေတော့၊ သူ့ဒေါသအားလုံးကို သူတို့ဆီဖောက်ခွဲချလိုက်လေတော့သည်။

ဒီလိုအရာမျိုးနဲ့ သေနတ်တွေကအသုံးမဝင်ဘူးဆိုတာကို စစ်သားနှစ်ဦးရှာတွေ့လိုက်လေသည်။ သာမန်မဟုတ်တဲ့အရာနဲ့သူတို့တွေ့နေတယ်လို့ သဘောပေါက်လိုက်ကြလေတယ်၊ ဒီတော့

သူတို့လက်ထဲကသေနတ်တွေကို ပစ်လိုက်ကာ၊ ဇွန်ဘီးနဲ့တိုက်ခိုက်တာမှာ ပူးပေါင်းပါဝင်လိုက်ကြလေသည်။

စစ်သားနှစ်ဦးက အားကောင်းသန်မာနေရင်တောင်၊ သူတို့တွေက ပြိုင်ဘက်ကင်းပြီးအားကောင်းတဲ့ဇွန်ဘီး၏ပြိုင်ဘက်မဟုတ်နေလေဘူး၊ အဲဒီဇွန်ဘီး၏လက်သည်းတွေမှာ သေစေနိုင်တဲ့အဆိပ်ပါနေတာကို ထည့်မပြောနဲ့ဦး။ လူသားနှစ်ဦးနဲ့ ဇွန်ဘီးတစ်ကောင် ငါးမိနစ်လောက် ထွေးလားလုံးလားဖြစ်နေကြပြီး၊ တတိယပွဲရောက်တော့၊ ဇွန်ဘီးပစ်ပေါက်တာခံလိုက်ရလေသည်။ သူတို့ကျောက်တုံးတွေနဲ့တိုက်မိသွားကာ မေ့သွားလေတယ်။

"ဂရားးးး!" ဇွန်ဘီး လွတ်လွတ်လပ်လပ်မာန်ဖီလိုက်လေသည်။

မှောက်ယက်လှန်ထားခံရတဲ့ကားထဲကနေ ပန်ဖုန်းထွက်လာပြီး၊ သူ့ခေါင်းတစ်ခေါင်းလုံးသွေးထွက်သံယိုဖြစ်နေတယ်ဆိုတဲ့အချက်ကိုလျစ်လျူရှုထားပြီး၊ လော့မင်နဲ့ချန်းယုရဲ့အခြေအနေကိုစစ်ဆေးကြည့်ရန် နောက်ခုံးဆီလှည့်လာလိုက်တယ်။

"သခင်လေး!" လော့မင်လက်ပေါ်ကသွေးကိုပန်ဖုန်းမြင်လိုက်တော့၊ သူအသည်းအူတွေ ဇာတ်ဟန်ပါပါ တုန်ယင်ပါလေတော့သည်။

"ရှီရှီကို အရင်ကယ်တင်လိုက်။" လော့မင်အသံထွက်ပြောလာလေတယ်၊ "ငါအဆင်ပြေတယ်။"

ပန်ဖုန်းမနှောင့်နှေးရဲခဲ့လေဘူး။ ကားတံခါးကို လျင်လျင်မြန်မြန်ဆွဲဖွင့်လိုက်ပြီး လော့မင်လက်တွေကြားက မှင်သက်နေတဲ့ချန်းယုကို ထုတ်လိုက်လေတယ်။ ကားထဲကနေ သူမကိုဂရုတစိုက်ထုတ်လာလိုက်ပြီး၊ ထို့နောက်မှာတော့ လော့မင်ကိုဆွဲထုတ်ချင်နေလေသည်။

"သခင်လေး၊ မင်းဘယ်လိုနေလဲ?" လော့မင်ကိုယ်ပေါ်က ဒဏ်ရာတွေကို ပန်ဖုန်းစစ်တေးကြည့်လိုက်တော့ သူ့နဖူးနဲ့လက်မောင်းမှာသာ ပွန်းပဲ့ရာရှိနေတယ်ဆိုတာကို ရှာတွေ့လိုက်လေသည်။ ဘာတစ်ခုမှမပြင်းထန်နေလေဘူး၊ ဒီတော့ သူချက်ချင်းစိတ်အေးသွားလေတော့သည်။

"ဂရားးး!"

မာန်ဖီသံကိုကြားလိုက်တော့၊ ပန်ဖုန်းလှည့်ကြည့်လိုက်တော့ သူ့ရဲဘော်ရဲဘက်နှစ်ဦး ပစ်ထုတ်ခံလိုက်ရတာကို သူမြင်တွေ့လိုက်ရလေတယ်။ သူ့အမူအရာပြောင်းလဲသွားပြီး ပြောလိုက်လေတယ်၊ "သခင်လေး၊ မိန်းကလေးချန်းယုကိုခေါ် ပြီး အရင်ထွက်သွားလိုက်ပါ။"

ပြောပြီးတာနဲ့ သူအရှေ့ကိုပြေးထွက်သွားကာ၊
ဇွန်ဘီးနှောင့်နှေးသွားအောင်ကြိုးစားလာလေတော့သည်။

"ဘုန်း!"

လော့မင်ချန်းယုကိုသယ်ပြီး ထရပ်လိုက်ချိန်၊
နောက်ကကျယ်လောင်တဲ့တိုက်ချသံကြားလိုက်ရလေသည်။ သူလှည့်ကြည့်လိုက်တော့
ကားပေါ် ရိုက်ချခံထားရပြီး မလှုပ်နိုင်တော့တဲ့ ပန်ဖုန်းကို၊ အကြည့်တစ်ချက်ထဲနဲ့
လှမ်းမြင်လိုက်ရလေသည်။

"သခင်လေး...မြန်မြန်!" ပန်ဖုန်းမတ်တတ်ရပ်နိုင်အောင်ကြိုးစားကြည့်လိုက်လေသည်။

"ဂရားးး!" ဇွန်ဘီး လော့မင်ကိုမယုံသင်္ကာကြည့်လာလိုက်သည်။ ဒီလူက သူနဲ့ရင်းနှီးနေတဲ့
အရှိန်အဝါထုတ်လွှင့်နေပြီး၊ အမျိုးသမီးက သူမုန်းတဲ့အရှိန်အဝါထုတ်လွှတ်နေတယ်ဆိုတာကို
သူရှာတွေ့လိုက်လေသည်။ လော့မင်ရှိရာဆီ သူခြေလှမ်းလှမ်းလာလိုက်လေသည်။

လော့မင်သူငယ်အိမ်ကျုံ့သွားကာ၊ ချန်းယုကို မြေပြင်ပေါ်ချထားလိုက်ဖို့ သူကိုယ်ကိုင်းလိုက်ပြီး
ဇွန်ဘီးနဲ့ရင်ဆိုင်ဖို့ လှည့်လိုက်လေသည်။

စာရေးသူ၏မှတ်စု:

ပန်ဖုန်း၊ အခုလေးတင်သတိရလာတဲ့သူ၊ သူဆေးရုံမှာရှိနေတယ်ဆိုတဲ့အချက်ကို လျစ်လျူရှုပြီး၊
အခြေအနေကိုအစီရင်ခံဖို့ သူ့ဖုန်းကိုထုတ်လိုက်လေသည်။

(မိန်းကလေးချန်းယုပြောတာ သူနဲ့သခင်လေးချစ်ကြိုက်နေပုံပေါ်တယ်တဲ့။
သခင်လေးပြောလာတာက မိန်းကလေးချန်းသတိထားသင့်ပြီး၊ သူမအလှည့်ဖြားမခံရစေနဲ့တဲ့။)

(မင်းသတိရလာပြီပဲ။)

(မင်းမှာအတင်းပြောဖို့ခွန်အားရှိနေသေးမှတော့၊ ကြည့်ရတာ မင်းမသေသေးဘူးပဲ။)

သူ့ဖုန်းကိုသိမ်းဖို့ စစ်ဆရာဝန်အပြေးဝင်ချလာကာ ပြောလာလေတယ်၊ "မင်းတို့စစ်သားတွေ၊
ကောင်းကောင်းအနားယူလို့မရဘူးလား။ မင်းအခုလေးတင်သတိရလာတာကို၊
ဒါကိုမင်းတာဝန်ကိုမှတ်မိနေတယ်။"

ဂဏန်း: ဒေါက်တာ၊ ရှင်အထင်လွဲနေပြီ!

အပိုင်း(၈၈):အနမ်း

လူမနေထိုင်တဲ့ ကြမ်းတမ်းသောတောင်ပေါ်လမ်းပေါ်မှာ၊ လော့မင်နဲ့ မီတာတစ်ဝက်ကွာဝေးတဲ့နေရာမှာ နှစ်မီတာမြင့်တဲ့ အရိပ်နက်တစ်ခုရပ်နေပြီး၊ သူနဲ့မျိုးတူဖြစ်နေတဲ့လူသားကို သံသယဝင်နေတဲ့အကြည့်နဲ့ ကြည့်နေလေသည်။

ဂရားးး! ဒီမျိုးတူလူက ဘာလို့သူနဲ့မတူနေရတာလဲ?

သူ့မကောင်းမှုအရှိန်အဝါအပြင် သက်ရှိလူတစ်ဦးရဲ့အရှိန်အဝါပါ ဘာလို့ရှိနေရတာလဲ?

"ဝေါင်း!" ဇွန်ဘီးဟိန်းဟောက်လိုက်ပြီး သူ့လက်ကိုမြှောက်ပြီး လော့မင်ပုခုံးကိုဖမ်းကိုင်လိုက်လေတယ်။ ဒီလူကသူနဲ့မျိုးတူသည်ဖြစ်စေ မတူသည်ဖြစ်စေ၊ သူ့ကိုထဲက မကောင်းမှုအရှိန်အဝါက သူ့ကိုသန်မာလာစေနိုင်တယ်။ သူ(လော့မင်)ကို သူစားပစ်လိုက်သရွေ့ သူ့ကိုတစ်ညလုံးလိုက်လံဖမ်းဆီးနေတဲ့ ကောင်းကင်ဘုံဆရာနှစ်ဦးထံကနေ သူပုန်းနေဖို့မလိုအပ်လေတော့ဘူး။

ဇွန်ဘီးအတွက် သူကပြိုင်ဘက်မဟုတ်နေဘူးဆိုတာ လော့မင်သိလေတယ်၊ ဒီတော့ ဇွန်ဘီးရဲ့လက်ဖဝါးက သူ့ပုခုံးကိုဆုပ်ကိုင်ပြီး မြေပြင်ပေါ်ကမလာတာကို သူရုန်းကန်မနေလေဘဲ အသာတကြည်လုပ်ခွင့်ပြုလိုက်လေတယ်။

"ဝေါင်း!" ဇွန်ဘီးမာန်ဖီလိုက်လေသည်။ သူ့ညှီနံ့နံ့နေတဲ့ဝင်သက်ထွက်သက်က လော့မင်ကိုမျက်မှောင်ကြုပ်သွားစေလေသည်။

"သခင်လေး!" ပန်ဖုန်း သူ့ဟန်ချက်ကိုထိန်းနိုင်လာလေပြီ၊ ဒါပေမဲ့ လော့မင်ကို ဇွန်ဘီကောက်ကိုင်လာချိန်၊ သူအသည်းအသန်ကြောက်လန့်လာလေတော့သည်။ သူ့မျက်လုံးတွေနီရဲလာပြီး လော့မင်ရှိရာဘက်ကို အလောတကြီးပြေးလာလိုက်တယ်။

"နောက်ဆုတ်!" လော့မင်အမိန့်ပေးပြီးသွားတာနဲ့ သူ့ဘယ်ဘက်လက်ပေါ်ကျောက်စိမ်းချိပ်ကို ညာဘက်လက်နဲ့ချက်ချင်းဖြည်ချလိုက်လေသည်။ သူ့ကိုယ်ထဲကမကောင်းမှုဝိညာဉ်က ဖိနှိပ်ထားတဲ့ဘုံတစ်လုံးလို ချက်ချင်းပေါက်ထွက်သွားလေတော့သည်။

"ဘုန်း!"

ပန်ဖုန်းကို လေမုန်တိုင်းတိုက်ခတ်သွားပြီး၊ မြက်ခင်းပြင်ပေါ် ပြန်ကန်ထွက်သွားကာ လိမ့်ကျသွားကာ အသံတစ်သံတောင်ထွက်မလာလေတော့ဘူး။

"ဂရား? ဂရား! ရား~~~~" လော့မင်ကိုယ်ထဲက ရုတ်တရက်ပွင့်ထွက်လာတဲ့ မကောင်းမှုစွမ်းအင်ကို ခံစားမိလိုက်တော့၊ ဇွန်ဘီးတစ်ကိုယ်လုံး ကျောက်ရုပ်ဖြစ်သွားလေသည်။ လော့မင်ပုခုံးကိုဖမ်းကိုင်ထားတဲ့သူ့လက်သည်းတွေကိုလွှတ်ပေးလိုက်ကာ၊ ရှောင်တိမ်းချင်နေလေတယ်၊ ဒါပေမဲ့ တစ်ဖက်လူကို သူမဖယ်ရှားနိုင်ဖြစ်နေတာကို ရုတ်တရက်ရှာတွေ့လိုက်လေတော့သည်။

လော့မင် မျက်လုံးမှေးလိုက်ပြီး သူ့လက်နှစ်ဖက်လုံးနဲ့ ဇွန်ဘီးရဲ့လက်တွေကို အတင်းအကြပ်ဖမ်းကိုင်ထားကာ၊ ဇွန်ဘီးလွတ်မြောက်သွားနိုင်မယ့်အခွင့်အရေးကို ကာဆီးထားလေတော့သည်။ သူ့လက်ဖဝါးကနေ ကိုယ်ကိုဖြတ်၍ ဇွန်ဘီးကိုယ်ထဲကနေ ကူးပြောင်းလာတဲ့ အရမ်းသက်တောင့်သက်သာဖြစ်သောဝင်သက်ထွက်သက်ကို လော့မင်ခံစားမိလိုက်လေသည်။ ဒါက ဇွန်ဘီးရဲ့မကောင်းမှုစွမ်းအင်ဆိုတာကို လော့မင်ရှင်းရှင်းလင်းလင်းသိနေလေသည်။

ဇွန်ဘီးကိုထိလိုက်ရင်၊ သူ့ကိုယ်က ဇွန်ဘီးကိုယ်ထဲကမကောင်းမှုစွမ်းအင်ကို အလိုလိုစုပ်ယူပစ်လိမ့်မယ်လို့ လော့မင်မထင်ထားမိခဲ့လေဘူး၊ ဒါပေမဲ့ သူသိနေမယ်ဆိုရင်တောင်မှ၊ သူ့မှာရွေးချယ်စရာမရှိလေတော့ဘူး။ ပန်ဖုန်းကော စစ်သားနှစ်ဦးလုံးက ဇွန်ဘီးရဲ့ပြိုင်ဘက်တွေမဟုတ်နေလေဘူး၊ ပြီးတော့ ချန်းယုလည်းသတိလစ်သွားလေပြီ။ ဒီအချိန်၌၊ သူသာမလှုပ်ရှားလိုက်ဘူးဆိုရင်၊ အားလုံးသေကုန်တော့မှာ။

မကောင်းမှုစွမ်းအင်က အခြားသူတွေအတွက် ရက်စက်ပြီးအေးစက်လှလေတယ်၊ ဒါပေမဲ့ လော့မင်အတွက်ကတော့၊ အနည်းငယ်အေးနေပေမဲ့၊ အဲ့တာက အံ့သြဖွယ်ကောင်းလောက်အောင်သက်တောင့်သက်သာရှိနေလေသည်။ သူ့ထိပ်တည့်မှတ်နဲ့ချွေးပေါက်တွေထဲ အတောမသတ်နိုင်သောမကောင်းမှုစွမ်းအင်စီးဆင်လာတာနဲ့အတူ၊ သူ့လက်က ဖြည်းဖြည်းချင်းခွန်အားပြန်ရလာတာကို လော့မင်ခံစားမိလိုက်လေသည်။

လော့မင် သူ့လက်ကို မရဲတရဲမြှောက်လိုက်တော့၊ ရှည်လျားတဲ့ဇွန်ဘီးကို ဘာအားစိုက်ထုတ်မှုမှမရှိဘဲမနိုင်လိုက်လေသည်။

"ဂရား! ဂရား~ ~ ~" ဇွန်ဘီးထဲက မကောင်းမှုစွမ်းအင်တွေကို လော့မင်စုပ်ယူလိုက်လေသည်။ အဲဒီအချိန်၌၊ သူ့မှာရုန်းကန်လာရန် ခွန်အားမရှိလေတော့ဘူး။ သူ့ခေါင်းတွဲလျားကျလာပြီး သူ့ကိုယ်ထဲက နောက်ဆုံးမကောင်းမှုစွမ်းအင်တစ်သုတ် ပျောက်ကွယ်သွားတဲ့အထိ သူအသံတိုးတိုးမာန်ဖီလိုက်လေတော့သည်။ မနက်ခင်းစောစော အဝါရောင်သန်းနေတဲ့မြက်ခင်းထဲ ကြီးမားခြောက်သွေ့တဲ့ကိုယ်ခန္ဓာက လော့မင်လက်ထဲ ပြာမှုန့်တစ်ဆုပ်စာအဖြစ်ပြောင်းလဲသွားကာ ပျံ့ကျဲသွားလေတော့သည်။

နှစ်တိုင်း သူပတ်ထားတဲ့ကျောက်စိမ်းချိပ်ကြောင့် လော့မင်ရုပ်ပိုင်းဆိုင်ရာက အမြဲအားနည်းနေလေသည်။ ခွန်အားအပြည့်ဖြစ်နေတာမျိုး လော့မင်တစ်ခါမှမခံစားဖူးလေဘူး။ သို့သော်၊ တစ်ချိန်တည်းမှာပဲ သူ့ကိုယ်ထဲကကြီးထွားနေတဲ့စွမ်းအင်က သူ့ကိုယ်ထဲက မကောင်းမှုဝိညာဉ် ထိန်းချုပ်မှုလွတ်သွားတော့မယ်ဆိုတဲ့အကြောင်း သတိပေးနေလေသည်။

လော့မင် သူ့ခေါင်းကိုလှည့်ပြီး၊ မနက်ခင်းစောစောအလင်းရောင်ဖျော့ဖျော့အောက် သတိမေ့နေတဲ့ မိန်းကလေးနဲ့ အနီးနားလေးက စစ်သားသုံးဦးကို ကြည့်ပြီး၊ လှည့်ပြီး တောင်နက်ထဲ ပြေးသွားလေတော့သည်။
လော့မင်ရဲ့မကောင်းမှုဝိညာဉ်လွတ်ထွက်သွားတဲ့အကြိမ်အရေအတွက်က အတော်များနေလေပြီ။ သို့သော်၊ အထိမ်းအကွပ်မရှိဖြစ်သွားပြီးနောက် တစ်ကြိမ်ချင်းစီတိုင်းမှာ သူဘာတွေပြုလုပ်ခဲ့လဲဆိုတာကို ပြန်လည်မတွေးတောနိုင်နေလေဘူး။

စစ်သားသုံးဦးက သူ့မကောင်းမှုစွမ်းအင်ကို မတောင့်ခံနိုင်လေဘူး၊ ချန်းယုမှာသက်ရောက်မှုမရှိနိုင်ပေမဲ့၊ ဒီအချိန်မှာ သူမသတိမေ့နေလေတယ်။ သူတို့နဲ့အတူနေလို့မဖြစ်လေဘူး။ စိတ်ထဲဒီအတွေးပေါ်လာတာနဲ့ သူ့မကောင်းမှုဝိညာဉ် လုံးဝဥသုံဝရုန်းသုန်းကားမဖြစ်လာခင် သာမန်လူတွေကိုမသက်ရောက်စေနိုင်မယ့်နေရာရှာဖို့ လော့မင်ထွက်လာလိုက်လေသည်။

လော့မင်လှည့်ပြီး တောအုပ်တွေထဲပျောက်ကွယ်သွားတဲ့အချိန်လေးမှာ၊ ယန်မိသားစုမောင်နှမတွေ၊ အဝေးမှာပုန်းပြီး တိတ်တိတ်လေးချောင်းကြည့်နေကြတဲ့သူတို့ ခေါင်းထွက်လာကြလေသည်။

"ဆိုတော့၊ ဒီမှာဇွန်ဘီးနောက်တစ်ကောင်တကယ်ရှိနေတာပဲ။ ကိုကို၊ အစောကဇွန်ဘီးက၊ ညီမတို့အရင်ကလိုက်ဖမ်းနေတဲ့တစ်ကောင်ကို စားပစ်လိုက်တာလား?"
လော့မင်အခုလေးတင်ထွက်သွားရာဘက်ကိုကြည့်ကာ၊ ယန်ချင်းမေးလိုက်လေသည်။

"အဲ့လိုဖြစ်နေပုံပဲ။" ယန်ဝေ မည်းမှောင်းနေတဲ့အမူအရာနဲ့ ခေါင်းညိတ်ပြလိုက်လေသည်။

"ကိုကို၊ အဲဒီမှာလူတွေရှိနေပုံပဲ။" ယန်ချင်းပြောပြီးတော့၊ နှစ်ဦးသား ဂျစ်ကားဘေးမြန်မြန်ပြေးသွားလိုက်လေသည်။ သူတို့နီးလာလေ၊ အဖြစ်ဆိုးတဲ့မြက်ကွင်းနဲ့ သတိမေ့နေတဲ့လူလေးယောက်ကို သူတို့နှစ်ဦးမြင်တွေ့လိုက်ရလေသည်။ ယန်ချင်းအမူအရာက ငိုတော့မယ့်ပုံပေါ်နေလေတယ်၊ "ကိုကို၊ ညီမတို့ပြဿနာတက်ပြီလား?"

"သူတို့အားလုံးအသက်ရှင်နေသေးပုံပဲ၊ လူကိုအရင်ဆုံးကယ်လိုက်ရအောင်။" ယန်ဝေလှည့်ပြီး ပန်ဖုန်းနားပြေးသွားကာ၊ ယန်ချင်းက သတိမေ့နေတဲ့ချန်းယုဆီ ပြေးသွားလိုက်လေသည်။

ပန်ဖုန်းဒဏ်ရာတွေကို ယန်ဝေစစ်ဆေးကြည့်လိုက်ပြီးနောက်၊
သူညီမကိုကြည့်ကာအော်ဟစ်လိုက်လေတယ်၊ "ချင်းအာ၊
သူတို့ပေါ်ဒဏ်ရာတွေရှိနေလားဆိုတာကြည့်ကြည့်။ ရှိနေရင်၊ စိတ်စွမ်းအင်ကိုသုံးပြီး
သူတို့ကိုယ်ပေါ်က အလောင်းကောင်ရဲ့အဆိပ်ကို အရင်ဖယ်ရှားပစ်လိုက်။"

အခြားဒဏ်ရာတွေကို ဆေးရုံမှာစစ်ဆေးကုသလို့ရနိုင်လေတယ်၊ ဒါပေမဲ့
အလောင်းကောင်အဆိပ် သူတို့ကိုယ်ထဲဝင်သွာတာနဲ့ သူတို့ပြန်သက်သာလာဖို့
တကယ်ပဲနည်းရှိတော့မှာမဟုတ်လေဘူး။

"အိုကေ။" သူမရှေ့က မိန်းကလေးရဲ့ဒဏ်ရာတွေကို ယန်ချင်းအရင်စစ်ဆေးကြည့်လိုက်တော့
သူမ(ချန်းယု)နဖူးပေါ်ကဖူးရောင်နေတဲ့ဟာကလွဲပြီး အခြားဒဏ်ရာတွေမရှိပုံပဲ။ သို့သော်၊
အစောက ဇွန်ဘီးနှစ်ကောင် ရက်ရက်စက်စက်တိုက်ခိုက်ကြတုန်းက၊ မကောင်းမှုစွမ်းအင်က
အရမ်းထိတ်လန့်ဖို့ကောင်းလှလေတယ်။ ယန်ချင်းဒီအကြောင်းတွေးပြီး သူမရှေ့ကိုမိန်းကလေးကို
ရှင်းလင်းပေးဖို့ စိတ်စွမ်းအင်ကူသုံးပေးလိုက်ရန် စီစဉ်လိုက်လေသည်။

ချွေးပေါက်တွေကနေဖြတ်၍ ချန်းယုကိုယ်ထဲ သန့်စင်တဲ့စိတ်စွမ်းအင်တိုးဝင်လာချိန်၊
ချန်းယုကိုယ်ထဲကစိတ်စွမ်းအင် မြန်မြန်လှုပ်ရှားသွားကာ အဲဒီအားက
ချန်းယုမြန်မြန်နိုးထလာစေရန် လှုံ့ဆော်ပေးလိုက်လေတယ်။

"နင်သတိရလာပြီပဲ။ သက်သက်သာသာမရှိတာမျိုး ခံစားရလား?" ချန်းယုသတိရလာတာကို
ယန်ချင်းကျေနပ်နေလေပြီး၊ သူမစိတ်လှုပ်တရှားမေးလာလိုက်လေသည်။

ပြင်းထန်တဲ့မကောင်းမှုစွမ်းအင်တွေပဲ!

ချန်းယုဆတ်ခနဲကောက်ထိုင်လာကာ၊ ပတ်ကြည့်ကြည့်တော့ လော့မင်ကို
ဘယ်နေရာမှာမှရှာမတွေ့လေဘူး။ သူမစိုးရိမ်လာကာ၊ မြေပြင်ပေါ်က မြန်မြန်ထရပ်လိုက်ပြီး
ပြေးသွားလိုက်လေသည်။

ချန်းယု ဂျစ်ကားနှစ်စီးကို စက်ဝန်းလိုပတ်လိုက်တော့၊ သူတို့နဲ့အတူရှိနေတဲ့
စစ်သားသုံးဦးကလွဲပြီး လော့မင်ပုံရိပ်ကို သူမမြင်တွေ့နေလေဘူး၊ သူမအာရုံခံမိလိုက်တဲ့
ဇွန်ဘီးတောင်မရှိလေတော့ဘူး။

"ဟော့၊ နင်အခုလေးတင်မှနိုးလာတာ၊ လှုပ်လှုပ်ရှားရှားမလုပ်နဲ့ဦး။" တစ်ဖက်ကယန်ချင်း
အလောတကြီးအော်ဟစ်လိုက်လေသည်။

ပန်ဖုန်းကိုယ်ကို သန့်စင်ပေးနေတဲ့ အမျိုးသားကို ချန်းယုကြည့်လာကာ မေးလိုက်လေသည်။
“နင်ဘယ်သူလဲ?”

“ငါ့နာမည်ကယန်ချင်း။ ဒါကငါ့ကိုကို ယန်ဝေ။ ငါတို့ အစောက...အစောတုန်းက...”
ယန်ချင်းစကားထစ်သွားကာ၊ ဘယ်လိုဆက်ပြောရမလဲ မသိလေတော့ဘူး။

“အဲဒီဇွန်ဘီးကို ဒီနေရာဆီ နင်တို့ခေါ်လာခဲ့တာလား?” ဇွန်ဘီးတွေဆိုတာက မလိုအပ်သရွေ့ သူတို့အုတ်ဂူကနေ ထွက်လာဖို့ခဲ့တဲ့ ရှုးသွပ်ပြီးဘယ်အရာကိုမှစိတ်မဝင်စားတဲ့သတ္တဝါများဖြစ်လေသည်။ ထို့အပြင်၊ ယန်မောင်နှမနှစ်ဦးက ကောင်းကင်ဘုံဆရာတွေဖြစ်မှန်းသိသာလှလေတယ်၊ ဒီတော့ ဒီနေရာကို တစ်ချိန်တည်းမှာပဲ ဒီနေရာကို တိုက်တိုက်ဆိုင်ဆိုင်ပေါ်လာလေတယ်။
ဇွန်ဘီးရုတ်တရက်ပေါ်လာတာက ဒီနှစ်ယောက်နဲ့ပတ်သတ်နေလိမ့်မယ်ဆိုတာ ချန်းယုသေချာလုနီးပါးဖြစ်နေလေတယ်။

“နင်လည်းကောင်းကင်ဘုံဆရာပဲလား?” ယန်ဝေရဲ့ကျင့်ကြံရေးအဆင့်က သူ့ညီမယန်ချင်းထက် မြင့်လေသည်။ ထို့ကြောင့်၊ ချန်းယုကိုယ်ကနေထုတ်လွှတ်နေတဲ့ စိတ်စွမ်းအင်ကို သူအာရုံခံနှင့်နေလေပြီ။

“အဲဒီဇွန်ဘီးဘယ်မှာလဲ? နင်တို့မလာခင် တစ်ယောက်ယောက်ကိုမြင်လိုက်မိသေးလား?”
ချန်းယုပြန်ဖြေနေမယ့်အစား မေးခွန်းပြန်မေးလိုက်လေသည်။
တတိယအစ်ကို့မကောင်းမှုဝိညာဉ်နဲ့ဆိုရင်၊ သာမန်ဇွန်ဘီးတွေ သူ့အနီးမကပ်ရဲကြလေဘူး၊ ဒါပေမဲ့ သူနဲ့ဇွန်ဘီးနှစ်ဦးလုံး ရုတ်တရက်အတူတူပျောက်ကွယ်သွားကြလေသည်။
ဒါကချန်းယုကိုရှင်းမပြနိုင်လောက်အောက် စိတ်တထင့်ထင့်ဖြစ်လာစေလေသည်။

“ဇွန်ဘီးသေပြီ။” တစ်ဖက်ကမြက်ခင်းကို ယန်ချင်းလက်ညှိုးထိုးပြရင်း ဖြေလိုက်လေသည်။

အဲဒီနေရာကို ချန်းယုခြေလှမ်းလှမ်းသွားကြည့်လိုက်တော့၊ မြေပြင်ပေါ်က မီးခိုးရောင်ဖုန်မှုန့်တစ်လွှာကို မြင်တွေ့လိုက်ရလေသည်။ ဒါက လွင့်ပြယ်သွားပြီးနောက် ဖြစ်ပေါ်လာတဲ့ဇွန်ဘီးရဲ့ဖုန်မှုန့်ဖြစ်လေတယ်.....

“ငါတို့သူ့နောက်လိုက်လာတော့၊ ဇွန်ဘီးနောက်တစ်ကောင် သူ့ကိုစားပစ်တာကိုမြင်လိုက်ပြီး၊ နောက်တော့ဇွန်ဘီးထွက်ပြေးသွားတာ။” ယန်ချင်းရှင်းပြလိုက်လေသည်။

အပိုင်း(၈၉):အနမ်း

"စားပစ်တယ်?"

စားပစ်တယ်ဆိုတာက ဇွန်ဘီးတစ်ကောင်ရဲ့ကောင်းမှုစွမ်းအင်ကို နောက်ဇွန်ဘီးတစ်ကောင်က စုပ်ယူပစ်တာကိုပြောချင်တာပဲ။ သို့ဖြစ်၍၊ အချင်းချင်းသတ်ဖြတ်ကြရင်း အဲဒီဇွန်ဘီးရဲ့စွမ်းအားကို အမွေဆက်ခံခွင့်ရမှာဖြစ်လေသည်။

တတိယအစ်ကိုရဲ့ကောင်းမှုဝိညာဉ်က နှစ်တစ်ထောင်သက်တမ်းရှိတဲ့ဇွန်ဘီးတစ်ကောင်ရဲ့စုံချိန်မှီနိုင်ပေမဲ့၊ အချုပ်အရဆို သူကလူသားဖြစ်နေသေးလေတယ်။ ဘယ်လို....

"သူအဲဒီဘက်ကိုပြေးသွားတာလား?" ချန်းယုအလောတကြီးမေးလိုက်လေသည်။

"အဲဒီဘက်။" လော့မင်အစောနတုန်းကပြေးသွားတဲ့ဘက်ကို ယန်ချင်းလက်ညှိုးထိုးပြလိုက်လေသည်။

ချန်းယု သူမသံလိုက်အိမ်မြှောင်ကိုထုတ်ပြီး လော့မင်ရှိရာဦးတည်ဘက်ကိုရှာရန် အသုံးပြုချင်နေလေတယ်၊ ဒါပေမဲ့ သေချာပေါက် လော့မင်အရမ်းအဝေးကြီးကို ပြေးသွားခဲ့တာဖြစ်နိုင်လေတယ်၊ ဒီတော့ သံလိုက်အိမ်မြှောင် တုံ့ပြန်ချက်မပေးလာလေဘူး။

"အဲဒီဇွန်ဘီးကိုနင်ရှာနေတာလား?" ချန်းယု သူမသဲလိုက်အိမ်မြှောင်ကိုထုတ်ကာ သူ့(လော့မင်)တည်နေရာကို စစ်ဆေးကြည့်လိုက်တယ်လို့ ယန်ချင်းခန့်မှန်းမိလိုက်လေသည်။ "မသွားတာပိုကောင်းမယ်နော်။ ငါတို့လိုက်ဖမ်းနေတဲ့ အဲဒီဇွန်ဘီးမှာ အနည်းဆုံးနှစ်ရှစ်ရာကျော်သက်တမ်းရှိတယ်၊ ဒီတော့ ဆိုလိုချင်တာက သူ့မှာ(လော့မင်) နှစ်တစ်ထောင်ကျင့်ကြံရေးရှိနေနိုင်တယ်။ နှစ်တစ်ထောင်ဇွန်ဘီးကို ငါတို့မနိုင်နိုင်ဘူး။"

သူမကိုအာရုံစိုက်နေဖို့ ချန်းယုမှာအချိန်မရှိနေလေဘူး။ လော့မင်ထွက်သွားတဲ့ဘက်ကို ချန်းယုခြေလှမ်းအနည်းငယ်လှမ်းထွက်လာလိုက်လေသည်။ အဲဒီအချိန်၌၊ သူမသံလိုက်အိမ်မြှောက်ထဲကို စိတ်စွမ်းအင်ထည့်သွင်းလိုက်လေသည်။ အဲ့တာက နှစ်ကြိမ် တဝီဝီမြည်လာလေတယ်၊ ဒါပေမဲ့ လော့မင်ရှိရာနေရာကို သူမထောက်လှမ်းနိုင်နေလေဘူး။

ချန်းယုအကြံကုန် ဉာဏ်ကုန်ဖြစ်နေချိန်လေးမှာ၊ ယန်ချင်းပြောလာတာကို သူမကြားလိုက်လေတယ်၊ "အရှေ့တောင်ဘက် နှစ်ကီလိုမီတာအကွာမှာ ဇွန်ဘီးရှိနေတယ်။"

ချန်းယုခေါင်းလှည့်ကြည့်လိုက်တော့၊ ထူးဆန်းတဲ့ဒီဇိုင်းရှိတဲ့သံလိုက်အိမ်မြှောင်ကိုကိုင်ထာတဲ့ ယန်ချင်းကိုမြင်လိုက်လေတယ်၊ "နင်သူ့ကိုထောက်လှမ်းနိုင်တာလား?"

"ဒါက ငါ့အဘိုးပြုပြင်မွမ်းမံထားတဲ့သံလိုက်အိမ်မြှောင်၊ ဇွန်ဘီးတွေရဲ့လှုပ်ရှားမှုတွေကို ထောက်လှမ်းတာမှာအထူးပြုတာ။ ဒါဘယ်တော့မှမမှားဖူးဘူး။" ယန်ချင်း ဂုဏ်ယူနေတဲ့ပုံစံနဲ့ပြောလာလေသည်။

ချန်းယုမျက်လုံးတွေ ချက်ချင်းတောက်ပလာကာ၊ ယန်ချင်းလက်ထဲကသံလိုက်အိမ်မြှောင်ကို သူမလုယူလိုက်လေသည်။

"နင်ဘာလုပ်တာလဲ? သံလိုက်အိမ်မြှောင် ငါ့ကိုပြန်ပေး။" ယန်ချင်း စိုးရိမ်တကြီး တိုက်တွန်းလိုက်လေသည်။

သူ့ညီမအော်သံကို ယန်ဝေကြားလိုက်တော့၊ သူချက်ချင်းထရပ်လိုက်ပြီး မျက်မှောင်ကြုပ်လိုက်လေသည်။

"အစောတုန်းက ဇွန်ဘီးက နင်တို့ မျှားခေါ်လာခဲ့တာမလား?" ချန်းယု သူတို့ကို မကျေမနပ်မေးခွန်းထုတ်လိုက်လေသည်။

ယန်မိသားစုမောင်နှမနှစ်ယောက် အပြစ်မကင်းဖြစ်နေတဲ့စိတ်နဲ့ တိတ်ဆိတ်သွားလေတော့သည်။

"သူ့ကိုရှာဖို့ နင်တို့သံလိုက်အိမ်မြှောင်ကိုငါငှားနေတာ။ ဒီကအရာအားလုံးကို နင်တို့ဆီအပ်ခဲ့မယ်။ သူတို့ရဲ့အလောင်းကောင်အဆိပ်ကိုရှင်းပြီး ငါပြန်လာတာကိုစောင့်နေ။" ချန်းယုပြောကာ၊ လှည့်ပြီးထွက်သွားလိုက်လေသည်။

"ဒါပေမဲ့..."

"ချင်းအာ!" သူ့ညီမပြောမလို့လုပ်နေတာကို ယန်ဝေကြားဖြတ်လိုက်လေသည်။

"လူအရင်ကယ်လိုက်ကြရအောင်။" ယန်ဝေအပြစ်တင်လိုက်လေတယ်၊ "ငါတို့ဇွန်ဘီးကို ဒီအထိမလိုက်ဖမ်းခဲ့ရင်၊ သူတို့ဒုက္ခရောက်မှာမဟုတ်ဘူး။ ဒီကိစ္စအတွက် ငါတို့တာဝန်ယူသင့်တယ်။"

"အို။" ယန်ချင်း သူမခေါင်းကိုအပြစ်မကင်းဖြစ်နေတဲ့စိတ်နဲ့ခေါင်းငုံ့လိုက်ကာ၊ သူမအစ်ကိုနောက်လိုက်ကာ သတိမေ့နေတဲ့အခြားနှစ်ယောက်ကိုကယ်တင်လိုက်လေတော့သည်။

တစ်ဖက်မှာတော့၊ သံလိုက်အိမ်မြှောက်လမ်းညွှန်မှုကို မှီခိုကာ၊ တောင်တွေနဲ့တောအုပ်တွေကိုဖြတ်၍ ချန်းယုပြေးလာလိုက်လေသည်။ ကံကောင်းလို့ သူမ တောရိုင်းတောင်တန်းတွေမှာကြီးပြင်းလာခဲ့လို့ တောအုပ်တွေထဲပြေးလာစဉ်၊

သူမအရှိန်မလျော့ကျသွားလေဘူး။ ထို့နောက်မှာတော့ တဖြည်းဖြည်းနဲ့ လော့မင်နဲ့သူမအကြား အကွာအဝေးနီးလာလေတော့သည်။

မိနစ်နှစ်ဆယ်လောက်ပြေးလိုက်ပြီးနောက်၊ သံလိုက်အိမ်မြှောင်က
သူတစ်နေရာမှာရုတ်တရက်ရပ်နေတာကိုပြနေတာကြောင့်
လော့မင်သေချာပေါက်မောနေနိုင်တယ်။

ချန်းယု သံလိုက်အိမ်မြှောင်ကိုသိမ်းလိုက်ပြီး မြန်မြန်ပြေးလိုက်လေသည်။ နောက်ဆုံးမှာ၊ တောအုပ်တစ်ခုဖြတ်လာပြီးနောက် တောင်ကုန်းနှစ်ခုကြားက တောင်ကြားထဲ၌ လော့မင်ကို သူမရှာတွေ့လိုက်လေသည်။

အဲဒီအချိန်၌၊ လော့မင်ရဲ့နှုဂိုက သန့်ရှင်းပြီးကြည့်ကောင်းတဲ့ အညိုရောင်ဖျော့ဖျော့ ကုတ်အင်္ကျီစစ်မိုးကာရှည်က သစ်ရွက်ခြောက်တွေနဲ့ပေကျံနေပြီး၊
သူ့ဖြူပြီးသွယ်လျတဲ့လက်ချောင်းတွေက အနည်းငယ်ညစ်ပတ်နေလေသည်။ ချန်းယုကို သူနောက်ကျောပေးထားပြီး အရှေ့ဘက်ကို ကောင်းကင်ဖြူကိုမျက်နှာမူနေကာ၊
နေထွက်လာမှာကိုစောင့်နေသလိုဖြစ်နေလေတယ်။

"ဝီဝီ-ဝီဝီ-ဝီဝီ!"

ယန်ချင်းဆီက ချန်းယုငှားလာခဲ့တဲ့ သံလိုက်အိမ်မြှောင် အကြိမ်အနည်းငယ်ပတ်ချာလည်လာပြီး ထူထပ်တဲ့မကောင်းမှုစွမ်းအင်ကြောင့် လှုပ်နေတာ ရုတ်တရက်ရပ်သွားလေတော့သည်။

တစ်ဖက်မှာတော့၊ ချန်းယုရဲ့ကိုယ်ပိုင်သံလိုက်အိမ်မြှောင်၊ သူမနဲ့အတူရှိနေတဲ့
အဝတ်အိတ်ထဲကနေ စိတ်လှုပ်တရှားပျံထွက်လာကာ၊ သူအချက်ပေးတာကိုပြရန်
ချန်းယုနားတစ်ဝိုက် ဆက်တိုက်ပတ်ချာလည်နေလေတော့သည်။

"တတိယအစ်ကို?" သံလိုက်အိမ်မြှောင်သတိပေးနေတာကို ချန်းယုလျစ်လျူရှုထားလိုက်ပြီး ရှေ့ကိုဂရုတစိုက်ခြေလှမ်းလှမ်းသွားလိုက်လေသည်။

"ခရက်!"

သူလှည့်လိုက်ချိန် မြေပြင်ပေါ်က သစ်ကိုင်းခြောက်ကို လော့မင်တက်နင်းမိလိုက်လေပြီး၊ သွေးနီရောင်မျက်ဝန်းတစ်စုံက ချန်းယုကိုတည့်တည့်မတ်မတ်စိုက်ကြည့်လာလေသည်။
လော့မင်ရဲ့စူးရှတဲ့အကြည့်နဲ့ သူမကိုထိုးစိုက်လာသလို ချန်းယုခံစားလိုက်ရလေသည်။ မနေနိုင်ဘဲ သူမမျက်လုံးတွေကိုပိတ်လိုက်လေတယ်၊ ဒါပေမဲ့ သူမမျက်လုံးတွေပြန်ပွင့်လာတော့၊
သူမယင်ယန်မျက်လုံးကိုဖွင့်ထားပြီးလေပြီ။

မီးခိုးရောင်တောင်ကြားက ယခု သွေးရောင်ပင်လယ်အဖြစ်ပြောင်းလဲသွားပြီ။ ဒီသွေးနီအလယ်မှာ၊ လော့မင်ရဲနီရဲနေတဲ့မျက်လုံးတွေက ရုပ်ပြစာအုပ်ထဲက နေရာလပ်ကိုဆုတ်ဖြဲပစ်တဲ့ နတ်ဆိုးလို၊ အေးစက်ပြီး ဘာခံစားချက်မှမရှိနေလေဘူး။

"ဟူးးးး"

လေတစ်သုတ်တိုက်ခတ်လာကာ၊ ချန်းယုမျက်လုံးရှေ့ ရုတ်တရက်တိုးတိုးဝါးတားပုံရိပ်တစ်ခုထွက်ပေါ်လာလေတယ်၊ ဒါက အမျိုးသားတစ်ဦးနဲ့ အမျိုးသမီးတစ်ဦး ဓားတွေနဲ့ အချင်းချင်ချိန်ရွယ်ထားကာမျက်နှာချင်းဆိုင်နေတဲ့ပုံရိပ်ပဲ။

"ရှင်ကျွန်မကိုသတ်တော့မလို့လား?" အမျိုးသမီးမေးလိုက်လေသည်။

"အင်း!" အမျိုးသား ပြတ်ပြတ်သားသား ပြန်ဖြေလာလေတယ်။

"ယောကျ်ားတွေအားလုံးက လူလိမ်တွေဆိုတာ၊ မှန်နေတာပဲ။" အမျိုးသမီး စိတ်တိုတိုပြောလာလေသည်။

အမျိုးသား တိတ်ဆိတ်ငြိမ်သက်နေပြီး ဘာမှမပြောလာလေဘူး။

"ဟူးးး-ဟူးးး..." လေနောက်တစ်သုတ်တိုက်လာကာ၊ အဲဒီပုံရိပ်တွေ ရုတ်တရက် တိုက်ခတ်ပျောက်ကွယ်သွားစေလေသည်။ ချန်းယု သူမနားတွေထဲ ထူးဆန်းတဲ့အသံထပ်မကြားရလေတော့ဘူး။ သူမခေါင်းထပ်မံမော့လာတော့၊ လော့မင်က သူမရှေ့ရပ်နှင့်နေလေပြီ။

"တတိယအစ်ကို?" ချန်းယု အနည်းငယ်ထူးဆန်းသလိုခံစားမိလိုက်လေသည်။ ဒီလိုရောမမကောင်းမှုစွမ်းအင်ရှိနေခြင်းက ချိပ်လုံးလုံးကျရှုံးသွားတာကြောင့်ပဲ။ သို့သော်၊ တတိယအစ်ကိုကြည့်ရတာ စိတ်လွတ်နေပုံမပေါ်လေဘူး။ သူ့ဘေးနားတစ်ဝိုက်က မကောင်းမှုစွမ်းအင်တွေတောင် တည်ငြိမ်နေပုံပေါ်လေသည်။

လော့မင် သူ့လက်ကိုမြှောက်ပြီး ချန်းယုရဲ့နူးညံ့တဲ့ပါးကို ညင်ညင်သာသာပွတ်သပ်လိုက်ကာ၊ ထို့နောက် နောက်လက်တစ်ဖက်ကိုမြှောက်ပြီး ချန်းယုရဲ့နွေးထွေးပြီးနူးညံ့တဲ့နှုတ်ခမ်းကိုထိကိုင်လိုက်လေသည်။

"တတိယအစ်ကို? ညီမပြောတာကြားရဲ့လား?" လော့မင်လှုပ်ရှားမှုတွေက ညင်သာလေတယ်၊ ဒါပေမဲ့ အဲ့တာက ချန်းယုကိုထူးဆန်းတဲ့ခံစားချက်ပေးနေလေသည်။ သူမ နေရခက်ခက်နဲ့ သူ့ကိုရှောင်တိမ်းရန်ကြိုးစားလိုက်လေသည်။

သို့သော်၊ သူမရဲ့သေးငယ်တဲ့နောက်ဆုတ်မှုကြောင့်၊ အစောတုန်းက လော့မင်ရဲ့ညင်သာမှုက ကြမ်းတမ်းလာလေတော့သည်။ ချန်းယုလှုပ်နေတာကရပ်အောင် သူလုပ်လိုက်ပြီး သူမကိုယ်ကို သူ့ဆီဆွဲယူလိုက်ကာ၊ ထို့နောက် သူမကိုထိတ်ထိတ်ပျာပျာနမ်းလာလိုက်လေသည်။

"အမ်!" လော့မင်ကို ချန်းယုအကြိမ်ကြိမ်အခါခါနမ်းခဲ့ဖူးလေတယ်၊ ဒါပေမဲ့ ဒီတကြိမ်က လော့မင်ပထမဆုံးနမ်းလာခဲ့တာပဲ။ သူမ စိတ်စွမ်းအင်ကူးတို့ပို့ပေးတာနဲ့မတူတာက၊ လော့မင်ရဲ့အနမ်းက ခက်ထန်ပြီးခြယ်လှယ်နေလေသည်။ သူ့လျှာ သူမထဲပတ်ချာလည်နေကာ၊ သူမနှုတ်ခမ်းထုံလာတဲ့အထိ စုပ်နေလေသည်။

ချန်းယုမျက်လုံးတွေ ထိတ်လန့်တကြားပြူးကျယ်လာကာ၊ သူမခြေရင်းကနေ ဦးနှောက်အပြင်လွှာဆီ တကြွကြွဖြစ်နေတဲ့ခံစားချက်လေး စီးဆင်းလာလေတော့သည်။

ဒါက...တတိယအစ်ကိုအသားယူတာခံနေရတာလား?

နောက်ဆုံးတော့ မိုးကုပ်စက်ဝိုင်းကနေ ရွှေနီရောင်နေမြင့်တက်လာကာ၊ တောင်တွေထဲ ခြေဦးတည့်ရာပေါက်နေတဲ့ သစ်ပင်စိမ်းတွေနဲ့ တောင်းကြားထဲနမ်းနေတဲ့စုံတွဲပေါ် တောက်ပလင်းလက်လာလေတော့သည်။

ချန်းယုကိုဖက်ထားတဲ့ လော့မင်ပွေ့ဖက်မှုက ရုတ်တရက်ပြေလျှော့လာလေတော့သည်။ သူ့ဘေးနားက ရောမမကောင်းမှုစွမ်းအင် ရုတ်တရက်ဝရုန်းသုန်းကားဖြစ်လာတာကို ချန်းယုအာရုံခံမိလိုက်ပြီး၊ လော့မင်နှုတ်ခမ်းကိုသူမဖမ်းလိုက်ကာ၊ သူ့ကိုထပ်မံနမ်းလိုက်ပြီး၊ လော့မင်ကိုယ်ထဲ စိတ်စွမ်းအင်တစ်စုပို့ပေးလိုက်လေသည်။

နေရောင်ခြည်ထဲ သွေးနီရောင်မကောင်းမှုစွမ်းအင် တဖြည်းဖြည်းချင်းပျံ့နှံ့သွားတဲ့အထိ၊ တောင်ကြားပေါ် နွေးထွေးတဲ့နေရောင်ခြည် ဆက်လက်တောက်ပနေကာ။

ချန်းယု သူမပေါင်ပေါ်အိပ်ပျော်နေတဲ့ လော့မင်ကိုကြည့်ကာ၊ သူမမျက်နှာအမူအရာ ရှုပ်ထွေးတဲ့အမူအရာအဖြစ်ပြောင်းလဲလာလေတော့သည်။

"လူတစ်ယောက် နင့်ကိုနမ်းလာချိန် နင့်မှာငြင်းဆန်ချင်တဲ့ခံစားချက် မရှိလာခဲ့ဘူးဆိုရင်၊ ဒါဆို အဲဒီသူကို သေချာပေါက် နင်သဘောကျနေလို့ပဲ။"

"တစ်စုံတစ်ယောက်ကိုနမ်းပြီး နင်သူ့ကိုဆက်နမ်းချင်သေးရင်၊ ဒါဆို နင်သူ့ကိုသဘောကျနေနိုင်တယ်။"

ချန်းယုမျက်တောင်ခပ်လိုက်လေသည်။ တစ်ခုခုကိုအတည်ပြုတော့မယ့်အတိုင်း၊ သူမခေါင်းကိုငုံ့ပြီး လော့မင်နှုတ်ခမ်းပေါ် ပေါ့ပါးတဲ့အနမ်းတစ်ခု နမ်းလာလိုက်လေသည်။

စာရေးသူ၏မှတ်စု:

သတိမေ့နေတဲ့ပန်ဖုန်း ကံမကောင်းစွာနဲ့ ဒီမြင်ကွင်းကို ငါမကြည့်လိုက်ရဘူးကွာ!

အပိုင်း(၉၀):ငါချစ်မိနေတဲ့သူရှိတယ်

ဟဲကျီနဲ့လက်ထောက်တွေ ခြေရာနောက်လိုက်ပြီး တောင်ကြားတစ်ဝိုက်ရှာနေချိန်၊ လော့မင်သတိမေ့နေတာကနေ ပြန်နိုးလာလေပြီ။

သူ့မျက်ဝန်းနက်တွေ ဖြည်းဖြည်းချင်းဖွင့်လာပြီး အလွန်အမင်းနီးကပ်နေတဲ့ချန်းယု့မျက်နှာကို စိုက်ကြည့်နေလေတယ်။

"ငါ..." အဖြေကအရမ်းသိသာထင်ရှားနေပေမဲ့၊ အချည်းနှီးဖြစ်နေပေမဲ့၊ လော့မင် မေးလိုက်ချင်နေလေတယ်၊ ငါတို့ထပ်နမ်းခဲ့တာလား?

"တတိယအစ်ကို၊ အစ်ကိုနိုးလာပြီပဲ!" သူထလာတာကို မြင်လိုက်တော့၊ ချန်းယုရဲ့တောက်ပနေတဲ့မျက်ဝန်းတွေ ပိုမိုတောက်ပလာလေတော့သည်။ ချန်းယုနောက်ကနေ နေရောင်ခြည်ဖျာကျလာကာ၊ နူးညံ့ပျော့ပျောင်းတဲ့အမွေးပွတွေကို ရွှေရောင်အလင်းလွှာတစ်ခု ဖုံးကာထားလေသည်။ ဒါက သူမတစ်ကိုယ်လုံးကို နွေးထွေးပြီး လှပစေလေသည်။

လော့မင် ခဏလောက်မှင်သက်သွားပြီးနောက် အမူးပြေလာလေတော့၊ ချန်းယုရဲ့ပေါင်ပေါ် လဲနေတယ်ဆိုတာကို သူရှာတွေ့လိုက်လေသည်။ သူ ရှက်ကိုးရှက်ကန်းဖြစ်ကာ ထထိုင်လိုက်ပြီး၊ ဘေးနားတစ်ဝိုက်က စိမ်းနေတဲ့ပတ်ဝန်းကျင်ကိုကြည့်ကာ မေးလိုက်လေတယ်၊
"ငါတို့ဘယ်ရောက်နေတာလဲ?"

"ညီမမသိဘူး။" ချန်းယုခေါင်းခါပြလိုက်လေသည်။

ဟုတ်တယ်၊ ဖင့်ချန်ကို ချန်းယုရောက်ဖူးတာဟာ ဒါပထမဆုံးအကြိမ်ဖြစ်လေတယ်၊ ဒီတော့ ဒီတောင်တန်းတွေနဲ့ သူမမရင်းနှီးနေလေဘူး။

"ငါတို့မှတော်တဆဖြစ်ခဲ့တဲ့နေရာနဲ့ ဘယ်လောက်ဝေးလဲ?" လော့မင်ထပ်မံမေးလိုက်လေသည်။

"သုံးကီလိုမီတာလောက်။" ချန်းယုခန့်မှန်းလိုက်လေသည်။

"သုံးကီလိုမီတာ?" လော့မင်ကြောင်သွားလေတော့သည်။
အရမ်းအဝေးကြီးပြေးလာမိလိုက်လိမ့်မယ်လို့ သူမမျှော်လင့်ထားခဲ့လေဘူး။

"တတိယသခင်လေး!"

"မိန်းကလေးချန်းယု..."

အသံကြားရာဘက်ကို နှစ်ဦးသားလှည့်ကြည့်လိုက်တော့ ဟဲကျီနဲ့လက်ထောက်နှစ်ဦး၊ တောင်ခါးပန်းဆီ ပြေးလာတာကို မြင်တွေ့လိုက်ရလေတယ်။

သုံးကီလိုမီတာစက်ဝန်းပတ်လည်ထဲ၊ လုံးဝမရင်းနှီးတဲ့တောင်တန်းထဲ၊ ဟဲကျီ၊ သီးသန့်စစ်သားတစ်ဦးထက်အရင် ချန်းယုက သူ့ကိုမြန်မြန်ရှာတွေ့ခဲ့တာပေါ့?

လော့မင်ရဲ့နွေးထွေးတဲ့မျက်ဝန်းတွေ အနည်းငယ်တုန်ယင်သွားလေသည်။ ထို့နောက် သူမခြေပြင်ပေါ်ကထရပ်လိုက်ပြီး၊ လှည့်ကာ ချန်းယုကိုရပ်ရန်ကူညီလိုက်တယ်: "ထ။"

ချန်းယု သူမခေါင်းကိုစောင်းကာ၊ နောက်ဆုံးတော့ အလင်းရောင်ကိုဆန့်ကျင်လျက် သူမမျက်နှာနေဘက်ပေါ်ထွက်လာလေသည်။

သူမဆံပင်အောက်က ခရမ်းရောင်အဖုက လော့မင်မျက်နှာအမူအရာကို အပြင်းအထန်ပြောင်းလဲသွားစေလေတယ်: "မင်းနဖူးဘယ်လိုလုပ် ဒီလိုဖြစ်သွားရတာလဲ?"

သေစမ်း၊ အဲဒီအချိန်တုန်းက ရှီရှီတိုက်ရိုက်သတိလစ်သွားခဲ့တာ၊ ဒီတော့ သူမဆိုးဆိုးဝါးဝါးထိခိုက်သွားခဲ့လောက်တယ်။ သူမကိုကာကွယ်ပေးရန် သူကျရှုံးနေသေးလေသည်။ လော့မင် သူ့ကိုယ်တင်အပြစ်တင်လိုက်ပြီး၊ ငုတ်တုတ်ထိုင်ချလိုက်ကာ၊ သူမနဖူးပေါ်ကဒဏ်ရာကိုစစ်ဆေးကြည့်ရန် အနီးကပ်စိုက်ကြည့်လိုက်လေသည်။

သူ့ဝင်သက်ထွက်သက်က ချန်းယုမျက်နှာပေါ် ဖျန်းကျလာလေတော့သည်။ တစ်ဖက်မှာတော့၊ ချန်းယုအကြည့်က သူမအကြိမ်ကြိမ်အခါခါခိုးနမ်းခဲ့တဲ့ နှုတ်ခမ်းပါးတစ်စုံပေါ် မရည်ရွယ်ဘဲ အကြည့်ရောက်လာလေသည်။ ချန်းယုအကြည့်က အဲဒီနေရာကိုပဲ စိတ်အားထက်သန်စွာနဲ့ စိုက်ကြည့်နေလေတော့သည်။ သူ့ကိုထပ်နမ်းချင်သေးတယ်ဆိုတာကို သူမရှာတွေ့လာလေတယ်...

"အို့!" ရုတ်တရက်စပ်ဖျင်းဖျင်းဖြစ်လာတာက ချန်းယုရဲ့အသိစိတ်ကို ပြန်လည်နိုးကြွားလာစေလေတယ်။

"sorry." လော့မင် သူ့လက်ကို စိတ်လှုပ်တရှား ပြန်ဆုတ်လိုက်ပြီး ပြောလာလေတယ်၊ "အရမ်းပြင်းမယ့်ပုံပဲ။ နောက်ကျ ဆေးရုံကိုသွားပြီး CT scanဖတ်ကြည့်ရအောင်။"

"သခင်လေး၊ မိန်းကလေးချန်းယု၊ မင်းတို့အဆင်ပြေရဲ့လား" အဲဒီအချိန်၌၊ သူတို့နှစ်ဦးရှိရာဆီ ဟဲကျီနဲ့လက်ထောက်နှစ်ဦးရောက်လာကြလေသည်။

သူတို့နှစ်ဦးရဲ့အခြေအနေကို ဟဲကျီစစ်ဆေးကြည့်တော့ နှစ်ဦးလုံးအဆင်ပြေနေလေတယ်။ ဒီတော့မှသာ သူ့အမူအရာ စိတ်အေးသက်သာဖြစ်လာလေတော့သည်။ သူတိတ်တဆိတ် သက်ပြင်းခိုးချလိုက်သေးလေသည်။

"ငါအဆင်ပြေတယ်။ ပန်ဖုန်းနဲ့ အခြားသူတွေဘယ်လိုနေလဲ?" လော့မင်မေးလိုက်လေသည်။

"သူတို့ကိုဆေးရုံပို့ပြီးပြီ။ ကြီးမားတဲ့ဒဏ်ရာတွေ ရှာဖွေမတွေ့ရှိဘူး။" ဟဲကျီပြန်ဖြေလိုက်လေသည်။

"ညီမမှာတစ်ခုရှိနေတယ်။" ချန်းယုရုတ်တရက် ပြောလာလေသည်။

"ဘာဖြစ်လို့လဲ?" လော့မင်လှည့်ပြီး ချန်းယုကို စိတ်လှုပ်တရှားကြည့်လာလိုက်လေသည်။

"ညီမခြေထောက်တွေထုံနေတာ။" ချန်းယု သူမခြေထောက်တွေကို သနားကမားလက်ညှိုးထိုးပြကာ ပြောလာလေတယ်၊ "ညီမရပ်လို့မရဘူး။"

လော့မင်ရဲ့တွဲလျားဖြစ်နေတဲ့နှလုံးသား ချက်ချင်းနေရာတကျဖြစ်သွားလေသည်။ ထို့နောက် သူနိုးလာချိန် သူ့ခေါင်းနောက်မှာထိတွေ့မှုလေးရှိနေတယ်ဆိုတာကို သတိရသွားလေသည်။ ချန်းယုခြေထောက်ဘာကြောင့်ထုံနေလဲဆိုတာနားလည်လာကာ၊ သူ့အမူအရာ ရှက်ကိုးရှက်ကန်းဖြစ်နေတဲ့အမူအရာအဖြစ် ပြောင်းလဲလာလေတော့သည်။ ကောင်းကင်ကိုမော့ကြည့်နေတဲ့ လက်ထောက်သုံးဦးကိုကြည့်ရန် သူလှည့်လာလိုက်ကာ၊ သဘာဝမကျတဲ့အမူအရာနဲ့ ပြောလာလေတယ်၊ "ဒါဆို ငါမင်းကိုချီသွားပေးမယ်။"

"ကျေးဇူးတင်ပါတယ်၊ တတိယအစ်ကို။" ချန်းယု ရဲတင်းစွာပြုံးလိုက်လေသည်။ လော့မင်လည်ပင်းနားတစ်ဝိုက် သူမလက်တွေနဲ့ချိတ်တွယ်လာကာ၊ သူမတစ်ကိုယ်လုံးက လော့မင်နောက်ကျောပေါ် မှီလာလေသည်။

"ဘာလို့အရမ်းပေါ့နေရတာလဲ?" သူ့နောက်ကျောပေါ်က ပေါ့ပါးတဲ့အလေးချိန်ကို လော့မင်ခံစားမိလိုက်တော့ သူမနေနိုင်ဘဲ မျက်မှောင်ကြုပ်လိုက်လေသည်။

"ဒါဆို နောက်ကျရင် ညီမများများစားမယ်။" တတိယအစ်ကိုက ငါ့ကိုပေါ့တယ်လို့ထင်တာလား? ဒါဆို နည်းနည်းထပ်ပိုစားရတာပေါ့။

မိန်းမငယ်လေးရဲ့နှာခံတဲ့အပြုအမူက လော့မင်နှလုံးသားကို တကြွကြွဖြစ်လာစေသည်။ သူမနေနိုင်ဘဲ ချီးမွမ်းလိုက်လေသည်။ "မင်းကအရမ်းလိမ်မာတာပဲ။"

သူတို့နောက်ကလိုက်လာတဲ့ လက်ထောက်သုံးဦး အချင်းချင်းကြည့်လိုက်ကြပြီး မပြောဘဲသိတဲ့နားလည်မှုနဲ့ ဖလှယ်လာကြလေတယ်: (မိန်းကလေးချန်းယု ခြံဝန်းသေးလေးဆီလာတိုင်း၊ သုံးနပ်စာလုံးကော၊ သရေစာတွေကော၊ ညလယ်သရေစာတွေ၊ သရေစာတွေနဲ့ နောက်ထပ်တွေကောစားတာလေ?)

(ပေါက်ကရ? နောက်ပြီးရင် မွန်းလွဲပိုင်းလက်ဖက်ရည်နဲ့ သရေစာမျိုးစုံထပ်စားသေးတာ။) ရုပ်ရှင်ကလက်ကာကို ဟဲကျီတိုက်ရိုက်ပိတ်လိုက်လေတော့သည်။

သူ့နောက်ကျောပေါ်ချန်းယုကို ကုန်းပိုးထားရင်း ၅၀၀မီတာလောက် လော့မင်လျှောက်လာတော့ သူတို့လာကြိုရန်မောင်းနှင်လာတဲ့ထျန်းဖေနဲ့ဆုံတွေ့လိုက်လေသည်။ ထျန်းဖေနှင့်အတူ ယန်မိသားစုမောင်နှမနှစ်ဦးလည်း အတူတူထွက်ပေါ်လာလေသည်။

"အဲဒီနှစ်ယောက်ကဘယ်သူတွေလဲ?" လော့မင်မေးလိုက်လေသည်။

"ဒီကိုဖြတ်သွားတဲ့မောင်နှမနှစ်ဦး။ အရေးပေါ်အချက်ပြလာတာကို ကျွန်တော်တို့လက်ခံရရှိချိန်၊ ဒီမောင်နှမနှစ်ယောက်က ပန်ဖုန်းနဲ့အခြားသူတွေရဲ့ဒဏ်ရာကို ကူညီပေးနေခဲ့တာ။" ဟဲကျီပြောလိုက်လေတယ်၊ "ဒါပေမဲ့၊ သူတို့identityနဲ့ပတ်သတ်ပြီး မသင်္ကာစရာတစ်ခုခုရှိနေသေးတယ်။ အဲ့တာစစ်ဆေးဖို့ ကျွန်တော်တို့မှာအချိန်မရှိနေရုံပဲ။"

"ဒီကိုဇွန်ဘီးခေါ်လာတာသူတို့ပဲ။" ဒီအခွင့်အရေးကိုယူပြီး ချန်းယု တိုင်တန်းလာလေတော့သည်။

လမ်းတစ်ဖက်က မြန်မြန်ပြေးလာနေတဲ့ လူရွယ်အမျိုးသားနဲ့ အမျိုးသမီးကို လော့မင်ကြည့်လိုက်ပြီး၊ သူ့မျက်ဝန်းတွေထဲ သဘောပေါက်မှုအတွေးစလေး ဖြတ်ခနဲပေါ်လာလေတော့သည်။

"နင့်သူငယ်ချင်းကို တကယ်ပဲနင်ရှာတွေ့ခဲ့တာပဲ!" လော့မင်ကိုမြင်တော့ ယန်ချင်းမျက်လုံးတွေထဲအံ့သြမှုလေးဖြတ်ပေါ်လာကာ၊ တွေးနေမိတာက၊ ဇွန်ဘီးရှာဖို့သွားမယ်လို့ ဒီမိန်းကလေးပြောခဲ့တာမဟုတ်လား? လူချောတစ်ယောက်က သူမဘယ်လိုလုပ်ပြန်သယ်လာခဲ့ရတာလဲ? "ဟမ်...သံလိုက်အိမ်မြှောက်ကို ငါတို့ဆီပြန်ပေးနိုင်မလား?"

လော့မင်ကို ချန်းယုရှာတွေ့လာမှတော့၊ သံလိုက်အိမ်မြှောင်က အသုံးမဝင်လေတော့ဘူး။ သူမအိတ်ကပ်ထဲလက်ထည့်ပြီး အဲ့တာကိုဆွဲထုတ်လိုက်ကာ၊ ယန်ချင်းဆီပြန်ပေးလိုက်လေသည်။

"ဒါမကွဲသွားဘူးမလား?" ယန်ချင်း အဲ့တာကိုယူကာ၊ စစ်ဆေးပြီး မေးလာလိုက်လေသည်။

"အဲ့တာ ကွဲလားမကွဲဘူးလားဆိုတာ နင့်ဘာသာနင်ကြည့်ကြည့်ပါ့လား?" ချန်းယုမှာ စိတ်ကောင်းမရှိနေလေဘူး။ သူမရှေ့က လူနှစ်ဦးက ရုတ်တရက် သူတို့ဂျစ်ကားတွေမှောက်လှန်ကုန်တာ၊ တတိယအစ်ကို့မကောင်းမှုဝိညာဉ် ထိန်းမရဖြစ်စေပြီး ပန်ဖုန်းနဲ့အခြားသူနှစ်ဦးကို ဆေးရုံရောက်စေခဲ့တယ်ဆိုတာကို ချန်းယုမမေ့လေဘူး။

"နင်..." သူမမွေးလာကတည်းက ဘယ်သူမှသူမကို ဒီလိုမပြောဆိုဖူးလေဘူး။ သူမဒေါသချက်ချင်း ထောင်းခနဲထွက်လာလေတယ်၊ ဒါပေမဲ့ သူမပြန်လည်ရိုက်ပုတ်တော့မယ့်အချိန်လေးမှာ၊ သူမအစ်ကိုက သူမကိုဟန့်တားလာလေသည်။

"ကျွန်တော်တကယ်တောင်းပန်ပါတယ်။" ယန်ဝေအမှားပြုပြင်ရန်အခွင့်အရေးယူလိုက်ပြီး ပြောလာလေတယ်၊ "နှစ်ရှစ်ရာကျင့်ကြံရေးအဆင့်ရှိတဲ့ဇွန်ဘီးက ဒီတောင်အပိုင်းအခြားမှာနေထိုင်နေတာ။ အဲ့တာကို မနေ့ညတုန်းက ကျွန်တော်နဲ့ ကျွန်တော့ညီမလေးက ရှင်းလင်းပစ်ချင်ခဲ့တာ၊ ဒါပေမဲ့ မမျှော်လင့်ဘဲ မင်းတို့ကိုပါဝင်ငြိစွန်းစေခဲ့တယ်။ မင်းတို့ဆေးစရိတ်ကို ကျွန်တော်တို့ရှင်းပေးနိုင်ပြီး၊ မင်းအကူအညီတစ်ခုခုလိုလာရင်၊ လွတ်လွတ်လပ်လပ်တောင်းဆိုလို့ရပါတယ်။ သေချာပေါက် အဆုံးထိ ကျွန်တော်တို့တာဝန်ယူပေးပါ့မယ်။"

"ပြီးတော့ ဂျစ်ကားတွေရဲ့ပြင်ဆင်ခကော။" လော့မင်နားထဲ ချန်းယုတီးတိုးပြောလာလေတယ်၊ "တတိယအစ်ကို၊ ဂျစ်ကားတွေက အရမ်းဈေးကြီးတာ၊ သူတို့ကိုရှင်းခိုင်းလိုက်။"

"ဟုတ်ပြီ!" လော့မင်မျက်ဝန်းတွေထဲ အပြုံးတစ်ခုဖြတ်ပေါ်လာကာ: "ဟဲကျီ၊ ဒါကိုမင်းဖြေရှင်းလိုက်။"

နဂိုတုန်းက ဒီမောင်နှမတွေနဲ့ပတ်သတ်ပြီး လော့မင်သဘောမကျဖြစ်နေလေသည်။ ဇွန်ဘီးဖမ်းရင် သူတို့(ယန်မောင်နှမ)ကြိုးစားခဲ့ပေမဲ့၊ သူတို့အသက်တွေကို ဘာအကြောင်းရင်းမှမရှိဘဲ ဆုံးရှုံးတော့မလို့။ လော့မင်ဘယ်လိုစိတ်ကောင်းရှိနေပါစေ၊ သူလည်းဒေါသထွက်တတ်လေတယ်။ ဒါပေမဲ့ အချို့အကြောင်းရင်းတွေကြောင့်၊ သူ့နားနားချန်းယုတီးတိုးပြောလာတာက သူ့စိတ်အခြေအနေကို မပြောပြနိုင်အောင် ကောင်းမွန်လာစေလေသည်။

ယန်မောင်နှမတွေကို ဟဲကျီဆီ လော့မင်ထားခဲ့လိုက်ပြီး၊ ချန်းယုကိုကုန်းပိုးကာ ထျန်းဖေမောင်းနှင်တဲ့ဂျစ်ကားပေါ်တက်လာလိုက်လေသည်။

"မိန်းကလေးချန်းယုရဲ့ခြေထောက်တွေဘာဖြစ်တာလဲ?" ချန်းယုကို လော့မင်ကုန်းပိုးခေါ်လာတာကို မြင်လိုက်တော့၊ ထျန်းဖေမနေနိုင်ဘဲ စိုးရိမ်တကြီးမေးလိုက်လေသည်။

"ခြေထောက်ထုံနေလို့။" ချန်းယုပြန်ဖြေလိုက်လေသည်။

အပိုင်း(၉၁):ချစ်မိနေသူရှိတယ်

"ထုံတာ?"  ကားလက်ကိုင်ဘီးပေါ်က ထျန်းဖေလက်တွေတုံ့သွားကာ၊ သူမတတ်နိုင်ဘဲ ရုတ်တရက်သတိချွတ်ယွင်းလာလေတယ်: ယန်မိသားစုမောင်နှမပြောပုံအရ၊ သခင်လေးကိုရှာဖို့သွားတုန်းက မိန်းကလေးချန်းယုက အကောင်းအတိုင်းရှိနေတယ်၊ ဒါပေမဲ့ သူမပြန်လာတော့၊ သူမခြေထောက်တွေရုတ်တရက်ထုံနေတယ်။ ဘယ်လိုအခြေအနေမျိုးက ဒီလိုဖြစ်စေနိုင်တာလဲ?

"အခုထိ ထုံနေတုန်းလား?"  လော့မင် မျက်မှောင်ကြုပ်ကာမေးလိုက်လေသည်။

"အခု တော်တော်ကောင်းးလာပါပြီ။" ချန်းယုပြန်ဖြေလိုက်လေတယ်။

"မင်းကိုကူနှိပ်ပေးမယ်။ သွေးရှင်းသွားတာနဲ့ ထပ်ပြီးထုံနေတော့မှာမဟုတ်ဘူး။" လော့မင်ပြောလိုက်လေသည်။

"အိုကေ။" ချန်းယု သူမဖိနပ်တွေကို နှစ်ကြိမ်ကန်ထုတ်လိုက်ပြီး သူမရှည်လျားသေးသွယ်တဲ့ခြေတံကို လော့မင်ဒူးပေါ် တင်လိုက်လေသည်။

လော့မင်အကြည့်တောင့်သွားလေတယ်။ ဒီလိုပျော့ပြောင်းတဲ့လှုပ်ရှားမှုမျိုးက ထပ်ပြီးမထုံနေသင့်တော့ဘူး။ ဒါပေမဲ့ ချန်းယုရဲ့မျှော်လင့်နေတဲ့မျက်ဝန်တွေနဲ့ဆုံလာတော့၊ သူ့ခေါင်းကို တိတ်တဆိတ်ငုံ့လိုက်ပြီး ညင်ညင်သာသာနှိပ်နယ်ပေးလာလိုက်တယ်။

ရှေ့မှာမောင်းနှင်နေတဲ့ထျန်းဖေအတွက်ကတော့၊ သူ့ရင်ဘတ်ထဲက အကောင်သေးသေးလေး စတင်အော်ဟစ်နေလေပြီ: ဒီအခြေအနေကဘာလဲဟ??

ဖင့်ချန်ထဲက စစ်ခြံဝန်းထဲ၊ အသက်ငါးဆယ်အရွယ်ရှိတဲ့ သက်လတ်ပိုင်းအရွယ်အရာရှိတစ်ဦး၊ စိုးရိမ်တကြီး လျှောက်ဝင်လာချိန်၊ လော့ရှင်ချန်က မွန်းလွဲပိုင်းစစ်စက်ရုံစစ်ဆေးခြင်းအတွက် သူ့စာဖတ်ခန်း၌ ပြင်ဆင်မှုလုပ်နေလေတယ်: "ဝန်ကြီး၊ တတိယသခင်လေးမှာတစ်ခုခုဖြစ်နေတယ်!"

"လော့မင်ဘာဖြစ်လို့လဲ?"  ဘောပင်ကိုဆုပ်ကိုင်ထားတဲ့ လော့ရှင်ချန်ရဲ့လက်တွေ တင်းကျပ်လာလေတော့သည်။

"တတိယသခင်လေးရဲ့ဂျစ်ကား လမ်းတစ်ဝက်မှာ မတော်တဆဖြစ်ခဲ့တာ။" သက်လတ်ပိုင်းအရွယ်အရာရှိပြောလာလေသည်။

"သူဘယ်လိုနေလဲ?"  လော့ရှင်ချန်မေးလိုက်လေသည်။

"သူကြီးကြီးမားမားမထိခိုက်သွားဘူးလို့တော့ပြောတယ်၊ ဒါပေမဲ့ အသေးစိတ်အခြေအနေအတွက်၊ ဒီထက်ပိုပြီးစစ်ဆေးကြည့်ရလိမ့်မယ်။" သက်လတ်ပိုင်းအရွယ်အရာရှိပြောလာလေတယ်၊ "အခု တတိယသခင်လေးက စစ်ဆေးရုံမှာရှိနေတာ။"

"သွားရအောင်။" သူ့လက်ထဲက စာရွက်စာတမ်းတွေကို လော့ရှင်ချန်ချထားလိုက်ကာ၊ စားပွဲပေါ်က စစ်ဦးထုပ်ကိုယူကာ၊ ကျားတစ်ကောင်ရဲ့ခြေလှမ်းမျိုးနဲ့လျှောက်ထွက်လာလိုက်လေသည်။

ဆေးရုံရဲ့ဓာတ်မှန်ဌာနကို လော့ရှင်ချန်ရောက်လာချိန်၊ brain CT ရိုက်ရန် ချန်းယုကို လော့မင်ချော့မော့နေတာဖြစ်လေသည်။

"အထဲကိုလဲလိုက်။ နောက်ဆက်တွဲရှိနေလားစစ်ဆေးကြည့်ဖို့ ဆရာဝန်ကို CTရိုက်ခိုင်းလိုက်။" လော့မင်ချော့မော့လိုက်လေသည်။

"အဆင်ပြေတယ်၊ ညီမအဆင်ပြေပါတယ်၊ ဒီအတိုင်းရောင်နေရုံပါ။" ချန်းယုခေါင်းခါယမ်းပြပြီး၊ အသည်းအသန်ပြောလာလေတယ်၊ "ညီမအထဲမဝင်ချင်ဘူး။ ညီမနေရခက်အောင်လုပ်နေတဲ့ ထူးဆန်းတဲ့အရာ အဲ့အထဲမှာရှိတယ်။"

သာမန်လူတွေ၊ အနည်းနဲ့အများ၊ ဓာတ်မှန်ဌာနထဲဝင်လာရတာကို နေသားမကျနိုင်လေဘူး။ ဒါ့အပြင်၊ ချန်းယုရဲ့စိတ်စွမ်းအင်အာရုံငါးပါးက သာမန်လူတွေထက် ပိုအားကောင်းလေတယ်၊ ဒီတော့ သူမအာရုံခံစားမှုတွေက ပိုထက်လှလေတယ်: "ရိုက်လိုက်ပါ။ မဟုတ်ရင်၊ ငါစိတ်အေးနိုင်မှာမဟုတ်ဘူး။"

"ဒါ…ကောင်းပြီ။" လော့မင်ဒီလိုပြောလာတော့၊ ချန်းယု တွန့်ဆုတ်တွန့်ဆုတ်သဘောတူလိုက်လေသည်။

လော့မင် စိတ်အေးသွားသလို သက်ပြင်းချလိုက်လေပြီး၊ သူ့တင်းမာနေတဲ့မျက်နှာပေါ် အပြုံးတစ်ခုပေါ်ထွက်လာလေသည်။ သူ့လက်ကိုမြှောက်ကာ ချန်းယုဆံပင်ကို နှစ်သိမ့်ပေးတဲ့အနေနဲ့ ပွတ်သပ်ပေးလိုက်ကာ၊ "အဆင်ပြေပါတယ်၊ ခဏနေရင် အဆင်ပြေသွားမှာပါ။"

ချန်းယုပြန်ပြုံးပြလိုက်ကာ ကိရိယာထဲ လိမ်လိမ်မာမာလဲလိုက်လေသည်။

ဒါ-ဒါကလော့မင်? ဘယ်အချိန်ကတည်းက… သူလူတွေနဲ့ ဘယ်အချိန်ကစပြီး တရင်းတနှီးရှိလာရတာလဲ?

လော့ရှင်ချန်ရဲ့မှတ်ဉာဏ်တွေထဲ၊ အခြားသူတွေကို သူ့မကောင်းမှုဝိညာဉ်က အကျိုးသက်ရောက်မှုရှိတယ်ဆိုတာကို သူ့အငယ်ဆုံးသားသိလိုက်ကတည်းက၊ တမင်သက်သက် လူတွေနဲ့ အကွာအဝေးခြားလာလေသည်။ သူ့ကိုယ်တိုင်လည်း အလှမ်းဝေးဝေးနေလေတယ်၊ သူ့မိသားစုနဲ့အဝေးကြီးမှာပေါ့။ သူဘယ်လိုလုပ် မိန်းကလေးတစ်ဦးပေါ် အတော်ကောင်းနေရတာလဲ?

"အဲဒီမိန်းကလေးက ဘယ်သူလဲ?" လော့ရှင်ချန်ကျယ်ကျယ်လောင်လောင်မေးလိုက်လေသည်။

"ဒီမိန်းကလေးနဲ့ပတ်သတ်တဲ့သတင်းအချက်အလက် ကျွန်တော်တို့မှာမရှိနေဘူး။ ကျွန်တော်သွားစစ်ဆေးကြည့်လိုက်မယ်။" သက်လတ်ပိုင်းအရွယ်အရာရှိပြောလိုက်လေသည်။ ဟဲကျီကိုသွားပြီးမေးမလို့လုပ်နေချိန်လေးမှာပဲ၊ ဆရာမော်ကို အထဲဦးဆောင်ခေါ်လာတဲ့ ဟဲကျီကိုသူမြင်တွေ့လိုက်လေသည်။

"မင်္ဂလာပါ၊ ခေါင်းဆောင်!" အထက်အရာရှိနှစ်ဦးကိုမြင်လိုက်တော့၊ ဟဲကျီ စစ်အရိုအသေးပြုလာလိုက်လေသည်။

"ဝန်ကြီးလော့!" လော့ရှင်ချန်ကို ဆရာမော်မြင်တော့ နှုတ်ဆက်တဲ့အနေနဲ့ ခေါင်းညိတ်ပြလာလေတယ်။

"ဆရာမော်။" လော့ရှင်ချန်ခေါင်းညိတ်ပြီးနောက် ပြောလိုက်လေတယ်၊ "ဒီအဆောက်အဦးကို အခုလေးတင် ကျွန်တော်သီးခြားထားထားပြီးပြီ။ နောက်ကျရင် ဒီနေရာကို သန့်စင်ဖို့ ဆရာမော်ကို ကျွန်တော်ဒုက္ခပေးရဦးမှာပဲ။"

ဘာကိုသန့်စင်ရမယ်? ဆရာမော် အရင်ဆုံးတောင့်သွားကာ၊ ထို့နောက်မှာတော့ မြန်မြန်တုံ့ပြန်လိုက်လေသည်။ ချန်းယုက လော့မင်ကိုယ်ထဲကမကောင်းမှုဝိညာဉ်ကို လုံးလုံးချိပ်ပိတ်ပေးထားပြီဆိုတာ ဝန်ကြီးလော့မသိနေလေဘူး၊ ဒါကြောင့် လော့မင်ဆီကနေ ထွက်လာတဲ့ မကောင်းမှုစွမ်းအင်အကြွင်းအကျန်တွေကို သူသန့်စင်ပေးရန် တောင်းဆိုလာခဲ့တာ။

သူ-သူငယ်ချင်းလေးချန်းကို ဝန်ကြီးလော့မြင်တွေ့ပြီးပြီ။ ဆရာမော်ရဲ့နှလုံးသား ဒယိမ်းဒယိုင်ဖြစ်လာလေသည်။

"ဟဲကျီ၊ အဲဒီမိန်းကလေးကဘယ်သူလဲ?" အရာရှိ ဟဲကျီကိုတိုက်ရိုက်မေးလာလိုက်တယ်။

"အာ..." ဟဲကျီရဲ့အမူအရာလည်း ပြောင်းလဲလာလေတော့တယ်: အို၊ သွားပြီ၊ မိန်းကလေးချန်းယုရဲ့တည်ရှိမှုကို ငါထပ်ပြီးဖုံးကွယ်မထားနိုင်တော့မှာကို စိုးရိမ်မိတယ်။

ဟဲကျိဖြေလာတာကို ဝန်ကြီးလော့မကြားရတော့၊ သူ့ကိုသံသယဝင်ကာကြည့်လာလိုက်သည်။

"သူမက ငါ့သူငယ်ချင်းတစ်ဦးရဲ့မြေး။" ဆရာမော်အချိန်မှီပြောလာလေတယ်၊ "မိန်းကလေးကငယ်သေးပေမဲ့၊ သူမရုပ်လွှန်ပညာကျင့်ကြံရေးအဆင့်က ငါ့တပည့်တွေထက်၊ ကောင်းမွန်လှတယ်။ ဖင့်ချန်ကို လော့မင်ခရီးသွားရမယ်ဆိုတော့၊ ငါအစီအရင်လုပ်ဖို့ ဖင့်ချန်ကို အရင်လာခဲ့လိုက်တာ။ လမ်းမှာ၊ လော့မင်တစ်ခုခုဖြစ်မှာကို ငါစိုးရိမ်တော့၊ ချန်းယုဆီအကူအညီတောင်းလိုက်တာ။"

"သူမနာမည်ကချန်းယု?" လော့ရှင်ချန်မေးလိုက်လေသည်။

"ဟုတ်တယ်။" ဆရာမော်ပြုံးပြီးခေါင်းညိတ်ပြလိုက်လေသည်။

"လော့မင်ကြည့်ရတာ သူမကိုအများကြီးသဘောကျပုံပဲ။" လော့ရှင်ချန် လေးလေးနက်နက်တွေးရင်း ပြောလာလိုက်သည်။

သဘောကျတာထက်တောင်ပိုတယ်၊ အာ~~~

"ချန်းယုမှာ သူမကိုယ်သူမကာကွယ်နိုင်တဲ့ စိတ်စွမ်းအင်နဲ့ လော့မင်ရဲ့ကောင်းမှုစွမ်းအင်ကို သန့်စွမ်းတဲ့တောင့်ခံနိုင်စွမ်းရှိတာကြောင့်ဖြစ်နိုင်တယ်၊ ဒါကြောင့် သူမနဲ့ဆက်သွယ်ပြောချိန် သူစိတ်အေးလက်အေးရှိတယ်၊ ဒီတော့ အရမ်းရင်းနှီးသွားတာ။"

"ရုပ်ပိုင်းဆိုင်ရာဆက်သွယ်တာ?" CTခန်းကိုကြည့်ရန် လော့ရှင်ချန်ခေါင်းလှည့်လိုက်လေသည်။ အဲဒီအချိန်၌၊ ချန်းယုဓာတ်မှန်ရိုက်လို့ပြီးသွားပြီး၊ ကိရိယာပေါ်ကနေ သူမဆင်းလာလို့ရအောင် လော့မင်ကူညီပေးနေလေတယ်။ နှစ်ဦးသားက တူညီစွာပြုံးနေကြတာက၊ လော့ရှင်ချန်ကိုအတွေးနက်သွားစေလေသည်။

လော့မင်၊ အာ၊ ဒီလူအိုကြီးပင်ပန်းနေပြီ! ဆရာမော် သက်ပြင်းခိုချလိုက်လေသည်။

"အဖေ!" လော့မင် အမှတ်တမဲ့လှည့်လာချိန် ပြတင်းပေါက်အပြင်ဘက်က သူ့အဖေကိုမြင်တွေ့လိုက်ရလေတယ်။ ချန်းယုလက်ကိုကိုင်ထားတဲ့လက်တွေ လျှော့ကျလာကာ သူ့နောက်ကျောတောင့်သွားလေတော့သည်။

ချန်းယု ရှုပ်ထွေးနေတဲ့စိတ်နဲ့ သူမခေါင်းကို လှည့်ကြည့်လိုက်တော့၊ လော့ရှင်ချန်ရဲ့ စေ့စေ့စပ်စပ်ကြည့်နေတဲ့အကြည့်နဲ့ အကြည့်ချင်းဆုံးသွားပြီး သူမကြောင်တောင်တောင်ပြုံးပြလာလေတော့သည်။

ဒါ တတိယအစ်ကိုရဲ့အဖေပဲ။ ငါယဥ်ကျေးနေမှဖြစ်မယ်။ စိတ်ထဲဒီအတွေးပေါ်လာတာနဲ့ ချန်းယု ပိုတောင်တောက်တောက်ပပပြုံးပြလာလိုက်လေသည်။

"..." လော့ရှင်ချန်ခေါင်းညိတ်ပြလိုက်လေသည်။

လော့မင်အဖေ ချန်းယုကိုခေါင်းညိတ်ပြလာချိန်၊ ချန်းယု သူမခေါင်းကို လော့မင်ဘက် စိတ်လှုပ်တရှားလှည့်ကာကြည့်လာလိုက်လေတယ်၊ ဒါပေမဲ့ အဲဒီအချိန် သူအခန်းထဲကထွက်သွားပြီဆိုတာကို ချန်းယုရှာတွေ့လိုက်လေတယ်။ တစ်ဖက်ခြမ်းက မှန်ပြတင်းပေါက်အပြင်ဘက်သူ့အဖေရှိရာဆီ လော့မင်လျှောက်သွားပြီးနောက် သူတို့နှစ်ဦးလှည့်ထွက်သွားတာကို သူမမြင်တွေ့လိုက်လေတယ်။

သူတို့နှစ်ဦး ပြောစရာတစ်ခုခုရှိနေလိမ့်မယ်လို့ သူမကောက်ချက်ချလိုက်လေတယ်၊ ဒီတော့ သူမစိတ်ထဲမထားလိုက်လေဘူး။ လူနာဆောင်ဆီ ဟဲကျီနောက်က စိတ်အေးလက်အေးလိုက်သွားလိုက်ကာ၊ ထို့နောက် နေ့လယ်စာစားလိုက်လေသည်။ ညစာစားပြီးနောက်၊ လော့မင်ပြန်ပေါ်လာတာကို သူမမြင်ရသေးလေဘူး။

ချန်းယု မတတ်နိုင်ဘဲ သူမဖုန်းကိုထုတ်ပြီး သူ့ဆီစာပို့လိုက်လေတယ်: (တတိယအစ်ကို၊ အစ်ကိုဘယ်မှာလဲ?)

လော့မင်: (စစ်စက်ရုံမှာ။)

(တတိယအစ်ကို၊ အစ်ကိုအလုပ်သွားလုပ်တာပေါ့? ညီမအဖော်လိုက်ပေးမှာကို ဘာလို့မစောင့်တာလဲ?)

လော့မင်:(စစ်စက်ရုံထဲ အပြင်လူဝင်လာလို့မရဘူး။ ငါအရင်တုန်းက သေချာမစီစဉ်ထားခဲ့မိတာ၊ ဒီတော့ မင်းဆေးရုံမှာသေချာအနားယူနေသင့်တယ်။ ဆေးစစ်ချက်ရလဒ်ထွက်လာရင်၊ မင်းကိုမြို့တော်ကိုပြန်ပို့ပေးဖို့ ဟဲကျီကိုငါပြောထားလိုက်မယ်။)

ချန်းယု:(တတိယအစ်ကို၊ အစ်ကိုညီမနဲ့အတူတူမပြန်ဘူးပေါ့?)

လော့မင်:(ဒီမှာ အချိန်ဘယ်လောက်ကြာကြာအလုပ်များနေမလဲဆိုတာ ငါလည်းမသိဘူး။ မင်းအရင်ပြန်လိုက်သင့်တယ်။)

ချန်းယု:(တတိယအစ်ကိုကို ညီမစောင့်နေတာပဲကောင်းမယ်၊ ဒီတော့ ညီမတို့အတူတူပြန်လို့ရတာပေါ့။ အစ်ကို့မကောင်းမှုဝိညာဉ် ပြန်ထကြွလာရင်၊ ညီမမရှိဘဲ၊ ဘာလုပ်လို့ရမှာလဲ?

မဟုတ်ဘူး၊ နောင်အနာဂတ်မှာ အဲ့တာက ဝရုန်းသုန်းကားထပ်မံမဖြစ်လာတော့ဘူး။

လော့မင်၊ သူ့ဘယ်ဘက်လက်ကိုမြှောက်ပြီး၊ အဲ့မှာ သူ့မကောင်းမှုဝိညာဉ်အတွက် ကျောက်စိမ်းဆွဲသီးနဲ့ချိပ်ကို ဝတ်ဆင်ထားလေသည်။

မကောင်းမှုဝိညာဉ်ဝရုန်းသုန်းကားဖြစ်သွားတာနဲ့ ချန်းယုကချိပ်ပိတ်ပေးမှာကို လော့မင်သိလေတယ်၊ ဒါကြောင့် အကြိမ်တော်တော်များများ သူဆန္ဒရှိသလို ဖြည်နေခဲ့တာ။ ချန်းယုတည်ရှိမှုကြောင့် သူဈေးဝယ်ထွက်ကာ၊ အပြင်ထွက်စားချင်ပြီး မဟာတံတိုင်းကိုတောင်တက်ချင်ခဲ့တာ။ သာမန်လူတစ်ဦးရဲ့ဘဝကို ဖြည်းဖြည်းချင်း သူမျှော်လင့်လာကာ တဖြည်းဖြည်းချင်း သူ့လိုအပ်ချက်တွေကို ပြေလျော့လာလေတော့တယ်။

ဒါပေမဲ့ နေ့လယ်တုန်းက သူ့အဖေနဲ့ပြောဆိုခဲ့တဲ့စကားဝိုင်းက လော့မင်ကိုအချိန်မီနိုးထလာစေလိုက်တယ်။

"ဆရာမော်ပြောပုံအရဆို၊ ချန်းယုလို့ခေါ်တဲ့မိန်းကလေးကလည်း ကောင်းကင်ဘုံဆရာပဲ၊ ဟုတ်တယ်မလား?"  လော့ရှင်ချန် လော့မင်ကိုမေးလာလိုက်တယ်။

"ဟုတ်တယ်။" လော့မင်အမူအရာ တောင့်တင်းလာလေတော့သည်။

"မင်းမကောင်းမှုဝိညာဉ်ကို သူမခုခံနိုင်တယ်လို့ငါကြားထားတယ်?"  လော့ရှင်ချန် မေးလိုက်လေသည်။

"သူမက သာမန်လူတွေထက် နည်းနည်းပိုသန်မာနေရုံပါ၊ အချိန်ကြာလာရင်သူမလည်းသက်ရောက်သွားလိမ့်မယ်။" လော့မင်ရှင်းပြလိုက်လေသည်။

"ဒီလိုကို..." လော့ရှင်ချန်ရဲ့မျက်ဝန်းထဲ နှမြောမှုဖြတ်ခနဲပေါ်လာလေတယ်၊ "ဒါဆို၊ နှမြောစရာပဲ။ မင်းတစ်စုံတစ်ယောက်ကိုသဘောကျဖို့မြင်ရတာ တော်တော်ရှားတာကို။"

လော့မင်နှလုံးခုန်လွဲသွားလေပြီး သူ့လက်သီးကို တင်းတင်းဆုပ်ထာလိုက်ကာ၊ "ကျွန်တော်ကြောင့် သူမမတော်တဆဖြစ်သွားခဲ့တာ၊ ဒီတော့ ကျွန်တော်နည်းနည်းဂရုစိုက်မိတာပါ။"

"ဟုတ်ပြီ။" လော့ရှင်ချန် ခေါင်းညိတ်ပြလိုက်လေသည်။

သူ့ရှင်းပြချက် သူ့အဖေရဲ့သံသယတွေကို ပပျောက်သွားစေရဲ့လားဆိုတာကို လော့မင်မသိလေဘူး၊ ဒါပေမဲ့ သူ့အဖေမျက်စိအောက် ချန်းယုတည်ရှိမှုပေါ်သွားခဲ့လေပြီ၊ ဒီတော့ နောက်အနာဂတ်ထဲ သူမနဲ့ မကြာမကြာဆက်သွယ်နိုင်တော့မှာမဟုတ်လေဘူး။

လော့မင်က သူမနဲ့ခပ်ကင်းကင်းနေတော့မှာကိုမသိဘဲ၊ လူနာဆောင်ထဲလဲနေကာ သူမအခန်းဖော်တွေနဲ့ စကားပြောနေကြလေတယ်။

ချန်းယု:(ငါတစ်စုံတစ်ယောက်အပေါ် သဘောကျနေပြီထင်တယ်?)

ကျန်မူဝမ်:(???)

ဖန်ဖေဖေ:(ရှီရှီ၊ နင်ချစ်မိနေပြီ?)

ဟန်ယော:(ချောလား မချောလား? ပုံရှိလား?)

ချန်းယု:(နင်မြင်ဖို့အတွက်မဟုတ်ဘူး။)

ကျန်မူဝမ်:(နင့်အခန်းဖော်အနေနဲ့၊ နင်လှည့်စားခံရမှာကိုကာကွယ်ဖို့ ငါတို့မှာ နင့်ကောင်လေးကို စမ်းသပ်ရမယ့်တာဝန်တွေရှိတယ်။)

ဖန်ဖေဖေ:(မဟုတ်သေးဘူး၊ အာ၊ ရှီရှီ၊ နင်ဘယ်လိုလုပ် ရုတ်တရက်ကြီးဉာဏ်အလင်းရသွားရတာလဲ?)

ဟန်ယော:(မေးခွန်းအတူတူပဲ၊ ရှီရှီ၊ နင်သူ့ကိုသဘောကျနေမှန်း ဘယ်လိုလုပ်သေချာနေရတာလဲ?)

ချန်းယု:(ငါသူ့ကိုနမ်းခဲ့တာ။ သူ့ကိုနမ်းပြီးတော့၊ ငါသူ့ကိုထပ်နမ်းချင်နေတုန်းပဲ။ ငါသူ့ကိုအကြိမ်ကြိမ်ခိုးနမ်းခဲ့တာ။ ရှက်နေတဲ့မျက်နှာ JIP)

ကျန်မူဝမ်:(ဒီတော့အရင်စလိုက်နေတဲ့သူက နင်ပေါ့!!!)

ဖန်ဖေဖေ:(နှာဗူး!)

ဟန်ယော:(ရုတ်တရက်ကြီး အားနည်းလာသလို ငါခံစားနေရတယ်။)

ကျန်မူဝမ်:(ဓာတ်ပုံ!)

ဖန်ဖေဖေ:(ဓာတ်ပုံ!)

ဟန်ယော:(ဓာတ်ပုံ!)

ချန်းငါး:(နင်တို့ကိုမပေးဘူး!!!)

ကျန်မူဝမ်:(တွန့်တိုလိုက်တာ!)

ဖန်ဖေဖေ:(မပို့ချင်မပို့နဲ့၊ ဒါဆို သူနဲ့ချင်းယီကြား ဘယ်သူပိုချောလဲ?)

ချန်းယု:(သေချာပေါက်၊ ငါသဘောကျနေတဲ့သူပေါ့။)

ဟန်ယော:(ချစ်သူမျက်ဝန်းထဲက လှပမှုပေါ့လေ...)

ချန်းယု:(ငါတို့ အခုထိချစ်သူမဟုတ်သေးဘူး။)

ဖန်ဖေဖေ:(ချစ်ကြည်နူးကြောင်းပြနေပေမဲ့ ပုံမပြလာဘူး၊ blacklist။)

ကျန်မူဝမ်:(သဘောတူတယ်။)

ဟန်ယော:(သဘောတူတယ်။)

ချန်းယု:(ငါအခုထိနင်တို့ကိုမမေးရသေးဘူး၊ နင်တို့ဘယ်လိုဖွင့်ပြောတာလဲ?)

ချန်းယု စက္ကန့်ဝက်လောက်စောင့်နေလိုက်တယ်၊ ဒါပေမဲ့ စာပြန်လာတာမတွေ့ရလေဘူး၊ သူတို့သူမကို တကယ်ပဲblockလိုက်ပြီဆိုတာကို သဘာပေါက်လိုက်တယ်။ ချန်းယု ဂရုမစိုက်သလို ပုခုံးတွန့်လိုက်လေသည်။ ဘာပဲဖြစ်ဖြစ်၊ မနက်ဖြန်ရောက်ရင် သူမကို blacklistကနေ သေချာပေါက်သူတို့ထုတ်ပေးလာမှာပဲ။

စစ်စက်ရုံမှာတတိယအစ်ကို ရက်အများကြီးနေနိုင်တယ်၊ သူမသူ့ကိုနမ်းပြီးရင်ထပ်နမ်းချင်သေးတယ်ဆိုတဲ့အကြောင်း ဒီအချိန်ကိုအခွင့်ယူပြီး ဘယ်လိုပြောရမလဲဆိုတာကို စဉ်းစားရမယ်လေ။

ချန်းယု WeChatကိုပိတ်ကာ၊ သူမ QQ appကိုဖွင့်လိုက်တယ်။ အပေါ်ကမီးခိုးရောင်avatarကိုမြင်တော့၊ သူမပြတ်ပြတ်သားသားအဲ့တာကိုနှိပ်လိုက်လေကာ: အဘိုး၊ ကျွန်မမှာ မျက်စိကျနေတဲ့တစ်ယောက်ရှိပြီ!

စာရေးသူ၏မှတ်စု:

ဂိမ်းတစ်ပွဲဆော့ပြီးနောက်၊ ရှီရှီစာကို အဘိုးဝူမြင်လိုက်တော့ ရင်ဖိုသွားလေတယ်။ ဆိုင်မန်နေဂျာကို သူဝမ်းသာအားရအော်လိုက်လေတယ်: ဒီနေ့ ဆိုင်ထဲကလူတိုင်းကို cokeဝယ်တိုက်မယ်။

ဆိုင်မန်နေဂျာ: အဘိုး၊ ဘာကိုအောင်ပွဲခံနေတာလဲ?

အဘိုးဝူ: ငါ့မြေးက လူတစ်ယောက်ကိုသဘောကျနေပြီ။

ဆိုင်မန်နေဂျာ:...မင်းငေါ် ဖီထုပ် ဝက်စားပစ်ခံလိုက်ရမှာကို မစိုးရိမ်မိဘူးလား?

အဘိုးဝူ: ဘယ်သူ့အိမ်ကငေါ် ဖီထုပ်ဖြစ်ဖြစ် ငါဂရုမစိုက်ဘူး။ ဘာပဲဖြစ်ဖြစ်၊ ငါ့မိသားစုကဝက်လေ။ သူမက မည်းပြီး၊ ဝပြီး တိုက်ပွဲထဲ အတော်သန်မာတာ။

အပိုင်း(၉၂): ဝူလီကဘယ်သူလဲ?

"ဝန်ကြီးလော့၊ ဆရာမော်ရောက်ပြီ။" လော့ချင်ချောင်ရဲ့အခန်းတံခါးကို လုံခြုံရေးအစောင့်ခေါက်လိုက်ကာ အကြောင်းကြားလိုက်လေသည်။

လော့ချင်ချောင် သူ့လက်ထဲက စာရွက်စာတမ်းကိုချကာ၊ ကြည့်လိုက်တော့ ဆရာမော်အခန်းထဲဝင်လာတာကို မြင်တွေ့လိုက်ရလေသည်။ သူထရပ်လိုက်ပြီး ဆရာမော်ကို နှုတ်ဆက်လိုက်လေတယ်၊ "ဆရာမော်။"

"ဝန်ကြီးလော့၊ ငါနောက်ကျသွားလို့ တောင်းပန်ပါတယ်။" ဆရာမော် တောင်းပန်စကားပြောလာလိုက်လေသည်။

"တောင်လမ်းတွေက လမ်းလျှောက်ဖို့ခက်ခဲတာကို။" လော့ချင်ချောင် သူ့လက်ကိုဝှေ့ယမ်းကာ ပြောလာလေတယ်၊ "လော့မင်အတွက် စီစဥ်မှုအားလုံး ဆရာလုပ်ပြီးပြီလား?"

ဖင့်ချန်ဆီ လော့မင်ခရီးထွက်လာလို့ရအောင်၊ ဆရာမော် အစီအရင်လုပ်ဖို့ စစ်စက်ရုံဆီ နှစ်ရက်လောက်ကြိုလာခဲ့ပြီး၊ ဒီနှစ်ရက်အတွင်း လော့မင်နောက်တစ်ချိန်လုံးလိုက်နေလေသည်။ ဒီအစည်းအဝေးထဲ မစ္စတာယန်ကို ဆရာမော်မိတ်ဆက်မပေးလာခဲ့ဘူးဆိုရင်၊ စစ်စက်ရုံကနေ ဆရာမော်ကို လော့ချင်ချောင်ခေါ် ခိုင်းလိုက်မှာမဟုတ်လေဘူး။

"အားလုံးစီစဥ်ပြီးပြီ။" တကယ်တော့၊ လော့မင်အပေါ်ချိပ်ပိတ်တာကို ချန်းယုလုပ်ပေးခဲ့တာဖြစ်လေတယ်၊ ဒီတော့ လွန်ခဲ့တဲ့နှစ်ရက်အတွင်း ဆရာမော်လုပ်နေတဲ့အဲဒီအစီအစဥ်တွေက တကယ်တမ်းဘာမှမဟုတ်နေလေဘူး။

"ဒါဆို ယန်မိသားစုအိမ် သွားလိုက်ကြရအောင်။" လော့ချင်ချောင်ပြောလိုက်လေသည်။

အထူးစစ်ကားပေါ် သူတို့တက်လိုက်ကြပြီး စစ်ရပ်ကွက်ကနေ ယန်မိသားစုအိမ်ရှိရာ အရှေ့ရပ်ကွက်ဆီ တစ်လမ်းလုံးမောင်းနှင်လာလိုက်ကြတယ်။ အဲဒီကိုသွားတဲ့လမ်းမှာ၊ ယန်မိသားစုအကြောင်း လော့ချင်ချောင်ကို ဆရာမော်မိတ်ဆက်ပေးလာလိုက်တယ်၊ "ယန်ချုံမင်က ရုပ်လွန်ပညာလောက ထိပ်ဆုံးကျွမ်းကျင်သူဆယ်ဦးထဲကတစ်ဦး။ လွန်ခဲ့တဲ့နှစ်၂၀လောက်က သူရုတ်တရက်ကြီးအနားယူသွားခဲ့တ၊ ဒါပေမဲ့ သူဘယ်မှာရှိနေလဲဆိုတဲ့အကြောင်း ဘယ်သူမှမသိခဲ့ကြဘူး။ တစ်ချိန်တုန်းက သူဖင့်ချန်ကိုလာခဲ့တယ်ဆိုတာကိုပဲ ငါတို့ရှာတွေ့ခဲ့တာ။"

"ဒီလိုကို" သူ့ကိုမရှာနိုင်တာ မအံ့သြတော့ပါဘူး။ လော့ချင်ချောင်ခေါင်းညိတ်ပြီး ပြောလာလေတယ်၊ "ဆရာအရင်ကပြောဖူးတာကို ကျွန်တော်မှတ်မိသေးတယ်၊ ဆရာမော်၊ ယန်ချုံမင်က မကောင်းဆိုးဝါးတွေနှင်တာမှာ အကောင်းဆုံးပဲဆိုတာကို။"

"ဟုတ်တယ်၊ အစတုန်းက သူကသင်္ချိုင်းသူခိုးလေ။ သူတို့သင်္ချိုင်းတစ်ခုဖောက်နေတုန်း၊ ဇွန်ဘီးတစ်ကောင်ကို မတော်တဆနိုးလိုက်မိတာ၊ ဒီတော့၊ အကျဉ်းအကျပ်ထဲကလွတ်လာပြီးနောက်၊ သူလက်စားချေဖို့တွန်းအားရလာခဲ့တာ။" ဆရာမော်ပြောလိုက်လေတယ်၊ "သူကံကောင်းတယ်၊ သူ့အရည်အချင်းကလည်း ကောင်းမွန်နေတယ်။ ချုံယန်ဘုရားကျောင်းက ပြီးပြည့်စုံတဲ့ဆရာတော်ကို သူကိုးကွယ်ပြီး လူဝတ်ကြောင်တပည့်ဖြစ်လာခဲ့တယ်။ တစ်ခုခုကိုသင်ယူပြီးနောက်၊ သူပြန်သွားပြီး အဲဒီဇွန်ဘီးကိုသတ်ခဲ့တာ။ အဲဒီကတည်းက၊ ဇွန်ဘီးတွေရှာဖို့ တောင်ရဲမြက်တောချုံတောတွေထဲ ခရီးသွားရတာကို သူကြိုက်နှစ်သက်သွားတော့တာပဲ။"

"သင်္ချိုင်းသူခိုး?" လော့ချင်ချောင်မျက်မှောင်ကြုပ်လိုက်လေသည်။

"ဒါကအရင်တုန်းက။ ရုပ်လွှန်ပညာလောကကိုဝင်လာပြီးနောက် သင်္ချိုင်းသူခိုးလုပ်ဖို့ ဘယ်သူမှပြန်သွားမှာမဟုတ်ဘူး။" ဆရာမော်အပြုံးနဲ့ပြောလာလေတယ်။ တကယ်တော့၊ ရုပ်လွှန်ပညာက ဝင်ငွေကောင်းကောင်းရနိုင်တယ်ဆိုတာကို လူတွေသိကြလေသည်။ ကံကြမ္မာအစွန်းအထင်ရှိနေတဲ့အဲဒီအရာတွေကိုမလိုအပ်လေဘူး။

လော့ချင်ချောင်ရဲ့သွင်ပြင်အနည်းငယ်ကောင်းမွန်လာလေသည်။ ယန်မိသားစုထံမှ သူအကူအညီရယူချင်ပေမဲ့၊ တစ်ဖက်လူကသာ သင်္ချိုင်းသူခိုးဖြစ်နေမယ်ဆိုရင်၊ ဒါက လော့ချင်ချောင်ကို အရမ်းမသက်မသာဖြစ်စေနိုင်လေသည်။

"ဒါဆို လော့မင်ကိုယ်ထဲကမကောင်းမှုဝိညာဉ်အတွက်၊ ယန်ချုံမင်လုပ်နိုင်..."

"လော့မင်ကိုယ်ထဲကမကောင်းမှုဝိညာဉ်ဇစ်မြစ်က ဇွန်ဘီးတွေနဲ့အတူတူပဲ။ ငါချိုပ်ပိတ်နိုင်ရုံတင်ပဲ၊ ဒါပေမဲ့ ဒါကိုဘယ်လိုဖြေရှင်းရမလဲဆိုတာကတော့၊ နှစ်တွေကြာလာတာတောင် သင့်တော်တဲ့နည်းလမ်းကို ငါမရှာနိုင်သေးဘူး။" ဆရာမော်ပြောလိုက်လေတယ်၊ "ယန်ချုံမင်က ဇွန်ဘီးတွေနဲ့တိုက်ခိုက်တာမှာ အတွေ့အကြုံပိုများတယ်၊ ဒါပေမဲ့ သူလော့မင်ရဲ့မကောင်းမှုဝိညာဉ်ကို ဖြေရှင်းနိုင်လား မဖြေရှင်းနိုင်ဘူးလားဆိုတာကတော့ သူ့(လော့မင်)ကိုကိုယ်တိုင်တွေ့တာပေါ် မူတည်တယ်။"

လော့ချင်ချောင် တွေးတွေးဆဆခေါင်းညိတ်လိုက်ပြီး နှစ်ဦးသား ယန်မိသားစုစံအိမ်ရှိရာဆီ မောင်းနှင်လာလိုက်လေသည်။

ပြီးတော့ အဲဒီအချိန်၌၊ ယန်မိသားစုခြံဝန်းထဲ၊
ကျန်မာသန်စွမ်းပြီး  သန်တုန်းမြန်တုန်းရှိတဲ့အဘိုးက သူ့ရှေ့က
အမျိုးသားတစ်ယောက်နဲ့အမျိုးသမီးတစ်ယောက်ကို အလယ်အလတ်အသံနေအသံထားနဲ့
ဆိုဆုံးမနေလေတယ်: "ပြောပါဦး၊ ဘာတွေဖြစ်နေလဲဆိုတာ?"

ယန်ချင်းကြောက်လန့်သွားပြီး သူမအစ်ကိုနောက် မြန်မြန်ပုန်းလိုက်လေသည်။

"အဘိုး၊ အဲ့တာကို ကျွန်တော်အပြင်ခိုးသွားခဲ့တာ။"
ထပ်မံဖုံးကွယ်ဖို့အခွင့်အရေးမရှိတော့တာကိုမြင်တော့၊ ယန်ဝေ
ဝန်ခံတာသာလုပ်နိုင်လေတော့သည်။

"အဲ့တာကို ဘာအတွက် မင်းထုတ်သွားခဲ့တာလဲ?"  အဘိုးယန်မေးလိုက်လေသည်။

"မြို့အပြင်ဘက် လုမင်တောင်ထဲ ရက်အနည်းငယ်တုန်းက ကစားဖို့သွားခဲ့တော့
အဲဒီမှာဇွန်ဘီးတစ်ကောင်ကို ချင်းအာမြင်ခဲ့တာ။" ယန်ဝေပြောလိုက်လေတယ်၊ "ဒီတော့
ကျွန်တော်တို့..."

"မင်းတို့ဆော့ဖို့သွားချိန်တွေ့ခဲ့တာပေါ့?  မင်းတို့အဲဒီကိုရည်ရွယ်ချက်ရှိရှိသွားတယ်လို့
ငါထင်တယ်၊ ဟုတ်တယ်မလား?  ခြေသုံးချောင်းစကေးတချို့သင်ပြီးတာနဲ့
မင်းဇွန်ဘီးတစ်ကောင်ဖမ်းလို့ရမယ်လို့ထင်နေတာ၊ ဟုတ်တယ်မလား?"
အဘိုးဝူဒေါသထွက်လာကာ စားပွဲကိုရိုက်ချလိုက်ပြီး၊ "ဇွန်ဘီးကိုဘာလို့ထင်နေတာလဲ?
ဘယ်လိုချင့်ချိန်ရမလဲဆိုတာမသိဘူးလား?"

"အဘိုး၊ အဲဒီဇွန်ဘီးက အရမ်းအားမကောင်းဘူး။ ကိုကိုနဲ့သမီး သူနဲ့တိုက်ပြီး၊
တောင်တစ်တောင်လုံးပတ်ဖမ်းခဲ့တာ။ သူက သမီးတို့ပြိုင်ဘက်မဟုတ်နေဘူး။"
ယန်ချင်းငြင်းလိုက်လေသည်။

"အဓိပ္ပာယ်မရှိတာ၊ သံလိုက်အိမ်မြှောင်နက်က မကောင်းမှုစွမ်းအင်ကြောင့် ပျက်စီးသွားခဲ့တာ။
ငါ၊ မင်းတို့အဘိုးတောင်၊ ဒီလိုကျင့်ကြံရေးအဆင့်ရှိတဲ့ဇွန်ဘီးနဲ့ပြိုင်ဘက်မဟုတ်နေဘူး၊ ဒါကိုမင်း၊
မင်းတို့ပေါက်စနှစ်ဦးက၊ သူ့ကိုတောင်တစ်တောင်လုံးလိုက်ဖမ်းခဲ့တယ်?"  သူတို့ကို အဘိုးယန်
သိသိသာသာမယုံကြည်နေလေဘူး။

"သံလိုက်အိမ်မြှောင်ပျက်သွားတယ်?"  ယန်မောင်နှမ အချင်းချင်းကြည့်လိုက်ကာ၊
နှစ်ဦးလုံးအံ့သြနေကြလေသည်။

"အဲဒီမိန်းကလေးပဲဖြစ်ရမယ်။" ချန်းယုကို ယန်ချင်းချက်ချင်းမှတ်မိသွားလေသည်။ တကယ်တော့၊ သူမ ချန်းယုထံ သံလိုက်အိမ်မြှောင်မပေးလိုက်ခင်၊ အဲ့တာကအလုပ်လုပ်သေးလေသည်။

"ဘာမိန်းကလေး..."

"အဖေ၊ အဖေ့ကိုရှာနေတဲ့ဧည့်သည်တွေရှိတယ်။" အဘိုးယန်ရဲ့ချွေးမ၊ မျက်နှာဝိုင်းဝိုင်းနဲ့သက်လတ်ပိုင်းအမျိုးသမီး၊ လျှောက်ဝင်လာကာ၊ အဘိုးယန်ရဲ့ဆူငေါက်နေတာကို ကြားဖြတ်လိုက်လေတော့သည်။

"ဘယ်သူလဲ?" အဘိုးဝူသိချင်မိသွားလေသည်။

"သူက အဖေ့မိတ်ဆွေဟောင်း၊ မော်မျိုးရိုးနာမည်ရှိတဲ့တာအိုမိတ်ဆွေ။" သက်လတ်ပိုင်းအမျိုးသမီးပြန်ဖြေလိုက်လေသည်။

"မော်ဂျင်ချွမ်?" အဘိုးယန်အနည်းငယ်မရေမရာဖြစ်နေလေသည်။ ခြံဝန်းထဲကထွက်ပြီး အရှေ့ခန်းမရှိရာဆီ သူလှည့်မထွက်လာခင် သူအနည်းငယ်တုံ့ဆိုင်းသွားလေသည်။

အမေယန် ဒလဟောဆူငေါက်ခံထားရတဲ့ သူမသားနဲ့သမီးကိုပြန်ကြည့်လိုက်ကာ၊ သူတို့ကိုလက်ညှိုးထိုးကာ ပြောလာလိုက်တယ်၊ "ငေါက်ခံရတာ၊ ဟုတ်တယ်မလား? နောက်နောင် နင်တို့ထပ်အရှုးလုပ်ဦးမလားဆိုတာ စောင့်ကြည့်ရတာပေါ့။"

"ထပ်မလုပ်တော့ဘူး၊ အမေ။ သမီးအရင်ဆုံ းဆော့ဖို့သွားလိုက်ဦးမယ်။ သမီးသူငယ်ချင်းတွေနဲ့ဈေးဝယ်ထွက်ဖို့ချိန်းထားသေးတယ်။" ယန်ချင်းပြောပြီးသွားတာနဲ့၊ သူမအမေဘက်ကနေ ကြောင်တစ်ကောင်လိုလစ်ထွက်လာလိုက်လေသည်။

အမေယန် ကူကယ်ရာမဲ့သလိုရယ်မောလိုက်လေသည်။

အဘိုးယန်ရှေ့ခန်းမဆီလျှောက်လာပြီး အဝေးကနေ ဧည့်ခန်းအပြင်ဘက် စောင့်ကြပ်နေတဲ့ အရည်ရှည်ရှည်စစ်သားနှစ်ဦးကို မြင်တွေ့လိုက်ရလေသည်။ သူချက်ချင်းမျက်မှောင်ကြုပ်လိုက်ပြီး၊ သူလျှောက်ဝင်လာချိန် သူ့အမူအရာက အနည်းငယ်စိတ်မရှည်ဖြစ်နေလေသည်။

ဒီတကြိမ် မော်ဂျင်ချွမ် ဘယ်လိုဒုက္ခပေးတဲ့လူမျိုး သူ့ဆီခေါ်လာခဲ့တာလဲ?

"ချုံမင်?" ယန်ချုံမင်လျှောက်ဝင်လာတာကို ဆရာမော်မြင်လိုက်တော့၊ ဆရာမော် သူ့ကိုတက်တက်ကြွကြွနှုတ်ဆက်လိုက်လေသည်။

"ငါ့ဆီကမင်းဘာလိုချင်တာလဲ?" ဆရာမော်ကို ယန်ချုံမင်စွေစောင်းကြည့်လိုက်ကာ၊ သူ့ဘေးက လော့ချင်ချောင်ကို တစ်ချက်ကြည့်ကြည့်လိုက်ပြီးနောက်၊ ပင်မထိုင်ခုံပေါ်တိုက်ရိုက်ထိုင်ချလိုက်လေတော့သည်။

ယန်ချုံမင်ရဲ့စိတ်ကို ဆရာမော်ကောင်းကောင်းသိလေပြီး၊ အောင့်သက်သက်မဖြစ်သွားလေဘူး။ သူပြုံးကာ လော့ချင်ချောင်ကိုမိတ်ဆက်ပေးလိုက်ပြီး၊ "ဒါကစစ်တပ်ကဝန်ကြီးလော့။ ဝန်ကြီးလော့၊ ဒါကဆရာယန်၊ ယန်ချုံမင်။"

"ဆရာယန်။" လော့ချင်ချောင် ယဉ်ယဉ်ကျေးကျေးနှုတ်ဆက်လိုက်လေသည်။

အပိုင်း(၉၃):ဝူလီကမင်းနဲ့ဘာတော်တာလဲ?

"စစ်တပ်က?" ယန်ချုံမြင်ငယ်စဉ်တုန်းက၊ ချမ်းသာပြီးအာဏာရှိတဲ့သူတွေနဲ့ သူဆုံတွေ့ဖူးလေတယ်၊ ဒါပေမဲ့ စစ်တပ်ကလူကိုတွေ့ဖူးတာတော့ ဒါပထမဆုံးအကြိမ်ဖြစ်လေသည်။ ထိုလူမှာ သတ်ဖြတ်ချင်တဲ့အရှိန်အဝါထွက်ပေါ်နေလေသည်။ တစ်ချက်ကြည့်ရုံနဲ့ သရဲတွေနဲ့နတ်တွေကို သူမကြောက်ရွံ့လေဘူး။ အဘိုးယန်ရဲ့အမူအရာ လေးနက်လာလေတယ်၊ "ငါ့ဆီက မင်းလိုချင်တာတစ်ခုခုရှိနေလို့လား?"

ချန်းယု ဆေးရုံမှာ အကဲခတ်ရန်တစ်ရက်နေခဲ့လေပြီး၊ သူမဆေးစစ်ချက်ရလဒ်ထွက်လာလေပြီ။ ရလဒ်ထဲ ချန်းယုကျန်းကျန်းမာမာရှိနေပြီး အနည်းငယ်ထိခိုက်ထားတာတောင်မရှိလေဘူးလို့ ပြသနေလေသည်။ အစတုန်းက၊ လော့မင်က ချန်းယုအား ဟဲကျိရှဲ့ပြန်ပို့ခိုင်းလိုက်ချင်လေတယ်၊ ဒါပေမဲ့ သူမပြတ်ပြတ်သားသားငြင်းလာလေသည်။ လော့မင်မှာရွေးချယ်စရာမရှိလေဘူး၊ ဟဲကျိကို သူမအတွက်နေစရာတစ်ခုစီစဉ်ခိုင်းလိုက်ပြီး၊ သူမတစ်ဦးထဲ ဖင့်ချန်မှာကစားခွင့်ပြုလိုက်လေသည်။

ဒီနေ့ ချန်းယုပျင်းနေလေတယ်၊ ဒီတော့ သူမပြန်ဝယ်သွားလို့ရမယ့်အထူးထုတ်ကုန်တွေရှိမလားကြည့်ရန် ဖင့်ချန်ကသီးသန့်လမ်းထဲ ဈေးဝယ်ရန်ထွက်လာခဲ့လိုက်လေသည်။ တစ်စုံတစ်ယောက် သူမလက်မောင်းကိုဆွဲလာချိန် သူမဘယ်ဘက်လက်ထဲ အသားကင်ဒုတ်တိုးကိုင်ထားပြီး ညာလက်ဘက်ထဲ ဆီတို့ဟူးကိုင်ထားလေတယ်။

ချန်းယု အားလုံးကိုသေချာမကိုင်ထားလေဘူး၊ ဒီတော့ သူမဝယ်လာတဲ့ဆီတို့ဟူးတော်တော်များများ ထွက်ကျကုန်လေတော့သည်။

"တကယ်နင်ပဲ!" ချန်းယုနားထဲ အနည်းငယ်စိတ်လှုပ်ရှားနေတဲ့အမျိုးသမီးတစ်ဦးအသံကြားလိုက်ရလေသည်။

ချန်းယုပြန်လှည့်ကြည့်လိုက်တော့ သူမကိုဖမ်းကိုင်ထားတဲ့မိန်းကလေးကိုမှတ်မိသွားလေသည်။ ဒါက လွန်ခဲ့တဲ့နှစ်ရက်တုန်းက တွေ့ခဲ့တဲ့ ယန်ချင်းဖြစ်နေလေတယ်: "နင်ဘာလုပ်တာလဲ? ဆီတို့ဟူးကို ငါအခုလေးတင်ဝယ်လာတာကို။"

"ငါ့သံလိုက်အိမ်မြှောင်အတွက် အလျော်ပေး" ယန်ချင်း ဒေါသနဲ့ပြောလာလေသည်။

"ဘာသံလိုက်အိမ်မြှောင်?" ချန်းယုဝမ်းနည်းသွားလေတယ်၊ "ဒီဆီတို့ဟူးကိုငါမစားရသေးဘူး။ မြန်မြန် ငါ့ကိုအလျော်ပြန်ပေး။"

"နင့်ဆီတို့ဟူးက ငါးယွမ်ကျော်ပဲကျတယ်၊ ဒါပေမဲ့ ငါ့သံလိုက်အိမ်မြှောင်က ဆယ်မီလီယံကျော်တန်တယ်။"

"ငွေညစ်နေတာ!" ဒီလိုမျက်နှာပြောင်တိုက်သူမျိုးကို ချန်းယုတစ်ခါမှမမြင်တွေ့ဖူးလေဘူး။ သူမဆန္ဒရှိသလို ထုတ်ပြောနေတာပဲ။ ဒီအစ်မနှစ်တစ်ဝက်လောက် ပင်ပန်းတကြီးအလုပ်လုပ်ခဲ့ရတာ၊ ဒါပေမဲ့ နည်းနည်းပဲရှာနိုင်သေးတာ။

"နင်၊ လိုက်လာပြီး ငါ့အဘိုးကိုရှင်းပြလိုက်။" ချန်းယုကိုဆွဲခေါ် ပြီး ယန်ချင်းအိမ်ကိုဦးတည်လာလိုက်လေသည်။

"နင်နောက်နေတာပဲဖြစ်ရမယ်!" ချန်းယု ချာခနဲလှည့်လိုက်ပြီး ယန်ချင်းလက်ကိုဖြုတ်ချလိုက်လေသည်။

"နင်..." ချန်းယုကို သူမမဖမ်းနိုင်ဘူးဆိုတာကိုမြင်လိုက်တော့၊ ယန်ချင်းစိတ်တိုလာလေတော့သည်။ ချန်းယုခါးနားက အဝတ်အိတ်ဆီ သူမအကြည့်ရောက်သွားကာ၊ သူမမျက်လုံးတွေ တောက်ပလာလေတော့သည်။ ချန်းယုအာရုံမစိုက်နေချိန်ကို သူအခွင့်လိုက်ပြီး၊ ရှေ့ကိုပြေးသွားပြီး ချန်းယုကိုဖက်လိုက်လေသည်။

"နင်ဘာလုပ်တာလဲ?" ချန်းယု သူမလက်နှစ်ဖက်လုံးထဲ မုန့်တွေကိုင်ထားလေတယ်၊ ဒီတော့ ခဏလောက် ယန်ချင်းကို ဘာမှပြန်မလုပ်နိုင်လေဘူး။

ယန်ချင်းလက်ဆန့်ထုတ်ကာ ချန်းယုအိတ်ထဲက သံလိုက်အိမ်မြှောင်ကိုထုတ်လိုက်ပြီးနောက်၊ ထွက်ပြေးသွားလေတယ်။ သူမလှည့်မအော်လိုက်ခင် ငါးမီတာအကွာလောက်အထိပြေးသွားလေတယ်၊ "နင်ပြန်ယူချင်ရင်၊ ၁၈၆ ရန်မင်လမ်း၊ အရှေ့ရပ်ကွက်က ယန်စံအိမ်ဆီလာခဲ့လိုက်။"

ပြောပြီးတာနဲ့ ယန်ချင်းလှည့်ပြီးပျောက်ကွယ်သွားလေတော့သည်။

ချန်းယု ခဏလောက်မှင်သက်သွားလေတော့သည်။ သူမမျက်နှာနီလိုက်ဖြူလိုက်ဖြစ်လာလေသည်။ သူမဖုန်းခေါ် ပြီး မငိုကြွေးလိုက်ခင်၊ သူမဘယ်ဘက်လက်ထဲက သိုးသားဒုတ်ထိုးကို စိတ်တိုကာရက်ရက်စက်စက် ဝါးလိုက်ပြီး သူမညာဘက်လက်ထဲ ဆီတို့ဟူးနှစ်ခုကျန်နေလေတယ်၊ "ရဲဦးလေး၊ ကျွန်မအလုခံလိုက်ရပြီ။"

တစ်စုံတစ်ယောက်ဆီကလုပြီး လိပ်စာကိုတောင်ပြောလာသေးတယ်၊ ပြီးတော့ ဒီလိုအထက်စီးဆန်တဲ့အပြုအမူမျိုးနဲ့ ငါနင့်အိမ်တံခါးရှေ့ရောက်ရင် နင်ငါ့ပစ္စည်းပြန်မပေးဘဲနေရဲမယ်လို့ ငါမယုံကြည်ဘူး။

ငါးမိနစ်ကြာပြီးနောက်၊ ချန်းယု ရဲကားပေါ်ထိုင်ကာ 'မိန်းမောတွေဝေ'နေလေသည်။ နယ်ခံရဲဝန်ထမ်းတွေက အရမ်းတာဝန်သိတတ်ပြီး သူမကိုနှစ်သိမ့်ပေးလာကြလေတယ်၊ "စိတ်မပူနဲ့ မိန်းကလေး။ ဘယ်သူလဲဆိုတာမင်းသိနေမှတော့၊ သူတို့ကိုရှာဖို့လွယ်ကူပါတယ်။"

"ဟုတ်တယ်၊ ဦးလေးတို့ကိုကျွန်မယုံတယ်။" ချန်းယု ရဲဦးလေးကို ယုံကြည်မှုပြည့်လျှံနေတဲ့အကြည့်နဲ့ ကြည့်လာလိုက်လေသည်။

ရဲဦးလေး နှလုံးသားထဲ ဂုဏ်ယူတဲ့ခံစားချက်လေး ထွက်ပေါ်လာလေတော့သည်။ ဒီခံယူချက်နဲ့တင်၊ ဒီနေ့ မိန်းကလေးရဲ့အလုခံလိုက်ရတဲ့ပစ္စည်းကို သူအရပြန်ယူပေးမှဖြစ်လေမည်။

မိနစ်နှစ်ဆယ်ကြာပြီးနောက်၊ ရဲကားက ယန်မိသားစုစံအိမ်ဝင်ပေါက်ရှေ့ရပ်သွားကာ၊ ကိစ္စတွေပြောလို့ပြီးသွားလို့ ဆရာမော်နဲ့ လော့ချင်ချောင်ကို အပြင်လိုက်ပို့ပေးနေတဲ့ အဘိုးယန်နဲ့သူ့အခြွေအရံတွေကို အချိန်ကိုက်တွေ့လိုက်ကြလေသည်။

တံခါးမှာ ရဲကားရပ်ထားတာကို မြင်လိုက်ရတော့ ဆရာမော်အနည်းငယ်အံ့သြသွားလေတယ်၊ ထို့နောက်မှာတော့ ကားထဲကနေ တစ်စုံတစ်ယောက်ထွက်လာတာကို သူမြင်လိုက်ချိန်၊ သူ့မျက်လုံးတွေ ထွက်ကျလုနီးပါးဖြစ်လာလေသည်။

"ဒါက ချန်းယုလို့ခေါ်တဲ့မိန်းကလေးမလား?" ချန်းယုကို လော့ချင်ချောင် သိသိသာသာမှတ်မိနေသေးလေသည်။

"အာ၊ အို။" ဆရာမော် အနည်းငယ်မထုံတတ်တေးဖြစ်နေသေးလေသည်။

"ဟယ်လို၊ ကျွန်တော်ကအရှေ့ပိုင်းစီရင်စုရဲစခန်းက ရဲအရာရှိတစ်ဦးပါ။ ဘယ်သူက ဒီအိမ်ပိုင်ရှင်လဲဆိုတာကို ကျွန်တော်သိလို့ရနိုင်မလား?" ရဲဦးလေးမေးလာလိုက်လေသည်။

"ငါပဲ၊ မင်းတို့လူတွေ ဘာလိုချင်တာလဲ?" အဘိုးယန် စူပုပ်ပုပ်လျှောက်ထွက်လာလေတယ်။

"ဟယ်လို၊ အဘိုး။၊ ယန်ချင်းကိုအဘိုးသိလားဆိုတာ ကျွန်တော်မေးလို့ရနိုင်မလား?" ရဲအရာရှိမေးလာလိုက်လေသည်။

"သူမကငါ့မြေး။ သူမဘာဖြစ်လို့လဲ?" အဘိုးယန်မျက်မှောင်ကြုပ်လိုက်လေသည်။

"မင်းမြေးက သူမရဲ့ ဆယ်မီလီယံတန်တဲ့ရှေးဟောင်းပစ္စည်းတစ်ခုကိုလုသွားခဲ့တယ်လို့ ဒီမိန်းကလေး ရဲစခန်းဆီအကြောင်းကြားလာတာ။" ရဲအရာရှိသတိပေးလိုက်လေတယ်၊ "အဲဒီပစ္စည်းတန်ဖိုးကို အတည်ပြုရဦးမယ်၊ ဒါပေမဲ့ အဲ့တာသာတကယ်ပဲရှေးဟောင်းပစ္စည်းဖြစ်နေမယ်ဆိုရင်၊ ဒီကိစ္စကမတူနိုင်တော့ဘူး။ ဒီတော့ အဘိုးမြေးကိုထွက်လာခိုင်းပြီးရှင်းပြခိုင်းလိုက်တာက အကောင်းဆုံးပဲ။"

အဘိုးယန်ရဲ့ထက်ရှတဲ့အကြည့်က ချန်းယုအပေါ်ရောက်လာလေတယ်၊ ဒါပေမဲ့ ချန်းယုမဖြုံလေဘူး။ သူမလည်း လည်ပင်းဆန့်ထုတ်ပြီး ပြန်စိုက်ကြည့်လိုက်လေသည်။ သူမပတ်ပတ်လည်ကြည့်ကြည့်လိုက်တော့ အဘိုးယန်နောက်ရပ်နေတဲ့ အခြားလူနှစ်ယောက်ကို မြင်တွေ့လိုက်လေတယ်။ ချန်းယုအမူအရာ ချက်ချင်းပြောင်းလဲသွားလေသည်။ သူမပြေးလာရင်း ပြုံးလိုက်ပြီး ချိုချိုသာသာအော်ခေါ်လိုက်လေတယ်၊ "ဆရာမော်၊ ဦးလေးလော့။"

ဦးလေးလော့? ဆရာမော် သူနားကြားမှားသွားတယ်လို့ သံသယဝင်သွားလေသည်။

လော့ချင်ချောင်ရဲ့အမူအရာလည်း မှင်သက်သွားလေတယ်၊ ဒါပေမဲ့၊ မိန်းမငယ်လေးရဲ့ရိုးရှင်းတဲ့အပြုံးကိုတုန့်ပြန်တဲ့အနေနဲ့ ခေါင်းညိတ်ပြလိုက်လေသည်။

"သူငယ်ချင်းလေး..." ဆရာမော် ချန်းယုအား သူငယ်ချင်းလေးချန်းလို့ ခေါ်ရန်လုပ်နေခဲ့တာဖြစ်လေတယ်၊ ဒါပေမဲ့ သူ့ဘေးဝန်ကြီးလော့ရှိနေသေးတာကို စဉ်းစားလိုက်ပြီးနောက်၊ သူ့အရင်းနှီးဆုံးသူငယ်ချင်းရဲ့တပည့်ဖြစ်သင့်နေတော့ ဒါကမသင့်လျော်ဘူးလို့သူခံစားမိလိုက်ကာ၊ သူလေသံပြောင်းပြီးမေးလာလိုက်လေတယ်၊ "မိန်းကလေး၊ မင်းဘာလို့ရဲနဲ့အတူရှိနေရတာလဲ?"

"ကျွန်မသံလိုက်အိမ်မြှောင်ကို တစ်ယောက်ယောက်ခိုးသွားလို့။" ချန်းယုပြန်ဖြေလာလိုက်လေသည်။

"ဘာ?" ဆရာမော်လည်းလန့်သွားလေသည်။ ဒီတော့ ကောင်းကင်ဘုံဆရာရဲ့မှော်လက်နက်ကို တစ်ယောက်ယောက်ကခိုးရဲသေးတယ်ပေါ့လေ?

"မင်းတို့အချင်းချင်းသိကြတာလား?" အဘိုးယန် မေးလာလိုက်လေသည်။

. . . . .

ဆရာမော် ဖျန်ဖြေပေးတာကြောင့်၊ ဒီကိစ္စကိုတိုင်ချက်ဖွင့်လို့ မဖြစ်နိုင်တော့လေဘူး၊ ဒီတော့ ရဲအရာရှိ အလုပ်ကိုစောစောလက်ခံလိုက်ကာ ထွက်သွားလိုက်တယ်။

"ဝန်ကြီးလော့၊ မင်းအလုပ်ကိုအရင်ပြန်နှင့်လိုက်လေ။ ဒီကအထင်လွဲနေတာတွေကို ငါဖြေရှင်းပေးပြီးတာနဲ့ ပြန်သွားလိုက်မယ်။" ဝန်ကြီးလော့နဲ့ ဆရာမော်လမ်းခွဲချင်နေလေပြီ။

"အိုကေ။" လော့ချင်ချောင် ခေါင်းညိတ်လိုက်လေသည်။ သူခြေလှမ်းလှမ်းပြီး ကားထဲဝင်တော့မယ့်အချိန် ရုတ်တရက်ရပ်လိုက်လေသည်။

"အဘိုး၊ သမီးတို့သံလိုက်အိမ်ေမြှာင်ပျက်သွားေစတဲ့သူက အဲဒီအမျိုးသမီးေလ။" အဲဒီအချိန်၌၊ ယန်ချင်းအိမ်ထဲကနေထွက်လာလေပြီး၊ ချန်းယုကို သူမမြင်လိုက်ေတာ့၊ သူမအဘိုးကို တိုင်ကြားလိုက်လေတော့တယ်။

"ဆရာမော်၊ အဲဒီမိန်းကလေးပဲ။ ဇွန်ဘီးကို ဆွဲပြီး၊ ကားကိုမှောက်သွားစေပြီး၊ တတိယအစ်ကို့မကောင်းမှုဝိညာဉ်ကိုဝရုန်းသုန်းကားဖြစ်စေခဲ့တာ သူပဲ။" ဘယ်သူကမတိုင်နိုင်နေလို့လဲ? တတိယအစ်ကို နင့်ကိုလွှတ်ပေးလိုက်တယ်၊ ဒါတောင်နင်က ငါ့ကိုငွေညစ်ချင်သေးတယ်ပေါ့လေ?

မကောင်းမှုဝိညာဉ်ဝရုန်းသုန်းကားဖြစ်တာ?

ကားထဲသွားနေတဲ့ လော့ချင်ချောင်ရဲ့ခြေလှမ်းတွေကို ဖြည်းဖြည်းချင်းပြန်ဆုတ်လိုက်ပြီး၊ ဆရာမော်ဆီ သူပြန်လျှောက်လာလိုက်လေသည်။

အတွင်းစိတ်ထဲ ဆရာမော် ဝမ်းနည်းတကြီးငိုကြွေးနေကာ၊ ဒါဆိုးတာပဲ။

"အတူတူပြန်တာပဲကောင်းမယ်ထင်တယ်။ ကျွန်တော် မွန်းတည့်ချိန်ရောက်ရင် လော့မင်ကိုသွားကြည့်ဦးမှာဆိုတော့။" လော့ချင်ချောက်ဒီလိုပြောလာပေမဲ့၊ သူ့အကြည့်က ချန်းယုပေါ် ပဲရောက်နေလေသည်။

ချန်းယု ဘာကြောင့်လဲဆိုတာသူမမသိလေဘူး၊ ဒါပေမဲ့ ဝန်ကြီးလော့ သူမကိုကြည့်နေတာကိုမြင်တော့၊ သူမချိုသာတဲ့အပြုံးတစ်ခုပြုံးပြလာလိုက်လေသည်။

"နာမည်က ချန်းယု၊ ဟုတ်တယ်မလား?" ဝန်ကြီးလော့ သူမကို ကြင်နာတတ်တဲ့အပြုံးတစ်ခုပြန်ပြုံးပြလာလေသည်။

"အမ်" ချန်းယု လေးလေးနက်နက်ခေါင်းညိတ်ပြလာပြီး၊ ပို၍တောက်ပတဲ့အပြုံးတစ်ခု ထပ်မံပြုံးပြလိုက်လေတော့သည်။

တတိယအစ်ကို့အဖေဆီ ကောင်းမွန်တဲ့အမြင်ချန်ရစ်ထားမှဖြစ်မယ်။

"လော့မင်ရဲ့မကောင်းမှုဝိညာဉ် လွတ်ထွက်သွားခဲ့တာလား?" ဝန်ကြီးလော့မလှုပ်မရှားမေးလာလိုက်လေသည်။

"မသိဘူးလား?" ဝန်ကြီးလော့ အဲဒီနေ့ ဆေးရုံရောက်လာတာက တတိယအစ်ကို့မကောင်းမှုဝိညာဉ် လွတ်မြောက်သွားတာကြောင့်လို့ ချန်းယုထင်ထားခဲ့တာ။

"လော့မင် ဦးလေးကိုမပြောပြဘူး၊ ဦးလေးစိတ်ပူနေမှာကို သူစိုးရိမ်တာကြောင့်ဖြစ်မယ်။" ဝန်ကြီးလော့ရယ်လိုက်လေသည်။

"သိပြီ၊ အာ။ ဒါပေမဲ့ ဦးလေးစိတ်ပူဖို့မလိုပါဘူး။ အဲဒီအချိန်တုန်းက တတိယအစ်ကို့မကောင်းမှုဝိညာဉ်ကို ပြန်ချုပ်ပိတ်ပေးထားပြီးပြီ။" ကြည့်ပါဦး၊ ကြည့်ပါဦး၊ ကျွန်မတော်တော်လုပ်နိုင်စွမ်းရှိတာ။

လော့ချင်ချောင်မျက်ဝန်းထဲ အံ့အားသင့်မှုလေးဖြတ်ပေါ်လာကာ အဓိပ္ပာယ်ပါပါပြောလာလေတယ်၊ "မင်းကငယ်သေးတယ်လို့ ဆရာမော်အမြဲပြောဆိုနေတာ၊ ဒါပေမဲ့ ကောင်းကောင်းလေ့ကျင့်ထားတယ်။ မင်းအရမ်းအားကောင်းနေလိမ့်မယ်လို့ ငါမထင်ထားခဲ့မိလိုက်ဘူး။"

"သာမန်ပါပဲ၊ ဟီဟီဟီ..." ဆရာမော် ငါ့ကိုတောင်ချီးမွမ်းလာခဲ့တာပဲ။ ဆရာမော်က တကယ်ကိုလူကောင်းပဲ။

တုံးအလိုက်တဲ့ကောင်မလေး! ဆရာမော်ရဲ့သက်ရှုယ်ရင့်နေတဲ့မျက်နှာ တွန့်သွားကာ၊ ဘာစကားမှ မပြောထွက်လာနိုင်လေဘူး။

"ဦးလေးနဲ့ ဆရာမော် နောက်ကျ စစ်စက်ရုံကိုသွားပြီး လော့မင်ကိုကြည့်ကြည့်မလို့။ မင်းလိုက်ခဲ့ချင်လား?" ဝန်ကြီးလော့ ရယ်လိုက်လေသည်။

"ရလား? အပြင်လူတွေ စစ်စက်ရုံထဲ ဝင်လို့မရဘူးလို့ တတိယအစ်ကိုပြောတာပဲ။" ချန်းယုပြန်ဖြေလိုက်လေသည်။

"ဦးလေးသဘောတူလိုက်ရင် အဆင်ပြေပါတယ်။" လော့ချင်ချောင်ပြောလိုက်လေသည်။

"အိုကေ၊ အိုကေ၊ ကျွန်မသွားချင်တယ်။" ချန်းယု ပျော်ပျော်ရွှင်ရွှင်ခုန်ပေါက်လုနီးပါးဖြစ်သွားလေတယ်၊ "ခဏလောက်စောင့်ပေးဦး။ ကျွန်မသံလိုက်အိမ်မြှောင် ပြန်ယူရဦးမယ်။"

ချန်းယုပြောပြီးနောက်၊ ယန်ချင်းဘက် သူမခေါင်းကိုလှည့်ပြီး တောင်းလိုက်လေတယ်:
"ငါ့သံလိုက်အိမ်မြှောင်မြန်မြန်ပြန်ပေး။"

"ငါ့သံလိုက်အိမ်မြှောင်အတွက် နင်အရင်ပြန်လျော်ပေး။" ယန်ချင်းပြန်ငြင်းလိုက်ပြီး သူမအဘိုးရဲ့အင်္ကျီလက်ကိုကိုင်လိုက်လေသည်။ သူမသောကရောက်လာကာ၊ "အဘိုး၊ အဲ့တာသူမပဲ။ သူ့ကိုသံလိုက်အိမ်မြှောင်မပေးလိုက်ခင်၊ သံလိုက်အိမ်မြှောင်အလုပ်လုပ်နေသေးတာ။ သေချာပေါက် သူမဖျက်ပစ်တာပဲဖြစ်ရမယ်။"

"အဲ့တာပျက်သွားရင် အဲဒီအချိန်ကတည်းက နင်ဘာလို့မပြောရတာလဲ? ဘာလို့အခုမှလာမေးနေရတာလဲ?" ချန်းယုမေးခွန်းထုတ်လိုက်လေသည်။

"ငါ..."

"တိတ်စမ်း!" သူ့မြေးမက သံလိုက်အိမ်မြှောင်ခိုးရုံတင်မကဘူး၊ အခြားသူတွေကိုပါထိခိုက်မိသွားစေတယ်ဆိုတာကို နောက်ဆုံးတော့ အဘိုးယန်သိသွားလိုက်လေသည်။ သူ့အမူအရာအလျင်အမြန်ပြောင်းလဲသွားပြီး၊ သူဆူငေါက်လိုက်လေတယ်: "သူမသံလိုက်အိမ်မြှောင်ပြန်ပေးလိုက်။ နင်ငယ်ငယ်တုန်းကငါဘယ်လိုသင်ပေးခဲ့လဲ? ကောင်းကင်ဘုံဆရာရဲ့မှော်လက်နက်ကို လက်လွတ်စပယ် ခိုးနိုင်လို့လား?"

"သမီး..."

"အခုထိပြန်မပေးဘဲနေနေမလို့လား?" အဘိုးယန်မေးလိုက်လေသည်။ သူ့မြေးမကိုအသေအချာသင်ထားသင့်လေတယ်။ အခြားသူတစ်ဦးရဲ့မှော်လက်နက်ကို သူမဖြစ်သလိုလုလာခဲ့တာ။ ဒါကကောင်းကင်ဘုံဆရာတွေအတွက် တားမြစ်ထားတယ်။ စိတ်သဘောထားမကောင်းတဲ့ ကောင်းကင်ဘုံဆရာတစ်ယောက်နဲ့ သူမကြုံလိုက်ရရင်၊ သူမ(ယန်ချင်း)ကို ကျိန်စာတိုက်လာခဲ့မှာ။ အဆုံးမှာတော့၊ သူ့မှော်လက်နက်က သူမ(ယန်ချင်း)လက်ထဲရှိနေကာ၊ သူမကိုကျိန်စာတိုက်ဖို့အဆင်ပြေသွားစေလေသည်။

ယန်ချင်းဆောင့်အောင့်လိုက်ကာ၊ မကျေမနပ်ဖြစ်သလိုခံစားလိုက်ရလေသည်။ သံလိုက်အိမ်မြှောင်ယူရန် သူမအခန်းထဲပြန်သွားလိုက်ပြီး ချန်းယုဆီအဲ့တာကို ပစ်ပေါက်ပေးလိုက်လေသည်။

ချန်းယုဖမ်းလိုက်လေသည်။ အကြိမ်ကြိမ်အခါခါစစ်ဆေးကြည့်ပြီးနောက်၊ ဘာပြဿနာမှရှာမတွေ့လေဘူး၊ ဒီတော့ သူမအဝတ်အိတ်ထဲ ပြန်ထည့်သိမ်းလိုက်လေသည်။

အဘိုးယန်က သူ့မြေမအား ချန်းယုကိုတောင်းပန်ခိုင်းလိုက်မလို့ ဒါပေမဲ့ ချန်းယုလက်ထဲကသံလိုက်အိမ်မြှောင်ကို သူ့အကြည့်ရောက်သွားချိန်၊ သူ့အမူအရာ ရုတ်တရက် မည်းမှောင်လာလေတော့သည်။ ချန်းယုလှည့်ထွက်သွားတော့မယ့်အချိန်၊ သူရုတ်တရက်မေးလိုက်လေတယ်: "ဝူလီကမင်းနဲ့ဘာတော်တာလဲ?"

"ဟမ်? ကျွန်မအဘိုးကို သိနေတာလား?" အပြင်လူတစ်ယောက်ဆီက သူမအဘိုးနာမည်ကြားဖူးတာက ဒါချန်းယုအတွက် ပထမဆုံးအကြိမ်ဖြစ်လေသည်။

"မော်ဂျင်ချွမ်၊ မင်းသူ့ကိုရှာခဲ့ပြီးမှတော့၊ ငါ့ကိုလာရှာဖို့ဘာလို့လိုတော့မှာလဲ?" အဘိုးယန် မာဆတ်ဆတ်ပြောလာလိုက်လေသည်။ နားမလည်ဖြစ်နေတဲ့ ဆရာမော်ကို သူလျစ်လျူရှုလိုက်ပြီး၊ ပြုံစူဆောင့်အောင့်ပြီး ခြံဝန်းထဲပြန်ဝင်သွားလေတော့သည်။

စာရေးသူ၏မှတ်စု:

အဘိုးယန်: အံ့သြဖို့ကောင်းတာပဲ၊ မင်းမှာမြေးရှိနေတယ်ပေါ့လေ၊ အယုတ်တမာကောင်ရဲ့!

အဘိုးဝူ: ဟမ့်၊ ငါ့မြေးမလေးက ငါ့ဂိမ်းဆော့လို့ရအောင် ပိုက်ဆံလည်းရှာပေးသေးတယ်ကွ။

အဘိုးယန်: ငါ့မြေးမကအရင်းကွ။

အဘိုးဝူ: တော်တော်ခက်ခဲမှာပဲ၊ အာ။ ငါကပိုကောင်းတယ်။ ကလေးတစ်ယောက်ပေါက်ဖို့မလိုနေဘူး ဒါပေမဲ့ ငါ့မှာမြေးမလေးရှိနေသေးတယ်။ (သား၊သမီးရှိနေဖို့မလိုပဲ အဲ့အဆင့်ကိုကျော်ပြီး မြေးရထားတာ)

အဘိုးယန်: ထွက်သွား။

အပိုင်း(၉၄):မကောင်းမှုဝိညာဉ်၏လျှို့ဝှက်ချက်များ

စစ်စက်ရုံ။

စမ်းသပ်ချက်ကို ပိုက်စိပ်တိုက်ရှာဖွေပြီးတော့ ဘာပြဿနာမှမရှိတော့ဘူးဆိုတာကို ဒေတာတွေကိုစစ်ဆေးပြီး အတည်ပြုပြီးနောက်၊ ထိပ်ပြောင်နေတဲ့ခေါင်းဆောင်ဝမ်ကို စကားပြောရင်း လော့မင်လျှောက်ထွက်လာလိုက်လေတယ်၊
“အရင်တစ်ခေါက်ထုတ်လုပ်တဲ့ထုတ်ကုန်တွေမှာ အဓိကပြဿနာဖြစ်နေရတာက ပုံစံဖော်တာမှာ ပုံကြမ်းအသစ်ကြောင့်ပဲ။ ဒီပစ္စည်းရဲ့သိပ်သည်းမှုက သာမန်ပစ္စည်းတွေနဲ့မတူနေဘူး။ အဆုံးသတ်ထုတ်ကုန်ရဲ့ပုံသဏ္ဍာန်ကို ယေဘုယျအားဖြင့် သက်ရောက်မှုမရှိနိုင်ပေမဲ့၊ ကျွန်တော်ရေးဆွဲထားတဲ့ လက်နက်ဒီဇိုင်းတွေက ထုတ်လုပ်မှုအတွက် တိကျတဲ့ပစ္စည်းလိုအပ်ချက်ရှိနေတယ်။ အသေးငယ်ဆုံးသောမတူညီမှုကတောင်မှ ထုတ်ကုန်ရဲ့လုပ်နိုင်စွမ်းကို သက်ရောက်သွားစေနိုင်တယ်။”

“ငါနားလည်ပြီ။ နည်းပညာအဆင့်မြင့်မားလေလေ၊ အသေးစိတ်အချက်အလက်တွေပိုလိုအပ်လေဖြစ်နေတာကို။” ဌာနခေါင်းဆောင်ဝမ်ပြောလာလိုက်ကာ၊ “ဒီပစ္စည်းသစ်ကို လွန်ခဲ့တဲ့နှစ်အနည်းငယ်တုန်းကထည့်သွင်းခဲ့ပြီး၊ စွမ်းဆောင်ရည်ကလည်း အတော်ကလေးကောင်းမွန်လှတယ်။ အဲဒီမှာတစ်ခါမှပြဿနာမရှိဖူးဘူး၊ ဒါပေမဲ့ ဒီလိုပုံသေဖြစ်နေတဲ့အတွေးအခေါ်ကြောင့်ပဲ အကြောင်းရင်းကိုငါတို့မရှာတွေ့နိုင်ခဲ့တာ။ တော်ဝင်ပညာရှင်လော့၊ မင်းကအရမ်းလေးစားဖို့ကောင်းတာပဲ။”

“အရင်က ဒါကိုကျွန်တော်လည်းမတွေးခဲ့မိဘူး။” လော့မင်မဝင့်ဝါဘဲ ပြောလာလေတယ်၊
“ဒီရက်တွေအတွင်း ထုတ်ကုန်တန်းပေါ်က ကိရိယာအားလုံးကိုကျွန်တော်လေ့လာခဲ့ပြီး၊ အခုချိန်ထိ ပြဿနာကိုမရှာတွေ့နိုင်ခဲ့ဘူး။ ဒါကပွဲကြည့်သူတစ်ယောက်ရဲ့အရေးသာမှုပဲ။ ခေါင်းဆောင်ဝမ်၊ စစ်စက်ရုံထဲ ဒီကုန်ကြမ်းကို ပုံဖော်ဖို့မင်းသုံးလာတာကြာနေပြီလေ၊ ဒီတော့၊ ပုံဖော်တဲ့ပစ္စည်းကို မင်းသံသယမဝင်ဘူးဆိုတာ ပုံမှန်ပါပဲ။”

“ပညာရှင်လော့၊ နှစ်ရက်ထဲနဲ့ ငါတို့ထုတ်ကုန်လိုင်းထဲက ကိရိယာတစ်ရာကျော်ကို မင်းစစ်ဆေးခဲ့တာ။ ဒီအရည်အချင်းက တကယ်ကို…”

“ချီးမွမ်းနေတာရပ်လိုက်တော့။” လော့မင်ပြောလိုက်လေတယ်၊
“ကျွန်တော်အချိန်အကန့်အသတ်ရှိတယ်။ ပုံဖော်ပစ္စည်းသစ် မြန်မြန်လုပ်နိုင်ရင်အကောင်းဆုံးပဲ ပြီးတော့ ပြဿနာရှိနေသေးလားဆိုတာစစ်ဆေးကြည့်ဖို့ ထုတ်ကုန်တစ်သုတ်ထုတ်လိုက်။ ပြဿနာရှိနေရင်၊ ကျွန်တော်ဒီမှာရှိနေစဉ်အတောအတွင်း ဖယ်ရှားလို့ရတယ်။”

"ဟုတ်ပြီ။" လော့မင် ဒီမှာအချိန်ခဏလောက်ပဲနေမယ်ဆိုတာကို ခေါင်းဆောင်ဝမ်လည်းသိနေလေတယ်၊ ဒီတော့ သူအချိန်မဆွဲနေတော့ဘဲ ပုံဖော်ပစ္စည်းအသစ်ရှာခိုင်းဖို့ မြန်မြန်ထွက်လာလိုက်တယ်။

လော့မင်ပြုံးကာ၊ သူ့အိတ်ကပ်ထဲကဖုန်းကိုထုတ်ပြီး အကျင့်အတိုင်း WeChatကိုဖွင့်လိုက်လေတယ်။ အဲ့တာက ချန်းယုရိုက်ပို့ထားတဲ့ပုံမှာပဲရပ်နေသေးလေသည်။ သိုးမွေးဦးထုပ်ဆောင်းထားတဲ့ မိန်းကလေးက၊ သူ့လက်ထဲ အသားကင်ဒုတ်တိုးကိုင်ထားရင်း၊ ပျော်ရွှင်နေလေတယ်။

လော့မင် သူ့လက်ချောင်းတွေကိုလှုပ်ကာ ပုံကိုသိမ်းလိုက်လေသည်။

"သခင်လေး!" ထျန်းဖေ စက်ရုံဂိတ်ထဲ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့အသွင်အပြင်နဲ့ လျှောက်ဝင်လာလေတယ်။

"ဘာဖြစ်လို့လဲ?" ထျန်းဖေအမူအရာကို လော့မင်မြင်လိုက်တော့၊ သူသံသယဖြစ်ကာမေးလာလိုက်လေသည်။

"ဝန်ကြီးလော့နဲ့ ဆရာမော်ရောက်နေတယ်။" ထျန်းဖေပြောလိုက်လေသည်။

ဒါကိုကြားလိုက်ပြီးနောက်၊ လော့မင်ဘာအမူအရာမှမပြလာလေဘူး။ သူ့လက်ထဲကဖုန်းကိုပြန်သိမ်းလိုက်ပြီး လျှောက်ထွက်လာလိုက်လေသည်။ သို့သော်၊ ခြေလှမ်းအနည်းငယ်လှမ်းလိုက်ပြီးနောက်၊ ထျန်းဖေဆက်ပြောလာတာကို ကြားလိုက်ရလေတယ်၊ "ပြီးတော့ မိန်းကလေးချန်းယုကောပဲ။"

လော့မင် ရုတ်တရက်ရပ်လိုက်ကာ ထျန်းဖေကိုလှည့်ကြည့်လိုက်ပြီး: "ဘယ်သူ?"

"မိန်းကလေးချန်းယုကို ဝန်ကြီးခေါ်လာခဲ့တာ။" သူ့သခင်လေးကို ထျန်းဖေသတိထားကြည့်လာလိုက်လေသည်။

"..." လော့မင် နှုတ်ခမ်းစေ့ကာ ခြေလှမ်းကျဲကျဲလျှောက်ထွက်လာလိုက်တယ်။ သူစစ်စက်ရုံထဲကနေလျှောက်ထွက်လာပြီး ဧည့်ကြိုခန်းမဆီရောက်လာလေတယ်။ တစ်ချက်ကြည့်ရုံနဲ့၊ တုံးအတဲ့မိန်းကလေးက သူ့အဖေနဲ့ သက်ဝင်လှုပ်ရှားစကားပြောဆိုနေကြလေသည်။

"တတိယအစ်ကို?"  လော့မင် ဧည့်ကြိုခန်းထဲ ခြေလှမ်းလှမ်းဝင်လာချင်းချင်း၊ ချန်းယု သူ့ကိုအာရုံခံမိလိုက်လေသည်။ သူမထိုင်ခုံပေါ်ကနေ ခုန်ထလိုက်ပြီး လော့မင်နားပြေးလာလိုက်လေသည်။

လော့မင်နောက်ဆုတ်ကာ သူမကိုရှောင်တိမ်းလိုက်လေသည်။

ချန်းယုကြောင်တောင်တောင်ဖြစ်သွားလေသည်။ သူမစိတ်ပါလွန်းအားကြီးသွားလို့လား?

ချန်းယုကိုကြည့်လာမှာကနေ လော့မင် သူ့ကိုယ်သူ အတတ်နိုင်စွမ်းထိန်းချုပ်ထားလိုက်လေသည်။ သူ့အကြည့်က ဆရာမော်ထံရောက်လာတော့၊ ဆရာမော်သူ့အားတိတ်တိတ်လေးခေါင်းညိတ်ပြလာကာ၊ သူ့မျက်နှာက ပူပန်သောကရောက်နေလေတယ်။

ဆရာမော်ရဲ့အမူအရာကိုမြင်လိုက်တော့၊ ကိစ္စပေါ်သွားခဲ့ပြီဆိုတာကို လော့မင်အလိုလိုအမိပ္ပာယ်သိလိုက်လေတယ်။ သူ့မျက်နှာ ချက်ချင်းသုန်မှုန်လာလေသည်။ သူ့အဖေရဲ့စူးစမ်းနေတဲ့အကြည့်နဲ့ အကြည့်ချင်းဆုံရန်လှည့်လိုက်လေသည်။

"အဖေ၊ ကျွန်တော်ပြောစရာရှိတယ်။" လော့မင်တည့်တိုးပြောလာလိုက်လေသည်။

လော့ချင်ချောင်မျက်ခုံးပင့်လိုက်လေသည်။ ဒီလိုလေသံမျိုးနဲ့လော့မင်ပြောလာတာက ဒါဒုတိယအကြိမ်ပဲ။

သူ့လက်ထဲကလက်ဖက်ရည်ခွက်ကို လော့ချင်ချောင်ချထားလိုက်ပြီး၊ ထရပ်ကာ ပြောလိုက်တယ်၊ "အထဲသွားပြီးပြောရအောင်။"

ချန်းယုရဲ့စိတ်အားထက်သန်နေတဲ့မျက်ဝန်းတွေကို လော့မင်လျစ်လျူရှုလိုက်ပြီး ဝန်ကြီးလော့နောက် အထဲလိုက်ဝင်သွားလိုက်လေသည်။

လော့မင်အလေးအနက်ဖြစ်နေတာကို ခံစားမိလိုက်တော့၊ ထျန်းဖေကို ချန်းယု အထူးအဆန်းကြည့်လာလိုက်လေတယ်၊ "တတိယအစ်ကို့အလုပ် အဆင်မပြေဘူးလား?"

ထျန်းဖေခေါင်းခါယမ်းပြလိုက်လေသည်။

ဆရာမော် သက်ပြင်းချပြီး လက်ဖက်ရည်တစ်ငုံ ထိုင်းထိုင်းမှိုင်းမှိုင်းသောက်လိုက်လေသည်။

"ဟင့်အင်း?" ချန်းယု ခဏလောက်တွေးကြည့်လိုက်ပြီး သဘောပေါက်သလို ပြောလာလေတယ်၊ "အို၊ သိပြီ။ တတိယအစ်ကိုက သူ့အဖေနဲ့အဆင်မပြေနေဘူး? ဒါကြောင့် ဦးလေးလော့မျက်နှာကိုမြင်ချိန် မျက်နှာမကောင်းဖြစ်လာတာ?"

"ဟူး!" ဆရာမော် သူ့အတွက်သူ လက်ဖက်ရည်တစ်ခွက်ထပ်ငှဲ့လိုက်လေသည်။

ထျန်းဖေမနေနိုင်ဘဲ သူ့နှုတ်ခမ်းထောင့်တွေတွန့်သွားလေသည်။ သူစကားဝိုင်းထဲဝင်ပြီး ထုတ်ပြောပစ်လို့ရရင်တော့ကွာ။

အခန်းထဲ၌၊ လော့ချင်ချောင် သူ့ထိုင်ခုံပေါ် စိတ်ကောင်းဝင်လျက် ထိုင်ချလိုက်လေသည်။ တံခါး၌ မှိုင်မှိန်းနေတဲ့လော့မင်ကိုကြည့်ကာ၊ သူအရင်ပြောလာမှာကိုစောင့်နေလေသည်။

"အဖေသိတယ်။" လော့မင် ဟုတ်မှန်ကြောင်းသေချာတဲ့လေသံနဲ့ ပြောလာလေသည်။

လော့မင်ပြောတာကို လော့ချင်ချောင်ကြားလိုက်တော့၊ သူ့အမူအရာချက်ချင်း မည်းမှောင်လာလေတော့တယ်၊ "ငါ့ဘာသာငါသာရှာမတွေ့ခဲ့ရင်၊ မင်းဖုံးကွယ်ထားဦးမှာလား?"

"ဟုတ်တယ်!" လော့မင် ရိုးရိုးသားသားဝန်ခံလိုက်လေသည်။

"မင်း..." လော့ချင်ချောင်ဒေါသထွက်လာလေတယ်၊ ဒါပေမဲ့ နှစ်ပေါင်းများစွာအတွေ့အကြုံက သူ့ကိုစိတ်တည်ငြိမ်လာစေတယ်။ သူအသက်ပြင်းပြင်းရှူလိုက်ပြီး လော့မင်ကိုကြည့်ပြီး မေးလိုက်လေတယ်၊ "ဘာလို့ငါ့ကိုဖုံးကွယ်ချင်ရတာလဲ? မင်းကိုယ်ထဲကမကောင်းမှုဝိညာဉ်ကို ဖိနှိပ်ဖို့ ဖြစ်နိုင်တဲ့နည်းလမ်းတွေအားလုံးကို ငါတို့ကြိုးစားပြီးပြီဆိုတာ မင်းကောင်းကောင်းသိနေတယ်။ အခု နောက်ဆုံးမှာ တစ်ယောက်ယောက်က ဒါကိုဖိနှိပ်ပေးနိုင်နေတာကို၊ ငါတို့ဆီကနေဒါကိုဘာကြောင့်ဖုံးကွယ်ထားချင်နေရတာလဲ?"

"ရှီရှီမှာ ကျွန်တော့်ကိုယ်ထဲကမကောင်းမှုဝိညာဉ်ကို လုံးလုံးဖိနှပ်နိုင်မယ့်နည်းမရှိနေတာကြောင့်ပဲ။" လော့မင်ပြောလိုက်လေသည်။

"အဲဒီတော့ဘာဖြစ်လဲ? ဝရုန်းသုန်းကားဖြစ်ချိန် မင်းမကောင်းမှုဝိညာဉ်ကို ထိန်းချုပ်ပေးနိုင်သူတစ်ယောက်ရှိနေတာက ငါနဲ့တိုင်းပြည်အတွက်သတင်းကောင်းတစ်ခုပဲ။" လော့ချင်ချောင်က ကျိုးကြောင်းဆက်စပ်နိုင်သူတစ်ဦးဖြစ်လေတယ်။ ဒီနှစ်တွေအတွင်း လော့မင်မကောင်းမှုဝိညာဉ်ကို လေ့လာဖို့ သူတွေးလို့ရသမျှနည်းအားလုံးကို ကြိုးစားကြည့်ခဲ့ပြီးလေပြီ။ သို့သော်၊ ပေါက်မြောက်မှုအသေးလေးကတောင် သူ့ကိုဝမ်းမြောက်ဝမ်းသာဖြစ်အောင်လုပ်နိုင်လေတယ်။

"အခုသိသွားမှတော့၊ အဖေဘာလုပ်ဖို့တွေးထားလဲ?" လော့မင်ရုတ်တရက်မေးလိုက်လေသည်။

"သူမကို မင်းဘေးမှာထားထားရမှာပေါ့။" လော့ချင်ချောင် တွေးတောင်တွေးမနေဘဲ ပြောလာလိုက်လေသည်။

မှန်နေတာပဲ...

"သူမကို သက်ရှိချိပ်ဖြစ်အောင်လုပ်မယ်၊ ကျွန်တော့လက်ပေါ်က ကျောက်စိမ်းချိပ်လိုပေါ့?" လော့မင်မေးလိုက်လေသည်။

"အဲ့တာဘာဖြစ်လို့လဲ?"

"သူမကလူ။ သူမအသက်ဆယ့်ရှစ်နှစ်ပဲရှိသေးတယ်။ သူမမှာအိပ်မက်တွေ၊ သူမသွားချင်တဲ့နေရာတွေနဲ့ သူမသဘောကျတဲ့လူတွေရှိသေးတယ်။ သူမကပစ္စည်းမဟုတ်ဘူး။" အနာဂတ်မှာ ဒီလိုချစ်စဖွယ်ကောင်းပြီးတက်ကြွတဲ့မိန်းမငယ်လေး လော့မင်လိုနေရာသေစလေးထဲ ပိတ်မိခံနေရတာကို တွေးမိရုံမျှနဲ့ လော့မင်ကို မတည်မငြိမ်ဖြစ်လာစေလေသည်။

ရုတ်တရက် စိတ်လှုပ်တရှားဖြစ်လာတဲ့လော့မင်ကိုကြည့်ကာ၊ လော့ချင်ချောင် သဘောပေါက်လာလေတော့တယ်၊ "မင်းအရမ်းစိတ်လှုပ်ရှားနေတယ်။ ဘာလို့အရမ်းစိတ်လှုပ်ရှားနေရတာလဲ?"

လော့မင်ရယ်လိုက်ပြီးပြောလိုက်တယ်၊ "အဖေ၊ ကျွန်တော်ဆယ့်ငါးနှစ်အရွယ်ကတည်းက အဆောက်အဦးသေးလေးထဲ ပိတ်မိနေခဲ့တာ။ လူအုပ်နဲ့တသီးတခြားဖြစ်နေတဲ့ခံစားချက်မျိုးက တကယ်ကို ဆိုးရွားလွန်းတယ်။ အခြားသူတွေကိုကျွန်တော့လိုမဖြစ်စေချင်ဘူး၊ အထူးသဖြင့် အဲဒီလူက ကျွန်တော့ကိုကူညီပေးခဲ့ဖူးရင်ပေါ့။"

"သူမကမင်းအတွက်လုပ်နေတာမဟုတ်ဘူး။ နိုင်ငံအတွက်လုပ်ပေးနေတာ။" လော့မင်အသိပညာတွေက နိုင်ငံရဲ့ချမ်းသာမှုပဲ၊ ပြီးတော့ လော့မင်ကိုကာကွယ်ပေးနေတဲ့လူတွေအားလုံးက နိုင်ငံကိုအကူအညီပေးနေတာဖြစ်တယ်။

". . ." သူ့အဖေကို သိမ်းသွင်းစည်းရုံးလို့မရဘူးဆိုတာ လော့မင်နားလည်လိုက်လေသည်။ သူ့မျက်လုံးတွေကိုပိတ်ပြီး လေသံကိုလျော့လိုက်ကာ၊ "လက်ရှိအခြေအနေအတိုင်းပဲ ကျွန်တော်တို့နေလို့ရနိုင်မလား?"

လော့ချင်ချောင် လော့မင်ကို နားမလည်စွာကြည့်လာလိုက်လေသည်။